မှုခင်းအန္တရာယ် ... ကြစေဖို့

# မှုခင်း ရှေ့ဆောင်

မှုခင်းနှင့်ရသစုံမဂ္ဂဇင်း

VOL (E) , N0 ( 39 )

၂၀၁၄ ခုနှစ်၊ ဇွန်လ




www.burmeseclassic.com

www.burmeseclassic.com

# ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း၊ ဇွန်လထုတ် (၂၀၁၄)

## မာတိကာ

### "ကဗျာရှုထောင့်"


- ငွေးကြည် (စလင်း) ၈
- မောင်ယဉ်မျှး ၉
- နိုင်မျိုးသစ္စာ ၁၀
- မင်းထက်နိုင် (ကုန်းမြင့်) ၁၁


### "ကာတွန်းရှုထောင့်"


- ရွှေကိုဦး၊ ဇွဲနေ၊ မြင့်သန်း (မင်္ဂလာဒုံ)


### "ဥပဒေရှုထောင့်"


- မောင်ညဏ်ရှင် (ဥပဒေ) ၁၅


### "မှုခင်းဝတ္ထုတို/ရှည်ရှုထောင့်"


- ဆွေမြင့်သူ (ကြေး/မြေ)
  (သဲလွန်စပေးတဲ့ကြက်တူရွေး) ၁
- ကျေးလက်လမင်း
  (စကားပြောသောခရာ) ၂
- အောင်သိန်းဝင်း
  (ချစ်ကြသည်ဆိုသော်လည်း) ၃
- တွင်းကြီးသားတင်ဝင်းဦး
  (မွန်းတည့်ချိန်မှာဝင်သောနေ) ၃
- အောင်မြင့်ဦး (ထားဝယ်ချောင်)
  (သားမိုက်မိခင်) ၄
- ကျော်စိုးသူ (ဥသျှစ်ပင်)
  (တွေ့ရင်ပြောကြပါ) ၅
- ပင်ချစ်သူ
  (ကျွန်တော်နှင့်ကိုရှမ်းကလေး) ၆
- စိမ်းစိုဦး
  (ကြမ္မာငင်သေချင်ပြီဆိုသောအခါ) ၇
- မောင်မောင်စိန်လင်း (နတ်မောက်)
  (မောင်ထောင်ကျလို့မုန်းတာလား) ၈


www.burmeseclassic.com

www.burmeseclassic.com


- မောင်မောင် (ပိတောက်မြိုင်)
  (ဆင်သေကောင်ကို ဆိတ်သားရေနဲ့--) ၉၈
- ဝင်းသစ္စာ (သမ္မုလ)
  (ကန့်လန့်ကာအဖွင့်) ၁၁၁
- မောင်မောင်မြင့် (ဥဿာမြို့သစ်) (စ/ဆုံး)
  (ရွာဦးထိပ်ကသေနတ်သံ) ၁၁၄

"ရသရှုထောင့်"

- ဇာဂရ
  (ဖြူစင်သောသဒ္ဓါကုသိုလ်) ၁၄၂

"ခေါင်းပါးရှုထောင့်"

- ဆူးသစ်
  (နိုင်ငံခြားမှာအနေမတတ်တဲ့အခါ) ၁၄၉

"နှလုံးသားရှုထောင့်"

- သံလွင်မိုး (မုတ္တမ)
  (ဂွန္နဝင်အလွမ်းနဲ့ကဗျာနွယ်) ၁၅၄

"ဖြောင့်ချက်နှလုံးသား"

- တာဝန်ခံအယ်ဒီတာရဲ့သုံးသပ်ချက် ၁၅၉

- မိုးစက် (ဥပဒေ)
  (သူငယ်ချင်းလို့ပဲဆက်၍ခေါ်ပါ) ၁၆၂

"ရုပ်ရှင်ရှုထောင့်"

- ကျော်ဇောဟိန်း (ဒေါ်ပုံ)
  (စေတန်ရဲ့ကချေသည်) ၁၆၅
- ခိုင်စင်သန့်
  (ငါးကြော်မကြိုက်တဲ့) ၁၆၈

"စာအုပ်စင်ရှုထောင့်"

- ကိုကြီးထူး ၁၇၁

"ဗေဒင်ရှုထောင့်"

- တက္ကသိုလ်စိုးမိုးနိုင် ၁၇၄


www.burmeseclassic.com

www.burmeseclassic.com




# "ထဘီတိုတို ထဗျာနှစ်ပုဒ်"

ငွေးကြည် (စလင်း)

- "ထဘီတိုတို
ရေစိုစို"
တောသူပျိုတို့ တောအရပ်
ချောင်းရေခပ်ရ၊ လယ်ဆင်းရ
သဘာဝရဲ့ မလွှေကို။

- "ထဘီတိုတို
ရေစိုစို"
မြို့သူပျိုတို့၊ မြို့အရပ်မှာ
ရေခပ်တာလည်း၊ ဟုတ်ပါပဲနှင့်
ဘယ့်နှယ်ဘယ်လို
တိုနိုင်ရန်ကော---
ဟော--
ပြောရင်းဆိုရင်း တိုသည်ထက်တို။ ။





www.burmeseclassic.com

www.burmeseclassic.com



# "ဝဋ္ဋထက်"

မောင်ထဦမှူး

- တို့တွေးထင်သည်
  တက်စင်လွဲမှားခဲ့ဖူးပြီ။
- တို့ဖြစ်ချင်သည်
  သွင်ပြင်ကွဲပြားခဲ့ဖူးပြီ။
- တို့လိုချင်သည်
  ဖြစ်စဉ်ခွဲခြားခဲ့ဖူးပြီ။
- သည်ပဋ္ဋလက် နေ့အိပ်မက်ကို
  အသက်သွင်းရှင် အကောင်ထင်လျက်
  တွင်တွင်မိုက်မိုက် ကောက်ကောက်လိုက်ရင်း
  မောဟိုက်ဖောဝင် ငါတို့လျှင်---
  ပဋ္ဋလက်ဖြစ်ကုန်ပြန်တော့သည်။ ။



www.burmeseclassic.com



# "လူသားနှင့်အမှား"

နိုင်မျိုးသစ္စာ (နမ္မတူ)

အသက်တစ်ရာ၊ မနေပါလည်း
တစ်ရာအမှု၊ ပွေအောင်ပြုကြ
လူတို့ဘဝ၊ ဤဌာနဝယ်
လောဘဒေါသ၊ မာန်မာနနှင့်
အတ္တလွှန်ကဲ၊ ဝါဒစွဲနှင့်
ဝေခွဲမသိ၊ ဉာဏ်မညီ၍
ပြုမိလေအား၊ အမှားများစွာ
ရှည်လျားကြာခဲ့။ ။

အမှန်တရား၊ တန်ဖိုးထားသော
လူသားပီပီ၊ စိတ်ထားတည်၍
မှားသည့်ဟူဘိ၊ ထိုအရှိကို
သိသိချင်းပင်၊ ခုလျှင်ပြင်က
အမြင်ရှင်းပ့ါ၊ သင့်ဘဝတွင်
နောက်ကျလေသည်၊ မရှိပြီမို့
ရောင်ခြည်ရွှန်းပ၊ သော်တာလနှယ်
ချမ်းမြရင်မှာ၊ အေးငြိမ်းစွာဖြင့်
သာယာရွှင်လန်း၊ ဘဝလမ်းကို
လျှောက်လှမ်းဖြတ်သန်းနိုင်လိမ့်တကား။ ။




www.burmeseclassic.com

www.burmeseclassic.com



# "ဆထုံ့နှစ်ပွဲအလှူ"

**မင်းထက်နိုင် (ထုန်းမြင့်)**



✿ လရာသီဆယ့်နှစ်မျိုး
မညှိုးခဲ့ ပန်းပေါင်းစုံ
ဇာတိဂုဏ်ဇာတိသွေးနဲ့
မွှေးပျံ့သင်းထုံ။
✿ ရတနာဂုဏ်အမြတ်နှင့်
ဂုဏ်ထပ်ကာ သာကီဝင်တို့
ခါမီသဘင်ကုသိုလ်ပန်းတွေက
လန်းတင့်အစုံ။
✿ စေတနာအဟုန်
ဝေဆာကုန် သုံးတန်ဖြတ်လို့
ပြုတ်သားကြ တို့အလှူ
ဇမ္ဗူမှာရှိဘူး
ဒုက္ခဆူး အဖုံဖုံကို
သည်ဘုံမှာ စခန်းသိမ်းအောင်ပဲ့
တိမ်းညွတ်ရည်စူး။
✿ နောက်မတွန့်ပေဘု
မရွှံ့သဒ္ဓါလက်တွေက
ရမ္မက် အတ္တတွေခဝါချလို့
ဒါနအလှူရေစက်တွေက
သွေမဖျက် လက်နဲ့မကွာ
ပြည်မြန်မာဌာနေအနှံ့သာပေါ့
ဆွတ်ပျံ့ဖွယ် စည်ဗျောသံသာနဲ့
မြတ်နိဗ္ဗာန်ရည်ကာရှု
ကောင်းမှုအထူး။ ။



www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှယ်ထောင့်






www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com



# ဥပဒေရေးရာအမေးအဖြေ

မောင်ဉာဏ်ရှင်(ဥပဒေ)

မေး။ ဆရာ့ကိုပြဿနာလေးတစ်ခု မေးပါရစေ။ ကျွန်တော်နဲ့မစန်းစန်းတို့ လူငယ်သဘာဝ တစ်ယောက်နဲ့ တစ်ယောက် ချစ်မြတ်နိုးခဲ့ကြပါတယ်။ လက်ထပ်ပြီးတစ်အိုးတစ်အိမ် ထူထောင်နိုင်အောင်လည်း ပစ္စည်း များဝယ်ယူစုဆောင်းခဲ့ကြပါတယ်။ ကျွန်တော်တို့ချစ်ကြိုက်ခဲ့ကြပြီး နှစ်နှစ်လောက်အကြာ ပြဿနာလေး တစ်ခုနဲ့ သဘောချင်းမတိုက်ဆိုင်လို့ မုန်းသူတွေဖြစ်သွားကြပါတယ်။ ဆရာ့ကိုမေးချင်တာက မစန်းစန်းကို ချစ်သူဘဝက ဝယ်ယူစုဆောင်းပေးထားတဲ့ပစ္စည်းတွေ ပြန်တောင်းတာမရဘူး။ ပြစ်မှုကြောင်းအရ အရေး ယူလို့ရ၊ မရ ဘယ်လိုအရေးယူဆောင်ရွက်နိုင်မလဲ ဖြေကြားပေးပါဆရာ။

**မောင်စိန်ဝင်းအောင်၊ တာမွေမြို့နယ်။**

ဖြေ။ မောင်စိန်ဝင်းအောင်အဖြစ်က စလယ်ဝင်ဖင်မမည်းခင်က ကွဲရချက်နာဆိုတာမျိုးလိုဖြစ်နေပြီ၊ မောင်စိန်ဝင်းအောင်က နောင်အခါလက်ထပ်ပေါင်းသင်းယူတဲ့အခါ အဆင်သင့်ဖြစ်ဖို့ ပစ္စည်းများဝယ်ယူစုဆောင်းပြီး ချစ်သူမစန်းစန်းထံ အပ်နှံခဲ့တယ်နော်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မနဲ့အရေးယူရင် အနီးစပ်ဆုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆နဲ့ဖြစ်တယ်။ ဒီပုဒ်မနဲ့စွဲဆိုနိုင်ဖို့ ပုဒ်မ ၄၀၅မှာ ပြဋ္ဌာန်းထားတာကတော့ ယုံကြည်အပ်နှံထားတဲ့ပစ္စည်းကို မရိုးမဖြောင့်သောသဘောနဲ့ အလွဲသုံးစားပြုရင် ဒါမှမဟုတ် မိမိပစ္စည်းအဖြစ်ပြောင်းလဲလျှင် ဒါမှမဟုတ် ပဋိညာဉ်ကိုကျူးလွန်ပြီး ပစ္စည်းကိုမရိုးမဖြောင့်သောသဘောနဲ့သုံးစွဲလျှင် ပြစ်မှုကြောင်းအရအရေးယူနိုင်တယ်လို့ဆိုတယ်။ မောင်စိန်ဝင်းအောင်နဲ့မစန်းစန်းတို့က ချစ်သူဘဝမှာ လက်ထပ်ပေါင်းသင်းအတူနေထိုင်တဲ့အခါ သုံးစွဲရန်ရည်ရွယ်ပြီး နှစ်ဦးသဘောတူစုဆောင်းထားကြတဲ့ပစ္စည်း များနဲ့သက်ဆိုင်နေတယ်။ ယုံကြည်အပ်နှံထားတဲ့သဘော သက်ရောက်တယ်လို့မဆိုနိုင်ဘူး။ ဒါကြောင့် မောင်စိန်ဝင်းအောင်အနေနဲ့ ပြစ်မှုကြောင်းအရ အရေးမယူနိုင်ဘူး။ နစ်နာမှုအတွက် တရားမကြောင်းအရ သာ အရေးယူနိုင်မယ်ဖြစ်ပါကြောင်း ဖြေကြားလိုက်ရပါတယ်။

မေး။ ဆရာ့ကိုမေးခွင့်ပြုပါ ဆရာ။ ကျွန်မဟာ ဦးခင်မောင်လင်းဆိုသူနဲ့ညားပြီး ကလေးနှစ်ယောက်ပင် ရခဲ့ပါတယ်။ ကျွန်မနဲ့ဦးခင်မောင်လင်းနဲ့ညားတော့ ပထမ,မယားကြီးက အိမ်ပေါ်မှဆင်းသွားပြီး သူ့ရွာပြန်သွားတယ်။ ပထမ,မယားနဲ့ကလေးလည်းမရပါဘူး။ အခု ဦးခင်မောင်လင်း ကွယ်လွန်တဲ့အခါကျတော့ ပထမ,မယားကြီးကအမွေခွဲပေးဖို့လာပြောတယ်။ ကျွန်မတို့အားလုံး ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေပါ။ အမွေခွဲပေးရမယ့်တာဝန်ကျွန်မမှာရှိပါသလား၊ ဖြေကြားပေးပါဆရာ။ **ဒေါ်နှင်းသက်ခိုင်၊ ဗဟန်းမြို့။**



www.burmeseclassic.com

www.burmeseclassic.com



ဖြေ။ ဗုဒ္ဓဘာသာမြန်မာလင်မယားများဟာ တသီးတခြားစီနေထိုင်ရုံမျှနဲ့ လင်ခန်းမယားခန်းပြတ်စဲပြီ လို့ မဆိုနိုင်ဘူး။ လင်နဲ့မယားတို့ဟာ တစ်ဦးကတစ်ဦးကို သတ်မှတ်ထားတဲ့နှစ်အပိုင်းအခြားအတိုင်း စွန့်ပစ်ထားရုံမျှနဲ့ ထိမ်းမြားမှုအလိုလိုမပြတ်စဲဘူး။ စွန့်ပစ်ခံရတဲ့သူက ထိမ်းမြားမှုကို ပျက်ပြယ်လိုမှသာ ပျက်ပြယ်ပြီး လင်ခန်းမယားခန်းပြတ်စဲတယ်လို့ဆိုတယ်။

ဦးခင်မောင်လင်း နောက်အိမ်ထောင်ပြုလို့ မကျေနပ်တဲ့အတွက် ပထမ,မယားက မိမိရွာကိုပြန် သွားတယ်။ အဲဒီအချိန်ကစပြီး ဦးခင်မောင်လင်းနဲ့ပထမ,မယားတို့ တသီးတခြားစီနေထိုင်ကြရုံပဲရှိတယ် မဟုတ်လား။ လင်ခန်းမယားခန်းတော့ မပြတ်စဲကြဘူးနော်။ ဦးခင်မောင်လင်းက ပထမ,မယားကို စွန့်ပစ် ထားတယ်လို့ဆိုနိုင်ပါတယ်။ ပထမ,မယားက ဦးခင်မောင်လင်းနဲ့ မကွာရှင်းလိုတဲ့အတွက် ကွာရှင်းပြတ်စဲဖို့ မတောင်းဆိုခဲ့တာဖြစ်မှာပေါ့။ ဒါကြောင့် လင်မယားနှစ်ဦး တသီးတခြားနေထိုင်ရုံနဲ့ လင်ခန်းမယားခန်း ပြတ်စဲပြီလို့ မဆိုနိုင်တဲ့အတွက် လင်ဖြစ်တဲ့ဦးခင်မောင်လင်းကျန်ခဲ့တဲ့အမွေကို ပထမ,မယားဟာ တရား ဝင်ဇနီးမယားဖြစ်တဲ့အနေနဲ့ မြန်မာ့ဓလေ့ထုံးတန်းဥပဒေနဲ့အညီ အမွေဆက်ခံပိုင်ခွင့်ရှိမှာဖြစ်ပါကြောင်း ဖြေကြားလိုက်ရပါတယ်။

မေး။ ဆရာ့ကို ကျွန်တော်ရင်ဆိုင်တွေ့နေရတဲ့ ပြဿနာလေးတစ်ခုနဲ့ပတ်သက်ပြီး မေးပါရစေ။ ကျွန် တော့်မှာ မိဘဆိုတာမရှိတော့ပါဘူး။ ငယ်ငယ်ကတည်းက ဦးလေးနဲ့နေပါတယ်။ သားသမီးလိုပဲပေါ့ဆရာ။ မကြာသေးခင်ကပဲ ကျွန်တော်အမျိုးသမီးတစ်ယောက်နဲ့ လက်ထပ်လိုက်ပါတယ်။ ကျွန်တော်တို့စေ့စပ် ကြောင်းလမ်းတုန်းက ဦးလေးနဲ့ဦးလေးဇနီးက သတို့သားရဲ့မိဘများအနေနဲ့ ခန်းဝင်ပစ္စည်းအဖြစ် လှည်း တစ်စီး၊ နွားတစ်ရှဉ်း၊ မြေတစ်ကေခွဲ ဒါမှမဟုတ် တစ်ကေခွဲနဲ့ညီမျှတဲ့ ငွေခြောက်သောင်းကျပ်ပေးမယ် လို့ပြောခဲ့တယ်။ တကယ်တမ်း ကျွန်တော်တို့မင်္ဂလာဆောင်ပြီးတော့ ပေးမယ်ဆိုတဲ့ခန်းဝင်ပစ္စည်းတွေမပေး ဘူး။ အထူးသဖြင့် ကျွန်တော့်ဇနီးက လူပုံအလယ်မှာပေးမယ်လို့ပြောပြီး မပေးတာကိုမကျေနပ်ဘူး။ ဒီ လိုမပေးဘဲနေလို့ ရပါသလား။ ဖြေကြားပေးပါဆရာ။

မောင်တင်အောင်၊ ပျော်ဘွယ်မြို့နယ်။

ဖြေ။ မင်္ဂလာဆောင်လျှင် ခန်းဝင်ပစ္စည်းလက်ဖွဲ့မယ်လို့ လူကြီးစုံရာရှေ့မှာ ပေးထားတဲ့ကတိဟာ နိုင်မာတဲ့အကြောင်း၊ မင်္ဂလာမဆောင်မီ ယောက်ျားလေးမိဘများက လက်ဖွဲ့ပါမယ်လို့ကတိပေးထားတဲ့ ပစ္စည်း ထိမ်းမြားတဲ့အခါလက်မဖွဲ့ပါက တရားစွဲဆိုခွင့်ရှိကြောင်း ထုံးဖွဲ့ထားတာရှိတယ်။ မောင်တင်အောင် ရဲ့ဦးလေးနဲ့အဒေါ်က မောင်တင်အောင်တို့မင်္ဂလာမဆောင်မီ စေ့စပ်ကြောင်းလမ်းစဉ်တဲ့အခါက နောင်ထိမ်း မြားတဲ့အခါ ခန်းဝင်ပစ္စည်းအဖြစ် လက်ဖွဲ့မယ်လို့ကြိုတင်ကြေညာထားခဲ့ကြတယ် မဟုတ်လား။ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



တင်ကြေညာထားတဲ့ ပစ္စည်းများကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ထိမ်းမြားလက်ထပ်တဲ့အချိန်မှာ သတို့သားနဲ့သတို့သမီးဖြစ်တဲ့ မောင်တင်အောင်တို့ဇနီးမောင်နှံ ခန်းဝင်ပစ္စည်းအဖြစ် ရခွင့်ရှိပါကြောင်း ဖြေကြားလိုက်ရပါတယ်။

မေး။ ဆရာ့ကိုကျွန်တော် ပြဿနာလေးတစ်ခု မေးခွင့်ပြုပါ။ ရပ်ကွက်ထဲက မြင်တွေ့သိရှိနေတဲ့လူ တစ်ယောက်က သူ့အိမ်မှာသူငယ်ချင်းတစ်ယောက် အရောင်းခိုင်းထားတဲ့ တီဗီတစ်လုံးရှိကြောင်း၊ အမျိုး အစားလည်းကောင်းပြီး တန်ကြေးလာရောက်ပြောတာနဲ့ နားလည်တဲ့လူနဲ့သွားကြည့်တယ်။ တီဗီကအမျိုး အစားလည်းကောင်းတယ်။ ပိုင်ရှင်ပြောထားတဲ့ဈေးကလည်း မဆိုးဘူး။ ဒါနဲ့ ကျွန်တော်ဝယ်လိုက်ပါတယ်။ နောက်တစ်ပတ်လောက်ကြာတော့ ပိုင်ရှင်ဆိုသူကျွန်တော့်အိမ်ရောက်လာတယ်။ အရောင်းခိုင်းထားတဲ့ သူ့သူငယ်ချင်း ရှာမတွေ့လို့တဲ့၊ တီဗီရောင်းရငွေလည်း လာမပေးဘူးပြောတယ်။ ကျွန်တော်ဝယ်ထားတဲ့ ဈေးကြေးကိုပြောတော့ သူရောင်းခိုင်းတဲ့ကြေးပါပဲ၊ နောက်တော့ ပိုင်ရှင်ဆိုသူက တရားရုံးမှာတရားစွဲတယ်။ ကျွန်တော်ဝယ်ထားတဲ့တီဗီကိုလည်း လာသိမ်းသွားတယ်။ ကျွန်တော့်မှာနစ်နာဆုံးရှုံးရတယ် ဆရာ။ ကျွန်တော်ပြန်ရနိုင်ပါသေးသလား ဖြေကြားပေးပါဆရာ။

မောင်စိုးလှိုင်၊ လှိုင်သာယာမြို့နယ်။

ဖြေ။ မောင်စိုးလှိုင်ရဲ့စာအရဆိုရင် ပိုင်ရှင်ကသူပိုင်တီဗီကို ရောင်းချပေးရန်အပ်ထားတာမဟုတ်လား။ ရောင်းချပေးရန်တာဝန်အရ အပ်ထားခံရသူက မောင်စိုးလှိုင်ကိုလာရောင်းလို့ တန်ရာတန်ကြေးပေးပြီး ဝယ်ခဲ့တယ်။ ဥပဒေသဘောအရ တီဗီကိုတရားဝင်ရောင်းချပိုင်ခွင့်ရှိသူက လာရောင်းခြင်းဖြစ်တယ်လို့ဆို နိုင်တယ်။ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူထံမှ ဘယ်သူမဆိုဝယ်နိုင်တဲ့အပြင် ဝယ်ယူသူမှာလည်း တရား ဝင်ပိုင်ဆိုင်ခွင့်ရှိတယ်။ လာရောင်းသူက တီဗီရောင်းရငွေပိုင်ရှင်ကို ပြန်မပေးတာကတော့ လိမ်လည်မှုမြောက် ပြီး ပြစ်ဒဏ်ချနိုင်တယ်။ ဒါပေမဲ့ တရားဝင်ရောင်းဝယ်ထားတဲ့ပစ္စည်းမှာတော့ အရောင်းအဝယ်မပျက် ပြယ်နိုင်ဘူး။ မရိုးဖြောင့်သောသဘောနဲ့ ဝယ်ယူထားတယ်လို့လည်း မဆိုနိုင်ဘူး။ ဒါကြောင့် တရားရုံး အမှုစစ်ဆေးပြီးပြတ်သွားရင် သက်သေခံပစ္စည်းတီဗီကို မောင်စိုးလှိုင်ပြန်ရနိုင်စရာရှိပါကြောင်း ဖြေ ကြားလိုက်ရပါတယ်။

ဆရာတစ်ခုတော့ပြောထားပါရစေ။ ခိုးရာပါပစ္စည်း၊ မရိုးမဖြောင့်သောသဘောနဲ့ လိမ်လည်ရယူ ထားတဲ့ပစ္စည်းကို လာရောက်ရောင်းချရင် မသိလို့ဘဲဖြစ်ဖြစ်၊ တန်ရာတန်ကြေးပေး၍ပဲဖြစ်ဖြစ် ဝယ်ထား ရင် တရားဝင်ပိုင်ဆိုင်ခွင့်မရှိဘူး။ ဝယ်ယူသူသာဆုံးရှုံးနစ်နာမှာဖြစ်တယ်။ ကံမကောင်းအကြောင်းမလှရင် ခိုးရာပါပစ္စည်းလက်ခံမှုနဲ့ တရားခံတောင်ဖြစ်နိုင်တယ်ဆိုတာကို မှတ်သားထားစေချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



**မေး။** ဆရာ့ကိုကျွန်မ ရက်ရက်နဲ့ပဲ ရှေ့မျက်နှာနောက်ထားပြီး မေးပါရစေဆရာ။ ကျွန်မလုပ်ဖော်ကိုင် ဖက်တစ်ဦးနဲ့ အလုပ်မှာအထိအတွေ့များပြီး သမီးရည်းစားဖြစ်ပြီး ခြောက်လလောက်အကြာမှာ မကြာ ခင်လက်ထပ်ယူမယ်လို့ ယုံကြည်အောင်ပြောလို့ သားမယားအဖြစ်ဆက်ဆံခွင့်ပြုခဲ့တယ်။ ကျွန်မကိုယ်ဝန် ရှိလာလို့ လက်ထပ်ယူဖို့ပြောတော့ ဘွဲ့ရပြီးမှလို့ပြောတယ်။ ဘွဲ့ယူပြီးတော့ကိုယ်ဝန်ဖျက်ချခိုင်းတယ် ကျွန်မက မဖျက်ချဘူး။ လက်ထပ်ဖို့ပဲပြောတယ်။ သူကငြင်းတယ်။ လူကြီးတွေရဲ့အတင်းအကျပ်စီစဉ်ပေး မှုနဲ့ အလုပ်ကလူကြီးနဲ့ရယကဥက္ကဋ္ဌရှေ့မှာ စာချုပ်ပြုလုပ်လက်ထပ်လိုက်ကြတယ်။ အဲဒီလိုလက်ထပ်ပြီး တဲ့နေမှာပဲ ကျွန်မကိုအိမ်လိုက်ပို့ပေးပြီး မင်္ဂလာအခမ်းအနားပြုလုပ်ပြီးမှ အတူနေမယ်ပြောပြီးပြန်သွား တယ်။ အဲဒီနောက်တော့ အလုပ်လည်းမဆင်းတော့ဘူး။ ကျွန်မဆီလည်း မလာတော့ဘူး။ ကျွန်မမှာသာ ကိုယ်ဝန်ရပြီး ကျန်နေခဲ့တယ်။ ဘယ်လိုအရေးယူရင်ရပါသလဲ ဆရာ။

မသူဇာနွယ်၊ မန္တလေးမြို့

**ဖြေ။** မသူဇာနွယ်အဖြစ်က တော်တော်ရင်နာစရာကောင်းပါလား။ ယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို လက်ထပ်ယူပါ့မယ်လို့ ယုံကြည်အောင်ပြောပြီး လက်ထပ်မယူရင် ကာ လိမ်လည်ရယူမှုနဲ့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ အရေးယူနိုင်ပါတယ်။

မသူဇာနွယ်အဖြစ်က လက်ထပ်ခဲ့တယ်လို့ဆိုရမလိုဖြစ်နေတယ်။ တရားရုံးရောက်ရင်သူ့ဘက်က လက်ထပ်စာချုပ်ပြုပြီး လိမ်လည်ကာမရယူခဲ့တာမဟုတ်ပါဘူး။ လက်ထပ်ယူထားပါတယ်။ လက်ထပ်စာ ချုပ်လည်းရှိပါတယ်လို့ ချေပမှာပဲ။ လက်မထပ်မှသာ ပုဒ်မ ၄၁၇ မြောက်တယ်လို့ယူဆကြတယ်။ အ မှန်တော့ မသူဇာနွယ်ကို လင်မယားအဖြစ် အတူပေါင်းသင်းနေထိုင်ဖို့ ငြင်းဆန်ခြင်းဟာ လက်ထပ်ယူ မယ်လို့ ကတိပေးပြောကြားမှု၊ အလုပ်ကလူကြီးနဲ့ ရယကဥက္ကဋ္ဌတို့ရှေ့မှာ နှစ်ဦးသဘောတူစာချုပ်ချုပ် လက်ထပ်ကြကြောင်း ကြေညာထားမှုတို့ကို ဖောက်ဖျက်ရာရောက်နေတယ်လို့ ဆိုနိုင်ပါတယ်။ လက်ထပ် ထိမ်းမြားမှုကို နှုတ်ဖြင့်၊ စာဖြင့် ကတိပေးဝန်ခံပြောရုံမျှဆောင်ရွက်ခြင်းနဲ့ လက်ထပ်ထိမ်းမြားမှုကို အကောင် အထည်ဖော်ဆောင်ရာမရောက်ဘူး။ လက်တွေ့မှာ မသူဇာနွယ်ကိုယ်ဝန်နဲ့သာ ကျန်ရစ်ခဲ့ပြီး ကိုယ်စိတ်နှစ် ဖြာဆင်းရဲမှုနဲ့ ကြုံနေရတယ်မဟုတ်လား။ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာလည်း ဂုဏ်သိက္ခာညှိုးနွမ်းရတယ် ဒါတွေဟာ လိမ်လည်ခြင်းခံရတာဖြစ်တယ်။ မသူဇာနွယ်ကို ဆရာပြောချင်တာက လိမ်လည်ကာမရယူ ခြင်းခံရတဲ့အတွက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရတရားရုံးမှာသွားပြီး ဦးတိုက်လျှောက်ထားတရား စွဲဆိုပ်။ ထိုက်သင့်တဲ့ပြစ်ဒဏ်ခံရနိုင်ကြောင်း ဖြေကြားလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# သဲလွန်စပေးတဲ့ ကြက်တူရွေးလေး

ဆွေမြင့်သူ(ကြေး/မြေ)





www.burmeseclassic.com

www.burmeseclassic.com



"သဲလွန်စပေးတဲ့
ကြက်တူရွေးလေး"
ဆွေမြင့်သူ (ကြေး/မြေ)

လူသားတို့နှင့် အရင်းနှီးဆုံး အဟိတ်တိရစ္ဆာန်များမှာ ခွေး၊ ကြောင်၊ ကျွဲ၊ နွား၊ ဆင်၊ မြင်းများသာမက ကြက်တူရွေး၊ ကတ္တဝါ၊ ကျီး၊ စွန်၊ သိမ်းငှက်အစရှိသည့် ကျေးငှက်များလည်း ပါဝင်သည်။ အချို့သောကြက်တူရွေး၊ ကတ္တဝါတို့ဆိုလျှင် လူ့စကားကိုပင် အနည်းအကျဉ်း ပြောနိုင်ကြသည်။ လူစကားမပြောနိုင်သည့်တိုင် လူ့စကားနားလည်၍ ဟန်ပန်အမူအရာဖြင့် တုံ့ပြန်တတ်သော ကျေးငှက်သတ္တဝါများလည်းရှိသည်။ ယင်းတို့သည် သခင်အပေါ် ကျေးဇူးသိတတ်သော၊ သစ္စာရှိသော၊ လိမ္မာပါးနပ်သော အသိဉာဏ်ရှိသော တိရစ္ဆာန်များလည်း ဖြစ်ကြကုန်သည်။ ယင်းတို့အနက် "ရွှေဂဲ"ဟူသော ကြက်တူရွေးလေးတစ်ကောင်ကြောင့် ခက်ခဲရှုပ်ထွေးနေခဲ့သော လူသတ်မှုတစ်ခု၏ တရားခံအစစ်ကို ဖော်ထုတ်နိုင်ခဲ့သည်ဟုဆိုပါလျှင် ...။

× × ×

ဂျာနယ်တစ်စောင်၏ သတင်းထောက် ဦးကျော်ဆွေသည် ၎င်း၏ချစ်ဇနီး ဒေါ်ခင်လေးမေ ရုတ်တရက်ကွယ်လွန်ခဲ့ပြီးသည့်နောက် စိတ်ဒုက္ခအကြီးအကျယ်ရောက်ကာ ယမကာကိုသာ နေ့စဉ်မှီဝဲ၍ အဖော်ပြုနေလေတော့သည်။ အလုပ်တိုက်သို့လည်း လုံးဝမသွား။ အလုပ်ကိုလည်း လုံးဝစိတ်မဝင်စားနိုင်တော့ဘဲ တမှိုင်မှိုင်တတွေတွေဖြင့် သောကပင်လယ်ဝေနေရတော့သည်။

ယနေ့ဆိုလျှင် ချစ်ဇနီးဒေါ်ခင်လေးမေ အသတ်ခံရသည်မှာ (၃)လကျော်ကြာမြင့်ခဲ့ပြီ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ခုချိန်အထိ လူသတ်တရားခံကို မဖော်ထုတ်နိုင်သေး။

"ရာဇဝတ်ဘေး၊ ပြေးမလွတ်တဲ့"တဲ့၊ ခုငါ့မိန်းမကို သတ်သွားတဲ့တရားခံက ပြေးလို့လွတ်သွားပြီလား။ လွန်စွာအခဲမကြေဖြစ်နေမိသည်။ "မကောင်းမှု... သည် ဆိတ်ကွယ်ရာမရှိ"... သော်လည်း မိမိအိမ်မှာမရှိ... ဇနီးသည်နှင့် အိမ်မှာမွေးမြူထား... သော ခွေးကလေး"ပေါ်ပီ"ကို... ရက်ရက်စက်စက် သတ်သွား... သည့်တရားခံဖြစ်သူကို စုံစမ်း... ဆေးဖော်ထုတ်နိုင်ရန် စခန်းမှူး... နယ်ထိန်းအပါအဝင် ရဲဝန်ထမ်း... များ အခက်တွေ့နေသည်ဟု... သည်။

မည်သို့မျှ သည်းမခံ... သည့်အဆုံး ဦးကျော်ဆွေသည်... နေအိမ်အတွင်းမှ ကြိုးဖုန်း... ကောက်ကိုင်၍ ရဲစခန်းသို့ ... ဆက်လိုက်သည်။

"ဟဲလို .... ရဲစခန်း... ပါလားခင်ဗျာ"

"ဟုတ်ကဲ့ ... ရဲစ... ကပါ၊ ခု ဘယ်သူပါလဲခင်ဗျ..."

"ဪ ... ကျွန်တော်... က လွန်ခဲ့တဲ့သုံးလလောက်... အသတ်ခံရတဲ့ ဒေါ်ခင်လေး... ခင်ပွန်းဦးကျော်ဆွေပါ၊ ခု... တာ စခန်းမှူးကြီးဦးရဲမြင့် မ... လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ပါတယ်၊ ဦးကျော်ဆွေ၊ ကျွန်တော်က စခန်းမှူးကြီး ဦးရဲမြင့်မှန်ပါတယ်၊ ပြောပါ ဦးကျော်ဆွေ''

''စခန်းမှူးကိုလဲ အားနာပါတယ် ... စိတ်တော့မရှိပါနဲ့ ကျွန်တော့်ဇနီးကို သတ်သွားတဲ့တရားခံနဲ့ပတ်သက်ပြီး အခြေအနေလေး သိချင်လို့ပါ''

''အေးဗျာ ဦးကျော်ဆွေ တစ်ယောက် ဒီအချိန်မှာ ဘယ်လောက်ခံစားနေရမယ်ဆိုတာ ကျွန်တော်တို့လဲ စာနာပါတယ်။ ခုဟာက လူသတ်တရားခံကို ဖော်ထုတ်နိုင်ဖို့ရာ သက်သေအထောက်အထားက အစအနတောင် ရှာမရဘူးဖြစ်နေတယ်။ မသတ်ခံရတဲ့ ဒေါ်ခင်လေးမေမှာ 'ရန်ငြိုးရန်စ ရန်သူရယ်လို့ လုံးဝမရှိဘူး။ ပစ္စည်းကိုခိုးယူရင်း လူမိသွားလို့ လက်စတုံးသတ်ပစ်ခဲ့တယ်။ ပိုဆိုးတာက ဦးကျော်ဆွေတို့ရဲ့ အိမ်မွေးတိရစ္ဆာန်ခွေးလိမ္မာလေးကို အပြတ်ရှင်းသွားတော့ ဘယ်လိုမှမတတ်နိုင်တော့ဘူး။ အဲဒီခွေးလေးသာ အသက်ရှင်ကျန်ရစ်ရင် လူသတ်တရားခံကို ခြေရာခံလို့ ရနိုင်တယ်ဗျ''

''အင်းပေါ့လေ၊ ကျွန်တော့်ဇနီးအပြင် ခွေးလိမ္မာလေးကိုပါ ရက်ရက်စက်စက်သတ်သွားပြီး ခြေရာဖျောက်သွားတာကိုး။ ဒါပေမဲ့ဗျာ လောကကြီးမှာ မကောင်းမှုပြစ်မှုကျူးလွန်တဲ့သူကို မမိရိုးထုံးစံ မရှိပါဘူး။ အမှုမှန်နဲ့ ပေါ်ပေါက်အောင် တရားခံကို ကြိုးစားဖော်ထုတ်ပေးပါလို့ စခန်းမှူးကြီးကို အထူးမေတ္တာရပ်ခံပါရစေနော်''

''စိတ်ချပါ ဦးကျော်ဆွေ ကျွန်တော်တို့ရဲ့ တပ်ဖွဲ့အနေနဲ့ အဲဒီလူသတ်တရားခံကို အစွမ်းကုန်စုံစမ်းစစ်ဆေး ဖော်ထုတ်သွားပါ့မယ်လို့ ကတိပေးပါတယ်။ အဲ ... ဦးကျော်ဆွေအနေနဲ့လဲ အိမ်မှာထူးခြားမှု တစ်စုံတစ်ရာ တွေ့ရင် လူသတ်မှုနဲ့ပတ်သက်ပြီး သဲလွန်စလေးဘာလေးများ ရနိုင်မယ်ဆိုရင် ကျွန်တော်တို့ဆီ ချက်ချင်းအကြောင်းကြားပါနော်''

''ဟုတ်ကဲ့ ... ဟုတ်ကဲ့ပါ စခန်းမှူးကြီး ကျေးဇူးတင်ပါတယ်''

♛ ♛ ♛

တစ်နေ့သော် ...

ဦးကျော်ဆွေ ဂျာနယ်

“ ကျွန်တော့်ဇနီးအပြင် ခွေးလိမ္မာလေးကိုပါ ရက်ရက်စက်စက်သတ်သွားပြီး ခြေရာဖျောက်သွားတာကိုး။ ဒါပေမဲ့ဗျာ လောကကြီးမှာ မကောင်းမှုပြစ်မှုကျူးလွန်တဲ့သူကို မမိရိုးထုံးစံ မရှိပါဘူး။ အမှုမှန်နဲ့ ပေါ်ပေါက်အောင် တရားခံကို ကြိုးစားဖော်ထုတ်ပေးပါ ”



www.burmeseclassic.com

www.burmeseclassic.com



တိုက်သို့ မလာသည်မှာကြာပြီ ဖြစ်၍ ရောင်းရင်းကြီးဦးသန်းကျော်နှင့် ဦးကြီးမြင့်တို့ ရောက်ချလာသည်။ ဦးသန်းကျော်က

"ကဲ .. ကိုကျော်ဆွေခင်ဗျားဖနီးရဲ့ အဖြစ်ဆိုးကြောင့် ခင်ဗျားအရက်ကိုပဲ အဖော်ပြုနေတယ်လို့ ကြားရလို့ ကျွန်တော်အားပေးရအောင် လာတာပါ။ ကျွန်တော်တို့လဲ စိတ်မကောင်းပါဘူးဗျာ။ ဒါပေမဲ့ အရက်ချည်းလိမ့်သောက်မနေပါနဲ့။ ကြာရင် ခင်ဗျားကျန်းမာရေးကို ထိခိုက်လိမ့်မယ်"

"ဟုတ်ပါတယ် ဦးကျော်ဆွေ၊ စိတ်ထိန်းပါဗျာ၊ ကျွန်တော်တို့ဂျာနယ်တိုက်က ထုတ်ဝေသူရော၊ အယ်ဒီတာချုပ်၊ အယ်ဒီတာအဖွဲ့၊ သတင်းထောက်များနဲ့ ရုံးဝန်ထမ်းတွေပါ ခင်ဗျားအတွက် အတော်ဝမ်းနည်းနေကြပါတယ်။ ခင်ဗျားအလုပ်တိုက်မလာနိုင်တာကိုရော ခွင့်လွှတ်ပါတယ်။ ခင်ဗျားသာ ကျန်းမာရေးဂရုစိုက်ပါလို့ အတန်တန်မှာလိုက်ကြပါတယ်"

ဦးကြီးမြင့်စကား အဆုံးတွင် ဦးကျော်ဆွေသည် ယောကျ်ားတန်မဲ့ မျက်ရည်ပေါက်ကြီးငယ်ကျ၍ တဟီးဟီးနှင့် ငိုချလိုက်ပါသည်။

"ခုလို ကျွန်တော့်ကို အားပေးစကားပြောတာ ကျေးဇူးတင်ပါတယ် သူငယ်ချင်းတို့ရယ်၊ ဒါပေမဲ့ ကျွန်တော်မဖြေသိမ့်နိုင်ဘူးဗျာ၊ ကျွန်တော်တို့မှာက ဒီလင်ဒီမယား နှစ်ယောက်တည်းရှိတာ၊ ခုဟာက ပစ္စည်းလဲယူ၊ လူကိုပါသတ်သွားတာဗျ။ ဒီလူသတ်သမားကို မဖမ်းမိသရွေ့ ကျွန်တော်လုံးဝမကျေနပ်နိုင်ဘူးဗျာ၊ အစာလဲမကြေဘူး"

ထိုစဉ် ညှော်ခန်းထောင့် ဗီရိုပေါ်ရှိ ငှက်လှောင်အိမ်မှ ရွှေဂဲကျက်တူရွေး၏ တောင်ပံတဖျတ်ဖျတ်ရိုက်ခတ်သံကို သဲ့သဲ့





www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရသည်။

"ဩော် ဦးကျော်ဆွေတို့လင်မယားက ကြက်တူရွေးလဲ မွေးထားတာကိုး၊ အင်း သနားစရာ ဟိုခွေးကလေးကတော့ လူသတ်သမားရဲ့ အစဖျောက်ခံလိုက်ရရှာတယ်နော် ... ကျွတ် ... ကျွတ် ...."

"ကျွန်တော်တို့ လင်မယားမှာက သားသမီးလဲ လုံးဝမထွန်းကားတော့ ဒီခွေးကလေးနဲ့ ကြက်တူရွေးလေး "ရွှေဂဲ"ကိုပဲ သားသမီးလို သံယောဇဉ်ဖြစ်နေတာလေ"

ဦးကျော်ဆွေက ရွှေဂဲကိုကြည့်ရင်း အရက်ခွက်ကို ကောက်ကိုင်လိုက်သည်။ ဦးသန်းကျော်က

"ဒါနဲ့ ဦးကျော်ဆွေ ... ခင်ဗျားရဲ့ရွှေဂဲလေးက စကားပြောတတ်သလားဗျ၊ တချို့ကြက်တူရွေးတို့ ကတ္တဝါတို့က လူစကားတစ်လုံးစနှစ်လုံးစ ပြန်ပြောတတ်တယ်လို့ ကြားဖူးတယ်"

ဦးကျော်ဆွေက တုဏှိဘာဝေတိတ်ဆိတ်နေပါသည်။ သို့နှင့် သုံးလခန့်ကွဲကွာနေသော သူငယ်ချင်းသုံးဦး စကားလက်စုံပြော၍ မကုန်ဖြစ်နေချိန်တွင်

"ဗျို့ ... ဦးလေး ... ဦးလေး၊ တံခါးဖွင့်ပါဦး၊ ကျွန်တော်ပါ၊ မြမောင်ပါ"

"ဩော် .... ငါ့တူမြမောင်ပါလား၊ မလာစဖူးအလာ ထူးလို့ ဝင်ခဲ့လေ လာလာ၊ ဧည့်ခန်းထဲကိုဝင်ခဲ့၊ ဒီမှာ ငါ့သူငယ်ချင်းတွေလဲ ရောက်နေတယ်"

ဦးကျော်ဆွေ၏ တူတော်မောင် မြမောင်က ဂျင်းအင်္ကျီ၊ ဂျင်းဘောင်းဘီဝမ်းဆက်ဖြင့် ဝင်ရောက်လာသည်။

"အံမယ် ငါ့လူကြီးက ဒီတစ်ခါတော့ အဝတ်အစားတောက်တောက်ပြောင်ပြောင်နဲ့ ဟန်းချိန်းတွေဘာတွေနဲ့၊ မင်းခုတလော အလုပ်အကိုင်ကောင်းတယ်ထင်တယ်"

"ဟုတ်ကဲ့ ဦးလေး၊ ကျွန်တော်ကကားပွဲစား၊ အိမ်မြေပွဲစား သူငယ်ချင်းတွေနဲ့လုပ်တာ မြိုးမြိုးမြက်မြက်လေး ရလိုက်လို့ပါ"

"ကောင်းပါတယ်၊ ကောင်းပါတယ်၊ ဝမ်းသာပါတယ်"

"ကျွန်တော်တို့ လင်မယားမှာက
သားသမီးလဲ လုံးဝမထွန်းကားတော့
ဒီခွေးကလေးနဲ့ ကြက်တူရွေးလေး
"ရွှေဂဲ"ကိုပဲ သားသမီးလို
သံယောဇဉ်ဖြစ်နေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



♛ ♛ ♛

သခင်မသေဆုံး၍ ကြေကွဲငြိမ်သက်နေခဲ့သည့် "ရွှေဂဲ" ကြက်တူရွေးသည် မြမောင် ရောက်ရှိလာချိန်မှ စတင်ပြီး လှောင်အိမ်ထဲမှာ ဖျတ်ဖျတ်ခါအောင် ပျံသန်းသောင်းကျန်းနေပါတော့သည်။ ဦးကျော်သန်းက

"အလို တယ်ထူးဆန်းပါလား ဦးကျော်ဆွေ၊ ခင်ဗျားရဲ့ ကြက်တူရွေးက ဗိုက်ဆာလို့အစာတောင်းပြီထင်တယ်။ ဂနာမငြိမ်ဖြစ်နေပါလား။"

"ဟုတ်ပါရဲ့နော်၊ စောစောက ငြိမ်ချက်သားကောင်းနေရက်သားနဲ့ ခုကျမှ ဘာဖြစ်နေပါလိမ့်"

ဦးကြီးမြင့်ကလည်း ဦးသန်းကျော်နည်းတူ ထင်မြင်ချက်ပေးသည်။ မြမောင်ကမူ မျက်နှာနည်းနည်းပျက်သလိုရှိသည်။

"ဦးလေး ကျွန်တော်လဲ မလာတာကြာလို့ သတင်းမေးရအောင် လာခဲ့တာပါ၊ ဦးလေး ခုတလော စိတ်ညစ်ပြီးအရက်တွေ လိုမ့်သောက်နေတယ်ဆို၊ ဒေါ်လေးဆုံးတာလဲ ဆုံးတာပေါ့ဦးလေးရယ်၊ နည်းနည်းတော့ လျှော့သောက်ပါဦး"

"အေးကွာ ငါ့တူလိုပဲ ငါ့မိတ်ဆွေတွေလဲ ငါ့ကိုအားမငယ်အောင် စိတ်ညစ်ပြေပျောက်အောင် ခုလိုလာရောက်နှစ်သိမ့်ပေးကြတာ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ငါ့မိန်းမကိုသတ်သွားတဲ့ တရားခံကို မမိမချင်းတော့ ငါလုံးဝမကျေနပ်ဘူးကွာ တောက်"

ထိုအခိုက်မှာပင် ရွှေဂဲလေးက လှောင်အိမ်ထဲမှာ တဖျတ်ဖျတ်ပျံရင်း ယောက်ယက်ခတ်ပြနေပြန်သည်။

"တယ် ဒီသောက်ကြက်တူရွေးကလဲတစ်မျောင့် ဒီမှာစကားကောင်းကောင်း ပြောလို့ကိုမရဘူး။ ဘာဖြစ်နေမှန်းကို မသိပါဘူး ...."

"ကဲ ... ဦးလေး၊ ဦးလေးမိတ်ဆွေတွေနဲ့ စကားဆက်ပြောကြဦးနော် ကျွန်တော်ချိန်းထားတာလေးရှိလို့ ပြန်လိုက်ပါဦးမယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"အေး အေး ငါ့တူမှာ ကိစ္စရှိရင် ပြန်ဦးပေါ့၊ နောင်လဲ မကြာမကြာ လာလည်ဦးနော်၊ ဒီအိမ်ကြီးထဲမှာ ငါတစ်ယောက်တည်း အထီးကျန်နေတယ်ကွ၊ အဲ ကြက်တူရွေးလေးတစ်ကောင်တော့ ရှိနေသေးတယ်ပေါ့ကွာ"

"ဟုတ်ကဲ့ပါ ဦးလေး ကျွန်တော် နောင်လဲလာပါဦးမယ်"

♛ ♛ ♛

ထူးဆန်းသည်ဟု ဆိုရမည်လားမသိ။ မြမောင်လည်း အိမ်ထဲမှပြန်ထွက်သွားရော စောစောက ဖျတ်ဖျတ်ခါအောင် ပျံသန်းသောင်းကျန်းနေခဲ့သော ရွှေဂဲမှာ တစ်မဟုတ်ချင်း ပြန်လည်ငြိမ်သက်သွားသည်ကို အားလုံးသတိပြုမိသွားကြသည်။

ဦးကျော်ဆွေလည်း အိမ်မှာထူးခြားမှု တစ်စုံတစ်ရာ တွေ့လျှင် ကျွန်တော့်ဆီကို ချက်ချင်းအကြောင်းကြားပေးပါဟူသော စခန်းမှူးဦးရဲမြင့်၏ စကားသံကို အမှတ်တမဲ့ပြန်လည်ကြားယောင်လာသည်။

"အင်း ... ဟုတ်ပြီ ...



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီ''

ဦးကျော်ဆွေ ဤသို့ ကျယ်ကျယ်လောင်လောင် အော်လိုက်မိတော့ ဦးသန်းကျော်နှင့် ဦးကြီးမြင့်တို့နှစ်ယောက် အံ့ဩသင့်၍ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။

ဦးကျော်ဆွေ တစ်ယောက် အရက်သောက်လွန်၍ ပေါက်သွားပြီလား ဆိုသော သဘောမျိုးနှင့် ဦးကျော်ဆွေကို ကြည့်ကာ

''ဦးကျော်ဆွေ ဘာဖြစ်သွားတာလဲ။ ဘာဟုတ်ပြီလဲ ...''



ဦးကျော်ဆွေ အရက်မမူးသေးပါ။ ထူးခြားမှုတစ်ရပ်ကို တွေ့မြင်ထင်ဟပ်မိသည်ဟု ဆိုရပါမည်။ သူ၏မိတ်ဆွေနှစ်ဦးတို့ကို တိုင်ပင်နှီးနှောလိုသော စိတ်ဖြစ်ပေါ်လာသည်။

''ဒီလိုဗျ သူငယ်ချင်းတို့ရ၊ ဟိုတစ်နေ့က ငါ ... စခန်းမှူးကြီးကို လူသတ်မှုနဲ့ပတ်သက်လို့ တိုးတက်မှု အခြေအနေကိုမေးတော့ သက်သေအထောက်အထား၊ သတင်းအစအန၊ သဲလွန်စရှာမရလို့ အခက်တွေ့နေကြတယ်တဲ့၊ အဲ့ဒါ ငါ့အိမ်မှာလဲ ထူးခြားမှုတစ်စုံတစ်ရာတွေ့ရင် ချက်ချင်းအကြောင်းကြားပေးလိုက်ပါတဲ့ အခုတော့ထူးခြားမှု တွေ့ရပြီလေ''

''ဆိုစမ်းပါဦး ဒီနေ့ ဘာထူးခြားလို့လဲ''

''ထူးခြားတယ်လေကွာ၊ မင်းတို့လဲအမြင်ပဲ၊ ငါ့ကြက်တူရွေး''ရွှေခဲ''က စောစောက ငြိမ်ကုပ်နေတာလေ၊ ဟော့ ... ငါ့တူတော်မောင်လဲဝင်လာရော လုံးဝဂနာမငြိမ်တော့ဘဲ ယောက်ယက်ခက်နေတာ မင်းတို့သတိမထားမိဘူးလား၊ ပြီးတော့ ငါ့တူအိမ်ထဲက ပြန်ထွက်သွားတာနဲ့က ချက်ချင်း ငြိမ်သက်သွားတယ်လေ''

''အေး ... ဟုတ်တယ်ကွ၊ ငါတို့လဲ နည်းနည်းသတိထားမိတယ်၊ အဲဒါ တော်တော်ထူးဆန်းတယ်ဟော့''

ဦးသန်းကျော်၏စကားကို ဦးကြီးမြင့်ကလည်း ထောက်ခံသည့်အနေဖြင့်

''အင်း မင်းရဲ့ကြက်တူရွေး သောင်းကျန်းနေတဲ့အခိုက်မှာ မင်းရဲ့တူတော်မောင်လဲ မျက်နှာတစ်ချက်ပျက်သွားတယ်ကွ၊



www.burmeseclassic.com

www.burmeseclassic.com



ငါသတိထားမိတယ်''

''အဲ့ဒါ အချက်ပဲ ကျေး ဇူးတင်ဘယ်ကွာ သူငယ်ချင်းတို့ ရော မင်းတို့လာကြတဲ့နေ့မှပဲ ငါ့ တူတော်မောင်လဲ တိုက်တိုက် ဆိုင်ဆိုက်ရောက်လာပြီး ငါ့ကြက် တူရွှေးလေးက တစ်ခုခုကို အသိ ပေးလိုက်သလိုပါပဲ၊ ငါ့တူမြမောင် က တို့အိမ်ကို ဟိုတုန်းက အဝင် အထွက်ရှိတယ်ကွ၊ ငါ့မိန်းမလဲ သေရော အသုဘတောင်လာမပို့ ဘူးကွာ၊ ဖားကန့်မှာ ကျောက် စိမ်းသွားတူးနေတယ်လို့တော့ ဖုန်းဆက်သတင်းပေးရှာတယ်။ အင်း ဒင်းပဲဖြစ်ရမယ်၊ ငါ့မိန်းမ ကို သတ်သွားတဲ့တရားခံက သူ ပဲဖြစ်ရမယ်၊ အဲဒီတော့ ရဲစခန်း ကို အကြောင်းကြားရမယ်၊ မင်း တို့လဲ ဘယ်လိုယူဆသလဲ''

''အေးကွာ ဒါဆိုရင် မင်းတူ ခတော်မောင်က သံသယ ဖြစ်စရာပဲ''

''ဟုတ်တယ်၊ ဘာပဲ ဖြစ်ဖြစ် ရဲစခန်းကိုသာ အမြန်ဆုံး ဖုန်းဆက်ပေတော့ကွာ''

♛ ♛ ♛

သို့ဖြင့် ရဲစခန်းမှ ဦး ကျော်ဆွေ၏ တိုင်ကြားချက်အရ မြမောင်ကိုခေါ်ယူစစ်ဆေးသည့် အခါ မြမောင်မှာ မည်သို့မျှဖုန်း ကွယ်၍ မရတော့ဘဲ ဖြောင့်ချက် ပေးခဲ့သည်။

''ကျွန်တော်နဲ့ သူငယ် ချင်းအောင်မောင်းတို့နှစ်ယောက် ငွေအကျပ်အတည်းဖြစ်တာကြောင့် တစ်ညမှာ ဦးလေးတို့အိမ်ကိုဝင် ရောက်ပြီး အဖိုးတန်ပစ္စည်းတွေ ရှာဖွေခိုးယူခဲ့ပါတယ်။ ဦးလေး နယ်ကိုသွားနေတယ်လို့ ဒေါ် လေးဆီဖုန်းဆက်တော့ သိလိုက် ရတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပစ္စည်းခိုးဖို့လုပ်နေတုန်း ဒေါ်လေး ကအိပ်ရာကနိုးလာပြီး အော်မယ် ကြံတော့ ကျွန်တော်မှန်းသိမှာစိုး လို့ ဓားမြှောင်နဲ့အချက်ပေါင်းများ စွာ ထိုးသတ်ခဲ့ပါတယ်။ ပြီးတော့ အိမ်စောင့်ခွေးကလေး ပါပီကလဲ ကျွန်တော်ကို မှတ်မိနေတော့လေ အမှုပေါ်မှာစိုးလို့ သတ်ခဲ့ပါတယ်။ အဲဒီတုန်းက ဦးလေးတို့အိမ်က ကြက်တူရွေးလေးကိုတော့ လုံးဝ သတိမထားမိခဲ့ပါဘူး။ သုံးလ လောက်ကြာတော့ ဦးလေးတို့ အိမ်ကိုလမ်းကြုံတာနဲ့ ခဏ ရောက်သွားတာမှာ ဒီကြက်တူ ရွေးက ကျွန်တော့်ကို မျက်မှန်း တန်းမိတယ်လို့ပဲ ပြောရမှာပေါ့ လေ''

ဤသို့လျှင် မြမောင်၏ ဝန်ခံထွက်ဆိုချက်အရ ၎င်းတို့ အား လူသတ်မှု၊ ပစ္စည်းခိုးမှုဖြင့် တရားဥပဒေအတိုင်း အပြစ်ပေး အရေးယူဆောင်ရွက်ရန် မြန်မာ နိုင်ငံရဲတပ်ဖွဲ့မှ ဆောင်ရွက်လျက် ရှိပါသည်။

စခန်းမှူး ဦးရဲမြင့်ကမ္

...

''ဩော် အိမ်ကြီးရှင် သခင်မ သေဆုံးသွားခဲ့လို့ ကြေ ကွဲဝမ်းနည်းနေတဲ့ ရွှေကြက်တူ ရွေးလေးက လူသတ်မှုကြီးရဲ့ တရားခံကို ဖော်ထုတ်နိုင်ဖို့ သဲ လွန်စပေးတာမျိုးဟာ ရှာမှရှားတဲ့ အဖြစ်ဆန်းလေးတစ်ခုပါပဲ''ဟု ဖွင့်ဟပြောဆို ချီးမွမ်းပါတော့သ တည်း။

ဆွေမြင့်သူ(ကြေး/မြေ



www.burmeseclassic.com

www.burmeseclassic.com



# စကားပြောသော ခရာဆူးမြို့များ

❁ ကျေးလက်လမင်း (တွံတေး) ❁



www.burmeseclassic.com

www.burmeseclassic.com



## စကားပြောသော ခရာဆူးခြံများ ကျေးလက်လမင်း(တွံတေး)

အမှုစစ် ရဲအရာရှိတစ်ယောက်အနေဖြင့် လူသတ်မှု၊ မုဒိမ်းမှု၊ နာကျင်စေမှု၊ ခြံကျူးကျော်မှု အစရှိသည့် အမှုများကို ဖော်ထုတ်ရသည်မှာ လွယ်ကူသည်ဟုထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအမှုများအတွက် လူသက်သေခံချက်၊ ကျွမ်းကျင်ပညာရှင်၊ ဓာတုဗေဒအစီရင်ခံစာ စသည်ဖြင့် စာရွက်စာတမ်း သက်သေခံချက်များလည်း ရရှိနိုင်သောကြောင့် ဖြစ်ပါသည်။

သို့သော် ခိုးမှုကား၊ အကာလ ညဥ့်အချိန် လူမသိသူမသိအောင် တိတ်တဆိတ်ခိုးယူသောအမှုဖြစ်၍ မျက်မြင်သက်သေလည်း မရနိုင်ပါ။ စာရွက်စာတမ်း သက်သေခံချက်လည်း မရနိုင်ပါ။ ထို့ကြောင့် ခိုးမှုပေါ်ပေါက်ရန် ဖော်ထုတ်ရသည်မှာ အလွန်ခက်ခဲသော အခြေအနေဖြစ်ပါသည်။

ကျွန်တော်သည် ပဲခူးရိုးမ အနီးရှိ မြိုင်သာယာမြို့ ရဲစခန်းတွင် တာဝန်ကျစဉ်ကဖြစ်ပါသည်။ စခန်းမှူးက ကျွန်တော်အား

"ညီလေးရေ ... ညက ဆည်မြောင်းဌာနပိုင် ဂိုဒေါင်ထဲက 3036 မီးကြိုးခွေ (၁၀၀)လောက် အခိုးခံရလို့တဲ့ တိုင်ချက်ဖွင့်ထားတယ်။ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေပုဒ်မ ၆(၁)နဲ့ ဖွင့်ထားတယ်။ အဲဒီအမှုကို ညီလေးစစ်လိုက်ပါ။ ဆည်မြောင်းမန်နေဂျာက ဖုန်းဆက်ထားတယ်။ အချင်းဖြစ်အရပ်ကို ညီလေး ဒီနေ့သွားလိုက်ပါ။ ဆည်မြောင်း မန်နေဂျာနဲ့လည်းတွေ့လိုက်ပါ" ဟု ညွှန်ကြားပါသည်။

ကျွန်တော်လည်း နယ်မြေအပိုင် နယ်ထိန်းတစ်ယောက်ကို ခေါ်၍ ဆည်မြောင်းဝင်းတွင်းသို့ မြင်းလှည်းဖြင့် သွားပါသည်။ (၄)မိုင်လောက်သွားပြီးမှ ဆည်မြောင်းဝင်း အဝင်ဝသို့ရောက်ပါသည်။ မြင်းလှည်းဆက်မောင်း၍မရသဖြင့် ကျွန်တော်တို့အား ဆည်မြောင်းအဝင်ဝတွင် ချထားပါသည်။ ကျွန်တော်တို့လည်း စုံစမ်းရေးဌာနတွင် မေးမြန်းပြီး မန်နေဂျာအိမ်သို့ (၂) ဖာလုံခန့် လျှောက်လိုက်ရပါသည်။ ဆည်မြောင်းမန်နေဂျာမှ ဂိုထောင်စောင့် "မောင်ဖြူ"နှင့် တွေ့ပေးပါသည်။ ကျွန်တော်တို့လည်း ဂိုထောင်စောင့် "မောင်ဖြူ"နှင့်အတူ ပစ္စည်းများ အခိုးခံရသော ဂိုဒေါင်သို့သွား ရောက်စစ်ဆေးပါသည်။

ဆည်မှာ တည်ဆောက် ဆဲဖြစ်၍ လုပ်ငန်းလိုအပ်ချက်အ ဂိုဒေါင်ထဲတွင် ပစ္စည်းမျိုးစုံရှိပါသည် ဘိလပ်မြေအိတ်၊ သွပ်ပြား၊ သံ ချောင်း၊ ရေပိုက်များနှင့် 3036 မီ ကြိုးခွေများ ဖြစ်ပါသည်။ ဂိုဒေါ် သည် အရှေ့အနောက် အလျား ၁၀၀ ခန့်ရှိပြီး၊ အနံပေမှာ ၃၀ ခန့် ပါသည်။ မြေစိုက်အင်္ဂတေတ လျား ဂိုဒေါင်ဖြစ်သည်။ ကျွန်တေ သည် ဂိုဒေါင်အတွင်းရှိ တံခါးမ နှင့် ပြတင်းပေါက်များကို သေချာ ဆေးကြည့်ရှုပါသည်။ ဂိုဒေါင်အ နောက်နှင့် တောင်ဘက်တို့တွင် ဆူးကြိုး အကာအရံရှိသော်လည် မြောက်ဘက်တွင်မူ ခရာဆူးခြံ ပြည့် ရှင်သန်ပေါက်ရောက်နေသေ (၁၀)ပေခန့်နက်သည့် ချောက်က ပါးတစ်ခုဖြစ်ပါသည်။ မြောက်ဘ ရှိ ဂိုဒေါင်အတွင်း ပြတင်းပေါက် ခုသည် အံမကျဘဲ လက်တစ် ဝင်သာအောင် ဟနေတာကို ပါသည်။ တရားခံက ၎င်းပြ ပေါက်မှဝင်ကာ မီးကြိုးခွေများ ယူသွားခြင်းဖြစ်သည်ဟု ကျွန် ယူဆပါသည်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



စောင့်အား မေးမြန်းပါသည်။

"မင်း နာမည်ပြောပါ"

"ကျွန်တော့် နာမည် မောင်ဖြူပါ ဆရာ"

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"(၁၉) နှစ်ပါဆရာ"

"ဒီဆည်မြောင်းမှာ အလုပ်ဝင်တာကြာပြီလား"

"မကြာသေးပါဘူးဆရာ (၁)လလောက်ပဲ ရှိပါသေးတယ်"

"ဒါဆို မင်းအရင် ဂိုဒေါင်စောင့်ရှိသေးတာပေ့ါ။ သူကဘယ်သူလဲ၊ အခုဘယ်ဌာနမှာလဲ"

"မောင်မဲပါဆရာ။ ပစ္စည်းတွေလျော့လို့ မန်နေဂျာက မကြိုက်တာနဲ့ အလုပ်ဖြုတ်လိုက်ပြီဆရာ"

"သူဘယ်မှာနေလဲ မင်းသိလား"

"ပြည်မြို့သစ်၊ လမ်း(-)မှာ နေတယ်လို့သိရတယ် ဆရာ"

"မီးကြိုးခွေတွေ အခိုးခံရတယ်လို့ မင်းပြောတယ်။ ( -)ရက်နေ့ည ( -)၁၂နာရီအချိန်ကလို့တိုင်ချက်မှာပါတယ်။ တရားခံကို မင်းတွေ့လိုက်သလား"

"မှောင်ထဲမှာ ကျောပိုးအိတ်နဲ့ လူတစ်ယောက် ဂိုဒေါင်ထဲကထွက်လာတာ ကျွန်တော်တွေ့လိုက်တယ်ဆရာ။ လူတော့မမှတ်မိဘူး၊ ကျွန်တော်လည်း လက်နှိပ်ဓာတ်မီးထိုးပြီး ပြေးလိုက်တယ်၊ သူက တော်တော်အပြေးသန်တယ်တယ်ဆရာ။ ခြံစည်းရိုးမရှိတဲ့ဘက်ကို ထွက်ပြေးသွားပြီး ခရာဆူးချုံရှိတဲ့ ချောက်ထဲကိုခုန်ချလိုက်ပြီး ထွက်ပြေးတယ်။ ချောက်က အမြင့်ကြီးဆရာ၊ ၁၀ ပေကျော်လောက်ရှိတယ်။ ကျွန်တော်လည်း ဆက်မလိုက်နိုင်တော့ဘဲ၊ မန်နေဂျာကြီးဆီ အကြောင်းကြားခဲ့ပါတယ်ဆရာ။

**"မှောင်ထဲမှာ ကျောပိုးအိတ်နဲ့ လူတစ်ယောက် ဂိုဒေါင်ထဲက ထွက်လာတာ ကျွန်တော်တွေ့ လိုက်တယ် ဆရာ။ လူတော့မမှတ်မိဘူး"**

ကျွန်တော်တို့အဖွဲ့လည်း အခင်းဖြစ်နေရာနှင့် တရားခံပြေးလမ်းကြောင်းဖြစ်သော ချောက်ကမ်းပါးနှင့် ခရာဆူးချုံတောအား မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ယူကြပါတယ်။ တရားခံခုန်ချသော ခရာဆူးချုံတောနေရာမှ ဆူချုံပင်များပြိုလဲလျက်ကွက်ကျား ဖြစ်နေပါသည်။

လူတစ်ယောက်၏ ဆံပင်ကိုအလယ်မှ ကွက်ရိတ်ထားသည်နှင့်တူနေပါသည်။ ကျွန်တော်တို့လည်း စုံစမ်းစစ်ဆေးမှုပြီး၍ ရဲစခန်းသို့ ပြန်လာကြပါသည်။ အမှုစစ်ရဲအရာရှိဖြစ်သော ကျွန်တော်၏ဦးခေါင်းထဲတွင်ကား မန္တလေးရဲသိပ္ပံမှ သင်ကြားခဲ့သော စာများအလိုလိုဝင်ရောက်လာပြီး၊ သင်တန်းတုန်းကအတိုင်း နုတ်မှလည်းတဖွဖွ ရွက်ဆိုနေမိပါသည်။

**"သဲလွန်စများ၊ ကျန်ကြွင်းမသွေ၊ သက်သေ ထောက်**

www.burmeseclassic.com



**ထား၊ နည်းများရှိပေ၊ နှစ်ခုထိတွေ့ ရှိလေ့သကော်၊ ဝတ္ထုများ၊ တူပြားမရှိပေ"** ဟူ၍ ဖြစ်ပါသည်။

မန္တလေး ရဲသိပ္ပံကျောင်းတွင် အမှုစစ် ရဲအရာရှိများသည် ပထမ သတင်းပေး တိုင်ကြားချက် (First Imformation Report) ရရှိလျှင်ရရှိချင်း၊ အချင်းဖြစ်အရပ် (seen of crime) သို့ချက်ချင်းသွားရောက်စစ်ဆေးရမည်။ အချင်းဖြစ်အရပ်၌ လူ့သက်သေ (စကားပြောသက်သေ) နှင့် ပစ္စည်းသက်သေ (စကားမပြောသောသက်သေ)တို့က သင့်အား စောင့်ကြိုနေပေလိမ့်မည်။ လူသည် ပြောင်းလဲနိုင်သော်လည်း သက်မဲ့သက်သေဖြစ်သော ပစ္စည်းနှင့် အရာဝတ္ထုတို့ကား ပြောင်းလဲနိုင်မည်မဟုတ်။ ပြစ်မှုကျူးလွန်သော တရားခံ ဘယ်သူလဲဆိုသည်ကို သင့်အားပြောပြပေလိမ့်မည်။ စေ့စေ့စပ်စပ် ကြည့်ဖို့ကား အမှုစစ်အရာရှိ၏ တာဝန်သာဖြစ်ပေသည်။ သဲလွန်စများ ကျန်ရစ်စမြဲဖြစ်သည်။ သက်သေခံအထောက်အထားများ အနည်းနှင့်အများ ကျန်ရစ်တတ်သည်။ လူနှင့်အရာဝတ္ထု၊ အရာဝတ္ထုအချင်း ထိတွေ့မှုသင်္ကေတ အမှတ်အသားများ

လည်း ကျွန်တတ်ပါသည် ဟု ကဗျာလင်္ကာက ဆိုလိုခြင်းဖြစ်ပါသည်။

နောက်တစ်နေ့တွင် ကျွန်တော်နှင့် နယ်ထိန်းတပ်ဖွဲ့တို့ ပြည်မြို့သစ်၊ လမ်း( )နေ မသင်္ကာတရားခံ မောင်မဲ၏ နေအိမ်သို့ သက်သေလူကြီးများနှင့် အတူသွားရောက်ကြပါသည်။ မောင်မဲကိုတော့ မတွေ့ရပါ။ ဘောလုံးသွားကန်နေသည်ဟု ၎င်း၏ အဖေကပြောပါသည်။

"ကျွန်တော် ဒုရဲအုပ်စိုးမိုးပါ၊ မြို့သစ်ရဲစခန်းကပါ၊ ခင်ဗျားသားကို အမှုတစ်ခုနဲ့ မသင်္ကာလို့ စစ်ဆေးရအောင်လာတာပါ။ သူပြန်လာရင် ကျွန်တော်ဆီပို့ပေးပါ"

ဟု ကျွန်တော်က မောင်မဲ၏ဖခင်အား ရှင်းပြပါသည်။ မောင်မဲ၏ဖခင်က

"ကျွန်တော့်သားလေးက လူကောင်းပါဆရာ၊ ဘောလုံးအ



www.burmeseclassic.com



သင်းခေါင်းဆောင်ပါ။ ဘောလုံးအသင်း ပထမဆုရတုန်းက ရိုက်ထားတဲ့ပုံ ဒီမှာရှိပါတယ်"ဟုပြောပြီး ဓာတ်ပုံကို ကျွန်တော့်အားပြပါသည်။ ကျွန်တော်လည်း စဉ်းစားနေမိပါသည်။ "သေချာသလောက်ရှိသွားပါပြီ"ဟု စိတ်ထဲက မှတ်ယူလိုက်ပါသည်။ တစ်ခုပဲကျန်တော့သည်။ အခင်းဖြစ်အရပ်ရှိ တရားခံ ခုန်ချသွားသော ခရာဆူးချုံများက ပြောသောစကား တစ်ချက်သာ ဆက်၍ မှန်ကန်မည်ဆိုပါက အမှုကို ကျွန်တော် ဖော်ထုတ်နိုင်ပေတော့မည်။

ညနေ(၄)နာရီခန့်အချိန်တွင် မသင်္ကာတရားခံ မောင်မဲနှင့်အတူ ၎င်း၏ဖခင်နှင့် ဦးလေးတို့လည်း ရဲစခန်းသို့ လိုက်ပါလာကြသည်။ မောင်မဲ၏ ဦးလေးတော်သူမှာ ကျွန်တော်နှင့် ဌာနဆိုင်ရာချင်း ရင်းနှီးနေသူတစ်ဦး ဖြစ်ပါသည်။ ၎င်း၏ဦးလေးက

"ဆရာရေ ကျွန်တော့်တူက အားကစားသမား လူရိုး၊ လူကောင်းပါ၊ ဆရာမေးမြန်းချင်တယ်ဆိုလို့ ကျွန်တော်လာတွေ့တာပါ"

ဟု ပြောပါသည်။ ကျွန်တော်လည်း မောင်မဲ၏အဖေနှင့် ဦးလေးကို အခန်းပြင်တွင် ခေတ္တစောင့်စေပြီး မောင်မဲကို အခန်းတွင်း၌ (၂)ယောက်တည်း စစ်မေးပါသည်။

"မင်းနာမည် မောင်မဲနော်"

"ဟုတ်ကဲ့ဆရာ"

"အရင် ဆည်မြောင်းကိုဒေါင်မှာ အစောင့်လုပ်ဖူးတယ်နော်"

"ဟုတ်ကဲ့ဆရာ"

"ကဲ ဆရာ့ကို ခါးတောင်းကျိုက်ပြပါ"

"ဗျာ ဆရာ"

"မင်းကို ပုဆိုးမပြီး ခါးတောင်းကျိုက်ခိုင်းနေတာ"

"ဟုတ် ဟုတ်ကဲ့ဆရာ"

မောင်မဲကား ဒူးများတဆတ်ဆတ်တုန်ခါနေပြီး စကားလည်း အထစ်ထစ်အငေါ့ငေါ့ဖြစ်နေပါသည်။ ခါးတောင်းကျိုက်လိုက်သဖြင့် ၎င်း၏ပေါင်နှင့် ခြေသလုံးတို့တွင် ခရာဆူးခြစ်ဒဏ်ရာများ မြင်မကောင်းအောင် ပြည့်နှက်နေပါသည်။ ကျွန်တော်က

"ကဲ အင်္ကျီ ချွတ်ပြပါဦးကွာ"

ဟုခိုင်းရာ မောင်မဲ လက်များတုန်လျက် အင်္ကျီကိုချွတ်ပြပါ

**ဒူးများတဆတ်ဆတ်တုန်ခါနေပြီး**
**စကားလည်းအထစ်ထစ်အငေါ့ငေါ့ဖြစ်နေပါသည်။**
**ခါးတောင်းကျိုက်လိုက်သဖြင့် ၎င်း၏ပေါင်နှင့်**
**ခြေသလုံးတို့တွင် ခရာဆူးခြစ်ဒဏ်ရာများ**
**မြင်မကောင်းအောင် ပြည့်နှက်နေပါသည်---**



www.burmeseclassic.com

www.burmeseclassic.com



သည်။ မောင်မဲ၏ရင်ဘတ်နှင့် ကျော ပြင်တို့တွင်လည်း ခရာဆူးခြစ်ဒဏ် ရာများ တွေ့ရှိရပါသည်။ ကျွန်တော် က-

"ကဲ မောင်မဲရေ ... ဆရာ အထွေအထူး မပြောချင်ဘူး၊ ယောက်ျားပဲ လုပ်ရဲရင်ခံရဲရမှာပေါ့၊ ဆရာ့ကို အမှန်အတိုင်းပြောပြပါ"

ဟု ပြောရာ မောင်မဲက ဝန်ခံပါတော့သည်။

"ကျွန်တော်များပါတယ် ဆရာ၊ အလုပ်ကပြုတ်ပြီး စိတ်ညစ်ညစ်နဲ့ အရက်သောက်နေတုန်း အရက်ဆိုင်မှာ မြိုင်သာယာ၊ အမှတ် ( )ရပ်ကွက်က ကိုဖော်ကြီးနဲ့တွေ့တယ်၊ ကျွန်တော်က ဂိုဒေါင်ထဲက ပစ္စည်းခိုးဖို့နဲ့ ခိုးတဲ့ပစ္စည်းကို သူ့အိမ်မှာ ခဏထားဖို့စီစဉ်တယ်။ မြိုင်သာယာကနေ ပြည်မြို့ကို မနက်(၄)နာရီ အစောဆုံးကားနဲ့ လိုက်သွားပြီး ပြည်မြို့မှာ ပစ္စည်းရောင်းဖို့ စီစဉ်ကြတယ် ဆရာ။ မြိုင်သာယာနဲ့ ပြည်မြို့က မိုင်(၂၀)လောက်ဝေးတယ် ဆရာ။ မနက်အစောဆုံးကားက (၄)နာရီမှာထွက်တယ်။ ကျွန်တော်တို့ အလုပ်စချိန်က ည(၁၂)နာရီဆိုတော့ ညတွင်းချင်းမြို့ကိုပြန်လို့မရဘူးဆရာ၊ ဒါကြောင့် နယ်မြေခံဖြစ်တဲ့ ကိုဖော်ကြီးနှင့် ပူးပေါင်းပြီး ပြစ်မှုကျူးလွန်ခဲ့တာပါ"

ဟု ထွက်ဆိုပါသည်။

တရားခံဖြစ်သူ မောင်မဲ၏ ထွက်ဆိုချက်အရ ၎င်းနှင့်အတူ ခိုးမှုကျူးလွန်သော ပူးတွဲတရားခံ ဖော်ကြီးအား ကျွန်တော်တို့အဖွဲ့က ဆက်လက်ဖမ်းဆီးပါသည်။

တရားခံမောင်မဲနှင့် ဖော်ကြီးတို့၏ ထွက်ဆိုချက်အရ ခိုးရာပါပစ္စည်း မီးကြိုးခွေများအား ၎င်းတို့ရောင်းခဲ့သောဆိုင်များတွင် ကျွန်တော်တို့အဖွဲ့က လိုက်လံသိမ်းဆည်းကြပါသည်။

ကျွန်တော်က တရားခံမောင်မဲနှင့် ဖော်ကြီးတို့အား ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးဥပဒေပုဒ်မ ၆(၁)ဖြင့် တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ ထောင်ဒဏ်(၄)နှစ်စီကျခံစေဟု တရားရုံးမှ အမိန့်ချမှတ်ကြောင်း သိရှိရပါသည်။ အကာလညဉ့်အခါ လူခြေတိတ် ဆိတ်ကွယ်ရာအရပ်တွင် ပြစ်မှုကျူးလွန်ခဲ့ကြသော်လည်း "**မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ**"ဟု ဆိုရိုးစကားရှိသည် မဟုတ်ပါလား။

စာဖက်သူမိတ်ဆွေ။

ဤအမှုကို ဖော်ထုတ်နိုင်သည်မှာ ကျွန်တော်တစ်ဦးတစ်ယောက်တည်း၏ အစွမ်းအစကြောင့်မဟုတ်ပါ။ "အချင်းဖြစ်အရပ်ရှိ သက်မဲ့သက်သေများဖြစ်သော ခရာဆူးချုံပင်များက ထိုညက ၎င်းတို့နှင့်ထိတွေ့လိုက်သော တရားခံ မောင်မဲတွင် ၎င်းတို့ခတ်နှိပ်လိုက်သော ဒဏ်ရာ၊ အမှတ်အသား၊ သင်္ကေတများပါသွားကြောင်း ကျွန်တော်ကို ပြောပြခဲ့သောကြောင့်" ဟုဆိုလျှင် ပိုသည်ဟုဆိုလေမလား။ ခရာဆူးချုံပင်များ၏ စကားပြောသံကို ကြားချင်လျှင်တော့ အမှုစစ်ရဲအရာရှိတစ်ယောက်အဖို့ အချင်းဖြစ်အရပ်ကို စောနိုင်သမျှ စောစောသွားရန်လိုပေလိမ့်မည်။

**မှတ်ချက်** (အမှုစစ်ရဲအရာရှိတစ်ဦး၏ အတွေ့အကြုံအား ပြန်လည်ရေးသား တင်ပြပါသည်။)

**ကျေးလက်လမင်း(တွံတေး)**



www.burmeseclassic.com

www.burmeseclassic.com



# ချစ်ကြသည်ဆိုသော်လည်း

အောင်သိန်းဝင်း-ပွင့်ဖြူ



www.burmeseclassic.com

www.burmeseclassic.com



**ချစ်ကြသည်ဆိုသော်လည်း**

**အောင်သိန်းဝင်း–ပွင့်ဖြူ**

(၁)

ကိုဖြိုးနှင့်ယဉ်ချောစု ချစ်သူတွေ။

လူတိုင်းသိ၊ တစ်ရွာလုံးသိ၊ သူ့မိဘတွေ၊ ညီအစ်ကိုမောင်နှမတွေ အားလုံးသိသည်။ သို့သော် မသိကျိုးကျွန်နေခဲ့ကြ၏။

နှစ်ဖက်မိဘများ ဆင်းရဲချို့ငဲ့ကြသည်။ ကိုဖြိုး အမေကအိမ်ထောင်ပျက်။ တစ်ခုလပ်မကနှစ်ခုသုံးခုလပ်နေသည်။ လင်များသည်။အိမ်ထောင်ဆက်များသည်။ ကိုဖြိုးမှာ ဘယ်သူ့အဖေခေါ်ရမှန်းမသိ။ ပထွေးများသည်။ ပထွေးတစ်ယောက်၊ကလေးတစ်ယောက်မွေးထားပြီး ပစ်ပြေး၍ ကိုဖြိုးနှင့်အမေတူ အဖေကွဲ မောင်နှမလေးယောက် ရှိသည်။ သည့်အတွက်ကြောင့်ပင် တစ်ဖက်မိဘအသိုင်းအဝိုင်းက၊ သဘောမတူခြင်းဖြစ်သည်။ မျိုးရိုးဗီဇ အကျင့်စာရိတ္တကို မနှစ်သက်။ စီးပွားရေးကတော့ နှစ်ဖက်လုံး လက်လုပ်လက်စား။

နှစ်ဖက်မိဘများ ဘယ်သို့ပင်ပြစ်စေ၊ ကလေးချင်းကတော့ ချစ်မြဲ။ ချစ်နေဆဲ။ ဘယ်သူဖျက်ဖျက်။ ဘာလိုလိုနှင့် သူတို့ချစ်သက်တမ်းက နှစ်နှစ်တောင်ရှိခဲ့ပြီကော။

☆☆☆☆☆

(၂)

"မိချော"

အမေ့ အသံက မာသည်။ မိုးခြိမ်းသံအလား၊ အမေ့ကို မဝံ့မရဲကြည့်မိ၏။ အမေက သုန်သုန်မှုန်မှုန်။ အမေက ဆူတော့မည်။ မြည်တွန်တောက်တီးပြုတော့မည်။

"ရှင်"

"ညည်း ကိုဖြိုး ဆိုတဲ့ ကောင်လေးနဲ့ မပတ်သက်နဲ့၊ မဆက်ဆံနဲ့လို့ ငါ ခဏခဏပြောတာ မရဘူးလား။ ညည်းအဖေကလည်း ဒီကိစ္စနဲ့ ပတ်သက်လို့ ငါ့ကို ဆူတာ အရမ်းပဲ"

"သမီး သူနဲ့ မဆက်ဆံပါဘူး"

မိချောက ဘူးကွယ်ကွယ်သည်။ အကြောက်အကန် ငြင်းသည်။ မျက်လုံးအိမ်၌ မျက်ရည်များ ဝိုင်းဝိုင်းလည်လျက်။

"မိချော ညည်းကိုယ်ညည်း လည်လှပြီမထင်နဲ့။ ညည်းက ငါ မွေးလို့ကြီးတာပါအေ။ ညည်းလည်တယ်ဆိုတာ ငါ အိပ်နေသလောက် ရှိပါတယ်"

မဥ အသံက ကျယ်သည်။ မျက်နှာ နီစပ်နေသည်။ သမီးလုပ်ရပ်ကို မကျေနပ်၊ ဒေါသထွက်နေ၏။ သမီးက ခိုးထုပ်ခိုးထည်နှင့် လက်ပူးလက်ကြပ်မိသူသို့ မငြင်းသာ။ ငြိမ်ကုပ်သွားသည်။

"ဒီ ကောင်လေးမှာ ညည်း ဘာမက်စရာရှိလဲ။ အသားမည်းမည်း၊ သွားကျဲကျဲ၊ မျက်လုံးကလဲ ပြူးကြောင်ကြောင်၊ စီးပွားကလဲ မရှိ။ အလုပ်အကိုင်ကလဲ မည်မည်ရရ မရှိ။ ပညာက မတတ်၊ အဖေဆိုလဲ သြချယူရလောက်အောင် မရှိ။ သူ့အမေမိတူးကလဲ ဆံပင်အစေ့ လင်အပြည့်ယူမယ့်ဟာမ။ ဟောတစ်ယောက် ဟောတစ်ယောက်ပြောင်းနေတာ။ မိစစ်လို့ ဖမစစ်၊ ဖစစ်လို့ မိမစစ်တဲ့ဟာကို ညည်းသူနဲ့ အဆက်အသွယ်ဖြတ်ပါ။ နင်မို့ ညည်းနဲ့ငါ မလွယ်ဘူးမှတ်"

အမေ့အသံ တုန်ယင်နေသည်။ အတော် ဒေါသထွက်နေပုံရသည်။ ဟိုတစ်နေ့က ကိုဖြိုး



www.burmeseclassic.com

www.burmeseclassic.com





လေးကြီး ဗီဒီယိုရုံထဲ၌ သူနှင့် အမှတ်မထင် တွေ့ခဲ့ပုံကို ဘေးက ကိုယ့်ထမင်းကိုယ်စား ချဲ့ကားကုံးချောသည်။ အမေက အယုံကြီး ယုံခဲ့၏။

☆☆☆☆☆

(၃)

တကယ်တော့ ကိုဖြိုးနှင့် ယဉ်ချောစုတို့က ရောမလူပျိုကြီး အပျိုကြီးတွေမဟုတ်။ နှစ်ဦးစလုံး ခင်နို့ဖတ်ပင် မစင်တတ်သေး။ ကိုဖြိုးက (၁၇)နှစ်၊ ယဉ်ချောစုက (၁၃)နှစ်၊ ဆုတ်ကပ်ထဲလည်း လူဖြစ်ပြန်၊ ဗီဒီယို ဇာတ်လမ်းတွေ ကြည့်ပြီး အတုခိုးမှားပြန်။ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်း မရှိတတ်သော အတုမြင်အတတ်သင်။

ပညာကမတတ်။ မိဘ သွန်သင်မှုကလည်း မရှိ၊ မိဘများက ဆင်းရဲချို့တဲ့တော့ တောထဲ တောင်ထဲ အသွားများ၏။ မိဘ၏ အတွေးဆက်ဆံမှုကို အပြည့်မရ။

လက်လှုပ်မှ ပါးစပ်လှုပ်ရ ကျောပူမှ ဝမ်းအေးရမည့်အဖြစ်။ တစ်နေ့စာနှင့် တစ်နေ့စာ လျှော်မီအောင် ကြက်လို ယက်နေရသည့်ဘဝ။ သားသမီးတွေ နောင်ရေး ယောင်လို့ပင် မတွေးမိ။ နောင်ခါလာ နောင်ခါချေးပေါ့။

☆☆☆☆☆

(၄)

"အမေ ကိုဖြိုးက သမီးကို ----ပြုလို့"

မိချောမျက်နှာက အလိုမကျဟန်မပြ၊ ပြုံးပြုံးလေးပင်။ ဂုဏ်ယူဝံ့ကြွားနေသည့်ပုံ။

"ဘာ"

အမေ့အသံက အထိတ်တလန့်၊ အတော်ကျယ်လောင်သွား၏။ ရုတ်တရက်မို့ မိချောပင် လန့်သွားမိ၏။

"ဘယ်မှာလဲ ဖိချော"

"ဟို--ဟို ကုံ့ဘိုသိန်းတို့ အိမ်ရှေ့က ပေါင်းအောက်မှာ ခြိမ်းပြီး စကားပြောရင်း သူက ---တာ"

အမေက ထိတ်သိတ်ပျာပျာနိုင်သလောက် ယဉ်ချောစုက တော့ အေးဆေးပင်။ ဟုန်လှုပ်ခြင်း အလျဉ်းမရှိ။

ထိုအချိန် ဖခင်ဖြစ်သူက အိမ်တွင်မရှိ။ ခရီးသွားနေသည်။ နို့မို့ဖြင့် မလွယ်။ သည့်ကိစ္စသိ



www.burmeseclassic.com

www.burmeseclassic.com



လို့ကတော့ မိုးမီးလောင်ပြီမှတ်။

"လာ မိချော နင်ရော လိုက်ခဲ့။ စခန်းသွားတိုင်မယ်။ ဟို ကျ ဖြစ်ကြောင်းကုန်စင် အကုန် ပြောပြ ကြားလား"

မိချော အမေခေါ်ရာ နောက်သို့ ဘုမသိ၊ ဘမသိ ကန့်လန့် ကန့်လန့်နှင့် ပါသွားခဲ့၏။

သားအမိ နှစ်ယောက် ကပိုကရိုနှင့် ရဲစခန်းထွက်ခဲ့၏။ ရဲစခန်းက သူတို့အိမ်နှင့် သိပ်မဝေး။ ကုန်းပေါ်မှာ။ သူတို့ နေတာက အောက်ချိုင့်ထဲ။ အချိန်က ည (၇) နာရီခန့်။

☆☆☆☆☆

(၅)

"စာရေးကြီးရှိလား"

ကင်းသမားကို မေး၏။

"ဩော်––ရှိတယ်။ အိမ်ခဏပြန်ပြီး ထမင်းသွားစားတယ်။ ဘာကိစ္စရှိလဲ။ ကျွန်တော် ခေါ်ပေးရမလား"

ထိုနေ့က ကင်းမှူးက ရန်နိုင်။ ကင်းသားက သန်းလွင်ကြီး။

"ဟုတ်ကဲ့ အမှုဖွင့်ချင်လို့"

ရန်နိုင် ထွက်သွားပြီး ရဲစခန်း ခေါင်းရင်းရှိ လိုင်းခန်းက ဂါတ်စာရေးကြီးကို ခေါ်ပြီး ပြန်လာ၏။ ရုံးခန်းထဲက စားပွဲ ဝင်

# မထင်မှတ်ဘဲ မဥ စကားကြောင့် စာရေးကြီး ခေါင်းနားပန်း ကြီးသွားသည်။ သွားပြန်ပြီ။ အမှုကြီး တက်ပြန်ပြီ––

ထိုင်ပြီး အမှု လာတိုင်သူကို နေရာ
ပေးကာ–

"ဘာအမှုများ တိုင်ချင်
လို့ပါလဲ"

"ဂါတ်စာရေးကြီး ကျွန်
မ သမီးကို ကိုဖြိုးက မတော်မ
တရား စော်ကားလို့၊ အဲဒါ အမှု
ဖွင့်ချင်လို့"

မထင်မှတ်ဘဲ မဥ စ
ကားကြောင့် စာရေးကြီး ခေါင်း
နားပန်း ကြီးသွားသည်။ သွားပြန်
ပြီ။ အမှုကြီး တက်ပြန်ပြီ။

ကျောက်ပန်းတောင်း ရဲ
စခန်းမှူး တင်မြင့်နှင့် အမှုလိုက်
ဒုရဲအုပ် ခင်မောင်စိုးတို့အား သ
တင်းပို့ရသည်။

ဂါတ်စာရေးကြီးက တိုင်
ချက်ဖွင့်၍–

"သမီးနာမည်"

"ယဉ်ချောစု"

"အဘအမည်"

"ဦးမောင်ကြီး"

"အသက်က"

"၁၃ နှစ်"

"သမီးတို့ ဖြစ်ပုံ
အကြမ်းဖျင်း ပြောပြပါဦး"

ဂါတ်စာရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



လမ်းခင်းအပေးကို မိချော့က မ ထိန်မဝှက် မရှက်မကြောက် ဖြစ်ကြောင်းကုန်စင် ပြန်လည်ပြောပြခဲ့၏။

သူတို့အဖြစ်က–

☆☆☆☆☆

(၆)

"ဟေ့ မိချော့၊ ဗီဒီယို လား၊ နင်တစ်ယောက်တည်းလာတာလား"

လှမ်းနှုတ်ဆက်သူကို ကြည့်လိုက်တော့ ကိုဖြိုး။ လက်မှာလည်း ဆေးပေါ့လိပ်နဲ့။ စကားပြောနေစဉ် တစ်ဖွာခန့် ရှိုက်ပြီး–

"အတော်ပဲ မိချော့။ ငါ နင်နဲ့တွေ့ချင်နေတာ။ လာ တို့ စကားပြောရအောင်"

ပြောပြောဆိုဆို ကိုဖြိုးက မိချော့လက်ကို ဆွဲခေါ်၍ ရေမြောင်းပေါင်အောက် ခေါ်သွားခဲ့၏။ အဆိုပါ မြောင်းမှာ မိုးတွင်းမိုးရွာတုန်းသာ ရေစီးသည်။ နွေအခါ ရေမရှိ။ ရဲစခန်းအနီး ကိုဘိုသိန်းတို့ဆိုင်နှင့် မနီးမဝေးရှိသည်။

မိချော့ကလည်း မငြင်းဆန်။ ရှောရှောရှူရှူ လိုလိုချင်ချင်ပင် လိုက်သွားခဲ့သည်။

"မိချော့"

"ဟင်"

"ငါ့ကို နင်တကယ်ရောချစ်ရဲ့လား"

"ချစ်ပါတယ်ဆို"

မိချော့ အဖြေက ကဗျာမဆန်။ ကာရန်မလှ။ တုံးတိတိ။ လူကို လှည့်မကြည့်၊ ခေါင်းကို ငုံ့ထား၏။

"နင့်အမေက နင်နဲ့ငါနဲ့ကို သဘောမတူဘူးဆို၊ ဘယ်လိုလုပ်မတုန်း"

"ဒါတော့ မသိဘူးလေ"

အမှန်ပင်။ သူဘာမှန်းမှ မသိ။ ချစ်တာတစ်ခုပဲ သိသည်။ သူ့ကို ကိုဖြိုးတစ်ယောက်သာ ချစ်ရေးဆိုခဲ့သည်။ ကိုဖြိုးတစ်ယောက်သာ တန်းတန်းစွဲ ချစ်ခဲ့သည်။ စွဲစွဲလမ်းလမ်း ရှိသည်။





www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ နင့်အမေက သဘောမတူခဲ့ရင် နင် ငါနဲ့ နိုးရာလိုက်မလား"

"အင်း---လိုက်မယ်"

ကိုဖြိုးရဲ့အမေးကို သဘောကျသည်။ သူ မငြင်းဆန်။ လိုက်ဖို့အသင့်ပင်။ အချစ်မှာမျက်စိ မရှိ။ သို့သော် အင်အားတော့ ရှိသည်။ ရှေ့နောက်တော့ မတွေးတတ်။

"ဒါဖြင့် နင် ငါ့ကို တကယ် ချစ်တယ်ပေါ့"

ကိုဖြိုး ပြောပြောဆိုဆို မိချောကို တွန်းလှဲလိုက်သည်။ ပြီး---။

☆☆☆☆☆

(၇)

"အဖြစ်အပျက်ကတော့ ဒါပါပဲ"

မိချော ပြောပြသည်က လွယ်လွယ်။ မလွယ်သည်က ရဲလုပ်ငန်း။ အခင်းဖြစ်နေရာကိုသွားကြည့်၊ မြေပုံကြမ်းဆွဲ။ သူ့ကို မြို့ဆေးရုံပို့၊ ဆရာဝန်ဆေးစစ်ချက်ယူ။ ဖွားစာရင်း အသက်ယူ၊ သူ့အဝတ်အစားကို ဓာတုဗေဒရုံးပို့စစ်ဆေး။ အမှုကို ခိုင်မာစွာတည်ဆောက်၊ တရားခံ ဖမ်းဆီးပြီး တရားရုံး အမှုစွဲတင်ပို့၊ တစ်စခန်းလုံး အလုပ်ရှုပ်သွားသည်။

သည်အမှုကို မုဒိမ်းမှု ပုဒ်မ ၃၇၆ဖြင့် တရားစွဲဆိုတင်ပို့ခဲ့သည်။

ကိုဖြိုးနှင့် ယဉ်ချောစု အမှုက နှစ်ဦးသဘောတူ ကြည်ဖြူစွာဖြင့် အလိုတူပါ၏။ ကောင်လေး အနေနှင့် အတင်းအဓမ္မ ဆွဲလားရှန်းလားနှင့် ကာမကို မတောင်းခံခဲ့ရ။ ကာယကံရှင် မိန်းကလေးကလည်း လိုလိုချင်ချင်ပင် လက်ခံခဲ့၏။ မကျေနပ်လျှင် အော်ဟစ်အကူအညီတောင်းက ဘေးမှာ ရဲစခန်းနှင့် နီး၏။ ဈေးဆိုင်နှင့်လည်း နီး၏။ ဈေးဆိုင်၌ လူမပြတ်။

သို့သော် မိဘအုပ်ထိန်းမှုအောက်ကလည်း မလွတ်ပြန်။ အသက်ကလည်း (၁၃)နှစ် မကျော်ပြန်မို့ မုဒိမ်းမှု မြောက်ခဲ့၏။

အမှုကို သရက်ခရိုင် တရားရုံးတွင် စစ်ဆေးခဲ့ပြီး အမှုကို ကျူးလွန်ခဲ့ကြောင်း ထင်ရှားသဖြင့် ပုဒ်မ ၃၇၆နှင့် ကိုဖြိုးတစ်ယောက် ထောင် (၅)နှစ်ကျခံခဲ့ရ၏။ ကိုဖြိုး ထောင်ထဲ၌ ရှိစဉ်မှာပင် သူ့အမေမတူးတစ်ယောက် အေအိုင်ဒီ အက်ဖြင့်ကွယ်လွန်ခဲ့၏။ ကျန်ရစ်ခဲ့သော ကလေးများကိုတော့ ဟိုတစ်ယောက် သည်တစ်ယောက် မွေးစားကြရ၏။

သြော် ချစ်ကြသည်ဆိုသော်လည်း တစ်ဖက်နှင့်တစ်ဖက် မိဘချင်းနားလည်၊ သဘောတူ၊ စီးပွားချင်း ပြေလည်၊ ကြည်ဖြူမှဖြစ်မည်။ စေ့စပ်ကြောင်းလမ်း၊ တောင်းရမ်း ပေးစားတာက တကယ့်။ မိဘသဘောမတူ၊ မကြည်ဖြူဘဲ ခိုးယူပေါင်းသင်းမည်ဆိုပါက မိဘအုပ်ထိန်းမှု မကင်း၊ ငယ်ရွယ်သူ အသက်မပြည့်သေးသူဖြစ်ခဲ့သော်---။

အောင်သိန်းဝင်း (ပွင့်ဖြူ)



www.burmeseclassic.com

www.burmeseclassic.com



# မှန်းတာညီချိန်မှာ ဝင်တဲ့ ငွေ

တွင်းကြီးသားတင်ဝင်းဦး





www.burmeseclassic.com

www.burmeseclassic.com



**မွန်းတည့်ချိန်မှာဝင်တဲ့နေ**

**တွင်းကြီးသားတင်ဝင်းဦး**

“--------”

နားထဲတိုးဝင်လာတာက ခပ်ကျယ်ကျယ် ဖုန်းမြည်သံ။

“ဟဲ့ သမီး၊ ဖုန်းလာနေတယ်၊ အိပ်ရာထတော့လေ”

ဖုန်းသံနှင့်အတူ မေမေ့အသံက နားထဲထပ်ဆင့် ဝင်လာတယ်။ ဒီတော့ ရုတ်ခြည်းပဲ အိပ်ရာထက်ကထလိုက်တဲ့ ကျွန်မ။ ပြီးတော့ မြည်နေဆဲဖုန်းကိုကောက်ကိုင်လိုက်တယ်။

“ဟယ်လို ပြောပါ”

ဝတ္တရားအရ နှုတ်ဆက်ရင်း ဖုန်းနံပါတ်ကိုကြည့်လိုက်တော့ ကြည်ပြာ့ဖုန်းနံပါတ်။

“ပြော ... ကြည်ပြာ ... စောစောစီးစီး ဘာကိစ္စလဲဟာ၊ ဒီမှာ အိပ်ရေးမဝဘူး”

ကျွန်မက ကြည်ပြာ့ကို အပြစ်တင်ရင်းပြောလိုက်တယ်။

“ဟဲ့ ဖွေးနု --- ၊ အရေးကြီးလို့ ... ဟို ... ဟို”

“ဟဲ့ ... ကြည်ပြာ ဘာအရေးတကြီးကိစ္စလဲ၊ မထိတ်သာမလန့်သာ။ ပြော ... ကြည်ပြာ ဘာဖြစ်လို့လဲ၊ ပြောလေ”

သူငယ်ချင်း ကြည်ပြာ့အသံက တုန်ခါနေတယ်။ ကြေကွဲမှုတွေပါနေတယ်။ ပြီးတော့ ငိုသံစွက်တဲ့အသံတစ်မျိုးနဲ့။ တကယ်လည်း မထိတ်သာ မလန့်သာတဲ့သဘောမျိုး။ အရေးတကြီးပြန်မေးရင်း ကြည်ပြာထံက အဖြေကို စောင့်နေရတာ ရင်တထိတ်ထိတ်။ ကြည်ပြာ့ထံမှ သက်ပြင်းမောချသံကို ကြားနေရတယ်။ အင်း- ဘာဖြစ်လို့ပါလိမ့်။

“ဟို ... ဟို ... စန္ဒီ ... စန္ဒီ ဆုံးလို့တဲ့၊ အဲ့ဒါ ... စန္ဒီ့အမေ ဖုန်းဆက်တယ် ဖွေးနု”

“ဘာ .....”

“ဟုတ်တယ် ... စန္ဒီဆုံးပြီတဲ့”

“စန္ဒီ .... ဆုံးပြီ”

“အင်း ....”

ကြားရတဲ့သတင်းက အမင်္ဂလာသတင်း။ ဘယ့်နှယ် စန္ဒီ ဆုံးရတာလဲ။ အရင်ရက်ကမှ ကျွန်မနဲ့တွေ့သေးတာ။ ဒီသတင်း ကြောင့် ကျွန်မရင်တွေ တုန်ခါနေ တယ် ---။

“သမီး ... ဘာတဲ့လဲ၊ ဘယ်သူကဆက်တာလဲ”

ထမင်းချက်ရင်းမေးတဲ့ အမေကို မဖြေချင်ဘဲ ဖြေခဲ့ရတာက ကျွန်မ---။

“သူငယ်ချင်း ကြည်ပြာဆက်တာ၊ စန္ဒီဆုံးလို့တဲ့”

“အို .... ဘုရား၊ ဘုရား ... ဘုရားဖြစ်ရလေ။ ငယ်ငယ်ရွယ်ရွယ်နဲ့ကွယ်”

အမေက ဘုရားတရင်းရင်ဘတ်ကိုဖိရင်း ပြောလာတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးရတယ်ဆိုတဲ့စကားက တရားသဘောနဲ့ကြည့်ရင် မှားတယ်။ လူသားတွေ အတွေးနဲ့ကြည့်ရင်မှန်တယ်။ ပုထုဇဉ်လူသားမို့ ကျွန်မအနေနဲ့ စန္ဒီသေရတာကို သေမင်းကို မကျေမနပ်ဖြစ်မိရင်း ရင်းထဲမှာတော့ လုံးဝစိတ်မကောင်းနိုင်ဘူး။

“ဖွေးနု ... အဲဒါ ... စန္ဒီ့မေမေ .... ဖွေးနုဆီ ဖုန်းဆက်မယ်နဲ့တူတယ်”

“အင်း ... အင်း”

ညက စာရေးနေရလို့ အိပ်ရေးဝအောင် အိပ်မယ်ဆိုပြီး အိပ်ခဲ့တာ။ အခု စန္ဒီနာရေးသတင်းကြောင့် အိပ်ချင်စိတ်တွေ ဘယ်ရောက်ကုန်ပြီ မသိတော့။ ကပျာကယာလူးလဲထပြီး မျက်နှာသစ်။ ပြီးတော့ စာရေးစားပွဲမှာ ခပ်မှိုင်မှိုင်ထိုင်နေတဲ့ ကျွန်မ။ ကျွန်မမျက်လုံးထဲမှာတော့ ချောပါတယ်၊ လှပါတယ်၊ ယဉ်ပါတယ်ဆိုတဲ့ စန္ဒီရဲ့ မျက်နှာ လှလေးက တရစ်ဝဲဝဲ ---”

“စန္ဒီရယ်”

*:*:*



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်တက်ကြတော့ အဆောင်တူ၊ စာသင်ခန်းအတူ၊ မေဂျာတူယူခဲ့ကြတာက ကျွန်မရယ်၊ ကြည်ပြာရယ်၊ စန္ဒီရယ်။ ဘယ်ပဲ သွားသွား အတူတူနေခဲ့တဲ့သူတွေ။



"တို့သုံးယောက်၊ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့၊ တိုင်ပင်ကြကြေး။ ဘာပဲလုပ်ချင်လုပ်ချင် အားလုံးကိုဖွင့်ပြောပြီးမှ လုပ်ကြေးနော်"

ဒီစကား ပြောလာသူက ကြည်ပြာ။ စန္ဒီကတော့ ထုံးစံအတိုင်း ခပ်အေးအေးလေး ပြုံးရင်း ခေါင်းငုံ့နေတာ။

"ဟဲ့ စန္ဒီသဘောတူလား"

ကြည်ပြာက မေးလိုက်တယ်။

"အင်း .... တူပါတယ်"

စန္ဒကဖြေတယ်။ ကြည်ပြာက ချစ်သူရည်းစားကိစ္စအားလုံးကို ဦးတည်ပြီးပြောလာတာ။

ဟုတ်တယ်။ အခုချိန်အထိတော့ ကျွန်မရော၊ ကြည်ပြာရော၊ စန္ဒီပါ ချစ်သူဆိုတဲ့ သံယောဇဉ် ကိစ္စကို မစဉ်းစားသေးဘူး။ ဟိုနေ့ကတော့ ကောင်လေးတစ်ယောက်က စန္ဒီကို ချစ်ရေးဆိုတယ်။ ပြီး အခြားကောင်လေးကလည်း ကြည်ပြာ့ကို စာလိုက်ပေးနဲ့၊ ကျွန်မကိုလည်း အခြားသူတစ်ဦးက ရည်းစားစကားလိုက်ပြောခဲ့တာ။ ဒါပေမဲ့ အခုနည်းနဲ့ ငြင်းပြီး ခေါင်းခါခဲ့ကြတာချည်းပဲ။

အခု ကြည်ပြာ့သဘောက ချစ်သူရည်းစားတွေရှိနေရင် ပြောကြေး၊ ရင်ဖွင့်ပြကြေးဆိုတဲ့ ကတိကိုတောင်းနေတာ။

"ဖွေးနုကရော သဘောတူလား"

"သိပ်တူတာပေါ့ ကြည်ပြာရယ်"

ဒီနောက်မှာတော့ ပထမဆုံး ကြည်ပြာတစ်ယောက် ချစ်သူရသွားတယ်။ သူလက်တွဲမယ့် သူ့ချစ်သူကို သူ့ဆန္ဒအတိုင်း ရွေးချယ်ခဲ့တာ။ ကြည်ပြာတစ်ယောက်တော့ အားလုံးကို ရင်ဖွင့်ပြတယ်။ သူတို့ချစ်သူစုံတွဲကိုကြည့်ပြီး အားကျတာအမှန်။ ဒါပေမဲ့ ပညာရေးက ရှိသေးတာ။ လာမယ့်နှစ် ဘွဲ့ယူရမယ်။ ကျောင်းပြီးကြမှာဆိုတော့ ပညာကိုပဲကြိုးစားခဲ့တဲ့ ကျွန်မ။ ကြည်ပြာရော စန္ဒီပါကြိုးစားကြတယ်။ ဒီလိုနဲ့ နောက်ဆုံးနှစ်ရောက်ခဲ့ပြီး ဘွဲ့ယူ။

ဘွဲ့ယူတဲ့နှစ်မှာပဲ စန္ဒီတို့ရဲ့ မိသားစုဘဝ အကွဲအပြဲတွေဖြစ်ခဲ့ရတယ်လေ။ ဘွဲ့ရပြီးပေမယ့် ကျွန်မကတော့ ရုံးတစ်ရုံးမှာဝင်၊ စာရေးရင်း ဘဝကို လှုပ်ရှားရုန်းကန်ခဲ့တာ။ ဝတ္ထုတွေ ကဗျာတွေရေးတာ ဆယ်တန်းကျောင်းသူ ဘဝကတည်းက ဝါသနာပါခဲ့တာ။ စာရေးဆရာ ဖြစ်ချင်ခဲ့တဲ့ ကျွန်မ။ အဖေနဲ့အမေက



www.burmeseclassic.com

www.burmeseclassic.com



လည်း အားပေးလို့ ပိုပြီးရေးဖြစ်ခဲ့တဲ့ ကျွန်မ။ လစဉ်ထုတ် မဂ္ဂဇင်းတွေမှာ လည်းရေး၊ လုံးချင်း ခြောက်အုပ် လည်း ရေးပြီးလို့ ထုတ်ပြီးသွားတဲ့ ကျွန်မ။

ကြည်ပြာကတော့ ဘွဲ့ယူ အပြီး ကုမ္ပဏီတစ်ခုမှာ လစာ ကောင်းကောင်းနဲ့ လုပ်နေတာ။ အစိုးရဝန်ထမ်း မလုပ်ချင်တဲ့ ကြည်ပြာ။ သူက တက္ကသိုလ်တုန်းက ချစ်ခဲ့တဲ့ချစ်သူနဲ့ ကွဲသွားပြီး နောက်ထပ် ချစ်သူတစ်ဦးနဲ့ ငြိနေတဲ့သူ။

စန္ဒီကတော့ တက္ကသိုလ် တုန်းက ချစ်သူမထားခဲ့ပေမယ့် ဘွဲ့ရအပြီးမှာတော့ ချစ်သူရှိနေပြီ။ ဒါပေမဲ့ ပေါ်ပေါ်တင်တင်ကြီးမတွဲကြဘဲ ဖုန်းနဲ့ဆက်သွယ်တာမျိုး၊ အင်တာနက်ကနေပြောတာမျိုးပဲရှိတာ။ တစ်ခါတလေတော့ မိဘတွေအလစ်တော့ ခိုးတွေ့တာမျိုးရှိတယ်။ အဲဒီအချိန် ပြဿနာစဖြစ်တယ်လို့ ပြောရမယ်လေ။

တကယ်တော့ စန္ဒီကတစ်ဦးတည်းသောသမီး။ သူ့အဖေက ကားတစ်စီးနဲ့လှည့်သွားပြီး ကားအရောင်းအဝယ် လုပ်နေတဲ့သူ။ သူ့အမေကတော့ အလုပ်သမားတွေနဲ့ သိမ်ကြီးဈေးထဲမှာ အထည်ဆိုင်ဖွင့်ပြီးရောင်းနေတာ။ စန္ဒီဘွဲ့ယူအပြီးမှာတော့ အထည်ဆိုင်မှာ ထိုင်ပြီး ရောင်း၊ စာရင်းဇယားလုပ်၊ တစ်နေ့ ရောင်းရငွေကိုရှင်း။ ဒါက စန္ဒီကိုယ်ပိုင်အလုပ်လေ။ စန္ဒီဆိုင်ထိုင်တော့ သူ့အမေ နားရတာပေ့ါ။

ဒါပေမဲ့--- စန္ဒီ့ဖေဖေက လူချော၊ စကားပြောလည်းကောင်း၊ အပေါင်းအသင်းလည်းစုံတဲ့လူ။ လူချမ်းသာတစ်ဦး၊ လက်ဖျားငွေသီးနေတဲ့လူဆိုရင်မမှား။ အဲ့ - သူ့အဖေက သိမ်ကြီးဈေး အထည်ဆိုင်ကို သိပ်မထိုင်ဖြစ်။ ရုံဖန်ရံခါဆိုသလို လာတတ်သည်ကလွဲလို့ နေ့တိုင်းမလာတဲ့သူ။ စန္ဒီ့မိခင်ကတော့ အလုပ်သမားတွေနှင့် အပြေးအလွှားရောင်းချ၊ အမောတကော ပစ္စည်းမှာ။ ခေတ်မီမီ အဝတ်စတွေရဖို့ မျက်ခြည်မပြတ် လေ့လာနေခဲ့ရသူ။

အဲ- စန္ဒီအလုပ်ဝင်လုပ်တော့ ပိုပြီးအဆင်ပြေသည်။ ခေတ်မီတဲ့မိန်းကလေးဆိုတော့ ဘယ်အဆင် ဘယ်အမျိုးအစား၊ ဘယ်ချုပ်ပုံက ခေတ်မီတယ်ဆိုတာ စန္ဒီကပိုပြီး ကျွမ်းတာ။ ဒီတော့ အထည်ဆိုင်က အဆင်ပြေတယ်။ အလုပ်ဖြစ်တယ်။ စီးပွားရေး၊ လူမှုရေးအဆင်ပြေပေမယ့် အဆင်မပြေတာက စန္ဒီရဲ့မိဘနှစ်ပါး။ ဒါကလည်း စန္ဒီပြောပြလို့ ကျွန်မ သိခဲ့ရတာ။ တစ်ရက် ရုံးပိတ်ရက်၊ စာရေးနေတဲ့ ကျွန်မဆီ ရောက်လာသူက စန္ဒီ---။

"ဖွေးနု"

"ဟင် ... စန္ဒီ ..လာလေ"

ခပ်ညှိုးညှိုးမျက်နှာပေါ်က ခပ်သဲ့သဲ့အပြုံးကို တွေ့လိုက်ရ တယ်။ အဲဒီအပြုံးက စန္ဒီ တစ် ယောက် ကျွန်မကို ဟန်ဆောင်ပြုံး ပြနေတာ။ သူ့ရင်ခွင်ထဲမှာ သောက တွေနဲ့။ ကျွန်မတို့နှစ်ယောက် ဧည့် ခန်းမှာ အတူထိုင်ဖြစ်တော့ ကျွန်မ ကမေးမိတယ်။

"စန္ဒီ ... နေမကောင်းဘူး လား၊ ငိုထားသလားဟင်"

"နေကောင်းပါတယ်ဖွေး နု၊ အခု ... ကြည်ပြာ့ဆီကနေ ဖွေးနု ဆီလှည့်ပြီးဝင်လာတာ၊ စိတ်ညစ် လို့"

"ဟင် ... စိတ်ညစ်လို့ ဘာကြောင့်လဲ၊ ဘာဖြစ်လို့လဲ"

ကျွန်မက အလန့်တ ကြား မေးမိတယ်။ ဘွဲ့ရပြီးမှ ချစ် သူထားခဲ့တဲ့ စန္ဒီ။ ဒီချစ်သူအတွက် သောကဖြစ်နေသလား၊ ဖြစ်ခဲ့ပြီ လားဆိုပြီး စိုးရိမ်မိတဲ့ ကျွန်မ။

"အဖေလေ"

"ဟင် ... စန္ဒီအဖေ ... ဘာဖြစ်လို့လဲ"

စန္ဒီ့လက်တွေ ဆုပ်ကိုင်ပြီး မေးမိတဲ့ကျွန်မ။ စန္ဒီက ငိုရင်းပြော တယ်။ အသံတွေတုန်လို့---။

"ဘာဖြစ်ရမှာလဲ ဖွေး



www.burmeseclassic.com

www.burmeseclassic.com



ရယ် ... ကားပွဲစားလုပ်ရင်း အပေါင်းအသင်းတွေနဲ့ သောက်စားပြီး အိမ်ပြန်မလာဘူး။ မေးတော့လည်း အလုပ်ကိုအကြောင်းပြခဲ့တာ။ တစ်နေ့တော့ အနှိပ်ခန်း ရောက်နေတယ် ကြားလို့ မေးတော့လည်း မငြင်းဘူး။ ကာရာအိုကေဆိုင်ရှိနေတော့လည်း မေးတော့ ခေါင်းမခါဘူး။ အဲဒီအထိ မေမေက ခွင့်လွှတ်သေးတယ်"

"အခု ဘယ်အတွက်၊ ခွင့်မလွှတ်နိုင်စရာဖြစ်သလဲ စန္ဒီ"

"အနှိပ်ခန်းက ကောင်မလေးနဲ့တွဲ၊ အခြားတည်းခိုခန်းတွေသွား၊ ကြားရတာကတော့ အဲဒီကောင်မလေးက အဖေ့ကို အတည်ယူမယ်တဲ့၊ အဖေကလည်း အတည်ယူမယ်လို့ကြားရော အမေက အဖေ့ဆီကို လိုက်ပြီး မေးတော့တာပေါ့"

"စန္ဒီ့ဖေဖေက ဘယ်လိုဖြေသလဲ ဟင်"

"ဟုတ်တယ်တဲ့။ ယူမယ်တဲ့"

"ဟယ် ... ဖြစ်ရလေ၊ ဟိုကောင်မလေးက စန္ဒီ့ဖေဖေမှာ အိမ်ထောင်ရှိတာ မသိဘူးလား။ ပြီးတော့ အဲဒီကောင်မလေးက ဘယ်လောက်ချောနေလို့လဲ"

"အဲဒါတွေ စန္ဒီမသိချင်ပါဘူး ဖွေးနုရယ်၊ အခု သူ့အဝတ်အစားတွေနဲ့ သူဝတ်ခဲ့တဲ့ ရွှေသားအချို့တောင်းပြီး ဆင်းသွားပြီ"

ကျွန်မ သိပ်ပြီးအံ့ဩသွားတယ်။ လောကလူသားတွေအားလုံး အမှားနဲ့မကင်းနိုင်ကြပေမဲ့ ဒီအမှားမျိုးကတော့ ရှာမှရှားတဲ့ အမှားကြီးကို ဟိုကောင်မလေးရော၊ စန္ဒီ့အဖေပါ ကျူးလွန်ခဲ့ကြတာ။ သွေးရိုးသားရိုးအလုပ်မျိုး လုပ်တဲ့သူမဟုတ်တဲ့ အနှိပ်ခန်းမှာ အလုပ်လုပ်တယ်ဆိုကတည်းက စန္ဒီ့ဖေဖေ စဉ်းစားသင့်တာ။ နောက် ကြားရတာက ညတိုင်းအနှိပ်ခန်းသွားရင်း ငြိကြတာတဲ့။ ပေးနိုင်ကျွေးနိုင်တဲ့ စန္ဒီ့အဖေကို အပီကိုင်၊ အပိုင် ချုပ်ခဲ့တာ။

နောက်နှစ်ရက်အကြာမှာတော့ သတင်းဆိုးကြားရပြီ။ စန္ဒီ့အဖေနဲ့ အမေတို့တရားဝင်ကွာရှင်းပြတ်စဲလိုက်ပြီဆိုတဲ့သတင်း။ အဲဒီတော့ ကျွန်မရော ကြည်ပြာပါ မနေသာဘူး။ သူတို့ရုံးက ပြန်ချိန်ကိုမှန်းပြီး သွားမေးဖြစ်တယ်။

"ငိုမနေနဲ့သမီး ... သူဟာ မကြင်လို့ ပစ်ထားခဲ့ပြီပဲ။ ချင်းစိမ်းနဲ့ မိဿလင်လိုပေါ့လေ။ အိုးရွဲ့ရင် စလောင်းဖုံးနဲ့ ဖုံးပြရုံပဲပေါ့။ အချိန်တန်ရင် သမီးအဖေ လုံးဝနားလည်သွားမှာပါ။ ယောကျ်ားလေးဆိုတာ နွားလိုပဲ သမီး။ ချည်တိုင်ကောင်းကို ဘယ်တော့မှမမေ့ဘူး သမီး"

စန္ဒီ့မေမေက အရှက်ရနေတဲ့ စန္ဒီကိုပြောရင်း ကျွန်မတို့ကိုလည်း စိတ်မကောင်းဖြစ်မနေဖို့ ပြောရင်း ရယ်ရယ်ပြုံးပြုံးပဲ ရှိနေတယ်။ ဒါပေမဲ့ သူ့ရင်ခွင်ထဲမှာ အပူတွေရှိနေမယ်ဆိုတာ သိတယ်။ လင်ပစ်မယား၊ ဖခင်ပစ်သမီးဆိုတဲ့ ဂုဏ်ဒြပ်ရဲ့နောက်မှာ ပူပြင်းတဲ့ဒေသာကတွေရှိနေမှာ အမှန်ပဲလေ။

လင်မယား တရားဝင်ပြတ်စဲပြီးတဲ့နောက် စန္ဒီတို့သားအမိ ခများ အထည်ဆိုင်ကို ရောင်းချရင်း လှုပ်ရှားနေခဲ့တာ။ အဲ တစ်လခန့်အကြာ ကျွန်မရုံးပိတ်ရက်၊ စာရေးနေဆဲမှာပဲ ရောက်လာသူက စန္ဒီ---။

"ဖွေးနု စန္ဒီတော့ ပြဿနာ ဖြစ်ပြန်ပြီ"

"ဟင် ဘာပြဿနာလဲ၊ စန္ဒီ့အဖေကြောင့်လား"

"ဟင့်အင်း အစ်ကိုလေ စန္ဒီ့အပေါ် သစ္စာမရှိဘူး။ အခြားတစ်ယောက်နဲ့တွဲနေပြီတဲ့"

"ဘုရားရေ"

ကျွန်မ ဘုရားတလိုက်တယ်။ ယောကျ်ားသားတွေက တော်တော်သိက္ခာမဲ့တာပဲငဲ့။ အခု တစ်မျိုး တော်ကြာတစ်မျိုး၊ အမျိုးမျိုးအရောင်ပြောင်းရင်း နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



ကို လောင်းကြေးထပ်ပြီး အနိုင်ရနိုင်မယ်ထင်ရင် ဈေးကွက်ကစားဖို့ ဝန်မလေးကြတဲ့ လူတွေပါလား။ ကြည့်ပါဦး စန္ဒီခမျာ ဖခင်ကပစ်၊ ချစ်သူကပစ်။ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုတာ စန္ဒီအတွက် ပြောခဲ့တဲ့ စကားများလား။

စန္ဒီကတော့ တအင့်အင့်ရှိုက်ပြီးငိုဆဲ---။

"သေချာရဲ့လား စန္ဒီရယ်၊ ဟင် ..."

စန္ဒီကို ဖက်ထားရင်း မေးမိတဲ့ ကျွန်မ။ စန္ဒီခမျာမှာတော့ ခေါင်းညိတ်ပြရင်း ငိုရှိုက်နေဆဲ။ သူမ စိတ်ပြေအောင် ဘာပြောရမည် မ သိတော့။

"သေချာတယ် ဖွေးနု။ စန္ဒီက ဖုန်းဆက်တာတောင် ဖုန်းမကိုင်တော့ဘူး။ ခဏခဏလည်းဆက်တယ်။ လုံးဝကို အဆက်ဖြတ်တဲ့သဘော။ အဲဒါ စုံစမ်းကြည့်တော့ အဲဒီကောင်မလေးနဲ့ တကယ်ဖြစ်နေတယ်ဆိုတာ သိရတာ။ စန္ဒီက သူတို့အိမ်လိုက်သွားတော့ ..."

စကား ဆက်မပြောတော့တဲ့ စန္ဒီ။

"သူနဲ့ တွေ့တယ်ပေါ့"

"ဟို ... ဟို သူကပြောတယ်။ စန္ဒီ့ဖေဖေ့ အကြောင်းတွေလေ၊ စုံနေတာပဲ၊ ဖေဖေ နောက်အသစ်ကောင်မလေးနဲ့ တွဲနေတာကအစ၊ ပြီးတော့ တည်းခိုခန်းမှာ စန္ဒီ့ဖေဖေနဲ့တွေ့နေတာအဆုံး ... အို ... ပြောရမယ်ဆိုရင် ဖေဖေ့အပြစ်ကို ပုံကြီးချဲ့ရင်း စန္ဒီကို မေ့သွားမုန်းသွားစေချင်တဲ့သဘော"

"အဲ့ဒါ ... စန္ဒီ့အပေါ်တကယ်မချစ်လို့ နောက်အသစ်ကသာလို့၊ စန္ဒီ့ဖေဖေ အပြစ်ကိုရှာပြီး စန္ဒီ့အပေါ် တကယ်မုန်းတာ၊ ပြောရရင် သစ္စာမဲ့တာပဲ စန္ဒီ။ ဒါနဲ့ စန္ဒီ့ဖေဖေသတင်း ဘာကြားလဲဟင်၊ သူတို့ တရားဝင်ယူသွားပြီတဲ့လား"

"ဟင့်အင်း ... မသိဘူး၊ တရားဝင်ယူတယ်လို့တော့ မကြားဘူး။ မေမေကတော့ ဖေဖေနဲ့ပတ်သက်ပြီး လုံးဝကို မပြောတော့တာ၊ နာမည်တူတောင် မခေါ်ချင်ဘူးတဲ့။ စန္ဒီ့ကိုလဲ လုံးဝ မခေါ်မပြောဖို့ ပြောထားတယ်"

အပူပေါ် အပူဆင့်နေတဲ့ အကြောင်းကို ပြောသလိုဖြစ်နေလို့ ကျွန်မ အားနာမိတယ်။ နောက်တော့ စန္ဒီပြန်သွားပြီးတဲ့နောက် ယောကျ်ားတွေအကြောင်းတင်မကဘူး မိန်းကလေးတွေအကြောင်းပါ ဆက်စပ်စဉ်းစားမိတာ။

"အင်း လက်ခုပ်ဆိုတာ တစ်ဖက်တည်းတီးရင် မမြည်နိုင်ပါဘူး။ နှစ်ဖက်တီးမှ မြည်နိုင်တာလေ"

ခေတ်အခြေအနေနဲ့ မိန်း
ကလေးတွေရဲ့ လျှပ်ပေါ်လော်လည်
လိုချင်တဲ့ ယနေ့အခြေကို တွေးနေ
မိတာက ကျွန်မ။

နောက်တော့ ကြားရတာ
က စန္ဒီတစ်ယောက် အင်တာနက်
ဆိုင်မှာ အထိုင်များနေတယ်ဆိုတဲ့
သတင်းကြားရတယ်လေ။

***

"ဟုတ်တယ် ဖွေးနု၊ မမေ
က စန္ဒီတို့အထည်ဆိုင်ကိုရောက်
တယ်၊ စန္ဒီ့မေမေနဲ့တွေ့တော့ ပြော
ပြရှာပါတယ်၊ တစ်ပတ်ကို သုံးရက်
အထည်ဆိုင်မှာ ထိုင်ပေးတယ်တဲ့
ကျန်တဲ့ရက်တွေက အင်တာနက်
ဆိုင်မှာပဲ အချိန်ဖြုန်းနေတာတဲ့
ထိုင်တဲ့သုံးရက်မှာလဲ လစ်ရင်လစ်
သလို အင်တာနက်ဆိုင် ထွက်ထိုင်
နေသတဲ့၊ အဲဒါ ပြောပေးပါဦးဆို
စန္ဒီ့မေမေက တောင်းပန်တယ် ဖွေး
နု"

တစ်ရက်မှာ အိမ်ကို
ရောက်လာပြီး ကြည်ပြာကပြော
လာတယ်။ ကြည်ပြာ့စကား အား
ထောင်ရင်း စန္ဒီတစ်ယောက် ချစ်သူ
ပစ်သွားတဲ့အပေါ် စိတ်ပြေလက်
ပြောက် ရသေ့စိတ်ဖြေသဘော
အင်တာနက်ဆိုင် ထိုင်ဖြစ်လေ
လား။ ဖခင်အပေါ် မကျေနပ်မှု



www.burmeseclassic.com

www.burmeseclassic.com



ထည်ဆိုင်ကို စိတ်မဝင်စားလေ သလား။

"အဲဒါ စန္ဒီ့မေမေခများမှာလဲ အတော်စိတ်ပျက်နေပုံရတယ်"

ကြည်ပြာက ဆက်ပြောလာသည်။

"အင်း ခေတ်ကာလအရ အင်တာနက် သုံးတာကတော့ အပြစ်တင်စရာမလိုပါဘူး ကြည်ပြာ။ လူမှုရေး၊ စီးပွားရေး၊ ပညာရေးအတွက်ဆိုရင်တော့ အကျိုးရှိအောင် သုံးသင့်ပါတယ်။ တလွဲတွေ သုံးနေရင်တော့"

"ဟုတ်တယ် ဖွေးနု၊ အဲဒီ တလွဲလမ်းမှားလိုက်နေတယ်လို့ စန္ဒီ့မေမေက ယူဆနေရှာတာ။ ပြောပြန်ရင်လည်းမကြိုက်ဘူးတဲ့။ ပြန်ပြောခဲတယ်တဲ့"

"စန္ဒီ ဘယ်လိုဖြစ်တာပါလိမ့်"

"လေးစားရမယ့်ဖခင် မရှိတော့ ထင်ရာစိုင်းမယ်ဆိုတဲ့စိတ်ဝင် သွားသလား မှမသိတာ။ ကြည်ပြာ့ အထင်တော့ အင်တာနက်ကနေ လူတစ်ဦးနဲ့ ချိတ်နေတယ်လို့ထင် တာပဲ။ သူ့မေမေကလဲ အဲသလို ထင်တယ်"

"ဒုက္ခပါပဲ ဟယ်"

ကျွန်မ ညည်းတွားရင်း ငေးနေမိတယ်။ နောက် ချစ်သူရဲ့ သစ္စာဖောက်ခြင်းကိုခံရတဲ့ စန္ဒီ။

"ဟုတ်တယ် ဖွေးနု၊ ဖွေးနု စဉ်းစားလေ၊ အခု အင်တာနက်သုံးပြီး ချစ်သူတွေရှာကြ၊ လမ်းမှားရောက်ကြ၊ သားရဲတွင်းရောက်ကြ၊ ဘဝပျက်ကြနဲ့ ဖြစ်နေတာဆိုတော့"

ကြည်ပြာက စိတ်မသက်မသာနဲ့ပြောတယ်။ နောက်နေ့ စန္ဒီတို့ အထည်ဆိုင်ကိုရောက်တော့ စန္ဒီမရှိဘူး။ သူ့အမေက အင်တာနက်ဆိုင်မှာရှိတယ်ပြောတော့ အဲဒီဆိုင်ကိုရောက်သွားတော့ စန္ဒီကိုတွေ့။ အကျိုးအကြောင်း ပြောရတာကကျွန်မ။

"စန္ဒီ ဖွေးနုကို အရင်တုန်းကလိုခင်ရင် အမှန်အတိုင်းပြောစမ်း"

"ဘာကိုပြောရမှာလဲ ဖွေးနု"

"စန္ဒီ ဒီအင်တာနက်ကနေ လူတစ်ဦးနဲ့ ငြိနေတယ်ဟုတ်လား"

ဤအမေးကြောင့် ပြုံးနေသောစန္ဒီ။ စန္ဒီကကျွန်မကို ကြည့်တယ်။ အဖြေမပေးသေးဘဲ အင်တာနက်ဆိုင်ဘေးက အအေးဆိုင်ထဲဝင်လာ၊ အအေးပုလင်းမှာပြီးမှ စန္ဒီကပြောတယ်။

"သူ မနေ့က လက်ထပ်





www.burmeseclassic.com

www.burmeseclassic.com



သွားပြီ"

စန္ဒီ့အသံတွေ တုန်နေတာ။ သူ့ချစ်ဦးသူ လက်ထပ်သွားတဲ့ အကြောင်းပြောနေတာ။

"အဲဒီတော့ ဘာဖြစ်လဲ စန္ဒီရယ် သူကတကယ်မေတ္တာမရှိလို့ လက်ထပ်သွားတာပဲ"

"ဖွေးနုကမှ တကယ်မခံစားဖူးတာ၊ စန္ဒီကတော့ တကယ်ခံစားနေရတယ်"

"စန္ဒီရယ် ပြီးခဲ့ပြီပဲ၊ အားလုံးပြည်ဖုံးကားချစေချင်တယ်နော်"

"ဟုတ်ပါတယ်၊ အရာအားလုံး ပြည်ဖုံးကားချပြီပါပြီ၊ အခုအချစ်စစ်မျက်နှာသစ် ဖွင့်နေပြီဖွေးနု"

"ဟယ်"

ဒီစကားကြောင့် ကျွန်မမျက်လုံးပြူးသွားတယ်။ တစ်ယောက်ကပစ်လို့ အသစ်တစ်ဦးရှာတယ်ဆိုတာ မိန်းမသားတစ်ဦး အနေနဲ့လွယ်ပါတယ်။ ဒါပေမဲ့ ကိုယ်ရှာတဲ့ချစ်သူကရော တကယ်ချစ်မယ့်သူလား၊ အပျော်ကြံမယ်လူလား။ ဒါတော့ စဉ်းစားရမယ်လေ။

"နေပါဦး အသစ်တွေ့နေပြီလား စန္ဒီ"

"တွေ့နေပြီ တစ်ဦးနဲ့တစ်ဦး ပြောချင်တာတွေ ဒီမှာပဲပြောနေကြတာ။ သူက စန္ဒီထက် အသက်နည်းနည်းကြီးမယ့်ပုံပဲ။ စန္ဒီကို တကယ်ချစ်ပါတယ်တဲ့။ အဲ့ဒါ သူက စန္ဒီ့ဓာတ်ပုံကို ပို့ပေးပါဆိုတော့ စန္ဒီက အခြားသူတွေရဲ့ဓာတ်ပုံကို တင်ပေးလိုက်တာ။ သူ့ဓာတ်ပုံကို တင်ပေးပါဆိုတော့ တင်မပေးဘူးတဲ့။ တွေ့တော့မှပဲ ကြည့်တော့တဲ့"

"စန္ဒရယ် အားလုံး မှားကုန်မယ်နော်။ အခုခေတ်က အဲ့ဒီအင်တာနက်ကနေ တွေ့ကြပြီး အပြင်မှာ ပျက်စီးနေတာ စန္ဒီလည်း ကြားမှာပဲ"

သူငယ်ချင်း သံယောဇဉ်နဲ့ ပြောမိတဲ့ ကျွန်မ။ စန္ဒကတော့ မထီမဲ့သဘော။

"ဖွေးနု ငါ ဟိုလူ့ကိုရွဲ့ပြမယ်။ အနိုင်ယူပြမယ် ဖွေးနု"

ငယ်ချစ်ဦးကို ဦးတည်ပြီး ပြောနေတဲ့ စန္ဒီ။

"ဒါဖြင့် အခု သူနဲ့ကော ဘယ်တော့တွေ့မယ်လို့ ချိန်းထားလဲ စန္ဒီ"

"မသိသေးပါဘူး ဖွေးနု၊ သူကတော့ တွေ့ဖို့ပဲပြောနေတာ။ စန္ဒီက စဉ်းစားဦးမယ်ဆိုပြီး ပြောထားတာ"

"တကယ်လဲ စဉ်းစားပါ စန္ဒီ၊ လူဆိုတာ ယုံရတာမဟုတ်ဘူး။ ဖုန်းနဲ့ဆိုတာ ဘယ်တော့ဖြစ်ဖြစ် ထိပ်တိုက် တွေ့နေကြမှာပဲ။ အဲဒီလို တွေ့ကြတဲ့အခါ မိန်းမသားဆိုတာ အရှုံးဘက်ကချည်ပဲ ။ မျက်ရည်ကို အဖော်ပြုရင်း ကျန်ခဲ့ရတဲ့ သူတွေချည်းပဲလေ။ အနိုင်ဆိုတာ လုံးဝမရှိတဲ့လူတွေပါ စန္ဒီ။ ဒါကြောင့် ကိုယ့်အသိစိတ်နဲ့ ကိုယ်ထိန်းသိမ်းရမယ် စန္ဒီ။ ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်ဘူး၊ စိတ်နောက်ကိုယ်ပါ လုပ်မယ်ဆိုရင်တော့"

ကျွန်မ စကားဆုံးအောင် မပြောနိုင်တော့ဘူး။ စန္ဒီကိုကြည့်ရင်း ရင်လေးနေမိတာလေ။ သူနဲ့ အတော်ကြာအောင် စကားပြော[illegible] အိမ်ကိုပြန်ခဲ့တဲ့ကျွန်မ။ စန္ဒီကတော့ အင်တာနက်ဆိုင်ထဲ ပြန်ဝင်သွားပြီ[illegible] စန္ဒီကိုကြည့်ရင်း သက်ပြင်းမော[illegible] မိတဲ့ ကျွန်မ။

"ရင်လေးရပါလား စန္ဒီ[illegible] ရယ်"

"ဟဲ့ သမီး၊ ဒီကနေ့ စန္ဒီ့နာ[illegible] ရေးသွားရမယ်လေ"

အမေ့စကားကြောင့် အ[illegible] တွေးပျက်သွားတဲ့ ကျွန်မ။ ဆက်တွေးဖို့အားမရှိ၊ သတ္တိမရှိတော့တဲ့ ကျွန်မ။ မတွေးရဲ၊ မတွေးချင်တဲ့ လက်ကျန်အတွေးတွေက ကျွန်မ[illegible] ရင်ထဲမှာအပြည့်။ တနင့်တပိုးကြီး[illegible] နေတာ။ ကျွန်မကိုယ်ကျွန်မတောင်[illegible] မိန်းမသားဖြစ်ရတဲ့ဘဝ အားငယ်[illegible] သွားမိသလိုလို။



www.burmeseclassic.com

www.burmeseclassic.com



တွေးရင်းနဲ့ပဲ စန္ဒီရဲ့နာရေးကို လိုက်ပို့ဖို့ပြင်ရတယ်။ ကြည်ပြာဆီသွား။ ကြည်ပြာနဲ့အတူ စန္ဒီတို့အိမ်သွား။ နာရေးပို့မယ့်ကားက မွန်းလွဲတစ်နာရီ ထွက်ကြမှာ။ ကြည်ပြာနဲ့ အချိန်းအဆက်လုပ်ပြီးသား။

ရုတ်ခြည်းပဲ စန္ဒီရဲ့ လှပဖြူစင်တဲ့ မျက်နှာလေးကို မြင်ယောင်မိတယ်။ သူချစ်ခဲ့ရတဲ့ ချစ်ဦးသူနဲ့ တွေ့ဆုံစကားပြောခဲ့တာလေးတွေ အမှတ်ရတယ်။ ချစ်သူပစ်သွားခဲ့တာကြောင့် ငိုခဲ့တာလေးတွေကိုလည်းအမှတ်ရနေမိတယ်။ နောက်အင်တာနက်အနေ လူတစ်ဦးနဲ့ ချိတ်မိတာ အို ကျွန်မ မတွေးရဲတော့ဘူး။

"သမီး အဲဒီစန္ဒီရဲ့ အဖြစ်က မြန်မာမိန်းကလေးတွေရဲ့ အနာဂတ်ကို သင်ခန်းစာ ပေးလိုက်တာပဲ သမီး"

မေမေက ကျွန်မအနားလာပြီးပြောတယ်။ မေ့မေ့ကိုကြည့်ရင်း ကျွန်မမျက်ရည်တွေ ဝိုင်းလာတယ်။ ရင်ထဲမှာ ဒေါသတွေရော၊ အရှက်တရားတွေပါ စီးမျောနေတယ်။ မဆင်မခြင်နဲ့ အယုံလွယ်ပြီး ဆင်ရာစိုင်းတဲ့ စန္ဒီရော၊ စန္ဒီ့အဖေပါ မကျေမနပ်ဖြစ်နေမိတာ။

"ဒါဆိုရင် စန္ဒီက အပြင်မှာတွေ့တော့မှ သူ့အဖေမှန်းသိတာပေါ့"

"ဟုတ်တယ်မေမေ၊ အင်တာနက်ဆိုင်ကနေတွေ့မယ်၊ တွေ့ရမယ့်နေရာက တည်းခိုခန်းနားမှာရှိတဲ့ ဘီယာဆိုင်အနီးကို ချိန်းတာတဲ့။ တစ်ဦးနဲ့တစ်ဦး မမြင်ဖူးကြတော့ သိရလွယ်အောင် ဝတ်လာမယ့် အင်္ကျီအရောင်ပါ ပြောပြီးချိန်းကြတာ။ ချိန်းတဲ့နေရာလည်းရောက်ရော စန္ဒီခမျာ သူ့အဖေဖြစ်နေတာ။ သူ့အဖေကလဲ သူ့သမီးဖြစ်နေတာလည်းသိရော"

ကျွန်မစကား မဆုံးခင် မေမေက ဆက်ပြောလာတယ်။

"အဲ့ဒါကြောင့် အရှက်ကြီးရှက်ပြီး စန္ဒီက အဆိပ်သောက်သေသွားတာပေါ့"

"ဟုတ်တယ်မေမေ စန္ဒီဖေဖေကတော့ တစ်ချိုးတည်း ပြေးထွက်သွားတာ၊ ဘာဖြစ်မလဲတော့ မသိဘူး"

"အဲသလိုဖြစ်တာ စန္ဒီမေမေ သိတော့ အတော်လေး နာကြည်းမှာပဲနော်"

"နာကြည်းတာပေါ့ မေမေရယ်။ စန္ဒီ့ဖေဖေနဲ့ ပြီးခဲ့တဲ့ အနှိပ်ခန်းက ကောင်မလေးနဲ့ ကွဲပြီးတဲ့နောက် စန္ဒီဖေဖေက အင်တာနက်ကနေပြီး အသစ်ရှာတဲ့သဘောနဲ့တူပါတယ် မေမေရယ်။ စန္ဒီ့မေမေကတော့ ရှက်လွန်းလို့ သူ့ယောကျ်ားအပေါ် ကမ္ဘာမကြေဥဒါန်းဖြစ်သွားပြီမေမေ"

ကျွန်မ မပြောချင်တော့ဘူး။ အရာရာတိုင်း ဆင်ခြင်နိုင်မှ၊ စဉ်းစားနိုင်မှ မိမိတို့မိန်းမသားတွေရဲ့ဘဝပန်းက ထာဝရလန်းမယ်ဆိုတဲ့အဖြေကိုရပြီးနောက် ကျွန်မရဲ့ ချစ်သူ ကိုမောင့်အချစ်ကိုလည်း အဖြူအမည်း သိရအောင် ကျွန်မ ဦးနှောက်နဲ့ အမြဲ သုံးသပ်ရဦးမယ်လေ။

အဲဒီအချိန် စန္ဒီကို သတိရမိတယ်။ ဩော် ... ကြွေချိန်မကျဘဲ ကြွေသွားတဲ့ ပန်းကလေး တစ်ပွင့်။ နေဝင်ချိန်မဟုတ်ဘဲ နေ့ခင်းမှာဝင်သွားတဲ့ နေတစ်စင်းလိုပါပဲလား။

**တွင်းကြီးသားတင်ဝင်းဦး**



www.burmeseclassic.com

www.burmeseclassic.com



# သားမိုက်မိခင်

အောင်မြင့်ဦး(ထားဝယ်ချောင်)



www.burmeseclassic.com

www.burmeseclassic.com



## သားမိုက်မိခင်

**အောင်မြင့်ဦး (ထားဝယ်ချောင်)**

အဘွားအိုတစ်ဦး၊ အသက်အားဖြင့် ခြောက်ဆယ်ကျော်ခန့်။ ဖြူဖွေးနေသော ဆံပင်အား ဆီလိမ်းဖြီးသင်ခြင်း မရှိသဖြင့် နီကြောင်ကြောင် အရောင်သို့ပင် ပြောင်းနေပေပြီ။ ဝတ်ဆင်ထားသော ထဘီအင်္ကျီများမှာလည်း ညှိုးနွမ်းညစ်ပေလျက် လက်တစ်ဖက်တွင် ထီးစုတ်တစ်ချောင်း၊ အခြားလက်တွင် ထမင်းထုပ်အား ကိုင်လျက်သောကအရောင်လွှမ်းသော မျက်လုံးများဖြင့် ရဲစခန်းအတွင်း ဝင်ရောက်လာပြီး အစောင့် တာဝန်ကျ ရဲတပ်သားတစ်ဦးအား အကူအညီတောင်းခံသည်။

"သားလေးရယ် အမေ့သား ကိုလတ်ကို ဒီထမင်းခဲလေး ကျွေးချင်လို့ပါ"

"အချုပ်ခန်းထဲမှာ ကိုလတ်ရှိသလား"

"ရှိ"

"အမေ ဒီမှာထိုင်ပါ။ ကျွန်တော် ထမင်းထုပ် ပို့ပေးမယ်"

"အေးကွယ် ကျေးဇူးပါပဲ"

"ကိုလတ်က ပြောတယ်။ နောင်ထမင်းလာမပို့ပါနဲ့လို့ အမေ့ကို မှာလိုက်တယ်"

"အမေ ထမင်းမပို့ရင် ဘယ်လိုစားမလဲကွယ်"

"သူ့အဖော်တွေနဲ့ စားမှာပေါ့"

"အဲဒါ ခက်တာပဲ။ အချုပ်ထဲက အဖော်အပေါင်းတွေနဲ့ အပြင်ရောက်တော့ တွဲပြန်၊ တွဲပြီးတာနဲ့ အချုပ်ထဲပြန်ရောက် သံသရာလည်နေတာပဲ"

"အမေ ပင်ပန်းမှာ စိုးလို့ပေါ့"

"အမေ ပင်ပန်းရင် ပင်ပန်းပါစေ၊ ဥပဒေနဲ့ မကင်းတာမှန်သမျှ ဘာမှ မလုပ်ရင် အမေပင်ပန်းရကျိုးနပ်ပါပြီ"

အမေအိုနှင့် ကင်းတာဝန်ကျ ရဲဘော်လေး ပြောဆိုနေသော စကားများကို စခန်းမှူးက စောင့်ကြည့်နားထောင်နေသည်ကို မည်သူမျှ မသိလိုက်ကြ။ စခန်းမှူးက ဂျူတီစာရေးကြီးကို ခေါ်ပြီး ပြောသည်။

"စာရေးကြီး ကိုလတ်ကို ဘာနဲ့ ချုပ်ထားသလဲ"

"ညက မူးယစ်ရမ်းကားနဲ့ ဖမ်းထားလို့ ၁၅၁နဲ့ ချုပ်ထားပါတယ် စခန်းမှူး"

"အမှုဖွင့်ပြီးပြီလား"

"မဖွင့်ရသေးပါဘူး"

"ဒါဆိုရင် ကိုလတ်ကို ကင်းအဖွဲ့ ထုတ်ခိုင်းပြီး ကျွန်တော့် ရုံးခန်းပို့ပေးပါ"

"ဟုတ်ကဲ့ စခန်းမှူး

"ကိုလတ်မိခင် အဘွားအိုကိုလဲ ရုံးခန်းကို လွှတ်လိုက်ပါ"

"ဟုတ်ကဲ့"

ကင်းအဖွဲ့မှ ကိုလတ်အား စခန်းမှူးရုံးခန်း ပို့အပ်ချိန် စာရေးကြီးကလည်း အဘွားအိုအား လာရောက်ပို့ပေးပြီးနောက် စခန်းမှူးက–

"ကိုလတ် မင်း အသက်ဘယ်လောက်ရှိပြီလဲ"

"၂၄ နှစ်ပါ ဆရာ"

"ငါ့ညီက ဘာအလုပ်လုပ်သလဲ"

"ကြုံရာကျပန်းပါ ဆရာ"

"မင်းအမေ့ကို ငွေ ဘယ်လောက် ပေးဖူးသလဲ"

"မပေးဖူးပါဘူး ဆရာ"

"အမေ့မှာ သားသမီး ဘယ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ရှိသလဲ''

"နှစ်ယောက် ရှိပါတယ်။ အကြီးကောင်က အမေတစ်ယောက်တည်း ဘေနေပါ။ ကိုလတ်ကို မထားဘူးဆိုတော့ အမေ ဘယ်နေနိုင်မလဲ သားရယ်''

"အစ်ကိုဖြစ်သူကတောင် လက်မခံချင်လောက်အောင် ကိုလတ်က အတော်ဆိုးသွမ်းနေလို့ပါ''

"အရက် မသောက်ရင် ကောင်းပါတယ်။ အရက်သောက်ရင် ပြဿနာဖြစ်တော့တာပဲ''

"ကိုလတ် ပြဿနာဖြစ်တိုင်း အမေလိုက်ရှင်းနိုင်ပါ့မလား''

"အခု အချုပ်ထဲရောက်နေတော့ အလုပ်လဲမလုပ်နိုင်၊ မစားနိုင်၊ မအိပ်နိုင်ဖြစ်ရတယ်။ ရှိတာလေး ပေါင်နှံရောင်းချပြီး လိုက်ခဲ့ရတာပေါ့ သားရယ်''

"ကဲ ကိုလတ် မင်းအမေပြောတာ ကြားရဲ့လား။ မင်းကိုယ်မင်း ပြုပြင်နိုင်ပါ့မလား''

"ပြုပြင်ပါ့မယ် ဆရာ''

"အပြောနဲ့ ပြုပြင်လို့ မရဘူး။ လက်တွေ့အလုပ်နဲ့ သက်သေပြရ လိမ့်မယ်။ မင်းကို ငါ စောင့်ကြည့်နေမှာနော်''

"ဟုတ်ကဲ့ပါ ဆရာ''

သားအတွက် သောကများ ဖိစီးနေသော အမေအိုအား သနားမိသ ဖြင့် စခန်းမှူးက ကိုလတ်အား ရဲစခန်း ဝန်ခံချက် လက်မှတ်ရေးထိုးစေပြီး ကောင်းမွန်စွာ နေထိုင်၍ မိခင်အား လုပ် ကျွေးသမှုပြုရန် မှာကြားပြီး ပြန်လွှတ် ပေးလိုက်သည့်အခါ—

"ကျေးဇူးတင်လိုက်တာ သားရယ်။ အမေ ခုမှပဲ စိတ်အေးရတော့ တယ်။ ကိုလတ်ရယ် အမေ့ကို သနားပါ ဦး။ မင်း နောက်ထပ်ဖြစ်ရင် အမေသေ ရလိမ့်မယ်''

"ကဲ ကိုလတ် သွားကြ တော့။ အမေ့ကို ဂရုစိုက်နော်''

"ဟုတ်ကဲ့ပါ ဆရာ''

"သားလေး မင်းဆရာကို ကန်တော့လိုက်ဦး''

"နေပါစေ အမေ မလုပ်ပါနဲ့





www.burmeseclassic.com

www.burmeseclassic.com



သွားကြပါ"

"သွားပြီ ဆရာ"

အမေအိုနှင့် သားဖြစ်သူ ကိုလတ် ရဲစခန်းအတွင်းမှ ထွက်ခွာသွားသည်ကို စခန်းမှူးက ငေးမောကြည့်နေမိပြီး သားအပေါ် ကြီးမားလှသော သံယောဇဉ်ကို ရင်ပြောင်းခံစားမိသည့်အတွက် သားအမိနှစ်ဦးအပေါ် တစ်ခုခု လုပ်ပေးလိုသော ဆန္ဒဖြစ်ပေါ်မိ၍ နယ်ထိန်း ဆရာအောင်အောင်အား ခေါ်ယူပြီး-

"ဆရာအောင်အောင် ထိုင်ဗျ"

"ဟုတ်ကဲ့ စခန်းမှူး"

"အခု ပြန်လွှတ်ပေးလိုက်တဲ့ ကိုလတ်သားအမိကို သိသလား"

"သိပါတယ် ဆရာ၊ ကျွန်တော့ နယ်မြေထဲကပဲ"

"ကိုလတ် အခြေအနေကို ဆရာ အောင်အောင် သိမှာပေါ့"

"အဲဒီ ကောင်လေးက အခေါင်းအသင်း မင်တယ်။ အလုပ်လဲ ဆက်ကြောမတင်းဘူး။ အသောက်အစားလဲ ရှိတော့ အထိန်းအကွပ်မရှိဖြစ်နေတာပဲ ဆရာ"

"အေးဗျာ သူ့အမေက အသက်ကြီးပြီ။ သားအပေါ် သံယောဇဉ်ကြီးရှာတော့ ဆရာ့အနေနဲ့ ကူညီတည့်မတ် ပေးစေချင်တယ်"

"ညနေစောင်း အဘွားကြီး ဈေးရောင်းပြန်လာလို့ အိမ်မှာ သူ့သား မရှိရင် အရက်ဆိုင်စုံအောင် လိုက်ရှာတော့တာပဲ"

"အမယ်အိုလဲ ဝဋ်ကြွေးလို့ ပြောရမှာပဲ"

"ကျွန်တော် တတ်နိုင်သလောက် ဆောင်ရွက်ပေးပါ့မယ် စခန်းမှူး"

"အေးဗျာ ကုသိုလ်လဲရတာပေါ့"

"ကျွန်တော့်ကို ခွင့်ပြုပါဦး"

□□□□□

တစ်နေ့ ဆရာအောင်အောင်နှင့်အဖွဲ့ နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် ဗိုလ်မှူးဗထူးဈေးအနီး လူများဝိုင်းအုံကြည့်နေသဖြင့် သွားရောက်ကြည့်ရှုခဲ့ရာ အရက်သေစာများသောက်စားထားသော လူငယ်သုံးဦးအနက် နှစ်ဦးမှာ အင်္ကျီမပါ လက်မောင်းလှဲလျက်ရှိပြီး ကျန်တစ်ဦးက အနိုင်အရှုံး ဒိုင်လုပ်နေသည်ကို လူအများ ဝိုင်းအုံကြည့်နေကြသည်။

"ကဲ ညီလေးတို့ ငါကြ မင်းတို့ လက်မောင်းလှဲ အားပြိုင်ရမယ့် နေရာ မဟုတ်ဘူး"

"ဆရာကြီး ကျွန်တော်တို့ ငါးမောင်းပြည့်မှ အနိုင်အရှုံးပေါ်မှာ ဆရာ"

"အေးပါ ခဏဝိုက်ခဲ့ကြ၊ ဟိုရောက်မှ ဆက်ပြိုင်ကြတာပေါ့"

"ကျွန်တော်တို့ကို ဖမ်းတာလား ဆရာ"

"ဖမ်းသင့် မဖမ်းသင့် ဆွေးနွေးကြတာပေါ့"

"ဆရာကြီး ကျွန်တော် ကိုလတ်ပါ။ ဆရာ သိပါတယ်"

"အေး မင်းကို ငါသိတယ်။ အေးအေးဆေးဆေး လိုက်ခဲ့ကြ"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒီအနားက ရပ်ကွက်ရယကရုံးကို သွားကြရအောင်"

ဆရာအောင်အောင်နှင့် အဖွဲ့က ကိုလတ်တို့ သုံးဦးကို အနီးဆုံး ရပ်ကွက်ရုံးသို့ ခေါ်ဆောင်လာခဲ့ပြီး ရပ်ကွက်တာဝန်ရှိသူများမှတစ်ဆင့် ၎င်းတို့၏



www.burmeseclassic.com

www.burmeseclassic.com



မိဘများကို ခေါ်ယူစေခဲ့သည်။

“ဆရာ ကျွန်တော်တို့ သုံးယောက် ဘာအပြစ်မှ မလုပ်ပါဘူး”

“အေး မင်းတို့ အရက်သောက်ပြီး အများပြည်သူ သွားလာတဲ့ လမ်းမမှာ လူစွမ်းကောင်းလုပ်ပြနေတာ ပေါ့ ဟုတ်လား”

“မဟုတ်ပါဘူး။ အရက်အကြွေးယူဖို့ တာဝန်ခံရမယ့်သူ ရှာနေ တာပါ”

“ဩော် မင်းတို့က အကြွေးယူတာ ဝန်ခံရှာပွဲပေါ့”

“ကျွန်တော်တို့ကို လူတွေ ဝိုင်းအုံကြည့်နေတာကို ဆရာတို့ရောက် လာမှ သိတယ်ဆရာ”

“မင်းတို့က လူထူးလူဆန်းတွေဆိုတော့ ဝိုင်းအုံကြည့်ကြတာပေါ့”

“ကျွန်တော်တို့ မသိလိုက်ကြဘူး ဆရာ”

ထိုစဉ် ကိုလတ်တို့ သုံးဦး၏ မိဘများ ရပ်ကွက်ရုံးသို့ ရောက်ရှိလာကြပြီး နောက်ဆုံးမှ ရောက်ရှိလာသော ကိုလတ်၏ မိခင်ဖြစ်သူက–

“ကိုလတ်ရယ် နင် လုပ်လိုက်ပြန်ပြီ။ အမေ့မှာ ဒီနေ့ ဈေးရောင်း

---

## ကျွန်တော်တို့ကို လူတွေ ဝိုင်းအုံ ကြည့်နေတာကို ဆရာတို့ ရောက်လာမှ သိတယ် ဆရာ

---

မကောင်းရတဲ့ကြားထဲ ဆိုင်ကို သူမျ[...] ကြည့်ခိုင်းခဲ့ရတယ်။ ဒီကောင်တွေ[...] မပေါင်းပါနဲ့လို့ အမေ ပြောထားရက်န[...]

“အဘွားကြီး စကားပြေ[...] တာကြည့်ပြော။ ကျွန်မသားက အလု[...] နဲ့ အကိုင်နဲ့ ရှင့်သား အလုပ်မရှိ အတို[...] မရှိနဲ့ ပေါင်းလို့ အခုလို အရှက်ကွဲ[...] တာ”

“ကျွန်မသားက အလုပ်မ[...] ပေမယ့် ကျွန်မ လုပ်ကျွေးနေတာ ဘ[...] သူ့အပူမှ မပါဘူး”

“မပူပါဘူးတော်။ အချ[...] တန် ထောင်ကျမှာပဲ”

“ကျွန်မသားကို အတ[...] နိမိတ်မရှိတဲ့ စကားတွေ မပြောပါနဲ့”

“တော်ကြပါတော့ဗျာ။ အ[...] မေတို့ ကလဲ”

“နင်တို့ကြောင့် စကားပြေ[...] နေရတာ”

ရပ်ကွက်လူကြီးများက [...] သာတော့ဘဲ ရပ်ကွက်ရုံးအတွင်း [...] ဇောကပ်၍ စကားနိုင်လု ပြောဆို[...] သော မိခင်များကို ဟန့်တားလိုက်[...] နောက် ရပ်ကွက်လူကြီးတစ်ဦးက–

“ဆရာ အောင်အော[...]



www.burmeseclassic.com

www.burmeseclassic.com



ကောင်တွေကို ဥပဒေအရသာ အရေးယူလိုက်ပါဗျာ”

“မလုပ်ပါနဲ့ ရပ်ကွက်လူကြီးရယ်။ ကျွန်မသားလေးက အရက်သောက်ရုံပါ။ သူများကို မစော်ကားပါဘူး”

“ဟုတ်ပါတယ် ရှင်။ ကလေးတွေက ချစ်ခင်ကြပါတယ်။ သူငယ်ချင်းတွေ အပျော်လွန်သွားတာပါ”

“အခုတော့ ပြန်တည့်သွားကြပါလား။ ဘယ်လိုဖြစ်တာလဲ”

“ဟုတ်ပါတယ်ရှင်။ ရဲကြီးတွေရော ရပ်ကွက်လူကြီးတွေကိုပါ တောင်းပန်ပါတယ်။ နောင်မဖြစ်စေရပါဘူး”

“ရပ်ကွက်ထဲမှာ နောင် မလုပ်တော့ပါဘူးလို့ ခင်ဗျားတို့ တာဝန်ယူသလား”

“ယူပါတယ်ရှင်၊ နောက် မလုပ်စေရပါဘူး”

“မင်းတို့ကရော နောင် ဒီရပ်ကွက်ထဲမှာ လာရှုပ်ဦးမှာလား”

“ကျွန်တော်တို့လဲ နောက် မလုပ်တော့ပါဘူး”

ရပ်ကွက်လူကြီးများနှင့် မိဘများ လူငယ်များ ပြောဆိုနေကြသည်ကို ဆရာအောင်အောင် ကြည့်ရှု၍ ပျာယာခတ်နေသော ကိုလတ်၏ မိခင် အမေအိုအား ပိုမိုသနားနေမိသည်။

“ကဲ ဥက္ကဋ္ဌကြီးလဲရှိတော့ ဒီလူငယ်တွေအနေနဲ့ ဒီအပြုအမူမျိုးတွေ နောင်လုံးဝမလုပ်ပါဘူးဆိုတဲ့ ကိုယ်တိုင်ဝန်ခံချက် မိဘများကလဲ တာဝန်ယူပါတယ်ဆိုတဲ့ ဝန်ခံချက်တွေကို ရုံးမှာ လုပ်လိုက်ကြတာပေါ့”

“ဆရာ အောင်အောင်ပြောတာ ကောင်းပါတယ်။ မိဘတွေရော တာဝန်ယူနိုင်မလား”

“တာဝန်ယူပါတယ် ရှင်”

“ကဲ ဒါဆိုရင် ရုံးစာရေးခေါ်ပြီး ဝန်ခံချက်လုပ်လိုက်ရအောင်”

မိဘများနှင့် လူငယ်များ ရပ်ကွက်ရုံးတွင် ဝန်ခံလက်မှတ်ရေးထိုးပြီး ပြန်အထွက် ကိုလတ်နှင့် ၎င်း၏ မိခင်တို့က ဆရာအောင်အောင်အား ကျေးဇူးတင်စကားဆိုသည်။ သည်တော့ ဆရာအောင်အောင်က ဖျောင်းဖျနားချသည်။

“ကိုလတ် စခန်းမှူး မှာထားတာတွေ မေ့နေပြီလားကွာ”

“မမေ့ပါဘူး ဆရာ”

“စခန်းမှူးက မင်းအမေကို သနားလို့ မင်းကို အကြိမ်ကြိမ် ခွင့်လွှတ်ခဲ့တာ။ နောက်ထပ်ဖြစ်ရင်တော့ ရမှာမဟုတ်တော့ဘူး”

“ဟုတ်ပါတယ် ဆရာ။ အမေလဲ ခဏခဏပြောပါတယ်။ ဆရာတို့ စခန်းမှူးကိုလဲ အားနာလှပါပြီ။ အနေအထိုင် ပြင်ပါတော့ သားလေးရယ်”

“မင်း အလုပ် မလုပ်ချင်ဘူးလား”

“အလုပ်မလုပ်ရင် နေပါစေဆရာရယ်။ အိမ်မှာအေးအေးနေရင် အမေ ကျေနပ်ပါပြီ”

“ကဲ သွားတော့။ ဒီတစ်ကြိမ် နောက်ဆုံး ဖြစ်ပါစေကွာ”

“ဟုတ်ကဲ့ပါ ဆရာ”

□□□□□

နှစ်လခန့် ကြာသည်အထိ ရပ်ကွက်ထဲမှာ ကိုလတ်၏ သတင်း မကြားရသည့်အတွက် ကောင်းမွန်စွာနေထိုင်ပြီဟု ထင်မှတ်ရသဖြင့် စခန်းမှူးက ဆရာအောင်အောင်အား သင့်တော်မည့် အလုပ်တစ်ခုခု ကိုလတ်အား ရှာဖွေပေးရေး ဆရာတပည့် နှစ်ဦး စီစဉ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲစခန်းအတွင်း မောင်းနှင်ဝင်ရောက်လာသော အငှားယာဉ်တစ်စီးကို ကင်းအဖွဲ့မှ ရပ်တန့်စေပြီး ယာဉ်မောင်း၏ ရေးကြီးသုတ်ပျာ အမူအရာကြောင့် ဆရာအောင်အောင်၏ အသိစိတ်မှ ပြဿနာတစ်ခုခုလောက်တော့ ကျိန်းသေလောက်ပြီဟု ယူဆလိုက်သည်။ အချိန်ကလည်း ည (၉)နာရီကျော်ခန့်။

"ကျွန်တော် အငှားယာဉ်မောင်း တင်မောင်ပါ"

"ထိုင်ပါဦးဗျာ။ ဘယ်လိုဖြစ်လာတယ်ဆိုတာ ဖြည်းဖြည်းချင်းပြောပြပေးပါ"

"ကျွန်တော် မြောက်ဥက္ကလာပကို ခရီးသည်ပို့ပြီး အပြန် ဗိုလ်မှူးဗထူးလမ်း၊ မဟာဂန္ဓာရုံမှတ်တိုင်နားရောက်တော့ အရက်မူးနေတဲ့ လူသုံးဦးက လမ်းပိတ်ပြီး တားတယ်ဆရာ"

"ဟုတ်ကဲ့ ဆက်ပြောပါဦး"

"သူတို့လက်ထဲမှာ ဓားတွေ ကိုင်ထားပြီး ပိုက်ဆံမပေးရင် ခဲနဲ့ထုမယ်ပြောလို့ ကားခရတဲ့ ပိုက်ဆံနှစ်ထောင်ပေးခဲ့ရတယ် ဆရာ"

"နောက် ဘာဆက်ဖြစ်သေးလဲ"

"တစ်ယောက်က ရသ... လောက်ယူပြောပြီး လမ်းဖယ်ပေးလို့ မောင်းထွက်ခဲ့ရတယ် ဆရာ။ နောက် ကားတွေလဲ ဆက်တားနေကြတယ်"

"ကျွန်တော်တို့ အမှုဖွင့် အ... ရေးယူပေးပါ့မယ်"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်... တော်တို့က ညမောင်းတွေ ဆိုတော့ အန္တရာယ်ကြီးလို့ လာတိုင်ရတာပါ"

"စာရေးကြီး တိုင်စာ... ကောက်ထားလိုက်ပါ။ ကျွန်တော်တို့ တရားခံဖမ်းထွက်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

ဆရာအောင်အောင်နှင့် အဖွဲ့... အငှားယာဉ်မောင်း တင်မောင် ပြော... သော နေရာသို့ မရောက်မီ ခေမာ... တိုင်အနီး ရပ်ကွက်လူကြီးများအား ... သင့်တွေ့ရ၍ ဆိုက်ကားများ အကူအညီ... ရယူကာ နှစ်ဖက်ညှပ်ပိတ် ဖမ်းဆီးခဲ့... ဖြင့် အရက်မူးနေသူ သုံးဦးအား ဖမ်းဆီး... ခဲ့ရာ ကောင်းမွန်မှန်ကန်စွာ နေထိုင်...





www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်ထားရသော ကိုလတ်ပါဝင်နေသည်ကို တွေ့ရပေတော့သည်။

တရားခံများအား ရဲစခန်းသို့ ခေါ်ယူစစ်ဆေးခဲ့ရာ အရက်များ သောက်စားထားပြီး အရက်ဖိုးငွေ ရရှိရေးအတွက် ကားများအား ရပ်တန့်ငွေတောင်းကြကြောင်း အစစ်ခံထွက်ဆိုကြ၍ အရေးယူရပေတော့သည်။ နောက်တစ်နေ့နေ့က် ကိုလတ်၏ မိခင်အိုကြီး ရဲစခန်းသို့ ရောက်ရှိလာသည်။

"ဆရာရယ် ကျွန်မ သားဆေး ဘယ်လိုဖြစ်ရတာလဲ"

"ဒီတစ်ခါတော့ ကျွန်မ သားလေးလဲ မတတ်နိုင်တော့ဘူး။ ခွင့်လွှတ်နိုင်တဲ့ အတိုင်းအတာ ကျော်လွန်ပြီး ပြစ်မှု ကျူးလွန်လာတဲ့အတွက် ဥပဒေအရ အရေးယူရတော့မယ်"

"ခွင့်လွှတ်ပါလို့ မပြောတော့ဘူး ဆရာရယ်"

"ထမင်းစားဖို့အတွက် ကျွန်တော်တို့ တာဝန်ယူတယ်။ အမေကြီး ကိုယ့်ကျန်းမာရေးကိုယ် ဂရုစိုက်

"ဟုတ်ကဲ့ ဆရာ၊ ကိုလတ် ကျွန်မ အပ်ပါတယ်"

"မိဘနဲ့ တာဝန်ရှိသူတွေက ဆိုဆုံးမလို့ မရရင် ဥပဒေက ဆုံးမတော့မှာပါ။ သူပြုတဲ့ ပြစ်မှုအတိုင်းအတာနဲ့ သူခံရမှာပဲ"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်မ ပြန်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

ဆရာအောင်အောင် တစ်ယောက် အမေအိုအား ပြောသာပြောလိုက်ရတယ် စိတ်ထဲတွင် မကောင်း။ သားအပေါ် အလွန်သံယောဇဉ်ကြီးရှာသော မိခင်တစ်ဦးအား အခြားပေးနိုင်သော ဖြေဆေးဆရာအောင်အောင်တွင် မရှိတော့။

သားဖြစ်သူ၏ တရားရုံးချိန်းအပတ်တိုင်းတွင် အမေအိုအား ထမင်းထုပ်ကလေးကိုင်လျက် အမြဲတွေ့မြင်နေရပေသည်။ ထူးခြားသည်ကတော့ အမေအိုတွင် ယခင်ကကဲ့သို့ သွက်လက်ဖျတ်လတ်မှု မရှိတော့။ ခန္ဓာကိုယ်မှာလည်း ယခင်ကထက် ပိုမိုပိန်ပါးလာသည်ကို ဆရာအောင်အောင် ဂရုပြုမိသည်။ သို့သော် မည်သို့မျှ မတတ်နိုင်။ ဆရာအောင်အောင် ထမင်းဆိုင်တစ်ဆိုင်သို့ အမေအိုအား ခေါ်ယူသွားခဲ့သည်။

"အမေ ထိုင်ပါ။ ထမင်းဗို့ပြီးပြီလား"

"ဗိုပြီးပါပြီ သားရယ်။ အမေ ဘာလုပ်ပေးရမလဲ"

"အမေ ထမင်းစားပြီးပြီလား"

"မနက်ကတော့ စားလာခဲ့တယ်"

"ထမင်းတစ်ပွဲ ပေးပါ။ ကြက်သားတစ်ပွဲ၊ ပုစွန်တစ်ပွဲ"

"များလိုက်တာ သားရယ်"

"စားပါ ဝအောင်စား၊ ဒါ ကျွန်တော် ဒါနပြုတာပါ"

အမေအိုမှာ ဆာလောင်မွတ်သိပ်မှုကို ဟန်မဆောင်နိုင်ဘဲ စားနေသည်ကို ကြည့်၍ ပီတိဖြစ်ရသူက ဆရာအောင်အောင်ပါ။ ထမင်းလိုက်ပွဲတစ်ပွဲပင် ထပ်မံမှာယူရသဖြင့် လှူဒါန်းရမှုအတွက် ပီတိဖြစ်မိပေတော့သည်။

"အမေ ရုံးချိန်းပြီးမှ ပြန်မှာမဟုတ်လား"

"ဟုတ်တယ်သား ညနေမှ ပြန်မှာ"

"ရော့ အမေလိုရာသုံးဖို့ ငွေ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ထောင်"

"မယူပါဘူး သားရယ်။ စား သောက်ပြီးပြီပဲ"

"ယူထားလိုက်ပါ။ ကျွန် တော် သွားစရာရှိလို့"

"ကျေးဇူးပါပဲ သားရယ်"

"သာဓု----သာဓု---- သာဓု"

သာဓုခေါ်သံကြောင့် ဆရာ အောင်အောင် နောက်သို့လှည့်ကြည့် လိုက်ရာ စခန်းမှူးအား တွေ့လိုက်ရသ ဖြင့် အခြားလုပ်ငန်းများ လုပ်ကိုင်ရန် ရှိ သေး၍ စခန်းမှူးနှင့်ဆရာအောင်အောင် တို့ တရားရုံးမှ ရဲစခန်းသို့ပြန်ခဲ့ပေတော့ သည်။

နှစ်ပတ်ခန့်အကြာ ဆရာ အောင်အောင် တရားရုံးသို့ ရောက်ရှိခဲ့ ရာ ကိုလတ်ရုံးချိန်းရက် ကြုံနေသဖြင့် တရားရုံး ပတ်ဝန်းကျင်တွင် အမေအို အား ရှာဖွေကြည့်မိရာ မတွေ့မမြင်ရ သောကြောင့် တရားရုံးအချုပ်ခန်းရှိ ကို လတ်အား ခေါ်ယူ၍ မေးကြည့်သည်။

"ကိုလတ်၊ မင်းအမေ ဒီနေ့ မတွေ့ပါလား"

"ဟုတ်တယ် ဆရာ။ အမေ လာတာ မတွေ့ဘူး"

"အဘွားကြီး နေမကောင်း လို့လား"

"ကျွန်တော်လဲ စိတ်ပူမိ တယ်ဆရာ။ ဟိုမှာလာနေတာ ကျွန် တော့် အစ်ကို မောင်မောင် ဆရာ"

"ဪ--"

"ဆရာအောင်အောင်ဆို တာများလား"

"ဟုတ်ပါတယ် ကျွန်တော် ပါ"

ကိုလတ်၏ အစ်ကိုဖြစ်သူ ကိုမောင်မောင်မှာ စကားတစ်ခွန်းသာ ပြောပြီး သောကရိပ်များ လွှမ်းခြုံလျက် ရှိသော မျက်လုံးအိမ်မှ မျက်ရည်ဥများ စီးဆင်းလာပြီး အံ့ကိုကြိတ်၍ စကား ပြောဆိုရန် အားယူလျက်ရှိပြီးနောက်-

"ကျွန်တော့်အမေ ညက ဆုံးသွားပြီ ဆရာ"

"ဗျာ"

"အမေ မဆုံးမီ ဆရာ အောင်အောင့်အကြောင်းကို အတော် များများ ပြောသွားသေးတယ်"

"ဖြစ်မှဖြစ်ရလေဗျာ"

"အမေ ဆုံးပြီဟုတ်လား အစ်ကိုကြီး"

"မင်း ငါ့ကို အစ်ကိုလို့ မ ခေါ်နဲ့။ မင်းကို ငါ့ညီအဖြစ် လုံးဝမသတ် မှတ်တော့ဘူး။ လူဆိုးလူမိုက်"

"ပြောပါ အစ်ကို ပြောပါ"

"ဆရာရယ် ကျွန်တော့် အမေဟာ သားမိုက်မိခင်ပါ"

ဆရာအောင်အောင် ကို တိုင်ပင် မည်သည့်စကားမှ မပြောနိုင် တော့ဘဲ ရှိနေစဉ် ကိုမောင်မောင် အချုပ် ခန်းရှေ့မှ ထွက်ခွာသွားပေတော့သည်။ အလွန်သံယောဇဉ်ကြီးရှာသော သား ငယ် ကိုလတ်ကို ဥပဒေက ချမှတ်မည့် ပြစ်ဒဏ်အား မကြားလို၍ ခံနိုင်ရည်မရှိ တော့သဖြင့် လောကကြီးမှ အပြီးအပိုင် ထွက်ခွာသွားလေသလားဟုပင် ထင် မှတ်မိပါတော့သည်။

**အောင်မြင့်ဦး (ထားဝယ်ခရိုင်)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## "တွေ့ရင်ပြောကြပါ"

### ကျော်စိုးသူ(ဥသျှစ်ဝင်)

"မမနီနီရယ် မမကိုကြည့်ရတာ အားကျလိုက်တာ မမရယ်။ ကျွန်မတို့မှာ နေဝင်မိုးချုပ် တနေကုန်လုပ်နေရပေမဲ့ ငွေလေးတစ်ထောင်၊ ထောင့်ငါးရာကို မနည်းလုပ်နေရတာ။ လူကိုလည်းကြည့်ပါဦး။ ကျွဲမက အမေခေါ်ရမလိုဖြစ်နေပြီ"

"အဲ့ဒါပြောတာပေါ့အေ့ အစကငါလဲ ဒီရွာသူပဲလေ။ ဒါပေမဲ့ စွန့်စားလိုက်တော့ သိတယ်မို့လား မြင်တဲ့အတိုင်းပဲလေ .. စွန့်မှစားရတာပေါ့အေ့ ... ဒါလိုတယ်နော်"

နီနီက နားထင်ကိုထောက်ပြရင်း မျက်ခုံးလေးပင့်ကာချီကာ ပြောလိုက်ပုံလေးကို ပဲနှတ်နေသူတွေထဲမှ ရွာ၏ကွမ်းတောင်ကိုင် စာရင်းဝင်တွေဖြစ်ကြသည့် ညီအစ်မနှစ်ဖော် မြမြနှင့်သုလှတို့က မျက်တောင်မခတ်နိုင်ဘဲငေးမောကြည့်ကာ အားကျနေသည်။

သာပေါင်းမြို့နယ်၏ ရွာကြီးတစ်ရွာမှ နီနီသည် ဆယ်တန်းစာမေးပွဲကို မအောင်မြင်သောကြောင့် မိဘ၏စီးပွားရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုရန် ရည်ရွယ်၍ ရန်ကုန်သို့အလုပ်ရှာရန် သူငယ်ချင်းတစ်ဦးနှင့် လိုက်သွားပြီး တစ်နှစ်ကျော်ခန့်အကြာတွင် ရွာသို့ပြန်လာရာ ရွာမှသူငယ်ချင်းတစ်ဦးနှင့် ရင်းနှီးကျွမ်းဝင်ရှိကြသော အပျိုတစ်သိုက်တို့က နီနီ၏ဝတ်စားဆင်ယင်မှု ငွေကြေးသုံးစွဲနိုင်မှုတို့အပေါ်တွင် အားကျသော အထင်ကြီးသောစိတ်များနှင့် ဝိုင်းဝန်းချီးကျူးနေကြခြင်းဖြစ်သည်။ နီနီကလည်း မိမိအပေါ် အားကျနေသော ရွာမှမိန်းကလေးများအား ဂုဏ်ယူဝင့်ကြွားစွာ ပြန်လည်ပြောပြ ဖောက်သည်ချနေသည်။

"ဘာတွေလုပ်ရတာလဲ နီနီရဲ့ ပြောပါဦး အလုပ်တွေဘာတွေကောင်းရင်လဲ ကိုယ့်သူငယ်ချင်းတွေ ပြောဦးနော်"

"အလုပ်ကတော့ အခုလိုပင်ပင်ပန်းပန်း မလုပ်ရပါဘူး။ စတိုးဆိုင်ကြီးမှာ အရောင်းစာရေးမ လုပ်ရတာပါ။ ခေတ်ပညာ ၇ တန်း ၈ တန်းဆိုရင် အလုပ်တန်းရတာပဲ။ လခကတော့အစမှာ တစ်လ(၅)သောင်း(၆)သောင်းကနေ တဖြည်းဖြည်း လုပ်ငန်းကျွမ်းကျင်လာတဲ့အပေါ် မူတည်ပြီး တစ်သိန်း၊ တစ်သိန်းခွဲအထိ တိုးသွားတာပဲ။ အခုငါက တစ်လတစ်သိန်းခွဲရတယ်။ ဒါတောင် ဘောက်ဆူးတို့ဘာတို့ ကြားပေါက်ဝင်ငွေမပါသေးဘူးနော်"

"ဟယ် .. အံ့ဩစရာပဲနော် တို့ရွာမှာ ဒီဝင်ငွေဟာ တစ်နှစ်ပေါက် လုပ်တာတောင် မရနိုင်ဘူးနော်။ နီနီနဲ့ ကတော့ ကံကောင်းတယ်ဟာ"

အားကျအံ့ဩသော လေသံ နှင့် ပြောသံများကို နီနီတစ်ယောက် တိဖုံးတဲ့အပြုံးနဲ့ ဂုဏ်ယူဝင့်ကြွားစွာ နေသည်။

ရွာဦးကျောင်းဆရာတော် ကျောင်းတွင် အလှူပွဲပြုလုပ်သည့်နေ့ ဖြစ်သည်။ ထိုအလှူပွဲတွင် နီနီ၏အ အပကို ဖေါ်ထုတ်ပြသသည့် ပွဲ လည်းဆိုနိုင်သည်။ နီနီဝတ်ထားသည့် အလှအပပစ္စည်းနှင့် ရွှေငွေလက်ဝ ရတနာများကိုလည်း အများငေးကြည့် ရသည်။ အံ့ဩချီးမွမ်းရသည်အထိ လွင်လှသည်။ ရွာမှာရှိသော မိဘ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆွေမျိုးများမှာလည်း သမီးလှ ရတနာလေးအဖြစ်နှင့် ဂုဏ်ယူမဆုံး ပျော်တပြုံးပြုံး။ မိတ်ဆွေ အပေါင်းအသင်းတွေကလဲ အနားမှာ ဝိုင်းဝိုင်းလည်နေကြသည်။ ဒီကြားထဲ နီနီက ရွာဦးကျောင်း ဓမ္မာရုံဆောက်လုပ်မည့် အလှူခံဌာနတွင် အလှူငွေ သိန်းချီထည့်လိုက်သည့် အခါတွင် အားလုံးက ဝမ်းမြောက်နမော် သာဓုခေါ်ကြသည်။

နီနီအပြန်မှာတော့ ရွာမှ မြမြနှင့်လှလှ ညီအစ်မနှစ်ယောက် အလုပ်လုပ်ရန်ပါသွားကြသည်။ ရွာမှ မိဘညီအစ်ကို မောင်နှမများနှင့် ရွာသူရွာသားများ သင်္ဘောဆိပ်သို့ လိုက်ပို့ကြသည်မှာ ရွာလုံးကျွတ်မျှဖြစ်သည်။ ထိုခရီးတွင် မြမြနှင့်လှလှ တို့နှင့်အတူ နီနီ၏ ဝတ်စားဆင်ယင်မှုသည် ခေတ်စကားနှင့်ပြောရလျှင် လုံးဝ အလန်းဇယားတိုက်သည်ဟု ပြောရမည်သာဖြစ်သည်။ လမ်းခရီးတစ်လျှောက်တွင် နီနီ၏အလုပ်ခွင်ရောက်လျှင် လိုက်နာဆောင်ရွက်ရမည့် အကြောင်းတွေကို နားထောင်ရင်း မိမိတို့မရောက်ဖူး၊ မမြင်ဖူးသည့် နေရာဒေသကို ရောက်တော့မည်မို့ အတွေးနှင့် ရင်ခုံမြန်နေမိကြသည်။ သင်္ဘောကြီးကတော့ မွေးရပ်မြေနှင့်ဝေးရာသို့ တဖြည်းဖြည်းခုတ်မောင်းနေသည်။ သတိရ၍ရွာဘက်သို့ လှမ်းမျှော်ကြည့်လိုက်ရာ ရွာသို့လုံးဝမမြင်ရတော့။ ဝမ်းနည်းသလိုလို ငိုချင်လာမိ၍ မျက်တောင်ကိုပုတ်ခတ်ပုတ်ခတ်လုပ်ရင်း သက်ပြင်းရှည်ကြီးကို ရင်လေးစွာ ချမိလိုက်တော့သည်။



နီနီတစ်ယောက် သုံးလလောက်အကြာတွင် ရွာသို့ဒုတိယအကြိမ် ပြန်ရောက်လာပြန်သည်။ ဒီတစ်ခါတွင်လည်း ရွာမှလူကြီးများက ဝိုင်းဝန်းမေးမြန်းကြသည်ကို ရင်ကော့ ခေါင်းမော့ကာ ပြန်လည်ဖြေကြားနေသည်။ မြမြနှင့်လှလှတို့မိဘများကိုလည်း သူတို့သမီးများက ပြန်လည်ပေးလိုက် သည့်ဆိုသည့် လုပ်အားခငွေများကို သိန်းနှင့်ချီပေးလိုက်သည်။ ကမ္ဘာအံ့ဖွယ် ကိစ္စတစ်ခုဖြစ်နေသည်။ "ဟယ် တယ်ဟုတ်ပါလား သုံးလလောက်နဲ့ ငွေကဒီလောက်ရတယ် အံ့ရောဟယ်" ဆိုသည့် အသံတွေက နီနီတစ်ယောက်ရွာထဲလျှောက်တာတောင် ခြေထောက်နှင့်မြေကြီးထိမှ ထိမှန်းဘောင်မသိလိုက်ပါ။ ဟိုအိမ်ဒီအိမ်က ထမင်းစားဖိတ်လို့ လိုက်စားရသည်မှာလည်း မိမိအိမ်မှာတောင် တစ်နပ်မျှ မစားဖြစ်လိုက်ပါ။ သည်လိုနှင့် နီနီပြန်တော့ ရွာမှအမျိုးသမီးငယ် (၄)ယောက် လိုက်သွားကြသည်။ တချို့မိဘတွေက သူတို့သားသမီးကို ခေါ်စေချင်လို့ အပူ



www.burmeseclassic.com

www.burmeseclassic.com



ကပ်ကြသည်။ သို့သော် နီနီကရုပ်ချောသူ၊ ကိုယ်လုံးကိုယ် ပေါက်လှသူ နှင့် သူသဘောကျသူကိုသာ ရွေးချယ်ခေါ်သည့်အတွက် မလိုက်ရသူတွေမှာ ဝမ်းနည်းပတ်လက်နှင့် ကျန်ရစ်ခဲ့ကြသည်။

ဒီနေ့ကတော့ သာပေါင်းမြို့တွင် ထူးခြားသည်ဟု ဆိုရမည်ဖြစ်သည်။ ပြီးခဲ့သည့် ပြည်ထောင်စုနေ့တုန်းက စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ ကြီးမှူးကျင်းပသည့် နံရံကပ်စာစောင်ပြသဖွင့်လှစ်ပွဲကို မြို့ခံဝါသနာရှင်လူငယ်များနှင့် ပူးပေါင်းကာ ကာရာအိုကေပြိုင်ပွဲနှင့်အတူ အောင်မြင်စွာကျင်းပခဲ့ပြီး ယခုလည်း သာပေါင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ဝေါလ်ဗီးရှင်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ကျင်းပသော စာပေဟောပြောပွဲတွင် နိုင်ငံကျော်စာရေးဆရာများ ဖြစ်ကြသော ဆရာ အဏ္ဏဝါစိုးမိုး၊ ဆရာနွမ်ဂျာသိုင်း၊ စာဆိုတေးသံရှင် ဂီတာဖေဝင်းတို့မှ အနှစ်နှစ်ဆယ်ကျော်မျှ ကျင်းပနိုင်ခြင်းမရှိခဲ့သော စာပေဟောပြောပွဲကို တွေ့ရောက် ချီးမြှင့်ကြသည်နည်းတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုရဲမှူးအဆင့်ရှိသူကလည်း တွေ့ရောက်ကာ ပဏာမ မိတ်ဆက် ဟောပြောခဲ့ကြသည်။ ၎င်းကဟောပြောရာတွင် မြန်မာနိုင်ငံတွင် လူကုန်ကူးမှုများ နေရာအနှံ့ဖြစ်ပေါ်နေသလို ဧရာဝတီတိုင်းဒေသကြီး အတွင်းမှာလည်း ဤပြဿနာမျိုး ရှိနေသည့်အပြင် ဤမြို့နယ်အတွင်းမှာလည်း လူကုန်ကူးသည့် ကိစ္စများရှိနေပြီဖြစ်၍ ဝိုင်းဝန်းတားဆီးရန် ကိစ္စများကို အကျယ်တဝင့် ထည့်သွင်းပြောကြားသွားခဲ့သည်။ ထိုဟောပြောပွဲသို့ လာရောက်နားထောင်ခဲ့သော နီနီတို့ရွာမှ “ကိုလှလှ ”တစ်ယောက် အတွေးနယ်ချဲ့ ဂယောက်ဂယက်နှင့် ရှေ့ပိုင်းစာရေးဆရာများ ပြောသွားသည့်စကားတွေကို ကြားတစ်ချက်မကြားတစ်ချက်နှင့် ဖြစ်နေပြီးနောက်ဆုံးစာဆိုတေးသံရှင် ဂီတာဖေဝင်း၏ မျက်လုံးဖွင့်ပြီး အိပ်ကြည့်ပါ သီချင်းသံဆုံး၍ ပရိသတ်၏ ကျယ်လောင်လှသော လက်ခုပ်သံကြောင့် တကယ်မျက်လုံးဖွင့်ပြီး အိပ်နေတာ ငါပါလားလို့ သတိရအတွေးဝင်ပြီး ဘေးဘီကို ကြည့်လိုက်မိသည်။ တော်ပါသေးရဲ့ ငါလိုပဲမျက်လုံးဖွင့်ပြီး အိပ်နေသူတွေ ရှိနေကြသေးလို့ အတွေးစကိုဖြတ်ကာ ကမ်းနားဆင်းပြီး ပွဲထောင်စက်နှိုးကာ ပြန်လာခဲ့ရပေမဲ့ လမ်းခရီးတစ်လျှောက်လုံး စိတ်အစဉ်ကို စိုးမိုးနေတာက “လူကုန်ကူးမှုပြဿနာ”တယ်ကြောက်စရာကောင်းပါလား။ ငါ့ကို ဘာကြောင့် ဒါတွေကိုအသေးစိတ် မသိရတာလဲလို့ တွေးမိရင်း စိုးရိမ်စိတ်တွေဝင်လာသည် “ဘုရား ဘုရား ငါ့ညီမ မြမြနဲ့လှလှ ဒီလိုမဖြစ်ပါ စေနဲ့”တကယ်တော့ ကို လှလှက မြမြနှင့်လှလှတို့ရဲ့ အစ်ကိုအကြီးဆုံးဖြစ်သည်။

“အမေ ကျွန်တော်ညတုန်းက သာပေါင်းမြို့နယ်၊ စာပေနှင့်စာနယ် ဇင်းအဖွဲ့နဲ့ ဝေါလ်ဗီးရှင်းအဖွဲ့က ကျင်း တဲ့ စာပေဟောပြောပွဲမှာ ရဲမှူးပြော သွားတဲ့အထဲမှာ လူကုန်ကူးတဲ့ကိစ္စ တယ်ဗျ”

“အဲ့ဒါ ဘာဖြစ်သလဲ သာ ရဲ့ ပြောပါဦး”

“ကျွန်တော်တို့မြို့နယ် မှာလဲ အမျိုးသမီးလေးတွေ လူ ကူးခံနေရပြီတဲ့ဗျ”



www.burmeseclassic.com

www.burmeseclassic.com



## အမေရာ လူကုန်ကူးတယ်ဆိုတာ လူအရောင်းအဝယ် လုပ်တာပေါ့ဗျာ တစ်ဖက်နိုင်ငံကို ရောင်းစားတာပေါ့ဗျာ။ ဒီမှာကြတော့ အလုပ်ကောင်းတယ်။ ဝင်ငွေ ဘယ်လောက်ရမယ်

"လူကုန်ကူးတယ်ဆိုတာ ဘာလုပ်တာလဲ သားရဲ့"

ရိုးသားဖြူစင်ကြသော တောသူတောင်သားများပီပီ အတွေ့အကြုံနည်းပါးကြသဖြင့် လူကုန်ကူးသည်ဆိုတာ ဘာမှန်းမသိ၍ မေးလိုက်သည်။

"အမေရာ လူကုန်ကူးတယ်ဆိုတာ လူအရောင်းအဝယ် လုပ်တာပေါ့ဗျာ တစ်ဖက်နိုင်ငံကို ရောင်းစားတာပေါ့ဗျာ။ ဒီမှာကြတော့ အလုပ်ကောင်းတယ်။ ဝင်ငွေဘယ်လောက်ရယ် စတဲ့ မက်လုံးတွေပေးပြီး ဟိုဘက်ကြတော့ ရောင်းစားတာဗျ။ ရောင်းစားခံရတဲ့သူက သူတို့လက်ထဲမှာ သူတို့ခိုင်းတာလုပ်ရပြီး နောက်ဆုံး အသက်သေရင်သေ ဒါမှမဟုတ် ဘဝပျက်ပြီး ပြန်လာရတာပေါ့။ မနှစ်ကတုန်းက တီဗီမှာတောင် ဇာတ်လမ်းပါသေးတယ်။ မေသန်းနုတို့ဗျာ"

"မသိပါဘူးသားရယ် အမေတို့က ဘာမှနားမလည်ပါဘူးကွယ်"

"ကျွန်တော်ရင်ပူနေတယ်ဗျ။ မတော်တဆများ"

ကိုလူလုစကားကို ဖြတ်လိုက်သည်။ မိဘများကို စိတ်ပူပန်မှာစိုးသည်။ အားလုံးကို မိမိဘာသာ ဖြေရှင်းမည် စုံစမ်းမည် မိဘများ အထူးသဖြင့် မသိနားမလည်သော ရိုးသားသည့် အိုကြီးအိုမများ စိတ်သောက မရောက်စေလိုပါ

ဒီရက်ထဲ သတင်းကြားတာက နီနီတစ်ယောက် ရွာရှိမိဘများထံ ငွေပို့လိုက်သည်။ သူကတော့ မလာနိုင်သေးပါ။ အလုပ်က ခွင့်ယူလို့မရဟု ကြားရသည်။ သို့သော်လည်း တချို့လူများကပြောတော့ တစ်ဖက်ကမ်းကရွာမှာ တွေ့ရသည်။ ၎င်းက အမျိုးသမီးနှစ်ယောက်တောင် သူနှင့်အလုပ်လုပ်ရန် ခေါ်သွားသည်ဟု သိရသည်။ ဘာတွေဘယ်လို နားလည်ရမှန်းမသိတော့။ ဒီလပိုင်းမှာ ညီမလေးတွေ ဆီကလည်း ဘာမှသတင်းမရ။ နီနီကလည်း ရွာပြန်မလာတော့ ဘာမှမသိရပေ။ ဒီရက်ပိုင်းအတွင်း ရွာထဲက သူငယ်ချင်းအိမ်မှ ရေဒီယိုလေးထဲကနေ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုလား။ တစ်စွန်းတစ်စ ကြားလိုက်ရတာတော့ စိတ်ဝင်စားစွာ



www.burmeseclassic.com

www.burmeseclassic.com



နားထောင်မိသည်။ စိတ်ထဲမှာ မရှင်း တာတွေ သိချင်တာတွေ သိလိုက်ရသဖြင့် ရှင်းသွားသော်လည်း တစ်ဖက်မှာ စိုးရိမ်ပူပန်မှုတွေက တိုးလာသည်။

သည်နေ့ရွာသို့ နီနီနှင့် ဒုတိယအသုတ် လိုက်သွားသည့် (၄) ယောက်ထဲမှ အသက်အကြီးဆုံး ဖြစ်သည့် "မအေးငွေ" ရွာသို့ရုတ်တ ရက်ပြန်ရောက်လာသည်။ ရွာကလူငယ်လူကြီးတွေက ဝိုင်းဝန်းမေးမြန်းကြသည်။ သို့သော် "မအေးငွေ" ထံမှဘာမျှ ရေရေရာရာမသိရ။ နီနီ အလုပ်သွင်းပေးသည့် အိမ်မှအဆင်မပြေ၍ ပြန်လာခဲ့သည်။ ကျန်သူများ၏ အကြောင်းကိုမေးမရ။ အစကတည်းက တစ်ယောက်တစ်နေရာ အလုပ်ဝင်ရသည်ဆိုသည်။ သို့ပေမဲ့ သူ့ထံကစကားတစ်ခွန်းတော့ ကြားရသည်။ "နီနီ ရွာမှာ ပြောသွားသလို မဟုတ်ဘူး" ဆိုတာလောက်ပဲ သိရသည်။ ထို့ကြောင့် ကျန်ရစ်သူမိသားစုများ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။ သို့သော် ဘာလုပ်လို့ဘာ ကိုင်ရမှန်းမသိကြပေ။ အခြေအနေအမှန်ကို သိချင်သည့် စိတ်နှင့် မေးမြန်းဝေဖန် စုံစမ်းသံတွေက ရွာမှာဘယ်နေရာရောက် ဒီအကြောင်းပဲ ကြားနေရသည်။နောက်ဆုံး ရွာဦးကျောင်းဆရာတော်ပင် တရားဟောသည့်အထဲမှာ ထည့်၍ဟောကြားရသည့်အထိပင် ဖြစ်နေတော့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နယ်ထိန်းတပ်ဖွဲ့ဝင်များမှတစ်ဆင့် စခန်းမှူးနှင့် ဒုရဲမှူးတို့ထံ သတင်းရောက်သွားသဖြင့် "မအေးငွေ" အား တာဝန်ရှိသူများက ခေါ်ယူမေးမြန်းသောအခါ တိတိကျကျ မသိရသော်လည်း အတွေ့အကြုံရင့်ကျက်သူများပီပီ အခြေအနေကို ချိုင့်သုံးသပ်မိသည်။ ထို့ကြောင့် အထက်အဆင့်ဆင့်ကို တင်ပြ၍ စီမံချက်ရေးဆွဲကြသည်။ ထို့နောက် အထက်အဆင့်ဆင့်၏ လမ်းညွှန်မှုကို ခံယူ၍ လုပ်ငန်းအကောင်အထည် ဖော်ကြသည်။

စီမံကိန်း အကောင်အထည် မဖော်နိုင်မီ ကာလအတွင်းလေးမှာပင် မြို့နယ်အတွင်းမှ ရွာများတွင် ပြည်ပသို့ အလုပ်သွားလုပ်သည့်သူများ သတင်းရရှိသည်။ ဒီအထဲတွင် မျက်နှာသိ နယ်ခံအမျိုးသမီး၏ ခေါ်ဆောင်မှုနောက်သို့ ပါသွားသည့် အမျိုးသမီးလေးများအပြင် ယောက်ျားလေးပါ လိုက်သွားသည့် သတင်းများရရှိသည်။ ပထမတော့ မြို့နယ်အတွင်းက ငါးကန်တစ်ကန်တွင် အလုပ်လုပ်ရမည်ဆိုသည်။ ထိုနေရာတွင် နှစ်လသုံးလခန့်လုပ်ပြီးနောက် ထိုထက်ငွေပိုရမည့် နေရာသို့ပို့ပေးမည် ပြောကာ ခေါ်ဆောင်သွားရာမှ လိပ်စာပျောက်ကုန်ကြသည်။

ထိုသတင်းများကို အခြေပြု၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နယ်မြေခံသတင်းပေးများ NGO အဖွဲ့များ၊ ကျေးရွာရှိ တာဝန်ရှိပုဂ္ဂိုလ်များနှင့်ပူးပေါင်းကာ အချိန်ပြည့်ကြိုးစား စုံစမ်းကြသည်။ နယ်မြေအတွင်းသို့လည်း ဒုရဲမှူးနှင့် စခန်းမှူးတို့ ဦးဆောင်ကာ ခင်းကျင်းဆင်းရေးနှင့် ပညာပေးဟောပြောပွဲများပြုလုပ်ကာ လူထုအားပညာပေး စည်းရုံးဟောပြောမှုပြောမှုတွေ ဆက်တိုက်ပြုလုပ်ကြသည်။

သာပေါင်းမြို့ရှိ တည်းခိုခန်းတစ်ခန်းသို့ အမျိုးသမီးနှစ်ဦး ရောက်



www.burmeseclassic.com

www.burmeseclassic.com



ထည်းခိုနေကြောင်း သတင်းရရှိ၍ စောင့်ကြည့်ရာ ၎င်းအမျိုးသမီးနှစ်ဦးအနက် တစ်ဦးမှာဆံပင်ကို ခေတ်ပေါ်ဒီဇိုင်းပြုလုပ်၍ ဦးထုပ်အဝိုင်းကို မျက်နှာအုပ်မတတ်ဆောင်းကာ စက်လှေဆိပ်သို့ မနက်ဘက်(သို့မဟုတ်)ညနေပိုင်းတွင် ဆင်းပြီး ရွာကြီးတစ်ရွာသို့ ဆက်သွယ်နေကြောင်း သိရသည်။ ထိုမိန်းသမီး၏ ရုပ်ရည်ကိုလည်း အတိအကျမမြင်ရ တည်းခိုခန်းနှင့် ဆက်သွယ်၍ မှတ်ပုံတင်ကို စစ်ဆေးကြည့်သော်လည်း လိုချင်သည့်ပစ်မှတ်၏ အထောက်အထား မတွေ့ရပေ။ သို့သော်

...

ရဲနှင့်ပြည်သူလက်တွဲကူ ဒုစရိုက်ဟူသမျှ ဖေါ်ထုတ်ကြဟူသော ဆောင်ပုဒ်နှင့်အညီ တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ အမျိုးသမီးများကို ခေါ်ယူစစ်ဆေးသောအခါအစတွင် ဘူးကွယ်နေကြသော်လည်း တစ်ဦးချင်းလူခွဲ၍ စစ်ဆေးရာတွင်

"ကျွန်မက နီနီနဲ့ နယ်စပ်မှာပြီး တွေ့တာပါ။ သူနဲ့အတူ အလုပ်လုပ်မယ်ဆိုပြီး လုပ်ကြပါတယ်။ သူကလဲ နယ်ဘက်ဆင်းပြီး လူရှာပါတယ်။ ကျွန်မကလဲ ကျွန်မနယ်ဘက်ဆင်းပြီး လူရှာပါတယ်။ ရှာတဲ့နေရာမှာတော့ ကုန်သည်တွေကငွေထုတ်ပေးပါတယ်။ လူတစ်ဦးကို မြန်မာငွေနဲ့ဆို (၅)သိန်းကနေ (၁၀)သိန်းအထိ ရပါတယ်။ ဒါကလဲ လူအပေါ်နဲ့ လုပ်ငန်းအပေါ် မူတည်ပြီး ကွဲပြားမှုတော့ရှိတာပေါ့။ ဒီတစ်ခေါက်က သူ့နယ်မှာ အခြေအနေမကောင်းလို့ လူချင်းလဲပြီး ဆက်သွယ်မလို့ လုပ်နေတုန်း အခုလို မိသွားတာပါ"

ဟု အတူပါလာသူ အမျိုးသမီးက ဖော်ထုတ်ပြောဆိုသည်။

နီနီက ထုတ်ဖော်ပြောဆိုရာတွင်–

"အိမ်ကထွက်ပြီး ရန်ကုန်တွင် အလုပ်လုပ်နေရာမှ အဆက်အသွယ်ရ၍ နယ်စပ်သို့ ထွက်ခဲ့ရာ နယ်စပ်မှတစ်ဆင့် တစ်ဖက်နိုင်ငံတွင် လူ





www.burmeseclassic.com

www.burmeseclassic.com



မှောင်ခိုများနှင့် ဆက်သွယ်မိပြီး မိမိကိုယ်တိုင်လည်း လူကုန်ကူး သားကောင်ဘဝသို့ ကျရောက်ခဲ့ရကြောင်း၊ ထိုမှတစ်ဆင့် လွတ်အောင်ရုန်းထွက်၍ မိမိကိုယ်တိုင် ဘဝပျက်ခဲ့ရသော်လည်း အရချောင်အလုပ်လွယ်သော ဒီလုပ်ငန်းကို ကုန်သည်များနှင့် ဆက်သွယ်ကာ မိမိရွာဘက်မှ စတင်လှုပ်ရှားခဲ့ကြောင်း၊ ရွာမှခေါ်သွားသူများကို အဆက်အသွယ်များရှိရာ လွှဲပြောင်းပေးခဲ့ပြီး မိမိမှာ ရသင့်ငွေကိုယူပြီး ဆက်လက်လုပ်ကိုင်ခဲ့သဖြင့် ၄င်းတို့ဘယ်မှာနေဘယ်လိုဖြစ်သည်ကိုမသိရကြောင်း၊ သို့သော် လမ်းကြောင်းများကိုတော့ သိသမျှ ဖော်ထုတ်ပေးပါမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ဆင်ကောင်တွေ့ပြီး ခြေရာပျောက်သည့်အဖြစ်သို့ရောက်နေသည်။ ပြုလုပ်သူကို တွေ့ရှိပြီဖြစ်သော်လည်း ပြုလုပ်ခံရသူများကို မတွေ့ရသေးသဖြင့် လုပ်ငန်းပြီးဆုံးပြီဟု မဆိုနိုင်သေးပါ။

နီနီနှင့်အတူ ပါသူ အမျိုးသမီးတို့၏ ဖော်ထုတ်ချက်အရ ထိုက်တန်သော ပြစ်ဒဏ်များကို သက်ဆိုင်ရာမှ ချမှတ်ပြီးခဲ့သော်လည်း နီနီတို့ကခေါ်ယူသွားခဲ့သော အမျိုးသမီးငယ်များ၏ ကံတရားကိုကား ယခုအချိန်အထိ သက်ဆိုင်ရာမှ ကြိုးစားဖော်ထုတ်စုံစမ်းသော်လည်း သတင်းအစအနပင် မရရှိခဲ့သေးပါ။ သက်ဆိုင်ရာ မိသားစုနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၏ စိုးရိမ်သောကများသည်ကား ပြောဖွယ်ရာမရှိတော့ပေ။ မြန်မာနိုင်ငံ ပြန်ကြားရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနကလည်း ဇာတ်လမ်းဇာတ်ကွက်များနှင့် တစ်ဖုံ ဟောပြောချက်များနှင့် တစ်သွယ် ပြောဆိုပညာပေးကြသည်။

မှုခင်းကျူးလွန်ရေးနှင့် ပညာပေးသတင်းထုတ်ပြန်ရေးကော်မတီလက်အောက်ရှိ ဂျာနယ်/မဂ္ဂဇင်းများကလည်း အပတ်စဉ် သတင်းမျိုးစုံ ဖော်ပြပေးနေသလို မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း အခါအားလျော်စွာ မှုခင်းကျူးလွန်ရေး ဟောပြောပွဲများတွင် လူကုန်ကူးမှု ပညာပေးဟောပြောချက်များ ထည့်သွင်း ဟောပြောနေကြပြီဖြစ်[illegible] သည်။

မိဘ ပြည်သူများဘက်[illegible] လည်း ခေတ်အလိုက် ပြောင်းလဲ[illegible] သော တိုးတက်နေမှုများ၏ အပေါ်[illegible] အပျော်ကိစ္စများတွင် သာယာအား[illegible] မနေကြဘဲ နောက်ဆက်တွဲကပ်ပါ[illegible] တတ်သည့် အန္တရာယ်များကိုလည်[illegible] သတိပြုရမည်ဖြစ်သည်။ အ[illegible] ကောင်းတိုင်းလည်း မယုံမိရန်၊ ရ[illegible] ကောင်းတိုင်းလည်း အားမကျမိ[illegible] နှင့် အကျိုးတရားသက်သက်ကို မ[illegible] မိစေဘဲ အကြောင်းတရားကို [illegible] ထုတ်ကြည့်ရှုကြပြီး အမှန်တရား[illegible] မြင်နိုင်ကြပါစေလို့သာ ဆိုလိုက်ပါ[illegible] လား။

**ကျော်စိုးသူ (ဥဩချစ်[illegible]**



www.burmeseclassic.com

www.burmeseclassic.com





# ကျွန်တော်နှင့် ကိုရှမ်းလေး

ဝင်ချစ်သူ (မြန်မာစာ)



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နှင့်ကိုရှမ်းလေး"

ပင်ချစ်သူ

ကိုရှမ်းလေးဆိုတာက နာမည်အရင်းတော့ မဟုတ်ဘူး။ နာမည်အရင်းက ကိုအောင်ငွေ လားပဲ။ ကျွန်တော်လည်း မသိပါဘူး။ မိန်းမက ကိုအောင်ငွေလို့ ပြောလို့ သိတာပါ။ ဒါပေမဲ့ သူနဲ့ စဆက်ဆံချင်းသိတာက ကိုရှမ်းလေးလို့ပဲ သိတာဗျ။ အဲဒီ ကိုရှမ်းလေးဆိုတဲ့သူက ဖုန်းအရောင်းအဝယ်ဆိုတဲ့သူက ဖုန်းအရောင်းအဝယ်ပွဲစား၊ ဖုန်းနဲ့ကတော်တော်အကျိုးပေးတာဗျ။

စသိပုံလည်း ပြောပြမယ်လေ။ သူနဲ့တိုက်ရိုက်သိတာ မဟုတ်ဘူး။ သူ့ယောက်ဖဦးတင်အုန်းဆိုတာ ကျွန်တော်နဲ့ခင်မင်ရင်းနှီးတယ်လေ။ ဦးတင်အုန်းက ဌာနတပ်ခုရဲ့ ခရိုင်အဆင့်ရှိတဲ့သူပေါ့။ ဦးဘင်အုန်းနဲ့ ကျွန်တော်က ကျွန်တော့်ဆိုင်နဲ့ အတည်တကျ မလုပ်ခင် လမ်းဘေးလက်နှိပ်စက်ရိုက်စားတဲ့ ဘဝတုန်းက တည်းက သူကပြည်နယ်တစ်ခုမှာ ပြည်နယ်တာဝန်ခံ ရန်ကုန်တက်လာလို့ စာရိုက်စရာရှိရင် ကျွန်တော့်လမ်းဘေး လက်နှိပ်စက်ဆိုင်မှာ လာရိုက်နေကျ။ အဲတုန်းက လက်နှိပ်စက်ကတွင်ကျယ်သေးတာကိုး။

ကျွန်တော်လမ်းဘေးကနေ ဆိုင်နဲ့ဖွင့်လာတော့လည်း ဆက်အားပေးတယ်။ အဲတော့ သူကကျွန်တော့်ဆိုင်နဲ့ အခုသူနောက်ဆုံး ပင်စင်ယူသွားတဲ့အထိ လုပ်သွားတဲ့ရုံးနဲ့လည်းနီးတယ်။ ရုံးဆင်းရုံးတက် ကျွန်တော့်ဆိုင်ရှေ့ကနေ ဖြတ်သွားတော့ အဝင်နှုတ်ဆက်အထွက်နှုတ်ဆက်ပေါ့။ နေ့လယ်နေ့ခင်း လာလာစကားပြောတယ်။

အဲဒီလို ခင်မင်လာရင်းက တစ်နေ့တော့ သူ့ကိုဖုန်းတစ်လုံးလောက်ဝယ်ချင်လို့ အကူအညီတောင်းမိတယ်ပေါ့။ ဆိုင်ဆိုတာကလည်း ဖုန်းလေးတော့ရှိမှ ဖြစ်မှာကိုး။ အဲတုန်းက ဂျီအက်စ်အမ်တွေက ခေတ်စားနေချိန်ပေါ့။ ကိုယ်တွေက အဲတုန်းက ဂျီအက်စ်အမ် မမှန်းနိုင်သေးပါဘူး။

အဲဒီလို ဦးတင်အုန်းကို အကူအညီတောင်းထားတော့ တစ်နေ့တော့ သူ့ယောက်ဖကို ရှမ်းလေးကို ခေါ်လာတယ်။ ဖုန်း ဝယ်ချင်ရင် သူ့ယောက်ဖစီစဉ် ပေးမယ်ပေါ့လေ။ ဖုန်းက ကျွန် တော်တို့မြို့နယ်က မဟုတ်ဘူး။ မြို့နယ်ကျော်ဖုန်း၊ လုံးဝမသုံး သေးဘူး။ လျှောက်ထားတာက လို့ ပြန်ရောင်းမယ့်သူ အဆင် သင့်ရှိလို့ ကျွန်တော်တို့ကို လာ ပြောတာ။ ဈေးကလည်း သင့် တယ်။ ကျွန်တော်တို့လည်း ဝယ် နိုင်တဲ့ အနေအထားဖြစ်တော့ ဝယ်မယ့်ဈေးစကားပြောတော့ အဆင်ပြေသွားတယ်။ အဲဒီတုန်း ကလည်း မြို့နယ်ပြောင်းကို ပြန် လုပ်ရင်ရတယ်ဆိုပြီး ကိုရှမ်းလေ ကပဲ ပြောတယ်လေ။ ဒါနဲ့ပဲ တို တို ပြောကြပါစို့ ဝယ်ဖြစ်သွား တယ်ဆိုပါတော့ဗျာ။ ထုံးစံအ တိုင်း ရောင်းသူရဲ့ မှတ်ပုံတင် မိတ္တူတို့၊ သန်းခေါင်စာရင်းတို့ ဖုန်းလိုင်စာပြောင်း လျှောက်လွှာ တွေမှာ ပိုင်ရှင် လက်မှတ်ထိုးပြီး သွားရယ်၊ ဖုန်းအရောင်းအဝယ်

www.burmeseclassic.com



စာချုပ်တို့ စပါယ်ရှယ်ပါဝါလွှဲထား တာတို့ အစရှိတာတွေပါ ပါတယ် လေ။ ကိုယ်လည်းပါတာတွေကို သိမ်းထားရတာပေါ့။ စိတ်ထဲက တော့ နောက်မှလိပ်စာပြန်ပြောင်း မယ်ပေါ့လေ။

ဒီလိုနဲ့ လိပ်စာပြောင်းဖို့ ကလည်း တစ်နှစ်ကျော်လောက် ထိ မပြောင်းဖြစ်ဘူး။ ကိုယ့်မှာက ငွေကြေးလေး နည်းနည်းကျပ် တည်းတာရယ်ကြောင့်ပေါ့။ လိပ် စာပြောင်းတယ်ဆိုတာ သုံးသိန်း ကျော်လောက်ပေးရတယ်ကြား တော့ ငွေစုနေတာလည်းပါတယ် လေ။ လိပ်စာပြောင်းဖို့အတွက် လည်း ငွေပြည့်စုံတော့ ထုံးစံအ တိုင်း ကိုယ်ဖုန်းဝယ်တုန်းက ကျေးဇူးရှင် ကိုရှမ်းလေးကိုပဲ သွားသတိရတာပေါ့ဗျာ။ ကျေးဇူး ရှင်ကလည်း အဲတုန်းက တော် တော်နဲ့ဖမ်းမရဘူးဗျ။ ဂန်ထမ်း လည်းလုပ်နေတာကိုး။ နယ် ပြောင်းတာတို့ဘာတို့ ဖြစ်နေ တော့ ဖုန်းဆက်လည်းမရဘူး။ သူ့ယောက်ဖ ဦးတင်အုန်းကိုမေး တော့လည်း ရေရေရာရာ မသိ ဘူးဖြစ်နေတယ်။ ဖဆပလအိမ် ကိုပဲ လမ်းညွှန်တယ်။ ဖုန်းဆက် တာလည်းမရတော့ လင်မယား နှစ်ယောက်စလုံး အိမ်ကိုလိုက် မယ်ဆိုပြီး ဖဆပလအိမ်ကို လိုက် ကြတာပေါ့။



ဖဆပလအိမ်ကို လိုက် စုံစမ်းတော့ ကိုတော်ချောတွေက ပင်စင်ယူပြီးတော့ အဲဒီမှာမနေ ဘူး ဘယ်ပြောင်းသွားလဲမသိ ဘူးလို့ ဘေးခန်းကပြောတယ်။ ဒါပေမဲ့ လူငယ်လေးတစ်ယောက် ကတော့ ...

"ဦးလေးတို့ ဦးရှမ်း လေးတို့ကပြောင်းသွားပေမယ့် သူဖုန်းချစားတာရှိတယ်၊ ဒီရပ် ကွက်ထဲမှာပဲ။ ကျွန်တော်သူ့ကို ဆိုင်ညွှန်ပြမယ်"ဆိုပြီး ညွှန်ပြ တာနဲ့ သူအငှားချထားတဲ့ဖုန်း ရယ် ကောင်မလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရယ်ဆီကို ပို့ပေးတယ်။ အလဲ့ ကိုယ်တော်က သူ့ဖုန်းနှစ်လုံး လောက်ကို ကောင်မလေးတစ် ယောက်ငှားပြီး အလုပ်ဖြစ်နေ တာဗျ။ အိမ်ပြောင်းသွားပေမဲ့ ဒီ မှာက အလုပ်ဖြစ်နေတုန်းကိုဗျ။ ကျွန်တော်တို့လင်မယားကတော့ ကောင်မလေးကိုတော့ ဖုန်းဝယ် ချင်လို့ဘာညာနဲ့ ပြောရတာပေါ့။ ရန်ကုန်မြို့ကလူတွေ သိတယ်မို့ လား။ ဘေးပတ်ဝန်းကျင်ကို လိပ် စာမေးရင်လည်း မသိဘူးပြော၊ ပြောင်းသွားတဲ့လိပ်စာဆို ပိုဆိုး တာပေါ့။ ကျွန်တော်တို့ဆို ဆိုင် ပြောင်းသွားတုန်းကလည်း အဲလို ပဲဗျ။ ကိုယ့်ဖောက်သည်ဟောင်း တွေက လာလည်းမေးရော အနီး ပတ်ဝန်းကျင်ဆိုင်တွေက မသိ ဘူး။ မရှိဘူး ပြောလွှတ်တာဗျ။ စာပေဗိမာန်ကနေ နေရာပြောင်း တုန်းကလည်း အဲလိုပဲ။ ဖောက် သည်တွေက ကျွန်တော့်နဂိုဆိုင် ရှေ့ အအေးဆိုင်မှာ အအေး သောက်ရင်း ကျွန်တော့်ဆိုင် ဘယ်ပြောင်းသွားလဲ မေးတာ တောင်မပြောဘူးဗျ။ ဘယ်ပြော

မလဲ ကျွန်တော်နဲ့မှ မတည့်တာ ကိုးဗျ။ ဘာကြောင့်မတည့်တာလဲ ဆိုတာ ကျွန်တော့်မှုခင်းစုံမှာ ရေး ခဲ့ဖူးတယ်ဗျ။ အဲသူတို့လမ်းမညွှန် ဘဲ ဆိုင်ရှာတွေ့တဲ့သူက သူ့တို့ ပြောသလိုမသိဘူး။ မလုပ်တော့ ဘူးဆိုပြီး ငြင်းလွှတ်တာကိုပြန် ပြောတော့ ကျွန်တော်ကတောင် ...

"ခင်ဗျားတို့က အလုပ် အပ်မှာမို့ မေးတယ်ထင်တာကိုး ဗျ။ နောက်မှတ်ထား။ ဆိုင်တစ် ဆိုင်ပြောင်းသွားလို့ အဲဒီဆိုင်ကို ရှာချင်ရင် အဲဒီဆိုင်ကလူဆီမှာ ကြွေးရစရာရှိလို့ဗျာ။ ကျွန်တော့် ငွေကိုလိမ်သွားလို့ တရားစွဲမလို့ ဘာညာသာပြော သူတို့ချက်ချင်း များ ဆိုင်ကိုလိုက်ပို့မလားမသိ ဘူး"ဟုပင် ရယ်မောစွာပြောမိ သေးသည်။ သိတဲ့အတိုင်းပဲလေ။ မတည့်သူဆိုတော့ ချောက်ကျ တာမြင်ချင်ကြသည်က သဘော ထားသေးသိမ်သူများ၏ စရိုက်မ ဟုတ်လား။

အခုလည်း ကိုရှမ်းလေး အိမ်ကိုသိချင်တော့ ဖုန်းဝယ်မယ်

လည်းပြောရော အဲဒီကောင်လေး က ကိုရှမ်းလေးရဲ့အိမ်လိပ်စာ (တိုက်–၈၊ အခန်း–––၊ အောင် ချမ်းသာအိမ်ရာ၊ တာမွေအပိုင်း ထိပ်၊ SSC ဆေးခန်းအလွန်)ကို သေချာစာရွက်အပိုင်းလေးနဲ့ ရေး ပေးသင့်တဲ့အပြင် ကိုရှမ်းလေးတို့ သားအဖတွေကိုင်တဲ့ ဖုန်းကိုပါ ပေးလိုက်တယ်။ ဒါနဲ့ပဲ ကျွန် တော်တို့လင်မယားလည်း ကိုရှမ်း လေးတို့အိမ်ကို ချီတက်တာပေါ့ ဗျာ။

တိုက်တိုက်ဆိုင်ဆိုင် ဗျာ၊ ကျေးဇူးရှင်နဲ့တွေ့တယ်။ သူ ကတောင်ပြောသေးတယ် .....

"ခင်ဗျားတို့ ကံကောင်း တယ်၊ ကျွန်တော်က မနက်ဖြန် ဆို နေပြည်တော်ကိုသွားရဦးမှာ ဗျ"တဲ့။ အဲဒီတုန်းက မတွေ့လိုက် ရင်အကောင်းသားဗျ။ တွေ့လိုက် လို့ ခုလိုစိတ်ဆင်းရဲနေမယ်ဆိုရင် မတွေ့တာက ပိုကောင်းတာပေါ့ ဗျာ။ ဒါကလည်း နောက်မှသိ တဲ့ အဖြစ်ကိုးဗျ။

ကျွန်တော့်မိန်းမကပဲ ပြီး ....



www.burmeseclassic.com

www.burmeseclassic.com



“ကိုရှမ်းလေးရေ ရှင့်ကို တွေ့ရတာ ဝမ်းသာသွားတယ်။ ရှင့်ကိုတွေ့ချင်တာ နှစ်နဲ့တောင် ချီနေပြီ။ ရှင်က ခရီးထွက်တာ များနေတာကိုး၊ ရှင့်ဆီကဝယ်တဲ့ ဖုန်းဆိုတော့ လိပ်စာပြောင်းချင် နေတာ သူများနဲ့လဲမလုပ်ချင်ဘူး ရှင်ပဲလုပ်ပေးနော်”

“ကျွန်တော်အခုတစ် ပတ်တော့ မအားသေးဘူးဗျ။ မနက်ဖြန် နေပြည်တော်သွားမှာဆိုတော့ နောက်တစ်ပတ်လောက်တော့ လာခဲ့မယ်ဗျာ။ ခင်ဗျားတို့ ဆိုင်ပြောင်းသွားတယ်ဆို အခုဆိုင်သစ်ကို နေရာပြောခဲ့ဗျာ”ဆိုပြီး ကိုယ်တော်ချောကပြောတာနဲ့ ဆိုင်နေရာကို သေချာပြောပြပြီး ပြန်ခဲ့ကြတယ်။

ကျွန်တော်တို့လည်း သူပြောတဲ့အတိုင်း နောက်တစ်ပတ်ကျော်လောက်ထိ စောင့်နေပါတယ်။ ဒီကြားထဲ လိပ်စာပြောင်းလုပ်ပေးမယ့်သူတွေနဲ့ တွေ့တာတောင်မလုပ်ဖြစ်ပါဘူး။ သူ့ကို ပြောထားတာ သူ့ဆီကပဲဝယ်ထားတာဆိုတော့ ကတိမပျက်ချင်တာနဲ့ သူ့ကိုသာစောင့်နေတယ်။ တစ်ပတ်ကျော် ဆယ်ရက်လောက်နေတော့ သူဆိုင်ကို ပေါက်ချလာတယ်။ သူတင်မဟုတ်ဘူး။ သူ့လူတစ်ယောက်ပါ ခေါ်လာတယ်။ သူပြောလို့သိရတာက အဲဒီလူက ဖုန်းရုံးကဝန်ထမ်းလို့ပြောတယ်။ လိပ်စာပြောင်းပေးတာကကိုလည်း သူ့အကူအညီယူရမယ်လို့ ပြောတယ်။ ကိုယ်တွေကတော့ အဲလူကို စိတ်မဝင်စားအားပါဘူး။ ဆိုင်လုပ်ငန်းကလည်းတစ်ဖက်၊ အဓိကက ကိုရှမ်းလေးကိုပဲ ဆက်ဆံရမှာကိုး ဝယ်တုန်းကလည်း ကိုရှမ်းလေးဆီကဆိုတော့ အခုလိုလိပ်စာပြောင်းလုပ်တာလဲ သူနဲ့ပဲလုပ်မှာကိုး။

ဒါနဲ့ပဲ တယ်လီဖုန်းလိပ်စာပြောင်းဖို့အတွက် ကျသင့်ငွေ သုံးသိန်းခွဲ၊ တစ်လအတွင်း လိပ်စာပြောင်းကျမယ်ဆိုပြီး ငွေအကျေတောင်းတော့တာပဲ။ ကျွန်တော်ဆိုတဲ့သူကလည်း သူ့ကိုယုံတာကိုး။ မိန်းမကတော့ စရန်လေးငါးသောင်းလောက် ပေးမယ်ဆိုပြီး ကျွန်တော်နဲ့တိုင်ပင်ပါသေးတယ်။ ကျွန်တော်ကလည်း တစ်လအတွင်းကျမှာပဲကွာ။ ကိုယ့်ဆီမှာပိုက်ဆံရှိရင် ပေးသာထားလိုက်။ တော်ကြာ ဖုန်းလိပ်စာကျတဲ့နေ့ကျတော့ သူ့ပေးစရာမရှိရင် အခက်ကွဆိုပြီး ဆရာကြီးစတိုင်နဲ့ ပြောမိတယ်။ မိန်းမကလည်း ကျွန်တော့်စကားကိုယုံပြီး (၃)သိန်းခွဲအနက်က နှစ်သိန်းခွဲကို စာချုပ်မှာလက်မှတ်ထိုးခိုင်းပြီး ပေးလိုက်တယ်။ လက်မှတ်

**ကျွန်တော့်စကားကိုယုံပြီး (၃)သိန်းခွဲအနက်က နှစ်သိန်းခွဲကို စာချုပ်မှာလက်မှတ်ထိုးခိုင်းပြီး . . .**



www.burmeseclassic.com

www.burmeseclassic.com



မှာက ကိုရှမ်းလေးကိုယ်တိုင် ထိုးယူသွားတာပါ။ (စာချုပ်မူရင်း ကြည့်နိုင်ပါတယ်)ငွေယူပြီးတော့ ပြောသွားသေးတယ် ....

“စိတ်ချနေနော် တစ်လအတွင်း ရရစေမယ်။ ရက်ကျော်မှ သုံးလေးရက်ပဲ”တဲ့။

ကြားဖြတ်ပြောဦးမယ်ဗျာ။ သူ့ကောင်းမှုကြောင့် ငွေတစ်သိန်းခွဲလောက် ကုန်သွားပုံလေးကို .....

ကျွန်တော်တို့ဖုန်းက အိမ်မှာ တပ်ထားတာဆိုတော့ ဆိုင်ကို လောလောဆယ် ရွှေ့လို့မရသေးဘူး၊ လိပ်စာပြောင်းပြီးမှ ရွှေ့ရမှာကိုး။ ဆိုင်အလုပ်ဆိုတော့ ဆိုင်နဲ့ဆက်သွယ်ရင် လွယ်ကူအောင် ဖုန်းကတော့ဆိုင်မှာရှိဖို့တော့ လိုတာပေါ့လေ။ အဲတော့ ....

“ကိုရှမ်းလေးရေ၊ မြန်မြန်လေးသာ လိပ်စာပြောင်းလုပ်စမ်းပါဗျာ။ ဆိုင်ကိုမြန်မြန်ရွှေ့ရတော့ လုပ်ငန်းလဲ အဆင်ပြေအောင်လို့ဗျာနော်”လို့ပြောတော့ ....

“ခင်ဗျားတို့ဖုန်းက အိမ်မှာရှိတာပဲ၊ ပြီးတော့လဲ ဆိုင်နဲ့ အိမ်ကဝေးတာလဲ မဟုတ်ဘူး။ အဲဒီတော့ ကောလက်ဖုန်းတပ်လိုက်ပါလား”ဆိုပြီး အကြံဉာဏ်ပေးတယ်။ ပြောရရင် ကိုယ်က ခပ်တုံးတုံးဗျ၊ ကောလက်ဖုန်းဆိုတာ ဘာမှန်းမသိတာ အမှန်ဗျ။ သူရှင်းပြလို့ သိတာက ....

“ကောလက်ဖုန်းဆိုတာ အိမ်ကဖုန်းနဲ့ ကြိုးသွယ်တန်းစရာမလိုဘဲ ကောလက်ဖုန်းတစ်လုံးဝယ်၊ အိမ်မှာကောဆိုင်မှာကော တိုင်ထောင်လိုက်ရင်ပြီးရော၊ လိုအပ်တဲ့ပစ္စည်းတော့ ဝယ်ရမှာပေါ့ဗျာ”ဆိုပြီး ဉာဏ်ကြီးရှင်က အလွယ်တကူအကြံပေးတာနဲ့ ကျွန်တော်တို့လင်မယားကလည်း အခုလောလောဆယ် လိပ်စာပြောင်းလုပ်လို့မရရင်စပ်ကြား ကောလက်ဖုန်းလေးတပ်လိုက်ရင် ဆိုင်မှာလည်းအလုပ်ဖြစ်၊ အိမ်မှာလည်းဖုန်းပြောလို့ ရချေသေးရဲ့ဆိုပြီး ဝမ်းသာအားရနဲ့ သူပြောတဲ့အကြံကို လက်ခံလိုက်မိတယ်။ တိုတိုပြောရရင်တော့ဗျာ။ အဲဒီ ကောလက်ကြီးကိုဆင်လိုက်တာ ငွေတစ်သိန်းခွဲလောက်ကုန်သွားတယ်။ လိုင်းကတော့ စဆင်ဆင်ချင်းလောက်ပဲကြည်တယ်။ နောက်ပိုင်းကျတော့ ကိုယ့်ဆီဖုန်းဆက်တဲ့သူတွေကို အော်ပြီးပြောပြောနေရတယ်။ တစ်ဖက်ကလည်း ကိုယ်ပြောတာမကြားဘူး။ သည်ကြားထဲ အဲဒီ ကောလက်ဖုန်းက မီးလာရင်သာ ဖုန်းဆက်လို့ရတာ၊ မီးမလာရင် ဖုန်းဆက်လို့မရမှန်း နောက်မှသိရတယ်။ မီးကလည်း အဲဒီအချိန်တုန်းက လူကြီးမင်းတို့သိတဲ့အတိုင်း လာတဲ့ရက်နဲ့မလာတဲ့ရက် မလာတဲ့ရက်ကများနေတယ်။ ကိုယ်က အဲဒီ ကောလက်ဖုန်းအကြောင်း နားမှမလည်ဘဲကိုး။ သူကလည်း မီးလာရင်သာ ဆက်လို့ရတယ်၊ မီးမလာရင် ဆက်လို့မရဘူးဆိုပြီး ဘာမှမပြောဘူး။ အစကတည်းက မီးမလာရင် ဆက်လို့မရဘူး ဘက်ထရီပါ ဂျိုင်းထားရတယ်ဆို ရင် ကျွန်တော်တို့ ဘယ်သွယ် လဲဗျာ။ ရှင်းရှင်းပြောရရင် ကျွ



www.burmeseclassic.com

www.burmeseclassic.com



တော်တို့က အလုပ်ရှုပ်မယ့်ဟာဆိုရင် သိပ်လုပ်ချင်တဲ့သူတွေ မဟုတ်ဘူးမို့လား။



ဘက်ထရီဆိုရင် ကျွန်တော်တို့က ကဆလံပဲဗျ။ ဘာကြောင့်လဲဆိုတော့ ဇာတ်လမ်းရှိခဲ့ဖူးတယ်ဗျ။ သိတဲ့အတိုင်း ဘက်ထရီအိုးတစ်လုံးဆိုရင် တစ်သိန်းကျော်ပေးရတယ်ဆိုတာ။ ပေးရတာကတော့ သူ့ဈေးနဲ့သူကိုးဗျ။ ကိုယ်ကလည်း လုပ်ငန်းလုပ်နေတော့ မီးပျက်တဲ့အန္တရာယ်ကာကွယ်နိုင်အောင် အရင်ကဆိုင်မှာ ဘက်ထရီနဲ့ လင်းရာမကဝယ်တဲ့ ယူပီအက်စ်တစ်လုံး၊ အိမ်မှာလည်းထိုနည်းလည်းကောင်းပဲ ဘီဒီကြည့်ဖို့အတွက် ဘက်ထရီအိုးတစ်လုံးနဲ့ လင်းရာမ ယူပီအက်စ်တစ်လုံး၊ စဝယ်ဝယ်ချင်းကတော့ ဇိမ်ပဲပေါ့။ (၃)လလောက်နေတော့ ဗွေဖောက်လာတယ်လေ။ ယူပီအက်စ်များ ချို့ယွင်းလားဆိုပြီး ဗိုလ်စိန်ပက်လမ်းက လင်းရာမဆီကို ယူပီအက်စ်တွေထမ်းပြီး သွားပြတော့လည်း သူတို့ဆီမှာ စစ်ဆေးလိုက်တော့ ယူပီအက်စ်တွေကအကောင်း၊ ဒါဆိုရင် ဘက်ထရီတရားခံ ကိုယ်ကလည်း ဘက်ထရီအကြောင်း သိပ်နားမလည်။ မိုးရေထည့်တို့၊ အက်ဆစ်ထည့်တို့ဆိုတာ အကြမ်းဖျင်းလောက်ပဲသိတာ။ ဒါနဲ့ပဲ မိုးရေတွေလည်း ထည့်လိုက်တာပဲ၊ အက်ဆစ်လည်းထည့်လိုက်တာပဲ။ ထည့်လည်း ဘက်ထရီက ကောင်းမလာဘူး။ အဲတော့ ဘာလုပ်ရသလဲဆိုတော့ ဗိုလ်အောင်ကျော်လမ်းက ''တင်''ဘက်ထရီဆိုင်ကို Taxi ငှားပြီးသွားပြရတယ်။ ဘက်ထရီကျတော့ ထမ်းသွားလို့မရတော့ဘူးလေ။ ဟိုကလည်း ထုံးစံအတိုင်းပေါ့ ထားခဲ့၊ မနက်ဖြန်လာယူ၊ လိုတာလုပ်ပေးမယ်။ ငါးထောင်ကျတယ်ပေါ့။ ဘာငြင်းနိုင်မှာလဲ ကိုယ်မှမလုပ်တတ်တာ၊ နောက်နေ့လည်း Taxi နဲ့ပြန်သယ်လာတယ်။ ဘက်ထရီအိုးနှစ်အိုးဆိုတော့ တစ်သောင်းကျသွားပြီ၊ ကားခက အသွားအပြန်

www.burmeseclassic.com



၂၀၀၀။ ဘက်ထရီနှစ်အိုးကို နှစ်ခေါက်သွားလိုက်ရတော့ ကားခက ၄၀၀၀ ဖြစ်သွားတာပေါ့ဗျာ။

ဘက်ထရီရလာပြီး နှစ်ရက်ကြာတော့လည်း ဗွေဖောက်တာပဲပါဗျာ။ အဲဒီ ဘက်ထရီနှိပ်စက်လို့ ကွန်ပျူတာတောင်ဖောင်းခနဲပေါက်ပြီး စက်ချို့ယွင်းသွားလို့ ကွန်ပျူတာပြင်လိုက်ရတာ ငွေငါးသောင်းလောက်ကုန်သွားပြီး အထဲကဖိုင်တွေတောင် ပျက်စီးသွားသေးတယ်။ အဲလောက်ထိ ဘက်ထရီကကောင်းကျိုးမပေးတာနဲ့ စိတ်ကုန်သွားတယ်။ ဒါနဲ့ပဲ ဘက်ထရီကိုစိတ်နာပြီး တစ်သိန်းကျော်စီပေးရတဲ့ဘက်ထရီတွေကို တစ်လုံးကိုတစ်သောင်းနဲ့ လာဝယ်တဲ့ကုလားဆီကိုရောင်းလိုက်တယ်။ ရှိပူရသေး ကုန်မှအေးဆိုသလိုပေါ့။ အဲတော့ ဘက်ထရီကိုစိတ်နာနေတဲ့ကျွန်တော့်ကို ကောလက်ဖုန်းအတွက် ဘက်ထရီဆောင်ထားရမယ်ဆိုတော့ ကျွန်တော်ဗျာစိတ်ပေါက်ပေါက်နဲ့ ဘာလုပ်တယ်မှတ်သလဲ။

တစ်သိန်းခွဲလောက် အကုန်အကျခံဆင်ထားတဲ့ အဲဒီကောလက်ဖုန်းအထိုင်တွေကော၊ ကြိုးတွေကော၊ တိုင်တွေကော ပြန်ဖြုတ်သိမ်းလိုက်တယ်ဗျာ။ အဲတော့ ကျွန်တော့်မှာ ငွေကုန်သက်သက် ဖြစ်သွားတာပေါ့ဗျာ။

သည်လိုနဲ့ ကျွန်တော့်ဆိုင်မှာဖုန်းမရှိဘဲ အလုပ်လုပ်ခဲ့ရတယ်ဗျာ။ ဖုန်းလိုင်စာပြောင်းတာကလည်း တစ်လလည်းမရ၊ နှစ်လလည်းမရ၊ တစ်နှစ်လည်းမရ၊ နှစ်,နှစ်လည်းမရဆိုသလို ဖြစ်သွားတယ်။ သူပြောင်းပေးမယ်ဆိုပြီး စာချုပ်မှာလက်မှတ်ထိုးပြီးယူသွားတာ (၁၀-၁၀-၂၀၀၈)ဆိုတော့ အခု(၁၀-၁၀-၂၀၁၀)ဆိုတော့ ၂နှစ်ပေါ့ဗျာ။ သူပြောတဲ့တစ်လအတွင်းပြီးမယ်ဆိုလို့ တစ်လကျော်လောက် ကတည်းကဖုန်းဆက်တာ ဖုန်းဆက်တိုင်းလည်း .....

''တင်ထားတယ်၊ လက်မှတ်ထိုးဖို့ပဲ ကျန်တယ်''

''လူကြီးက ခရီးထွက်သွားလို့ ပြန်လာရင်ပြီးပြီ''

''ကျွန်တော်လည်း ခရီး[illegible] ထွက်နေလို့ ရုံးကိုတောင်မ[illegible] ရောက်ဘူး။ ခုချက်ချင်းရုံးကိုသွား[illegible] မယ်''

''ကျွန်တော်ခိုင်းထား[illegible] တဲ့သူတွေ ရှာတာမတွေ့ဘူး၊ သူ[illegible] လိုက်ရှာပြီးလုပ်ခိုင်းမယ်''

''နောက်တစ်ပတ်ရ[illegible] မယ်၊ စိတ်ချ''

''ကျွန်တော် ခင်ဗျား[illegible] ပိုက်ဆံစိုက်ပေးတော့မယ်ဗျာ။ [illegible] လကုန်ရင်''

''ကျွန်တော်အခု[illegible] မန္တလေးရောက်နေတာဗျ၊ ပြန်[illegible] လာရင်ခင်ဗျားဆီ လာခဲ့မယ်''

''ကျွန်တော်အခု ပဲခူး[illegible] မှာဗျ၊ အလုပ်ကိစ္စတွေနဲ့ ရှုပ်နေ[illegible] လို့ဗျို့၊ နောက်မှပြန်ဆက်နော်''

..................

..................

..................

ကျွန်တော်က ဖုန်း[illegible] ဆက်လွန်းလို့နဲ့တူတယ်။ သူ[illegible] ဟန်းဖုန်းကို ညဘက်ဆိုပိတ်ထား[illegible] တယ်။ ကျွန်တော့်အိမ်ကဆက်[illegible] တဲ့ ဖုန်းမှန်းသိရင် မကိုင်တော့[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ တစ်ခါတလေ ကျွန်တော်က နေ့ဘက်သူများဖုန်းတို့ လမ်းဘေး CPO ဖုန်းတို့နဲ့ဆက်ရင် ကျွန်တော်မှန်းမသိလို့ကိုင်ပြီး ပြန်ချလို့လည်းမရတော့ အထက်က ပြောသလိုမျိုး လိမ်နည်းပေါင်းစုံနဲ့ ပြောတော့တာပဲဗျာ။

သူခိုင်းထားတဲ့သူကို ကျွန်တော့်ဆီ ခေါ်လာဆိုတော့လည်း ခေါ်မလာဘူး။ အဲဒီလူနဲ့ ကျွန်တော်ရှင်းမယ်ပြောလည်း ခေါ်မလာဘူး။ အမျိုးမျိုးပေါ့ဗျာ။ ပြောရရင်တော့ လျှာအရိုးမရှိတိုင်း ပြောနေတယ်လို့ပဲ ပြောရတော့မယ်လေ။ စဉ်းစားကြည့်လေဗျာ။ ကျွန်တော့်ကိုတစ်ယောက်ယောက်ကခိုင်းမယ်။ ကျွန်တော်က ဒီပြင့်လူကိုပြန်ခိုင်းမယ်။ အချိန်တန်လို့မှ ကျွန်တော်ကအလုပ်မပြီးရင် ကျွန်တော့်ကိုခိုင်းတဲ့သူက ကျိကျတော့မှာပေါ့။ အဲကျရင် ကိုယ်ကလည်း ခိုင်းထားတဲ့တစ်ဖက်အပေါ် ကျိပြန်ကျတော့မှာပေါ့။ အခြေအနေဆိုးလာရင် အဲဒီလူရဲ့ကုပ်ကိုဆွဲလာပြီး ကျွန်တော်ခိုင်းထားတဲ့ သူရှေ့မှောက်ကို ခေါ်လာရမှာပေါ့ဗျာ။ ရှင်းရှင်းလေးပဲလေ။ ကိုယ့်တော့ အထင်လွဲအပြောအဆိုတော့ မခံတော့ဘူးပေါ့။ ဒါက ကျွန်တော့်

> **ကိုရှမ်းလေးရေ မလုပ်ဖြစ်လဲ ပိုက်ဆံပြန်ပေးပါ။ ပိုက်ဆံ အကုန်ပြန်ပေးစရာ မလိုဘူးနော်။ ကျွန်တော့်ဆီက ယူတာ (၂)သိန်း ခွဲနော်၊**

စိတ်လေ။ ကိုရှမ်းလေးစိတ်ခတ်ကျတော့ တစ်မျိုးပေါ့နော်။ စောစောကပြောသလို လှည့်နည်းပေါင်းစုံပေါ့ဗျာ။

ကြာတော့ ကျွန်တော်ဆက်ရတဲ့သူကတောင် ပြန်ရှက်လာတယ်။ ကျွန်တော်ဆက်တဲ့ဖုန်းက ဖုန်းဖိုးပြန်တွက်ရင် မနည်းဘူးကျမှာဗျ။ သူ့ကိုကျွန်တော် ဘယ်လောက်ထိအောင် ပြောသလဲဆိုတော့ ....

"ကိုရှမ်းလေးရေ မလုပ်ဖြစ်လဲ ပိုက်ဆံပြန်ပေးပါ။ ပိုက်ဆံအကုန်ပြန်ပေးစရာ မလိုဘူးနော်။ ကျွန်တော့်ဆီကယူတာ (၂)သိန်းခွဲနော်၊ (၂)သိန်းပဲပြန်ပေးပါဗျာ" လို့တောင်းပန်ပြီး ပြောတာတောင်မှ မရဘူးဗျာ။ ပြောလိုက်တိုင်း မနက်ဖြန်ငွေလာပေးမယ်။ သန်ဘက်ခါ ငွေလာပေးမယ်။ ဒီလကုန်ကျွန်တော်လုပ်ထားတဲ့ အလုပ်တစ်ခုက ပိုက်ဆံရမှာ ခင်ဗျားဆီ ငွေလာပေးမယ်ဆိုပြီး ပြောတယ်ဗျာ။

ကျွန်တော်သူ့ကို ကိုယ်ချင်းစာဖို့ပြောပါတယ်။ သူလည်း ဖုန်းချစားထားတာကိုး။ ဖုန်းတစ်လုံးရဲ့ဝင်ငွေက ဆိုင်မှာချစားရင် ဘယ်လောက်ရတယ်။ ကျွန်တော့်မှာ ဆိုင်စီးပွားရေးလည်းထိ



www.burmeseclassic.com

www.burmeseclassic.com



ခိုက်၊ ဖုန်းဝင်ငွေလည်းထိခိုက်၊ ငွေ(၂)သိန်းခွဲကို အတိုးနဲ့တွက်ရင် တောင် ဘယ်လောက်ကျနေပြီ လဲ။ ခင်ဗျားအကြံပေးကောင်းလို့ ကောလက်ဖုန်းကလည်း (၁) သိန်းခွဲလောက် ဆုံးရှုံးသွားရတာ တွေကို အောက်ကျခံပြီးပြောပါ တယ်။ ပြောလည်း စောစောက လိုပဲ ကျွန်တော့်ကို လိမ်နည်း ပေါင်းစုံပြောပြီး ဆက်လိမ်နေတာ ပါပဲဗျာ။

ကျွန်တော်က ဖုန်း ဆက်ရင် အိမ်မှာလူရှင်းတဲ့အချိန်၊ ညဘက်တစ်အိမ်သားလုံး အိပ် တဲ့အချိန်ကျမှ ဆက်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အိမ်က လူတွေက အဲဒီကိစ္စကိုအစဖော် သလို မှတ်မိရင်စိတ်မကောင်း ဖြစ်မှာစိုးလို့ရယ်၊ အိမ်ကသားက လူ ငယ်ဆိုတော့သိသွားတာ ဒေါ ကန်ဖူး:တော့ ဆင်ခြင်ပြီးဆက်ရ တယ်ဗျာ။ သားကကိုရှမ်းလေး နေတဲ့ အိမ်လိပ်စာကို ခဏခဏ မေးတော့ ပိုက်ဆံရပြီးပြီ ဘာညာ ဆိုပြီးလှဲလွှဲပြောရတယ်။ တစ်ခါ တုန်းကလည်း သားကကိုရှမ်း လေးကို ပန်းဆိုးတန်းထိပ်မှာတွေ့ လို့ ကျွန်တော့်ကို အပြေးလာ ပြောရှာတယ်။

"အဖေ သား ကိုရှမ်း လေးကိုတွေ့တယ်။ သားကုပ်ကို ဆွဲပြီး ခေါ်လာရမလား"တဲ့ .....

ကျွန်တော်က ....

"သားရယ် ပြဿနာမရှာပါနဲ့ ကွာ။ တော်ကြာ သားအချုပ်ထဲ ရောက်နေပါ့မယ်ကွာ"ဆိုပြီး နှစ် သိမ့်ရတယ်ဗျာ။ ကလေးဆိုတော့ ငွေနှစ်သိန်းခွဲနမြောမှာပေါ့လေ။ သားက "အဲဒီပိုက်ဆံရရင် သား ကို P-4 ဝယ်ပေးပါ"တဲ့ (ဒီနေ့လူ ငယ်တွေ စတိုင်နဲ့နားကြပ်နဲ့ သီချင်းပုဒ်ရေ တော်တော်များ များကို နားထောင်လို့ရတဲ့ ကိရိ ယာပေါ့လေ) ကိုယ်တောင်နမြော နေတာကိုး။ ကျွန်တော်ကသာ လူလိုသိတာပါ။ ကျွန်တော့်ဆီမှာ သူ့သားဖုန်းနံပါတ်လည်း ရှိ တယ်။ သူ့သားကတော်တယ်ဗျ။ ရေကြောင်းတက္ကသိုလ်မှာ တက် နေတာ။ ရေကြောင်းတက္ကသိုလ် ဆိုတာ သိတဲ့အတိုင်း ဆရာဝန် အမှတ်ထက်တောင်တော်မှ ရေ ကြောင်းတက္ကသိုလ် တက်ခွင့်ရ တာ။ ကျွန်တော် တစ်ခါတော့ ညဘက်တစ်ချက်လောက် အိပ် မပျော်တာနဲ့ ကိုရှမ်းလေးအ ကြောင်းတွေးမိပြီး ကျွန်တော်က လွဲလို့ တစ်အိမ်သားလုံးအိပ်နေ တဲ့အချိန် ထုံးစံအတိုင်း သူ့ဖုန်း ကိုခေါ်မရတာနဲ့ သူ့သားဖုန်းကို ခေါ်လိုက်တယ်။ ကောင်လေးက စာကြည့်တုန်းထင်တယ်ဗျာ၊ ကျွန်တော့်ဖုန်းမှန်းလည်း မသိ တာလားမသိဘူး။ ဖုန်းကိုင် တယ်။ ကျွန်တော်ကလည်း ....

"မင်းအဖေ အိပ်ပြီလား ကွ။ မင်းအဖေကကွာ ငါ့ကိုတယ် လီဖုန်းလိုင်းစာ ပြောင်းပေးမယ်ဆို ပြီး ငွေနှစ်သိန်းခွဲယူထားတာ နှစ် နှစ်လောက်ရှိပြီ၊ ခုထက်ထိလုပ်မ ပေးသေးဘူး၊ ဖုန်းဆက်တိုင်းလဲ ဖုန်းမကိုင်ဘူး။ အဲဒါ မင်းမနက် ကျရင် ပြောပြလိုက်ပါကွာ"ဆိုပြီး ကိုယ်က သူစာကြည့်နေမှန်းသိ တော့ အားနာပြီး လိုရင်းကိုပြော လိုက်တယ်။ ကောင်လေးက ....

"ဟုတ်ကဲ့ ပါခင်ဗျာ ကျွန်တော် မနက်ကျရင်ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ့မယ် ခင်ဗျာ''ဆိုပြီး ဖုန်းပြန်ချသွားတယ်။

ကျွန်တော် ပြန်တွေးကြည့်တော့လည်း ကလေးက စာဖတ်နေတဲ့ကလေး။ ကျွန်တော်က အဲလိုသူ့အဖေရဲ့ ကလိန်ကကျစ်ကျမှုကို ပြောလိုက်တာ သူ့အနေနဲ့ စိတ်မကောင်းများဖြစ်သွားမလားပေါ့၊ ငါ့သားလေးကိုလည်း အဲသည်လိုသာ ဆက်ဆံရင်လည်း စိတ်အနှောင့်အရှက်ဖြစ်မှာပဲဆိုပြီး ကိုယ်ချင်းစာမိတယ်လေ။ နောက်ငါဘယ်တော့မှ သူ့သားကိုင်တဲ့ဖုန်းနံပါတ်ကို မဆက်တော့ဘူး''လို့ စိတ်ဆုံးဖြတ်ချလိုက်တယ်။

ကျွန်တော် ဘာလုပ်ရမလဲဗျာ။ ပြဿနာတက်လို့ ရုံးဆောက်ဂါတ်ရောက်ရင်လည်း အလုပ်ကတစ်ဖက်နဲ့ ဖြေရှင်းရမယ်။ ဒါလည်းအချိန်ကုန်၊ ငွေကုန်၊ ကိုယ့်စီးပွားရေးပျက်မယ်။ ဒါတွေ အကုန်လျှောက်တွေးတယ်ဗျာ။ ဒီအချိန်မှာ လုပ်ငန်းတွေက ချင်လိုကောင်းကြတာ မဟုတ်ဘူးမို့လား။ ထမင်းစားဖို့ရ ပြီးရောဆိုပြီး ကိုယ့်ရှိတဲ့အလုပ်လေးတွေကို မှေးလုပ်နေတယ်။ ကိုယ့်သားအသက်ကလည်း (၁၆)နှစ်လောက်ရှိတာ၊ သားကစိတ်လက်မာန်ပါလုပ်ပြီး တစ်ခုခုဖြစ်ရင် ဘယ်လိုလုပ်မလဲ။ ငွေ(၂)သိန်းခွဲအပြင် ထပ်လိုက်လို့ဆုံးမှာ မဟုတ်ဘူး။ ဒါတွေကို ခေါင်းထဲထည့်မှဖြစ်မယ် မဟုတ်လား။ ကျွန်တော်က ငွေနှမြောလို့မဟုတ်ပါဘူး။ သည်ထက်မကတောင် ဆုံးရှုံးမှုတွေက ကြုံခဲ့ဖူးတာပဲ။ ကိုယ်က သူ့အပေါ်ယုံကြည်တာကို ကိုယ့်ကိုလူလည်ကျလွန်းတော့ စိတ်ထဲမကောင်းဘူးပေါ့။ ပြီးတော့လည်း စာရွက်စာတမ်းတွေက သူ့ဆီမှာ၊ ဒီပြင့်လူနဲ့ဆက်လုပ်လည်း လိပ်စာပြောင်းဆိုတော့ အဲဒီစာရွက်တွေ ပြန်ရမှ ဖြစ်မယ်မို့လား။ သူကလည်း ငွေလည်းပြန်လာမပေး၊ စာရွက်တွေလည်း ပြန်လာမပေးနဲ့ဆိုတော့ သူနဲ့မလုပ်ဖြစ်လို့ ငွေဆုံးခံလိုက်ပြီဆိုတာတောင် စာရွက်စာတမ်းတွေကမရှိရင် ဘာမှဆက်လုပ်လို့မရဘူးလေ၊

စိတ်ညစ်တယ်ဗျာ။ အခုသည်စာရိုက်နေရင်းနဲ့ နာရီကိုကြည့်လိုက်တော့ (၁၂)နာရီခွဲလောက်ရှိနေပြီ။ သည်အချိန်ဆိုရင် ကိုရှမ်းလေးအိပ်နေပြီလားမသိဘူး။ သူ့ဖုန်းတော့ ပိတ်ထားရောပေါ့။ သူ့သားဖုန်းကို ဆက်ရင်ကောင်းမလား။ အို .... ကလေးစာကြည့်ပျက်နေပါဦးမယ်။ သူ့ဖုန်းပဲ ဆက်ကြည့်လိုက်မယ် ...

(၀၉-၅၁၉-----)နှိပ်လိုက်မယ်။ ဩော် ... ဟုံးစံအတိုင်းပါလား။

''လူကြီးမင်းခေါ်ဆိုသော ဂျီအက်စ်အမ်တယ်လီဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင်''... တဲ့။

**ပင်ချစ်သူ(မြန်မာစာ)**




www.burmeseclassic.com

www.burmeseclassic.com



# ကြမ္မာငင်သေချင်ပြီဆိုသောအခါ

စိမ်းစိုဦး





www.burmeseclassic.com

www.burmeseclassic.com



## ကြုံမှာငင်
## သေချင်ပြီဆိုသောအခါ

စိမ်းစိုဦး

စက်ရုံလေး၏ နေ့လယ်ထမင်းစား အလုပ်ဖြုတ်ချိန် ဖြစ်ပါသည်။

အပျင်းပြေဖတ်ရန် မဂ္ဂဇင်းစာအုပ်တစ်အုပ် ငှားမည်ဆိုသောစိတ်ကူးနှင့်စက်ရုံဂိတ်ကြီးသို့ ကျွန်တော် ရောက်နေ၏။ ဂိတ်ကြီးမှထွက်၍ ဂိတ်ကြီးနှင့် ခပ်လှမ်းလှမ်းဝေးကွာသော ဈေးဆိုင်တန်းသို့ သွားကာ စာအုပ်ငှားရမည်ဖြစ်ပါသည်။

ကျွန်တော် စက်ရုံဂိတ်မှ အပြင်သို့ ထွက်မိစဉ် စက်ရုံရှေ့ လမ်းမကြီး၏ လမ်းထိပ်ဘက်ဆီမှ စက်ကုန်ဖွင့် မောင်းနှင်နေဟန်တူသော မော်တော်ဆိုင်ကယ်တစ်စီး၏ တဖြီးဖြီး တပြဲပြဲ စက်သံကို ကျယ်လောင်စွာ ကြားလိုက်၏။ မော်တော်ဆိုင်ကယ်စက်သံက ငယ်သံပါအောင် အသံကုန်ညှစ်၍ အော်ဟစ်သံမျိုးပင်။

"ဟာ ... ဟိုမှာ မော်တော်ဆိုင်ကယ်။ တိုက်ပြီ။ ဘယ်သူလဲ သေပြီဘူး"

စက်ရုံဂိတ်ကြီးရှေ့ လမ်းပေါ်တွင် ရောက်နေသူ အုပ်ချုပ်ရေးဌာနမှ ကိုထွန်းသူက အထိတ်တလန့်အဖြစ် အော်ဟစ်လိုက်၏။ ကျွန်တော် လမ်းမပေါ်အရောက် အမြန်ပြေးထွက်ကာ လမ်းထိပ်ဘက်သို့ လှမ်းကြည့်လိုက်မိပါသည်။ လမ်းမီးတိုင်လေးတိုင်အကွာ ဓာတ်တိုင်သို့ လူများပြေးသွားကြ၏။ လမ်းထိပ်မှ လာသော မော်တော်ဆိုင်ကယ် နှစ်စီးပင် ဆိုင်ကယ်တိုက်မှု ဖြစ်ပွားသည့် ဓာတ်တိုင်အနီးရပ်ကာ အခြေအနေကို အကဲခတ် စောင့်ကြည့်နေကြောင်း လှမ်းတွေ့ရ၏။

"ဘယ်သူလဲ၊ ဘယ်က လူလဲ၊ လူထိခိုက်မှု၊ ဒဏ်ရာအနာတရဖြစ်မှု၊ မော်တော်ဆိုင်ကယ် အပျက်အစီး စသည်များကို ကြည့်ကာ အကူအညီပေးချင်ပေးရမည်။ မော်တော်ဆိုင်ကယ် တိုက်ပြီဆိုတော့ အနိဋ္ဌာရုံမြင်ကွင်း၊ စိတ်မကောင်းစရာအဖြစ်။ ထိခိုက်ပျက်စီးမှုများကို မြင်တွေ့ရမည်သာဖြစ်ပါသည်။

ကျွန်တော် အခင်းဖြစ်ပွားရာ နေရာသို့ အပြေးအလွှားပင် သွားလိုက်၏။ အခင်းဖြစ်ပြီး ခပ်စောစော ရောက်လာကြသူများထဲတွင် ကျွန်တော် ပါသည်ဟု ဆိုရပါမည်။ ကျွန်တော့်လိုပင် စက်ရုံဝန်ထမ်း အမျိုးသမီးနှစ်ဦးလည်း ရောက်လာကြပါသည်။

ကွန်ကရစ် ဓာတ်တိုင်၏ တစ်ဖက်တွင် လူငယ်တစ်ဦး မှောက်လျက်ကြီးလဲကာ သတိမေ့နေပါသည်။ စက်ရပ်သွားသော မော်တော်ဆိုင်ကယ်ကလည်း လူငယ်နှင့် နှစ်လံခန့်အကွာတွင် လဲနေ၏။ မော်တော်ဆိုင်ကယ်မှာ အထိအခိုက် အပျက်အစီးများ မရှိ။ ဓာတ်တိုင်နှင့် တိုက်မိ ခိုက်မိဟန် မတူချေ။

"ဟယ်... အောင်ကျော်၊ အံမယ်လေး လုပ်ကြပါဦး။ ဒီစက်ရုံမာရှိန်ပြောင်းအလုပ်ရုံကကလေးပါ။ ဖြစ်မှဖြစ်ရလေ။ အောင်ကျော်ရယ် ဟီး ... ဟီး"

ထုတ်လုပ်ရေးဌာနမှ ဒေါ်တင်ဆွေသန်းက အထိတ်တလန့်ဖြစ်ကာ သတိမေ့လဲနေသော လူငယ်ကို ကြည့်ရင်း ဝမ်းနည်းကြေကွဲခြင်း၊ စိတ်မကောင်းဖြစ်ခြင်း၊ ရင်းနှီးခင်မင်သူဖြစ်ခြင်းစသည့် လူ့သဘာဝ လူသားတို့ သံယောဇဉ်အရ အော်ဟစ် ငိုယိုနေပါတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒေါ်တင်ဆွေသန်းမှာ တုံးလုံးလဲကာ သတိမေ့နေသူကို စိတ်ပူစိုးရိမ်စိတ်နှင့် စိတ်လှုပ်ရှားကာ ပြောဆို၏။ ငို၏။

အောင်ကျော်။ မာရှိန်ပြောင်း အလုပ်ရုံကအောင်ကျော်။ ဒီကောင်လေးကို ငါသိသလိုလိုပဲ။ အသက်နှစ်ဆယ်ကျော်လောက် အရွယ် ဘောလုံးကန်အင်္ကျီ အနီအဝါတွေ အမြဲဝတ်လေ့ရှိတဲ့ လူငယ်လေး။ ရိုရိုကျိုးကျိုးနဲ့ လိမ္မာယဥ်ကျေးတဲ့ ကလေး။ စက်ရုံမှာ ချောင်ကျကျ အလုပ်ရုံဖြစ်တဲ့ သစ်သားအလုပ်ရုံ လာပြီး မကြာမကြာ သစ်စအတိုအစ ထင်းလာတောင်းလေ့ရှိတယ်။ သူတို့ မာရှိန်ပြောင်း အလုပ်ရုံမှာ သစ်တိုသစ်စ ထင်းတွေဘယ်လို သုံးမှန်း ငါမသိဘူး။ ရှိရင် ရှိသလို ပေးလိုက်တယ်။ မရှိရင် အရေးကြီးလား၊ မလွဲမသွေ လိုအပ်လား မေးပြီး ရှိရာကို လွှစက်မှာဖြတ်တောက်ပြီး ပေးနေမိတဲ့ ကလေး။ ငါ သူ့နာမည်ကို မသိဘူး။ လူကိုပဲ မှတ်မိတာ။ ခုလဲနေတဲ့သူက မာရှိန်ပြောင်း အလုပ်ရုံက အောင်ကျော်တဲ့လား။ ဝမ်းနည်းစရာ၊ ကြေကွဲစရာ အနိ



ဋ္ဌာရုံကြီးတွေတော့ ဖြစ်ကုန်ပြီ။ ဘယ်လောက်ထိခိုက်မိလဲ၊ သေမလား ရှင်မလား ကျွန်တော် တွေးနေမိ၏။

ကျွန်တော်သည် ကိုယ့်စက်ရုံမှ ကိုယ့်ဝန်ထမ်းချင်း လုပ်ဖော်ကိုင်ဖက်ချင်းဆိုသည့် အသိနှင့် အကြီးအကျယ် စိတ်ညစ်သွားမိပါတော့သည်။ ဒေါ်တင်ဆွေသန်းမှာ ဋ္ဌာနတူသလို ရင်းနှီးကျွမ်းဝင်ဟန်ရှိ၍ မောင်လေးအရွယ် အောင်ကျော်ဘေးတွင် စိတ်ပူစိုးရိမ်စိတ်နှင့် တဗျစ်တောက်တောက်ပြောရင်းက ငိုယိုနေပါလေပြီ။ ပြီးတော့ ပျာလောင်ခေတ်နေ၏။ စိတ်ပူစိုးရိမ်စရာ၊ ထိချက်နာဟန်တူသော အောင်ကျော်မှာ လဲနေသည့် အနေအထားမှ တုတ်တုတ်မှ မလှုပ်ချေ။ အသက်အန္တရာယ် စိုးရိမ်ရသည်အထိ ပြင်းပြင်းထန်ထန် ထိခိုက်မိလေပြီလား။

ကျွန်တော် အောင်ကျော့် အနီးသွားကာ အကဲခတ်ပါသည်။ အနီးသို့ကား ကပ်မရ။ ဝိုင်းအုံနေကြသော လူများရှိနေ၍ဖြစ်ပါသည်။ မှန်ပါသည်။ ကျွန်တော့်ထံ အလုပ်ရုံအတွက် သစ်တိုသစ်စ ထင်းလာယူလေ့ရှိသည့် ကောင်လေးပင်။ ယောကျ်ားသား လုပ်သား နည်းပါးသော ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



စက်ရုံ၏ အခြေအနေအရ ဌာနချင်း၊ အလုပ်ရုံချင်း ဆက်ဆံပြောဆိုရန် လိုအပ်လျှင် ငယ်ငယ်ကြီးကြီး ယောကျ်ားသားဝန်ထမ်းများက ဦးဆောင်ပြောဆို၏။ လူငယ်လေးသာဖြစ်၍ စက်ရုံလုပ်သက်နုသူဖြစ်သော်လည်း ကျွန်တော့်အလုပ်ရုံသို့ ရောက်လျှင် အောင်ကျော်သာ ကျွန်တော်နှင့် စကားပြော၊ အထိအတွေ့လုပ်၏။ ပြောခဲ့၏။ ဆို၏။ အရေးဆိုတောင်းခံခဲ့၏။ အော်ကျော်နှင့်အတူ မိန်းကလေးဝန်ထမ်း သုံးလေးယောက်အမြဲပါလာတတ်၏။ အောင်ကျော်က ယောကျ်ားလေးပီပီ ခေါင်းဝင်လျှင် ကိုယ်ဆံ့နိုင်သူ။ ဦးဆောင်လော့ရှိသူပင်။

➤➤➤

ကျွန်တော်သည် အောင်ကျော်၏ ထိခိုက်မှုမှာ စိတ်ပူစိုးရိမ်များဖြစ်ကြောင်း နားလည်မိပါသည်။ အောင်ကျော်နှင့် ထိခိုက်မိသော ခတ်တိုင်မှာ ကွန်ကရစ်လမ်းမကြီးနှင့် တစ်လံကျော်ခန့်ပင်ဝေးကွာ၏။ လမ်းထိပ်မှ ကျွန်တော်တို့ စက်ရုံဧရိယာထဲ ဝင်လာလျှင် လမ်းဖြောင့်လမ်းသာ ဖြစ်ပါသည်။ ထိုလမ်းဖြောင့်ဆုံးလျှင် ပြေပြစ်သော တံတောင်ဆစ် အကွေးလမ်းဖြစ်၏။ စက်တပ်ယာဉ်ကားဖြစ်စေ မော်တော်ဆိုင်ကယ်ဖြစ်စေ အရှိန်အဟုန်ကို လျှော့ကာ အလိုက်သင့် ကွေ့ကာ မောင်းနှင်စီးနင်းရမည့် လမ်းအနေအထားရှိပါသည်။

အောင်ကျော်သည် လမ်းဖြောင့်အတိုင်း စက်ကုန်ဖွင့်စီးလာရာမှ အရှိန်အဟုန်ကို မထိန်းနိုင်ဘဲ ကွန်ကရစ်လမ်းမကြီးမှ တစ်လံခန့် ဝေးကွာသော ကွန်ကရစ်လမ်းဘေးမီးတိုင်သို့ အရှိန်လွန်ဖဲ့ထွက်သွားခဲ့ပါသည်။ ကွန်ကရစ်လမ်းမီးတိုင်ခြေရင်းမှာ နှစ်တောင်ခန့်မြင့်မည့် ခြတောင်ပို့ရှိ၏။ အောင်ကျော်၏ ဆိုင်ကယ်တိုင်နှင့် တည့်တည့် ခြတောင်ပို့သို့ တက်ရာမှ ဆိုင်ကယ်တခြား လူတခြား ဖြစ်သွားခြင်းပင်တည်း။ ခြတောင်ပို့တွင် ဆိုင်ကယ်ဘီးအရာက အထင်းသား၊ တိုင်နှင့် တည့်တည့်မတ်မတ်ပင်။

''အခြေအနေက မလွယ်ဘူးထင်တယ်။ ခတ်တိုင်ဆီတည့်တည့်ကြီး ဝင်တိုးသွားတာပဲဗျ''

ကျွန်တော်သည် မော်တော်ဆိုင်ကယ်ကိုရပ်၍ အခြေအနေကိုစောင့်ကြည့်နေသူအနီး သွားကာထင်မြင်ချက်ကို ပြောပြမိ၏။ ထိုသူကလည်း ပြောချင်နေဟန်တူ၏။ ဖြစ်စဉ်ဖြစ်ရပ်ကို အနီးကပ်မြင်တွေ့ရသူလည်း ဖြစ်၏။

''ဟုတ်တယ်၊ မလွယ်လောက်ဘူး။ ဘယ့်နှယ်ဗျာ ဆိုင်ကယ် စီးတာများ ကံကြမ္မာငြိုဖြင့်ပြီး သူ့ကိုယ်သူ သေကြောင်းကြံတယ်လို့ ယူဆစရာတောင် ဖြစ်တယ်။ အဲဒီကောင်လေး စက်ရုံလမ်းက ဆိုင်ကယ်စီးပြီး ထွက်လာတော့ ကျွန်တော်လမ်းဆုံကဈေးဆိုင်မှာ ဈေးဝယ်နေတာ။ ထွက်လာကတည်းက စက်ကုန်ဖွင့်ပြီး အသားကုန်စီးလာတာ။ စီးတာမှ မိုင်ကုန်ပဲ။ သရဲစီးလာတဲ့ပုံစံမျိုးပဲ။ အဲဒီလိုစီးပြီး မြို့သစ်ဘက်ထွက်သွားတယ်။ ကျွန်တော်ဈေးဝယ်ပြီး ဆိုင်ကယ်နဲ့ ထွက်လာတော့ သူမြို့သစ်ဘက်က ပြန်လာတယ်။ စက်ကုန်ဖွင့်စီးတုန်းပါပဲ။ ကျွန်တော့်ကို ကျော်တက်သွားတယ်။ ကျွန်တော်လဲ မဖြစ်ချေဘူးဆိုပြီး အဝေးက ရှောင်ပေးရတယ်။ သူ့ နောက်က လိုက်လာရင်း ဒီကောင် ဆိုင်ကယ်မစီးတတ်စီးတတ်နဲ့ စီးနေတာလား၊ လီဘာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ဘရိတ်တွေကို စနစ်တကျမှ အသုံးချတတ်ရဲ့လားလို့ တွေး နေမိသေးတယ်။ တကယ်က ဒီ လမ်းအကွေ့ရောက်ရင် ကားဖြစ် ဖြစ် ဆိုင်ကယ်ဖြစ်ဖြစ် အရှိန်လျှော့ ရမယ့်နေရာကြီးပါ။ သူက အရှိန် ကို လုံးဝ မလျှော့ဘဲ ကွေ့စီးတော့ အရှိန်လွန်ပြီး လမ်းကချော်ထွက် ကုန်တာပေါ့။ ပြီးတော့ ဒီကောင့် မှာ အသိသတိဘာမှရှိပုံမရတော့ ဘူးဗျ။ အရှိန်လွန် လမ်းဘေး ရောက်လဲ အန္တရာယ်မဖြစ်အောင် မတိုက်မိအောင် ရှောင်နိုင်တဲ့နေရာ က အကျယ်ကြီးပါ။ ဒါပေမဲ့ ဓာတ် တိုင်ဆီတည့်တည့်ကြီးသွားတယ်။ ဓာတ်တိုင်ခြေရင်း ခြတောင်ပို့ကို တက်တော့ ဆိုင်ကယ်ကတစ်ဖက် စောင်းပြီး လဲသွားတယ်။ ဆိုင် ကယ်နဲ့ လွတ်တယ်။ ဆိုင်ကယ် ပေါ်က လူက အရှိန်နဲ့ လွင့်ထွက် ပြီး သူ့ခေါင်းနဲ့ တိုင် ရိုက်မိရာက တစ်ပတ်လည်ပြီး ဓာတ်တိုင်တစ် ဖက်ကိုပစ်ကျသွားတာပဲဗျ။ ဘယ် လိုပြောရမလဲဗျာ။ ကြက်ကို ခြေ ထောက်နှစ်ချောင်းက ကိုင်ပြီး အ ရှိန်နဲ့ လွှဲရိုက်သလိုမျိုးပါပဲ။ ဒီ ကောင် ပြန်ကျန်းမာလာဦးဗျာ ဦးနှောက်က သုံးလို့ ရနိုင်မယ် မထင်ပါဘူး''

အနီးကပ် မြင်တွေ့လိုက်ရ သူက ကျွန်တော့်ကို ရှင်းပြ၏။

ထိုစဉ် စက်ရုံမှ အီးတူး သောင်ဇင် ကားပြာလေးရောက် လာ၏။

ဒီ ကောင်
ပြန်ကျန်းမာ
လာဦးဗျာ
ဦးနှောက်က
သုံးလို့ရနိုင်မယ်
မထင်ပါဘူး

''ကားပေါ်တင်မယ်၊ မြန် မြန်လုပ်၊ မြန်မြန်တင်''

''ဖြစ်မှ ဖြစ်ရလေ အောင် ကျော်ရယ်''

''ဝိုင်းမ ပြီး မြန်မြန်တင် ကြလေ''

တစ်ယောက်တစ်ပေါက် ဝိုင်းအော်ကြ၏။ ကျွန်တော် အောင်ကျော်၏ နှာခေါင်းနှင့် နား သွေးထွက်နေ၏။ လည်ချောင်းနှ နှာခေါင်းမှ ဂူးဂူးဂဲဂဲ အသံထွက် နေ၏။ ဘုရား ဘုရား၊ မလွယ်ပ လား။ ထိချက်နာကြောင်း ထင် ရှားလှ၏။

ကားစက်ရုံ ဆေးရုံဘက်သ တရှိန်ထိုး မောင်းထွက်သွားတော ကျွန်တော် ယောင်ချာချာနှင့် က ခဲ့၏။ ထိုစဉ် လဲနေသော မေ တော်ဆိုင်ကယ်ကို မျက်နှာစိမ လူငယ်နှစ်ဦး ကောက်ထောင်က စက်နှိုးကြည့်၏။ မော်တော်ဆို ကယ်က အကောင်းပကတိပင် ဘာအထိအခိုက်မှုမရှိ။ စက်ချ ချင်းပင် တန်းနိုး၏။

''ဟော့ကောင် ... တက် တက် ... မြန်မြန်လုပ်သွားမယ်

ဆိုင်ကယ်ကို တက်စီး က အလျင်စလို ပြော၏။ အ ဆိုင်ကယ်ပေါ်ထိုင်မိသည်နှင့် မေ တော်ဆိုင်ကယ် ဝူးခနဲ မော ထွက်သွားပါတော့သည်။ နော တော့ လူစုကွဲကာ ကိုယ့်လ ကိုယ်သွားဖြစ်ကုန်ကြပါတေ သည်။ ကျွန်တော်ကား အ



www.burmeseclassic.com

www.burmeseclassic.com



နေ အရပ်ရပ်ကို နားမလည်မိချေ။ အောင်ကျော်ကတော့ သေလု မြောပါး အခြေအနေနှင့် စက်ရုံဆေးရုံသို့ ရောက်သွားလေပြီ။

ကျွန်တော် စက်ရုံဂိတ်ကြီးသို့ အရောက်တွင် အောင်ကျော်နှင့်အတူ စက်ရုံဆေးရုံသို့ လိုက်ပါသွားသည့် ထုတ်လုပ်ရေးဌာနက ဒေါ်တင်ဆွေသန်းအား တွေ့၏။ သည်တော့ အခြေအနေမှန်ကို သိနိုင်ရန် မေးမြန်းစပ်စုမိရပါတော့သည်။

"ဒေါ်တင်ဆွေသန်း ခဏလေးပါနော်။ ကျွန်တော် ကောင်းကောင်း နားမလည်လို့ပါဗျာ။ အောင်ကျော် ဆိုင်ကယ်စီးတာ မတွေ့ဖူးဘူး။ ခုနကပဲ မှောက်တဲ့ ဆိုင်ကယ်ကို ကောင်လေးနှစ်ယောက်စီးပြီး ထွက်သွားတာတွေ့တယ်။ ဘယ်လိုဖြစ်တာလဲဟင်။ ဒေါ်ဆွေသန်းသိရင် ပြောပြပေးပါဦးဗျာ"

"သြော် ...ဆရာ၊ အလုပ်ဖြုတ်ခါနီးလောက်ကပဲ အောင်ကျော်တို့ရွာက အောင်ကျော့် သူငယ်ချင်းနှစ်ယောက် မှောက်တဲ့ ဆိုင်ကယ်ကိုစီးပြီး စက်ရုံဂိတ်မှာ အောင်ကျော်ကို လာတွေ့ကြတယ်။ စက်ရုံဘက်ရောက်ခိုက် လမ်းကြုံလို့ ဝင်တွေ့တဲ့ သဘောပါ။ အောင်ကျော်နဲ့အတော်တရင်း တနီးရှိပုံရပါတယ်။ အောင်ကျော်နဲ့ ဆိုင်ကယ်နဲ့လာတွေ့ကြတဲ့ ကောင်လေးနှစ်ယောက် တွေ့ပြီးတာနဲ့ အလုပ်ဖြုတ်ချိန်နဲ့ အံကိုက်ပဲဆရာ။ အောင်ကျော်နဲ့ ကျွန်မ ရင်းနှီးပါတယ်။ ဌာနတူချင်းပဲလေ။ ဆိုင်ကယ်နဲ့ လာတွေ့တဲ့ သူ့အပေါင်းအသင်းတွေနဲ့ စကားတစ်လုံး နှစ်လုံးပြောပြီးတာနဲ့ အောင်ကျော်က

"မင်း ဆိုင်ကယ်က အသစ်ပါလား၊ သော့ပေးကွာ။ ငါ ဟိုနားဒီနား စီးကြည့်ဦးမယ်"

ပြောတော့ ဟိုကလဲ အလွယ်တကူပဲ ပေးတယ်။ အောင်ကျော် ဆိုင်ကယ်သော့ ရတာနဲ့ ဆိုင်ကယ်ပေါ်တက်ခွပြီး

"မင်းတို့ ဒီနားမှာ ခဏစောင့်နေကြကွာ၊ မကြာပါဘူး။ ငါ ခဏလေးစီးကြည့်ဦးမယ်"

ဆိုပြီးလုပ်တော့ လူခင်ချင်းဖြစ်တဲ့ ကျွန်မက–

"ဟေ့ ကောင်လေး အောင်ကျော်၊ နင် ဆိုင်ကယ် စီးတတ်လို့လား။ ဟုတ်မှလဲလုပ်ပါဟယ်။ ကျော်မကောင်း ကြားမကောင်း ဖြစ်နေပါဦးမယ်"

လို့ ရယ်ရယ်မောမောနဲ့ ပြောမိသေးတယ်။ အောင်ကျော်က

"ဖြစ်ပါတယ် အစ်မရဲ့"

ဆိုပြီး မောင်းထွက်သွားတာပါပဲ။ ကျွမ်းကျွမ်းကျင်ကျင် စီးတတ်လား၊ မစီးတတ်လားတော့ ကျွန်မမသိဘူး။ ထွက်သွားပြီး မကြာခင် စက်ကုန်ဖွင့် စီးသွားတာပါပဲ။ ခု သူ့ သူငယ်ချင်းတွေဆီ ပြန်အလာရောက်ခါနီးမှာ ဖြစ်တာပဲ ဆရာ။ ကျွန်မ စိတ်မကောင်းလိုက်တာ။ ကျွန်မပြောတာကို ဒီကောင်လေး ဂရုမစိုက်ဘူး။ ခုတော့ သေမလား ရှင်မလား မသိတဲ့အခြေ ဆိုက်ကုန်ပြီ။ အရမ်းစိတ်ဆင်းရဲဖို့ကောင်းပဲ"

ဒေါ်တင်ဆွေသန်းက ရှင်းပြရင်း စိတ်မကောင်းစွာ ညည်းညူ၏။

"သြော် ..သြော် ... ကြမ္မာငင်ချင်တော့ ကံကြမ္မာက ဖန်လာတာပေါ့လေ။ အင်း ဆိုင်ကယ် မထိခိုက်ဘူး၊ အကောင်း ပကတိ ဆိုတော့ ဆိုင်ကယ် ပြန်ရတာနဲ့ အောင်ကျော့် သူငယ်ချင်း နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် အမှုပတ်မှာစိုးလို့ သူတို့ဆိုင်ကယ်နဲ့ အမြန်ပြန်ထွက်ပြေးကြတာနေမှာပေါ့။ စက်ရုံရေိယာ စက်ရုံဝင်းအတွင်း ရဲတွေ လက်လှမ်းမမီတဲ့နေရာမို့ တော်သေးတယ်ဆိုရမယ်။ အပြင်မှာဆို အမှုဖြစ်မှာပဲဗျ။ ဆိုင်ကယ်အကြမ်းပတမ်းစီးမှု၊ ဆိုင်ကယ်မှောက်မှု၊ ဆိုင်ကယ်ကလဲ လိုင်စင်မဲ့ ဆိုင်ကယ်၊ ရဲတွေသိရင် မလွယ်ဘူး။ ဒါကြောင့် အမြန်ထွက်ပြေးကြတာဖြစ်မယ်။ အောင်ကျော်ကတော့ ဆိုင်ကယ်စီးဖို့ အခွင့်အရေးရတာကို ပျော်စရာကြီးလို့ထင်မယ်။



ခုတော့ ကြမ္မာငင်သလို ဒုက္ခရောက်ဖို့ ဖြစ်ကုန်ပြီ။ တကယ့်စိတ်မကောင်းစရာပဲ။ အသက်ငယ်ငယ် ရွယ်ရွယ်လေးနဲ့ အသွားမတော် တစ်လှမ်းဆိုသလိုမျိုး ဖြစ်ရပြီ။ အောင်ကျော်ရဲ့ အဖေအမေများ မိသားစုများ ရင်ကျိုးစရာပဲ။ ကျွန်တော့်အနေနဲ့ သားသမီးချင်း စာနာတယ်။ အောင်ကျော့်ဖြစ်ရပ်မျိုး အတွေးထဲမှာတောင် စိတ်မကူးရဲ မခံစားရဲဘူး''

ကျွန်တော် စာနာစိတ်အပြည့်နှင့် ပြောဖြစ်ဆိုဖြစ်ပါသည်။

➤➤➤

ယခုနှစ်ဘက်ပိုင်းတွင် ကျွန်တော်တို့ ဒေသတွင် ပြည်သူလူထု စီးပွားရေး အခြေအနေ ကောင်းမွန်တိုးတက်ဖွံ့ဖြိုးလာကြသည်ဟု ဆိုရမည်လားတော့ မသိပြီ။ မော်တော်ဆိုင်ကယ် ဝယ်စီးနိုင်သူများ ဒီရေအလား တိုးပွားမြင့်မားလာနေပါသည်။ မော်တော်ဆိုင်ကယ်များ ရှုပ်ယှက်ခတ်နေပြီ။ တောထရာမှ ပေါက်ကွဲသည့်အဆင့်ရောက်နေပြီဟုပင် ဆိုနိုင်နေပါသည်။

စီးပွားရေးကောင်းလာကြသည်။ မော်တော်ဆိုင်ကယ် ဝယ်စီးနိုင်လာကြသည်။ ခေတ်မီတ… တက်လာကြသည့်ကိစ္စမှာ အ… အနေကောင်း အလားအလ… ကောင်းဟု တွေးကာ မုဒိတာပွ… ဖွယ်ပင် ဖြစ်၏။ သို့သော် မေ… တော်ဆိုင်ကယ်များကြောင့် ဒေ… သူ ဒဏ်ရာရသူများ စာရင်း… အရှိန်အဟုန်နှင့် မြင့်တက်လာ… ပါသည်။

ကျွန်တော့် အပေါင်းအ… သင်း ကိုစိန်အေး၏ သား ရဲလ… အောင် အရက်မူးမူးနှင့် ဆိုင်က… မောင်း ရာမှ ဆိုင်ကယ်မှောက်… လူလည်းသေ၊ ဆိုင်ကယ်လည်… တစ်စစီဖြစ်ကုန်၏။ ချွေးမနှ… လူမမည် ကလေးနှစ်ယောက်… ဘယ်လို လူလားမြောက်အော… ပြုစုပျိုးထောင် ရှင်သန်စေရမည… မှန်း မသိတော့။ လူမှုရေး အနိ… ရုံ ကြုံနေရရှာ၏။


ကျွန်တော့် ခြေရင်းအိမ်… အသက်နှစ်ဆယ်အရွယ် လူ… မင်းမင်းသည် မော်တော်ဆိုင်က… မှောက်ရာမှ ဒူးခေါင်းရိုး ကွဲက… ၏။ ငွေကုန်ကြေးကျခံ ဆေးကု… သည့်တိုင် ကြာကြာမရပ်နိုင်။ ကြ… ကြာမထိုင်နိုင်၊ အလေးအ… မထမ်းနိုင်။ မပြေးလွှားနိုင်…



www.burmeseclassic.com

www.burmeseclassic.com





စွမ်းမသန် လူငယ်ဖြစ်သွား၏။ ဘယ်မတော်ထဲရောက်လိုသော်လည်း ီလာန ဒူးခေါင်းကြောင့် အံမဝင် သူဖြစ်သွားရရှာ၏။

မော်တော်ဆိုင်ကယ်မှောက် မှု တိုက်မှု သေမှု နာမှု ဆေးရုံ ဆေးခန်းရောက်မှု အချုပ်ခန်း ရောက်မှု သတင်းများက မကြား ချင်အဆုံးပင်။ မကြားချင်လည်း ကြားမကြားပင် ကြားနေကြရ၏။

အလုပ် ပိတ်ရက်များဆို လျှင် လူစည်ကားရာလမ်းမကြီးကို ဖြတ်ကူးဖို့ပင် မလွယ်ချေ။ မြို့ပေါ် အရော တောဘက်က မော်တော် ဆိုင်ကယ်များပါ တဝီဝီ တပြံပြံ အရှိန်အဟုန်ပြင်းပြင်း မောင်းနေ ကနေကြခြင်းကြောင့် ခဏတစ် ဖြတ်လမ်းဖြတ်ကူးရေးကိုပင် စိတ် မချရ။

မော်တော်ဆိုင်ကယ် အန္တ ရာယ်ကို ထိတ်လန့်ကြောက်ရွံ့ သော မိန်းမကြီးများသည် ဈေး သွားလျှင် လမ်းကြိုလမ်းကြားမှ သာ သွားကြရ၏။ လမ်းမကြီးကို အသုံးမပြုရဲ။ ဖြတ်မကူးရဲ။

ကျွန်တော့် သူငယ်ချင်းကို တင်ရွှေကမူ –

''ကျွန်တော်တော့ စက်ရုံ လိုင်းထဲက မထွက်ရဲအောင် တောင်ဖြစ်တယ်။ လမ်းမပေါ် ရောက်ရင် တောဘက်က မော် တော်ဆိုင်ကယ်သမားတွေက ဒင်း ကြမ်းကိုး။ ပိုက်ဆံတတ်နိုင်လို့ ဝယ်စီးကြပေမယ့် ကျွမ်းကျွမ်း ကျင်ကျင် စီးတတ်ကြတယ်လို့ ကျွန်တော် မယုံဘူး။ စီးပြီဆိုရင်လဲ အရှိန်အဟုန်ပြင်းပြင်း။ မော်တော် ဆိုင်ကယ် ဝယ်စီးနိုင်တာကိုပဲ ဟုတ်လှပြီ တော်လှပြီ ထင်နေကြ တဲ့ လူတွေ။ အတိုက်အပြုခံရရင် ကိုယ်ပဲအရင်ဒုက္ခရောက်မှာ။ သေ မှာ။ ဒီတော့ ဆိုင်ကယ်လာရင် လမ်းဘေးဆင်းရပ်၊ လဖ်းပေါ်မ လျှောက်ရဲဖြစ် ရှေ့ကတိုက်မလား နောက်ကတိုးမလား စိတ်ပူနေရ တာနဲ့ပဲ ဘယ်မှ မသွားမလာရဲ တော့ဘူး''

ဟူ၏။ ကိုတင်ရွှေ ပြော လည်းပြောစရာ။

ကျွန်တော့် အပေါင်းအ သင်း တစ်ဦးဖြစ်သူ ကိုထိန်လင်း ၏ အဖြစ်ကလည်း ထိတ်လန့်စရာ ပင်။

''ကိုဘရေ မော်တော်ဆိုင် ကယ် အန္တရာယ်၊ မော်တော်ဆိုင် ကယ်သမားတွေ သောင်းကျန်းမှု ကတော့ ကြောက်စရာ လန့်စရာပဲ ဗျ။ ကုန်ခဲ့တဲ့ သောကြာနေ့ညက ရန်ကုန်က ကွန်တိန်နာကားနှစ်စီး နဲ့ ပစ္စည်းတွေ အချိန်မှီ အလုပ် ဆင်း အပြီးချပေးရတော့ ညရှစ် နာရီကျော်မှ ပြီးတယ်။ ညက မှောင် လကလဲမသာ။ ညမှောင်ပြီ ဆိုရင် ကျွန်တော့် မျက်စိက



www.burmeseclassic.com

www.burmeseclassic.com



အကန်းပဲဗျ။ စက်ဘီးပါပေမယ့် အမှောင်ထဲမှာ မစီးရဲတော့ဘူး။ ဒီတော့ ကွက်သစ်အရောက် စက်ဘီးတွန်းပြီး လမ်းဘေးကလျှောက်မယ်ဆိုပြီး ဖြည်းဖြည်းချင်းလမ်းလျှောက်ပြန်ခဲ့ရော။ အဲဒါမှာ လုပ်သားရွာလမ်းခွဲအလွန်နားမှာပေါ့ မီးလဲမပါ၊ အရက်လဲမူးလာကြသလားပဲ၊ အလွတ်ကြီးရှောင်ပြီး လမ်းဘေးက သွားနေတဲ့ ကျွန်တော့် ဘယ်ဘက်ဘေးကို ဆိုင်ကယ် လက်ကိုင်အစွန်းနဲ့ ပွတ်တိုက်သွားတာ ခံလိုက်ရတယ်။ မှောင်ကြီးမဲကြီး မျက်စိကလဲမကောင်း၊ မီးကလဲ မပါတော့ ဘယ်လိုမှကြည့်မရဘူး။ ဘယ်ကဆိုင်ကယ်မှန်းလဲ မသိဘူး။ ပူခနဲဖြစ်သွားတော့ လန့်ပြီး 'ဘယ်လိုကြီးလဲဟ၊ အလွတ်ကြီးပါပဲ'လို့ အော်လိုက်ရတာပဲရှိတယ်။ ဆိုင်ကယ်သမားလဲ မောင်းပြေးရော။ အိမ်ရောက်လို့ အင်္ကျီ လှန်ကြည့်တော့ အရေပြားမတ်စေ့လောက် ပွန်းသွားတယ်။ ခုမှ အသားတွေနာ အကျောတွေနာဖြစ်ပြီး ချောင်းဆိုးမရ၊ နှာချေလို့ မရဖြစ်ကုန်တယ်။ ဒီမှာတွေ့လား ပွတ်တိုက်သွားတဲ့နေရာ၊ မလွယ်ပါဘူးဗျာ''

ကိုထိန်လင်းက အင်္ကျီကို လှစ်၍ သူ့နံဘေးကို ပြ၏။ ပွန်းသွားသည့် နေရာတစ်ဝိုက်တွင် နီရဲ လျက် ရှိ၏။

ထို့ကြောင့် ကျွန်တော်သည် ဆိုင်မဆိုင်တော့ မသိ။ အိမ်မှ သမီးထွေး အပျိုအား အပြင်းထန်ဆုံး သတိပေးစကားပြောဖြစ်ပါသည်။

''သမီး နင် .. ဘယ်လိုလူ ဘယ်သူနဲ့မှ ဆိုင်ကယ်လိုက်မစီးနဲ့၊ ဆိုင်ကယ်လိုက်စီးလို့ ဆိုင်ကယ်တိုက်လို့ မှောက်လို့ မသေရင်လဲ သေအောင်သာလုပ်။ ကျိုးပဲ့ထိခိုက်ပြီး အိမ်ပြန်မလာနဲ့။ ငါဆေးကုမပေးဘူး။ လက်မခံဘူး။ အဲဒါကို အသေမှတ်ထား''

ဟူ၍ပင်တည်း။ တစ်စတစ်စ ကြောက်စရာကောင်းလာသော မော်တော်ဆိုင်ကယ် အန္တရာယ်ကို တွေးရင်းတွေးရင်း သွေးလန့်နေမိပါတော့သည်။ ကြောက်တစ်စ လန့်တစ်စ ဖြစ်နေရလေ...

မော်တော်ဆိုင်ကယ်မှော...
ရာမှ ခါတ်တိုင်နှင့် ရိုက်မိသော...
အောင်ကျော်အား စက်ရုံကားနှ...
မြို့နယ် ပြည်သူ့ဆေးရုံသို့ အ...
ကြီးလူနာအဖြစ် ချက်ချင်းတန်...
၏။ အောင်ကျော် သတိ ပြန်...
လည်လာတော့ဘဲ နောက်တစ်...
မနက်တွင် ဆုံးပါသည်။ အသ...
နှစ် ဆယ်ကျော်ရုံသာရှိသေးသ...
အညွှန့်တလူလူနှင့် အောင်ကျေ...
ကြွမ္ပာငင်၍ သေချင်ပြီဆိုသေ...
အခါ ဘာအဓိပ္ပာယ်မျှ မရှိ။ ...
အကျိုးကျေးဇူးမျှ မရှိသော ...
တော်ဆိုင်ကယ်စီးခွင့်ကလေးန...
စင်းစင်းသေရ၏။ ငယ်ငယ်ရွ...
ရွယ်နှင့် စောစောစီးစီး လူ့လေ...
ကကြီးမှ ထွက်ခွာသွားရ၏။ မိ...
ဆွေမျိုးများ ရင်ကျိုးကြပေရော...

စိမ်းစိုး...



www.burmeseclassic.com

www.burmeseclassic.com



# မောင်
# ယောင်ကျလို့
# မုန်းတာလား

မောင်မောင်စိန်လင်း(နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com



**"မောင် ထောင်ထျုလို့**
**မုန်းတာလား"**

**မောင်မောင်စိန်ထင်း**
**(နတ်မောက်)**

(၁)

"အငြိမ့်မင်းသမီးကို ရည်းစားထားတဲ့လူ ဆိုတာမျိုးဟာ သဘောထားလေးကြီးပါမှ ပေါ့ရှင်၊ မီးရောင်အောက်ကိုဝင်ကာ လူပြက်တွေနဲ့တွဲတော့၊ မောင့်သဘောက မကြည်မလင်၊ ဩော် --- မြရင် မြရင် မြရင် ချစ်ကြပေသရှင် ပြည်တစ်ခွင် မောင့်အချစ်မျိုးဟာ ဘယ်အမျိုးအစားလဲကွယ် အားမရနိုင်အောင်ပဲရှင်၊ အလှူ့ရှင်မှန်းအားလုံး သိကြအောင်ပါကွယ်၊ အပိုင်တော်ကြံလိုက်ချင် ဩော် --- တိုင်ပေါ် အလံစိုက်တင် ..."

"ဟေး စန္ဒာ နင် ကိုသက်ကိုလွမ်းနေတာလား၊ မောင့်သဘောလိုက်လျော့ဖို့ စိတ်ကူးယဉ်နေတာလား"

"တေရီရယ် ငါ ကိုသက်ကိုယူဖို့ ဆုံးဖြတ်လိုက်ပြီ၊ ဒါပေမဲ့ စာချုပ် သက်တမ်းကုန်တဲ့အထိတော့ စောင့်ရမှာပေါ့"

"စန္ဒာဒေဝီနှင့် တေရီတို့သည် အရှေ့တိုင်း လှယဉ်ကျေးမယ်သင်တန်းနှင့် ဖက်ရှင်ကုမ္ပဏီမှ ဖက်ရှင်မယ်၊ မော်ဒယ်ဂဲလ် လှယဉ်ကျေးမယ်တလေးများအနက်မှ လူကြိုက်များ ထင်ရှားကျော်ကြားသူလေးများဖြစ်ကြသည်။ စန္ဒာဒေဝီသည် ရှမ်း-ဗမာကပြားမလေးဖြစ်သည်။ အသားဖြူသည်၊ နှာတံလေးပေါ်သည်။ မယ်ဗမာတို့အတွက် လိုအပ်ချက် အရပ်အမောင်း (၅)ပေ (၆)လက်မ။ ခါးတင်ရင် အချိုးအဆစ် ပြည့်စုံသူလေးဖြစ်သည်။

ရွှေဆိုင်ကြော်ငြာ၊ ပိုးထည်ကြော်ငြာ၊ အလှကုန်ပစ္စည်းများ ကြော်ငြာ၊ ဆေးကြော်ငြာ၊ ကုန်ပစ္စည်းမျိုးစုံကြော်ငြာများ တွင်တွင်ကျယ်ကျယ်ကြော်ငြာနေကြရသူလေး ဖြစ်သည်။ မဟာရန်ကုန်မြို့တော်ကြီး၏ လမ်းဆုံလမ်းခွများ၊ မြင်ကွင်းကောင်း၊ ဗျူးပွိုင့်တိုင်းလိုလို သူတို့၏ ကြော်ငြာဆိုင်းဘုတ်ကြီးများကို ပြည်သူတွေ မြင်တွေ့နေကြရသည်။

နိုင်ငံတော်က ကြီးမှူးသော ဖက်ရှင်ပွဲများ၊ ပြည်တွင်းပြည်ပမှ ကုမ္ပဏီများက ပြုလုပ်သော ရှိုးပွဲများတွင်လည်း ဗန်းကိုင်လှယဉ်ကျေးမယ်များ၊ (၇)လွှာရှိုးပွဲကြီးများ၊ ရန်ပုံငွေလှယဉ်ကျေးမယ် ပွဲကြီးများအတွက် ဆောင်ရွက်ပေးရသော အရှေ့တိုင်းဖက်ရှင်ကုမ္ပဏီ၏ ပွဲကြီးများတွင်လည်း စန္ဒာဒေဝီနှင့် တေရီတို့ အမြဲဝင်ကြသူလေးများ ဖြစ်ကြသည်။

သတို့သမီး ရွေးချယ်လိုကြသော အစ်ကိုကာလသားများကလည်း ဖက်ရှင်မယ်၊ မော်ဒယ်ဂဲလ်လေးများ၏ ရှိုးပွဲတိုင်းလိုလို လာရောက်ရွေးကြသည်။ ကဲကြသည်။

"မာမီရယ် သူလေးက လိမ္မာတယ်၊ မာမီရယ် သူလေးက ဖက်ရှင်မယ်၊ မာမီရယ် သူကတော့ မော်ဒယ်မယ်၊ မာမီရယ် သူကတော့ အဆိုတော်မယ်"

မနောဟာဒရ သဘောကျမိတ်ဆက်ကြပြီး မိဘများနှင့် မိတ်ဆက်ပေးခြင်း၊ ပေးစားရန် အခွင့်တောင်းကြသူများလည်း ရှိကြသည်။

သက်ကျားအို ဘောစွကြီးကလည်း နွားအိုမြက်နုကြိုက် ဆိုသကဲ့သို့ သွားရည်ကျမတတ် မိတ်ဆက်ကြသည်။ အလိုလိုက် အကြိုက်ပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



အကြွင်နာတရားတွေ ပုံအောကာ ပေးအပ်လိုသူများကလည်း အနမတဂ္ဂများလေစွ၊ များလေစွ။ (ပုထုဇနော ဥမ္မတ္တကော)။

✹✹✹

(၂)

ရတနာကုန်သည်ကြီးများ စုပေါင်းခင်းကျင်း ပြသရောင်းချသော ရတနာပစ္စည်း ဈေးရောင်းပွဲနှင့် ဖက်ရှင်ပြပွဲကြီးများတွင် ဖြစ်သည်။ စန္ဒာဒေဝီ၊ ကေရီအစရှိသော ဖက်ရှင်မယ်ရောင်စုံမလေးများ (၂၀)ကျော်တို့၏ အလှအပများမှာ စုံလှသည်။ ဂျပန်မှာလား၊ တော်ပူမှာလား၊ ကိုရီးယား၊ ပြင်သစ်တို့မှာလား ထင်ရမလောက်။

ရတနာပစ္စည်း ဝယ်ယူသူများ၊ ဖက်ရှင်ရှိုးပွဲကြီးကို ကြည့်ရှုခံစားသူများ၊ ဓာတ်ပုံဆရာများ၊ သတင်းမီဒီယာလောကမှ ဂျနယ်လစ်ကြီးများ စုံလှသည်။ (SKY NET) (MRTV-4) ရုပ်သံဝိုင်းတော်သားများကလည်း အလုအယက် သူ့ထက်ငါရိုက်ကူးကြသည်။

"ပွဲပြီးလို့ အချိန်တန်အိမ်ပြန်ကြရသည်" ဆိုသော အငြိမ့်သီချင်းလေး အတိုင်းပင် ဖက်ရှင်မယ်လေးများ၊ မော်ဒယ်ဂဲလ်လေးများ၊ ဖက်ရှင်ပွဲအခမ်းအနား ပြီးဆုံးသောကြောင့် အိမ်ပြန်ရန် အလျိုအလျို ထွက်လာကြသည်။

"စန္ဒာ ကိုလိုက်ပို့မယ်လေ"

"ရပါတယ် ကိုသက်၊ ဖယ်ရီကားရှိပါတယ်၊ အားနာစရာကြီး"

"စန္ဒာက ကိုသက်ကို အားနာရမယ့်သူလား၊ လေစိမ်းတွေတိုက်မနေပါနဲ့ အချစ်ရယ်။ ဘောစ့်ကြီးတွေ မျက်စိကျနေတဲ့ စန္ဒာကို ကိုသက်စိတ်



မချနိုင်ဘူး"

"ကဲ ကဲ ဒါဆိုလဲ ကိုသက်သဘော"

"လာ ကားပေါ်တက်"

သက်ပိုင်စိုးနန္ဒာသည် ကုမ္ပဏီတွင် တစ်နှစ်စာချုပ်ဖြင့် မော်ဒယ်မင်းသမီး၊ ဖက်ရှင်မယ်၊ လှယဉ်ကျေးမယ်ပြုလုပ်နေသူ စန္ဒာဒေဝီနှင့် သံယောဇဉ် ငြိတွယ်ခဲ့ရာမှ ရာသက်ပန် အိမ်ထောင်ဖက်အဖြစ် လက်ထပ်ကြရန် ဆုံးဖြတ်ထားသူဖြစ်သည်။ အတူတကွ ပေါင်းသင်းနေထိုင်ရန်အတွက် စာချုပ်သက်တမ်း ပြည့်မည့်ရက်ကို လက်ရေချိုးပြီး စောင့်မျှော်နေရသော အချစ်ဒရဝမ် အချစ်ဥစ္စာစောင့် တစ်ဦးဖြစ်နေသည်။

ပန်းပန်လျက်ပါ ရုပ်ရှင်ဇာတ်ကားမှ အငြိမ့်မင်းသမီး မဗေဒါကို အငြိမ့်ပွဲကရာပွဲများသို့ တကောက်ကောက်လိုက်ပြီး အချစ်သဒ္ဒါတရား၊ မေတ္တာပွားနေရသော တက္ကသိုလ်ကျောင်းသား ကိုစောထွန်းကဲ့သို့ သက်ပိုင်စိုးနန္ဒာမှာလည်း စန္ဒာဒေဝီတို့ကုမ္ပဏီမှ တာဝန်ယူရသော ရှိုးပွဲများ၊ ဖက်ရှင်ပွဲများ၊ လှယဉ်ကျေးမယ်ပွဲများသို့ စိတ်မချသော စိတ္တဇအချစ်များစွာ

www.burmeseclassic.com



ဖြင့် ကြို/ပို့(မထသ)လုပ်နေသည်မှာ မမောနိုင်၊ မပန်းနိုင်။

"စန္ဒာ မနက်ဖြန် (၁၁း၁၂) လောက် အပြင်ထွက်ဖို့ ခွင့်တောင်းလိုက်ပါ။ အချစ်နဲ့တို့နေဖို့ ကွန်ဒိုတိုက်ခန်းဝယ်ဖို့ ချိန်းထားတယ်။ ဝယ်သူအဖြစ် စန္ဒာလက်မှတ်ထိုးရမယ်"

"တကယ်ပြောတာလား ကိုသက်"

"စန္ဒာ အိမ်ထောင်ပြုတယ်ဆိုတာ ကလေးကစားတာ မဟုတ်ဘူး။ စာချုပ်ပြည့်ဖို့ (၂၅)ရက်ပဲလိုတော့တယ်။ ဒါကြောင့် ဒီတစ်ပတ် တိုက်ခန်းဝယ်စာချုပ်ချုပ်မယ်။ နောက်တစ်ပတ် လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ဖို့ရှော့ပင်ထွက်မယ်"

"ဝမ်းသာလိုက်တာ ကိုသက်"

အရှူးအမူးချစ်နေကြသော သက်ပိုင်စိုးနန္ဒာနှင့် စန္ဒာဒေဝီတို့သည် 'အိမ်ထောင်မှု ဘုရားတည် ဆေးမင်ရည်စုတ်ထိုး ဤသုံးမျိုး ချက်မပိုင်လျှင် နောင်ပြင်နိုင်ခဲသည့် အမျိုး'ဆိုရိုးစကားအတိုင်း ပြင်လို့မရ၊ ဖျက်လို့မရနိုင်သော အိမ်ထောင်ရေး ဘဝတစ်ခုကို တည်ဆောက်ကြတော့မည် ဖြစ်လေသည်။

***

(၃)

စာချုပ်ပြည့်ပြီးဆုံးသော နေ့တွင်ဖြစ်သည်။ စန္ဒာဒေဝီသည် ကုမ္ပဏီပိုင်ရှင်မိသားစု၊ ဘဝတူ မော်ဒယ်ဂဲလ်၊ ဖက်ရှင်မယ်တို့အား မိမိဘဝမြင့်မားအောင် ချီးမြှောက်သူများဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးတမ်းစဉ်လာအတိုင်း ကန်တော့ကြသည်။ အပေါင်းအသင်း ရောင်းရင်းများအား နှုတ်ဆက်ပွဲအဖြစ် ကြာဇံကြော် အော်ဒါပေးပြီး ကျွေးမွေးညှော်ခဲ့သည်။ သက်ပိုင်စိုးနန္ဒာကလည်း ယနေ့မှစပြီး ကျွန်တော်၊ ကျွန်မတို့ အကြင်လင်မယားအဖြစ် ယူလိုက်ကြပြီဖြစ်ကြောင်း ကြေညာမောင်းခတ်လိုက်ကြသည်။ ကြိုတင်ပြင်ဆင် ဝယ်ယူထားသော တိန်တမာန် ကွန်ဒို တတိယထပ် အခန်းကြီးတွင် ပြောင်းရွှေ့နေထိုင်ကြသည်။

နောက်နေ့တွင် ဖြစ်သည်။ လင်ရယ် မယားရယ် ဖြစ်လာကြသော်လည်း လူမျိုးဓလေ့ ထုံးတမ်းစဉ်လာအရသော်လည်းကောင်း၊ တရားရုံးတွင်သော်လည်းကောင်း၊ ထိမ်းမြားလက်ထပ်လိုကြသည်။ သို့ကြောင့်လည်း စိန်

ဘုရားသား ဥပဒေအကျိုးဆောင်အဖွဲ့ သို့ သွားရောက်ပြီး တိုင်ပင်ကြသည်။

"ဒီလိုရှိတယ်ကွာ တရားရုံးမှာ ထိမ်းမြားလက်ထပ်တဲ့ စာချုပ်လုပ် မယ်ဆိုရင် ဘာသာတူရတယ်၊ ဘာသာ မတူတော့ တူအောင်တစ်ဦးဦးက မိမိ ဘာသာကို စွန့်လွှတ်ကြောင်း၊ ဘာသာ ကူးပြောင်းကြောင်း၊ ကျမ်းကျိန်ရ တယ်။ တူသွားတော့မှ ထက်ထပ်လို့ ရ နိုင်မယ်"

တစ်ဦးရဲ့ဘာသာရေး၊ လူမျိုး ရေးတို့ကို မထိခိုက်၊ မနစ်နာစေလိုကြ ပါ။ မိမိရဲ့ဘာသာ ဓလေ့ထုံးတမ်းများ မိမိတို့ဘာသာ လွတ်လပ်စွာ ကိုးကွယ် ကျင့်သုံးကြရန် စိတ်နှလုံးတုံးတုံး ချ လိုက်ကြရတော့သည်။

လုပ်ဖော်ကိုင်ဖက်များ၊ ဆ ထမ်းများ၊ အပေါင်းအသင်း ရောင်းရင်း များကို မိမိတို့၏ မင်္ဂလာညှော်ခံပွဲအဖြစ် စင်ထရယ်ဟိုတယ်ကြီးတွင် တခမ်းတ နား ကျင်းပညှော်ခံလိုက်ကြလေသည်။ လူကုံထံတို့၏ မင်္ဂလာပွဲတွင် စန္ဒာဒေ ၏ မိဘများသာ လာရောက်ကြ သက်ပိုင်စိုးနန္ဒာ၏ မိဘများကား မ ရောက်ကြပေ။

သံသရာအဆက်ဆက်



www.burmeseclassic.com

www.burmeseclassic.com



အဆက်ဆက်က ပြုခဲ့ဖူးသော ဒါနမျိုးစေ့များ ပေါက်ဖွားလာသောကြောင့်ဟု ဆိုရပါသည်။ သက်ပိုင်စိုးနန္ဒာ၏ မိဘများလုပ်ကိုင်ခဲ့သော ဆောက်လုပ်ရေးလုပ်ငန်းများကား တရိပ်ရိပ်ကျဆင်းနေသည်။ ပြဿနာမျိုးစုံ၊ အမှုမျိုးစုံ ရှင်းနေရသည်။

'ဖအေထက် သားတစ်လကြီး' ဆိုသကဲ့သို့ ပြောရလောက်အောင် သက်ပိုင်စိုးနန္ဒာ၏ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်လုပ်ငန်းများမှာ တစ်နေ့တခြား တိုးပွားအောင်မြင်နေလျက်ရှိသည်။ စီးပွားရေးလုပ်ငန်းများ အဆင်ပြေ အောင်မြင်ခြင်းနှင့်အတူ သက်ပိုင်စိုးနှင့်စန္ဒာတို့သည် ဘာသာမတူ၊ လူမျိုးမတူ ဖြစ်ကြသော်လည်း နှလုံးသားပေါင်းစပ်မှုတို့မှာ တစ်သွေးတည်း တစ်သားတည်း ဖြစ်ကြသည်။

"ကိုသက် စန္ဒာက အနုပညာသမားဆိုတော့ ကိုသက်ရဲ့ စီးပွားရေးလုပ်ငန်းတွေကို မလုပ်တတ်ဘူး။ ဝါသနာမပါ စိတ်မပါဘူး။ ဒါကြောင့် စန္ဒာဝါသနာပါတဲ့ ကျွမ်းကျင်တဲ့ စီးပွားရေးလုပ်ငန်း လုပ်ချင်တယ်"

"လုပ်ပေါ့ စန္ဒာရယ် ဘာလုပ်ဖို့စိတ်ကူးရှိလဲ"

"နံပါတ်(၁)ကတော့ စန္ဒာ သီချင်းစီးရီး ထုတ်ကြည့်မယ် ..."

"နံပါတ်(၂)ကတော့ အလားအလာကောင်းတဲ့ အဆိုတော်တွေကို ငွေစိုက်ထုတ် မြှင့်တင်ပေးပြီး အကျိုးတူလုပ်မယ်ပေါ့ ကိုသက်ရယ်"

"လုပ်ကြည့်တာပေါ့ အချစ်ရယ် အောင်မြင်တာ မအောင်မြင်တာ ဆိုတဲ့ အချက်ကတော့ ကုသိုလ်ကံအပေါ်မှာ မူတည်ပါတယ်၊ ကြိုးစားရမယ်၊ သည်းခံရမယ် ဆိုတာကတော့ အလုပ်လုပ်သူရဲ့ ဝါယမစိုက်ထုတ်မှုပေါ့အချစ် လုပ်သာလုပ်ပါ"

"ငွေရင်းဘယ်လောက် လိုမလဲအချစ်"

"သိန်းငါးရာလောက်လိုမယ် ကိုသက်"

"ဒါဆို အချစ်စိတ်ကြိုက်လုပ်ဖို့ သိန်း(၁၀၀၀)သုံးလိုက်။ အချစ်အတွက် အချစ်နာမည်နဲ့ လိုရမယ်ရ သုံးဖို့ထားတဲ့ ဘဏ်ကငွေကို ထုတ်မသုံးနဲ့နော်"

ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း၊ သဲဖြူခင်းရာဇမတ်ကာ ဆိုသကဲ့သို့ စန္ဒာဒေဝီ၏ အနုပညာ စီးပွားရေး

---

"ကိုသက် စန္ဒာက အနုပညာသမားဆိုတော့ ကိုသက်ရဲ့ စီးပွားရေးလုပ်ငန်းတွေကို မလုပ်တတ်ဘူး။ ဝါသနာမပါ စိတ်မပါဘူး။ ဒါကြောင့် စန္ဒာဝါသနာပါတဲ့ ကျွမ်းကျင်တဲ့ စီးပွားရေးလုပ်ငန်း လုပ်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းများမှာလည်း မျှော်လင့်သည် ထက်အောင်မြင်သည်။ ဗီဒီယိုရိုက်ကူး ထုတ်လုပ်သော လုပ်ငန်းကို တိုးချဲ့လုပ် ကိုင်လာနိုင်ကြသည်။ လူမင်းချမ်းသာ နတ်မင်းမနေသာ ဖြစ်နေသည့်အ လား။

သက်ပိုင်စိုးနန္ဒ၊ စန္ဒာဒေဝီတို့ ၏ အိမ်ထောင်သက်သည်ကား (၅)နှစ် တင်းတင်းပြည့်ခဲ့လေပြီ။ သားသမီးလို ချင်သောကြောင့် ဘိုးတော်၊ နတ် အစရှိ သော ပုဂ္ဂိုလ်ကျော်များနှင့် ဆေးဘက် ဆိုင်ရာ ကျွမ်းကျင်သူများဖြင့် အား ထုတ်သော်လည်း သားသမီးမထွန်း ကားခဲ့ကြ။

သောကြာနေ့၏ သန်းခေါင် ယံညတစ်ညတွင် ဖြစ်သည်။ သက်ပိုင် စိုး တယိမ်းတယိုင်ဖြင့် အိမ်သို့ပြန်လာ သည်။ ခါတိုင်းသောက်လေ့ရှိသော ဗ လက်လေဘယ် အရက်နံ့မဟုတ်။ မူး တော့မူးနေသည်။ အမူးချင်းမတူပါ။ အရက်မူးသော အချိန်ဆိုပါက ဒေါသ ဖြစ်တတ်သည်။ အရိုင်းအစိုင်းတွေ ပြောလေ့ရှိသည်။ ယခု မူးနေပုံက ပြုံး ရယ်နေသည်။ ခေါင်းလေးတညိတ် ညိတ်ဖြင့်နေသည်။

"ကိုသက် ဘာစားဦးမလဲ"

"ကို ဘာမှမစားတော့ အိပ် ကြစို့အချစ်"

ခေါင်းအုံးပေါ်သို့ ခေါင်းချ လိုက်သည့်တိုင်အောင် ကိုသက်၏မျက် နှာမှာ ပြုံးနေသည်။ ခေါင်းလေးတခါခါ ဖြစ်နေသည်။ မျက်နှာ၊ ကိုယ်လုံးတို့ကို ရေပတ် တိုက်ပေးသည်ကိုပင် သူမ ကြိုက်။ စိတ်နှလုံးပျော်ရွှင်စွာ အိပ်ပျော် စေရန်အတွက် စန္ဒာသားချော့ သီချင်း လေးဖြင့် သိပ်သည်။

"ကိုသက်ရဲ့ အိပ်ပါဆို ခို

---

## ခေါင်းအုံးပေါ်သို့ ခေါင်းချလိုက်သည့် တိုင်အောင် ကိုသက်၏ မျက်နှာမှာ ပြုံးနေသည်။ ခေါင်းလေးတခါခါ ဖြစ်နေသည်--

ဖမ်းလို့ပေး။ ခိုဖြူရယ် ခိုပြာနက်ကယ် ဖမ်းခက်လှသေး ကိုသက်ရဲ့အိပ်ချိန် တန် ဖျိုင်းရှေ့ကပြန် ပြန်လေသည်ကို ရွှေဖျိုင်း ညွတ်တွေကဝိုင်း၊ ညွတ်ဝိုင်း နဲ့ ရွှေဖျိုင်းဖြူ ကယ်သူရယ် မရှိဘူး ဖျိုင်းရှေ့ကမြူး"

စန္ဒာရဲ့ သားချော့သီချင်း လေးကို ငြိမ်သက်စွာခံစားရင်း စိတ်ငြိမ် သွားသည်။ ချွေးစီးများ ပြန်လာသည်။ ခရူးခရာဖြင့် ဟောက်သံများထွက်လာ ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွား လေတော့သည်။

အချိန်ကား အရုဏ်တက်း ပျောက် အလင်းသို့ရောက်ခဲ့လေပြီ။ ခါ တိုင်းနံနက်(၈)နာရီ အိပ်ရာမှထလေ့ရှိ သော ကိုသက်မှာ (၁၀)နာရီအထိ အိပ် ရာမှမထသေး။ ဆောက်လုပ်ရေးဆိုင်ရာ မန်နေဂျာ၊ ဆောက်လုပ်ရေးပစ္စည်း မှာ ယူလိုသူများ တယ်လီဖုန်း၊ ဟန်းဖုန်း တို့က တဂွမ်ဂွမ်။

"ကိုသက်ရေ ထပါတော့ ရောင်ခြည်ပေါ်လှပေါ့၊ တစ်ကျော့ နှစ် ကျော့တေးကိုသီ၊ ငှက်ကျားနှုတ်ပလီ"

"အချစ် ဘယ်နှစ်နာရီ ထိုး ပြီလဲ"

"(၁၀း၃၀)ရှိပြီ ကိုသက်



www.burmeseclassic.com

www.burmeseclassic.com



"ဩော် အတော်နောက်ကျနေပြီ ထတော့မယ်နော် အချစ်"

အရက်မူးလော၊ ဘာမူးသလဲ မသိသောစန္ဒာသည် လင်တော်မောင်ကို စိတ်မချသောကြောင့် အိမ်သာခန်း၊ ရေချိုးခန်းအထိ လိုက်ပို့သည်။

"အချစ် အစ်ကို့ကို ဘာစိတ်မချဖြစ်နေတာလဲ"

"ကိုသက် ညတုန်းက အရမ်းမူးတယ်၊ မူးတာက ခါတိုင်းနဲ့မတူဘူး။ အခုတော့လဲ ဘာမှမဖြစ်သလိုပဲ"

"အချစ်ရယ် အရက်မူးတာတော့တ်ပါဘူး၊ ဖိမ်ရစ်တာ၊ ဖိမ်မူးတာပေါ့"

"နိုက်ကလပ်တွေမှာ ဆိုကြတယ်၊ ကကြတယ်၊ အဲဒီအချိန်မှာ အဆို အကမှာ ခေါင်းလေးတစ်ခါခါနဲ့ ဖိမ်ယူကြတာ၊ ဖိမ်ယစ်ကြတာပေါ့ အချစ်ရယ်။ အချစ်ဝါသနာပါရင် နောက်သောကြာနေ့လိုက်ခဲ့၊ ကိုသက်နဲ့အတူ ဆိုကြမယ်၊ ကကြမယ်"

"ကိုသက်ရယ် မိန်းကလေးတစ်ယောက်အနေနဲ့ မသင့်တော်ပါဘူး၊ ကိုသက်ပဲ ဖိမ်ယူပါ၊ ဖိမ်ခံပါ"

နှလုံးသားချင်း ပေါင်းစပ်၊ ချစ်ကတိသစ္စာခိုင်မြဲကြသော သက်ပိုင်စိုးနှင့် စန္ဒာဒေဝီတို့ လင်မယားတွင် အမုန်းစိတ်၊ မနာလိုစိတ်၊ သံသယစိတ်များ မရှိကြပါ။ ခွင့်လွှတ်၊ သည်းခံခြင်းတို့က လွှမ်းခြုံထားကြလေသည်။ တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ခင်ကြသော အကြင်လင်မယား ဖြစ်ကြသည်။

✹✹✹

## (၅)

"သီကြားမင်းရဲ့ ဘုံဗိမာန် နိုက်ကလပ်" တွင်ဖြစ်သည်။ အချိန်ကား ည(၁၀)နာရီခန့်။ (OPEN TO ALL) မည်သူမဆို (ဒန့်စ်)ကနိုင်သည့်ခန်းမတွင် ဝါသနာရှင် ကလပ်မယ်လေးများ ကနေကြသည်။ ဘရိတ်ဒန့်စ်ဝါသနာရှင် လူငယ်များလည်း ကနေကြသည်။ မြူးကြွသော မဂ်ဒေါ်နား





www.burmeseclassic.com

www.burmeseclassic.com



၏သီချင်း၊ တီးလုံးများကလည်း ကချင်စရာ၊ မြိုင်မြိုင်ဆိုင်ဆိုင်။ သီးသန့်အော်ဒါကလပ်အခန်းတွင်လည်း အော်ဒါလုပ်ထားသူများ အရှိန်ရှိရောက်ရှိနေကြသည်။ KTV အခန်းများတွင်လည်း သူ့အဖွဲ့နှင့်သူ။ လုံခြုံရေးများကလည်း မျက်ခြည်မပြတ် တင်းတင်းကျပ်ကျပ် စောင့်ကြည့်နေကြသည်။

သီးသန့် အော်ဒါ ခန်းမပတ္တမြားဆောင်ခန်းမတွင် လူကုံထံအသိုင်းအဝိုင်းမှ ဟုထင်ရသော အမျိုးသား၊ အမျိုးသမီးတို့မှာလည်း သာယာငြိမ့်ညောင်းသော ဗီလင်သီချင်းလေးတို့ဖြင့် ကပြကြည်နူးနေကြသည်။

သီးသန့် ပတ္တမြားဆောင်ခန်းမဆီသို့ လူငယ်နှစ်ဦးတက်ရောက်လာသည်။ လူကိုမတွေ့ရ မမြင်ရသေးမီ လန်ဒန်နိုက် ရေမွှေးနံ့က အရင်ရောက်နေသည်။ မွှေးကြိုင်နေသည်။ ခပ်သုတ်သုတ်ပြေးတက်လာကြသည်။

“ချပ် ချပ် ဂွတ် ဂွတ်”

“ဒါ ဘာလုပ်တာလဲဗျ”

ရဲအုပ် ကျော်စိန်လင်းနှင့်အဖွဲ့က လျင်မြန်သောလှုပ်ရှားမှုဖြင့် လက်ထိတ်ခတ်လိုက်သည်။ နေရာယူထားသည့် အခန်းသို့ ခေါ်သွားသည်။

“တို့က မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ရဲတပ်ဖွဲ့ကပါ ညီလေး၊ တာဝန်အရ ရှာဖွေပါမယ်”

တစ်ဖွဲ့ဝင်များက လူငယ်နှစ်ဦး၏ ဂျင်းဘောင်းဘီအိတ်များသို့ ရှာဖွေကြသည်။ (ATC) အမှတ်တံဆိပ်ပါသော စိတ်ကြွရူးသွပ်ဆေးပြား

**လူကိုမတွေ့ရ**
**မမြင်ရသေးမီ**
**လန်ဒန်နိုက်**
**ရေမွှေးနံ့က**
**အရင်**
**ရောက်နေသည်။**
**မွှေးကြိုင်နေသည်။**

(၅)ပြားစီပါသော ဘူးတစ်ဘူးစီတွေ့ရှိသည်။

“ညီလေး ဒီပစ္စည်းတ ဘယ်ကရသလဲ”

“ကိုသက်ပိုင်စိုးနန္ဒ ဆီက ဝယ်တာပါ”

“ဘယ်လောက်နဲ့ ဝယ်သ လဲ”

“တစ်ပြား(၂)သောင်း၊ (၅) ပြား (၁)သိန်းနဲ့ ဝယ်ရပါတယ်”

“သက်ပိုင်စိုးက ဘယ်မှာ လဲ။ အခု အပေါ်ထပ် ပတ္တမြားဆောင် ခန်းမမှာ ရှိပါတယ်”

“သူဘယ်မှာနေသလဲ သိ လား”

“သိပါတယ်”

“တိန်တမာန်ကွန်ဒို တ ယထပ်မှာ နေပါတယ်”

“သူ့အိမ်က ဝယ်လာတ လား”

“ဟုတ်ပါတယ် သူ့အိမ်က ဝယ်လာတာပါ”

“တို့ ဆက်လုပ်စရာတွေ သေးတယ်၊ မောင်ရင်တို့ တိုင်းရုံးလိုက် သွားပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဆရာထွန်းထွန်း၊ ဆရာစိုင်းလှမြို့တို့အဖွဲ့ သူတို့ကို ခေါ်သွားလိုက်ပါ"

"ဆရာ ကျွန်တော်တို့က လူကုံထံသားတွေပါ လက်ထိတ်ဖြုတ်ပေးပါဆရာ၊ ကျွန်တော်တို့ထွက်မပြေးပါဘူး"

"လူကုံထံတန်သားသမီး မို့ တို့မှာ တာဝန်ပိုကြီးပါတယ်။ နားလည်ပေးပါ ညီလေးတို့ရယ်၊ မောင်ရင်တို့ မိဘတွေ စိတ်မပူရအောင် အိမ်ကို မောင်ရင်တို့ရဲ့ ဟန်းဖုန်းနဲ့ အကြောင်းကြားပေးပါမယ်"

ရဲအုပ် ကျော်စိန်လင်းနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းတပ်ဖွဲ့ဝင်များသည် တစ်ဆက်တည်းပင် ပတ္တမြားဆောင်ခန်းမကြီးတွင် (ဒန့်စ်) က၊ သီဆို၊ ဖိမ်ခံနေကြသော ခေါင်းလေးတခါခါ ပွဲဖက် ဖိမ်ယစ်နေသူများ အနက်မှ အမိကသားကောင် သက်ပိုင်စိုးနန္ဒ၊ စိတ်ကြွဆေးသုံးပြီး ဟိရိဩတ္တပ္ပ လွတ်နေသူများကို ပစ်မှတ်ထားပြီး စီးနင်းရှာဖွေရန် ပြင်ဆင်လိုက်ကြသည်။

"အားလုံး လက်မြှောက်ထားကြပါ"

"ကျွန်တော်တို့ မူးယစ်ဆေးတိုက်ဖျက်ရေး အဖွဲ့ကပါ တာဝန်အရ ရှာဖွေကြပါမယ်။ နားလည်ပေးကြပါ ကူညီကြပါ"

ပတ္တမြားဆောင် ခန်းမမှ ကြေးစားလူမိုက်ဟု ထင်ရသူတစ်ဦးက တပ်ဖွဲ့ဝင်များကို အသင့်ဆောင်ထားသောတုတ်ဖြင့် ရိုက်နှက်ခုခံရန် သိုင်းကွက်ဖြင့် ဝင်လာသည်။

"ဖြောင်း .. ခွမ်း .. ဒုတ် ဒုတ် အွန့် အား"

ဒုရဲအုပ်မြင့်လွင်၏ တိုင်ကွမ်တို၊ ဂျူဒိုတို့ဖြင့် လက်ဦးမှုယူလိုက်ရာ ကြေးစားလူမိုက်ဟု ထင်ရသူမှာ မှောက်လဲကျသွားသည်။

တပ်ဖွဲ့ဝင်များက အသင့်ခေါ်ထားသော ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ လူကြီးများရှေ့တွင် ရှာဖွေကြသည်။ သက်ပိုင်စိုးနန္ဒာထံမှ (ATC)တံဆိပ်ပါ မူးယစ်ဆေးပြား (၁၀၀)ပါသော ဘူးတစ်ဘူးရှာဖွေတွေ့ရှိသည်။ ဇော်ဇော်အောင် ၊ ထူးထူးတင့်ဝေ၊ ဖြိုးဖြိုး(ခ)မဲကြီး၊ ဇူးဇူး၊ တုတ်တုတ်၊ ဖွေးဖွေး၊ နွေးနွေးတို့ထံမှလည်း စိတ်ကြွရူးသွပ်မူးယစ်ဆေးပြားမျိုးစုံ တွေ့ရှိသောကြောင့် တိုင်းရုံးသို့ခေါ်သွားပြီး သီးခြားစီစစ်ကြောရေးလုပ်ကြသည်။

✸✸✸

(၆)

ညတွင်းချင်း စစ်ဆေးပေါ်





www.burmeseclassic.com

www.burmeseclassic.com



ပေါက်ချက်များအရ စိတ်ကြွရူးသွပ်စေသော မူးယစ်ဆေးဝါးများကို သက်ပိုင်စိုးအိမ်မှ ဝယ်ယူရရှိကြောင်း၊ စစ်ဆေးပေါ်ပေါက်သောကြောင့် ရပ်ကွက်အုပ်ချုပ်ရေးပိုင်းမှ လူကြီးများပါခေါ်ယူပြီး သက်ပိုင်စိုး၏ တိတ်တမာန်ကွန်ဒို တတိယထပ်အခန်းသို့ ၎င်းအား ခေါ်ယူသွားပြီး စီးနင်းရှာဖွေကြသည်။

"ဟင် ကိုသက် ဟာ ရဲအရာရှိတွေနဲ့ပါလား၊ ဘာဖြစ်လို့လဲ ဆရာတို့ရယ်၊ ကိုသက်ကို မဖမ်းပါနဲ့။ ကျွန်မသူ့ဇနီးပါ၊ ကျွန်မကိုဖမ်းပါ၊ သူ့ကိုလွှတ်ပေးပါ ဆရာတို့ရယ်၊ ကိုသက် ဘယ်လိုဖြစ်ရတာလဲ ကိုသက်ရယ်"

စန္ဒာဒေဝီသည် ဘာမသိ၊ ညာမသိဖြင့် ခင်ပွန်းသည် သက်ပိုင်စိုးအား လက်ထိတ်ဖြင့် ဖမ်းဆီးထားသည့် မြင်ကွင်းကိုကြည့်ပြီး အချစ်စိတ်၊ တဏှာစိတ် လွန်ကဲမှုဖြင့် ခံစရာရှိရင် သူပဲခံမည်ဆိုသောစိတ်ဖြင့် ပဋာမြေလူး ဖြစ်နေရရှာလေသည်။

"ဒီမှာ ညီမ တာဝန်အရ အလုပ်လုပ်ကြရတာပါ။ နားလည်ပေးပါ။ ဒီမှာ လူကြီးတွေလဲ ပါပါတယ်။ ဆရာတို့ ရှာဖွေရပါလိမ့်မယ်"

"ရှာပါဆရာ ရှာပါ"

"အချစ် သူတို့ရှာချင်တဲ့ နေရာ၊ ရှာချင်တဲ့ပစ္စည်း ရှာပါစေ အချစ်ရယ်"

သက်ပိုင်စိုး၏ စကားအ...
တိုင်း ရှာဖွေကြသည်။ စန္ဒာဒေဝီလည်း...
လက်မှိုင်ချနေရတော့သည်။ ဗီရိုသော့...
တောင်းသဖြင့် စန္ဒာသော့ထုတ်ပေး...
သည်။ ဗီရိုအတွင်းမှ စိတ်ကိုရူးသွပ်စေ...
သော စိတ်ကြွမူးယစ်ဆေးပြား (အင်...
တက်စီ) (၅၀၀)စီပါသော ဘူး (၂)ဘူး...
တွေ့ရှိသောကြောင့် ရှာဖွေပုံစံဖြင့် သိမ်း...
ယူကြသည်။

အမှုတည်ဆောက်ပြီး၍ ဥ...
ဒေအကြံပေးရုံးသို့ တင်ပို့သည်။ မူး...
ယစ်ဆေးဝါး ဥပဒေပုဒ်မ (၁၉)(၂...)
တို့ဖြင့် တရားစွဲဆိုရန် အကြံပြုသည်...
ခရိုင်တရားရုံးသို့ တရားစွဲဆို တင်...
သည်။ ပြစ်မှု ထင်ရှားသောကြောင်း...
သက်ပိုင်စိုးနန္ဒာ ထောင်ဒဏ် (၁၂)နှစ်...
ကျခံရလေသည်။

အင်းစိန်ထောင်ကြီးတွင်...
ပြစ်ဒဏ်ကျခံနေရသော ထောင်ကျအ...
ကျဉ်းသားများအတွက် မိမိတို့မိသား...
နေအိမ်၊ ထောင်မှခွင့်ပြုထားသော အ...
စားအစာများကို တစ်လ(၂)ကြိမ် ရိက္ခာ...
အဖြစ်ပေးခွင့်ရှိသည်။ မိသားစုဖြင့် ...
နစ်(၁၀)တွေ့ခွင့်ရှိသည်။ စန္ဒာဒေ...
သည် ခင်ပွန်းသည် သက်ပိုင်စိုးအား အ...

"ဟင်--ကိုသက်

ဟာ---ရဲအရာရှိတွေနဲ့ပါလား၊ ဘာဖြစ်လို့လဲ

ဆရာတို့ရယ်၊ ကိုသက်ကို မဖမ်းပါနဲ့။ ကျွန်မ

သူ့ဇနီးပါ၊ ကျွန်မကိုဖမ်းပါ၊ သူ့ကိုလွှတ်ပေးပါ

ဆရာတို့ရယ်၊ ကိုသက် ဘယ်လိုဖြစ်ရတာလဲ

ကိုသက်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



တွက် ရိက္ခာပို့ပေးသည်။ အလွမ်းပြေ စကားပြောပေသည်။

"အချစ် အစ်ကို့အတွက် ရိက္ခာမပို့တော့နဲ့၊ အချစ်အနေနဲ့ ဒီကိုလာရတာ အဆင်မပြေနိုင်ဘူး။ အချစ် ဒုက္ခရောက်တာပေါ့၊ အစ်ကို့အတွက် အမားကလဲ အမြဲပို့နေတယ်။ အစ်ကို့အတွက် ဘာမှပူစရာမလိုဘူး။ အချစ်သာစိတ်ချမ်းသာအောင်နေပါ"

"စန္ဒာက အစ်ကို့မယားပါ၊ နွှာမှာလဲ တာဝန်ရှိပါတယ် အစ်ကို"

"အချစ်ပင်ပန်းမှာ စိုးတာရယ်၊ စိတ်မချတာရယ် ပြောတာပါ အချစ်ရယ်"

ရက်ကိုလစား၊ လကိုနှစ်စားဖြင့် သက်ပိုင်စိုး ထောင်ကျနေသည်မှာ (၂)နှစ်ရှိလေပြီ။ အဆိုးထဲမှ အကောင်းဆိုသကဲ့သို့ မူးယစ်ဆေးဝါးဖြတ်သွားသည့်အတွက် သူ၏ဘဝရှေ့ရေးအတွက်မှာကား အကောင်းဘက်ဆွင် ရုပ်တည်နေပေပြီ။

"ဒေါ်စန္ဒာဒေဝီပါလား ခင်ဗျာ၊ ကျွန်တော် ခရိုင်ရုံးက ဘီလစ်အရှိပါ။ တရားရုံး အမိန့်ဒီဂရီအရ အိမ်ခန်းအပ်ဝရမ်း လာပြီးထုတ်ဆင့်တာပါ။ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးပေးပါ"

"ဘာကြောင့် ကျွန်မတို့ အိမ်ခန်းကို အပ်ရမှာလဲ၊ ကျွန်မလဲဘာမှ မသိပါလား"

"ဟုတ်ကဲ့ ရှေ့နေရှေ့ရပ်များငှားပြီး ဆောင်ရွက်ပေါ့အစ်မ၊ ကျွန်တော်တို့ကတော့ တာဝန်အရလာပြီး ဆောင်ရွက်ရတာပါ"

မည်သည့်ရဲစခန်း၊ တရားရုံး

**"အချစ် အစ်ကို့အတွက် ရိက္ခာမပို့တော့နဲ့၊ အချစ်အနေနဲ့ ဒီကိုလာရတာ အဆင် မပြေနိုင်ဘူး။ အချစ် ဒုက္ခရောက်တာပေါ့"**

ကိုမျှ မရောက်ဖူးသော စန္ဒာဒေဝီသည် ခေါင်းမြွေပေါက်သကဲ့သို့ ခံစားနေရသည်။ ဘာလုပ်ရင်ကောင်းမလဲ တိုင်ပင်သည်။ စိန်ဘုရားသား ဥပဒေအကျိုးဆောင်အဖွဲ့သို့ သွားရောက်တိုင်ပင်ဆွေးနွေးသည်။

အမှုမှာ သက်ပိုင်စိုးနန္ဒ၏ ဖခင်ကြီး ဦးမောင်မောင်စိန်က အင်းစိန်ထောင်တွင် ထောင်ကျနေသော သားဖြစ်သူ သက်ပိုင်စိုးအပေါ် ၎င်း၏ငွေဖြင့် ဝယ်ယူခဲ့ပြီး၊ ၎င်းတို့လင်မယားနေသည့် တိန်တမာန်ကွန်ဒို တတိယထပ်တိုက်ခန်းတွင် ခွင့်ပြုချက်ဖြင့် အခမဲ့နေခွင့်ပြုထားခြင်းဖြစ်သည်။ ခွင့်ပြုချက်ကို ရုပ်သိမ်းပြီး နှင်လိုမှုတရားစွဲသည်။ တရားပြိုင်ထောင်ကျနေသူ သက်ပိုင်စိုးက ဝန်ခံသောကြောင့် ဒီကရီရရှိသည်။ ဇာရီမှုဖွင့်သည်။ ဇာရီမှုအရ အပ်ဝရမ်းထုတ်ဆင့်ခြင်းဖြစ်ကြောင်း စန္ဒာသိရှိရလေသည်။

ဥပဒေအကျိုးဆောင် အဖွဲ့မှ ရှေ့နေကြီးများ၏ အကြံပြုချက်အရ အဆိုပါတိုက်ခန်းကို သက်ပိုင်စိုးနှင့် စန္ဒာဒေဝီတို့ (၂)ဦးပိုင်ငွေဖြင့် ဝယ်ယူပိုင်ဆိုင်သော ပစ္စည်းဖြစ်၍တစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ သူတို့သားအဖ၏ အမှုတွင် တရားပြိုင်အဖြစ်ပါဝင်ခြင်း၊ သိရှိခြင်း မရှိသောကြောင့် ဒီကရီကိုလိုက်နာရန် မရှိကြောင်း ထုချေဖြေရှင်းသည်။

ဦးမောင်မောင်စိန်နှင့် သက်ပိုင်စိုးနန္ဒာတို့သားအဖကို တရားပြိုင်အဖြစ်ဖြင့် အခင်းဖြစ်တိုက်ခန်းမှာ တိန်တမာန်ကွန်ဒို ဆောက်လုပ်ရေးကုမ္ပဏီထံမှ မိမိတို့နာမည်ဖြင့် ဝယ်ယူပိုင်ဆိုင်သောတိုက်ခန်းဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု အပြန်အလှန်အမှုများ ဖြစ်ပွားနေကြရလေပြီ။ လူပြည်မှာ အမှုပွေကြလေပြီ။ ငွေကုန်လူပန်းဖြစ်ကြရလေပြီ။

✹✹✹

(၁)

ဖြစ်ကြောင်းရယ်တဲ့ ကုန်စင်ကိုလင်တော်မောင် သက်ပိုင်စိုးသို့ အိမ်သူသက်ထား ဇနီးမယားအနေဖြင့် တင်ပြပြောဆိုရန် အင်းစိန်ထောင်ကြီးသို့ ထောင်ဝင်စာတွေ့ဆုံပြီး တင်ပြပြောဆို ဆွေးနွေးရလေသည်။

"အစ်ကိုရယ် အပါ ရဲ့ငွေနဲ့ ဝယ်တာပါလို့ ဘာဖြစ်လို့ ဝန်ခံချေလွှာတင်လိုက်ရတာလဲ"

"အချစ် ဒါတွေ အစ်ကိုဘာမှမသိဘူး၊ အစ်ကို့အတွက် ပြစ်ဒဏ်လျှော့ကျစေရန်အတွက် ကုတ်ပါဝါတရားရုံးရှေ့နေပါဝါမှာ လက်မှတ်ထိုးပေးဖို့ ရှေ့နေပါဝါ လာတင်တာကြောင့် ထောင်ပိုင်ရှေ့မှာ လက်မှတ်ရေးထိုးပေးလိုက်တာပဲသိတယ် အချစ်ရယ်"

"အချစ်ဘဝနေရေး၊ ထိုင်ရေးဒုက္ခရောက်အောင် အစ်ကိုလဲ မလုပ်ဘူး၊ အပါတို့လဲ မလုပ်သင့်ပါဘူး။ အချစ် ခုခံရင်ဆိုင်ယှဉ်ပြိုင်ပြီး အကာအကွယ်လုပ်တာကို အစ်ကိုစိတ်မဆိုးဘူး။ အချစ်လုပ်သင့်တာကိုသာ လုပ်ပါ အချစ်ရယ်။ တရားကို နတ်စောင့်ပါလိမ့်မယ်"

စန္ဒာဒေဝီသည် လင့်ဝတ္တရားငါးပါး၊ မယားဝတ္တရားငါးပါးတို့အတိုင်း မိမိဘက်မှ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ရမှု အခြေအနေကို ထောင်မင်းသား သက်ပိုင်စိုးသို့ အစီရင်ခံတင်ပြရလေသည်။

ဝသန္တ မိုးဦးကာလရောက်[illegible] လေပြီ (နယုန်သားမွေး မြက်သားမွေ[illegible] မိုးဖွဲကလေးများလည်း ရွာနေလေ[illegible] မြတ်နုလေးများလည်း ပေါက်ရော[illegible] လာချေပြီ၊ လေပြည်လေညင်းကလေ[illegible] များကလည်း အဆွေးဓာတ်ခံရှိသူ[illegible] အား လွမ်းအောင်ဖန်နေသလား[illegible] ထင်ရသည်။ မိုးဦးကာလ ခါယမ[illegible] တွင် အသူရိန်နှင့် သိကြားမင်းတို့ [illegible] ခင်းကြသော ဂျိုးဂျိန့်သံများလည်[illegible] ကြားနေရပြီဖြစ်သည်။ ချစ်လင်သ[illegible] ပိုင်စိုးနှင့် ခွေးထွေးစွာ နေထိုင်ခဲ့ရ[illegible] စန္ဒဒေဝီတွင် အတွေးတွေ၊ အဆွေ[illegible] တွေ ခံစားနေရလေသည်။

"(ဂျိုးဂျိမ့်သံ xxx [illegible] တင်းကာပ xxx အသူရာ သိကြား[illegible] တို့ စစ်ခင်းတာပြိုင်တော့သည်)၊ [illegible] မဖြေနိုင် xxx အနိုင်လုတော့ x[illegible] ဆွေးလျပါသည် xxx နွေးစရာ[illegible] အထည် xxx ဆွေး xxx ဆွေ[illegible] တာရှည် xxx"

စန္ဒာသည် အဆွေးသီ[illegible] အတွေးသီချင်းကို ငြီးတွားရင်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



တွေးတွေ အစီအရီ ဖြစ်လာသည်။ ယောက္ခမကြီး ဦးမောင်မောင်စိန်နှင့် စစ်ခင်းနေရသည်ကို ငြီးငွေ့လာသည်။ ခင်ပွန်းသည်နှင့် တိုင်ပင်ရန် အင်းစိန် ထောင်ကြီးသို့ ထောင်ဝင်စာသွားတွေ့ ပြီး တင်ပြသည်။ တိုင်ပင်သည်။

"အစ်ကို စန္ဒာ အစ်ကို့အဝေနဲ့ အမှုတွေဆက်မဖြစ်ချင်တော့ဘူး။ သူတို့လဲ စီးပွားပျက်တယ်၊ အချစ်လဲ အချစ်ရဲ့စီးပွားရေး လုပ်ငန်းတွေ တုံ့နှေးနေရတယ်၊ စိတ်ပိန်တယ်ပေါ့ အစ်ကို"

"အချစ်ပြောတာ မှန်တယ်။ နောက်အပတ် အမှာလာတဲ့အချိန်မှာ အပါဘာဖြစ်ချင်သလဲ။ အမှုတွေရပ် လိုက်ကြရအောင်လို့ အစ်ကို ပြောပေးမယ်၊ လကုန်အပတ်မှာ အချစ်လာခဲ့နော်"

"တာ့တာ ဘိုင့်ဘိုင်"

လကုန်ပိုင်း ထောင်ဝင်စာတွေ့ရက်တွင် ဖြစ်သည်။ ဘောက်ကျနေသော ယောက္ခမထံမှ ဘယ်လိုဆန္ဒသဘောထားတွေ ပေးမယ်ဆိုတာကို သိလိုဇောဖြင့် လင်တော်မောင်ကိုသက်ပိုင်ထံသို့ အပြေးအလွှား လာခဲ့သည်။

"အချစ် ဒီနေ့ အရမ်းလှနေပါလား"

"ကဲမနေနဲ့ အစ်ကို ဘာမှဘာလို့မရဘူး"

"သံတိုင်ကြားက နှလုံးသားလှိုင်းပုတ်သံပါ အချစ်ရယ်"

"ကဲ ကဲ အပါက ဘာပြောသလဲ ဆိုစမ်းပါဦး အစ်ကို"

"တိုရှင်းလိုရှင်း ပြောရမှာကတော့၊ အချစ် တိန်တမာန်ကွန်ဒိုတိုက်ခန်းက ဖယ်ပေးပါတဲ့၊ အချစ်ကို သိန်း(၅၀၀)ပေးမယ်တဲ့"

"အစ်ကိုက နည်းတယ်၊ သူပြန်ဝယ်လို့ရအောင် သိန်း(၆၀၀) ပေးလိုက်ပါပြောတော့ ပေးလိုက်ပါမယ်တဲ့။ သဘောတူပါတယ်တဲ့"

ဒါကြောင့် သူ့ဘက်ကရှေ့နေ၊ အချစ်ဘက်က ရှေ့နေကြီးများနဲ့ညှိနှိုင်းပြီး အချစ်ကငွေယူလိုက်ပါ။ တိုက်ခန်းကို လွှဲပြောင်းပေးလိုက်ပါ။ အမှုအားလုံးကျေအေးကြောင်း လျှောက်လွှာတွေ တင်ကြပေါ့အချစ်ရယ်"

"အချစ် အစ်ကို့စကား မြေဝယ်မကျ နားထောင်ပါ့မယ် အစ်ကို"

သံတိုင်ကြားမှ ချစ်ဇနီးမောင်နှံတို့၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲကြီးကား မိနစ်(၃၀)ကာလအတွင်း ငြိမ်းအေးသွားကြရလေပြီ။

နှစ်ဖက် ရှေ့နေကြီးများ၏ ဆောင်ကြဉ်းပေးမှုကြောင့် အပေးအယူများလည်း အကောင်အထည်ဖော်ပြီးကြပြီဖြစ်သည်။ အမှုအားလုံးကိုလည်း ရုပ်သိမ်းလိုက်ကြပြီး ဖြစ်သည်။

(လူ့ပြည်မှာ အမှုမပွေလိုက်ကြနဲ့)

**မောင်မောင်စိန်ထင်း**

**(နတ်မောတ်)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## "ဆင်သေကောင်ကို ဆိတ်သားရေနဲ့ ဖုံး လုံနိုင်ရိုးလား"

မောင်မောင် (ပိတောက်မြိုင်)

ရဲတပ်ဖွဲ့ လုပ်ငန်းသည် အလွန်ကျယ်ပြန့်ပါသည်။ နေရာတကာတွင် ရဲတပ်ဖွဲ့ဝင်များက ရှိမြဲဖြစ်သည်။ အထူးသဖြင့် အများပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်။ ဖြစ်ပြီးသွားသော မှုခင်းများကို ပေါ်ပေါက်ရန် စုံစမ်းဖော်ထုတ်ရေး ဆက် မှုခင်းမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးကို အထူးအလေးထား ဆောင်ရွက်ပြရပါသည်။

ကြိုတင် ကာကွယ်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရဲစခန်းများသည် အဓိကနေရာက ပါဝင်ကြရပါသည်။ ဤအခါ ရဲစခန်းကို တာဝန်ယူ အုပ်ချုပ်ရသော စခန်းမှူးများသည်လည်း အဓိကနေရာက ပါဝင်လှုပ်ရှားကြရသည်သာ ဖြစ်သည်။

စခန်းမှူးတစ်ယောက်၏ တာဝန်သည် အလွန်ကြီးမားများပြားလှပါသည်။ ဖဲသမားစကားနှင့် ဆိုရပါမူ ဂျိုကာကောင်နှင့် နှိုင်းရမည်သာ ဖြစ်ပါသည်။ စခန်းမှူးများသည် မိမိနယ်အတွင်း မှုခင်းကျဆင်းရေး ရပ်ရွာအေးချမ်းတည်ငြိမ်ရေးနှင့် ရဲတပ်ဖွဲ့ဆိုင်ရာ လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်ရန်လည်း တာဝန်ရှိသည်။

မိမိရဲစခန်းအတွင်း ဖြစ်ပျက်သမျှအားလုံးကို ကိုယ်တိုင် သိရှိ နားလည်ထားရသည်။ လက်အောက်တပ်ဖွဲ့ဝင်များသည် တာဝန်ဝတ္တရားများကို နားလည်ခြင်းရှိမရှိ မကြာခဏ စစ်ဆေးရသည်။ ရဲတပ်ဖွဲ့လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း နည်းလမ်းတကျရှိစေရန် အခါအားလျော်စွာ အထက်မှထုတ်ဆင့်သည့် အမိန့်နှင့်ညွှန်ကြားချက်များ ပြန်တမ်းများကို လက်အောက်တပ်ဖွဲ့ငယ်များ သိရှိနားလည်စေရန် ဖတ်ပြ ရှင်းပြရမည်ဟု ရဲလက်စွဲဒုတိယတွဲတွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။

ဤသို့ဆိုပါလျှင် စခန်းမှူးများသည် ရာဇဝတ်မှုခင်းကိစ္စများသာမက အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများပါ ကျွမ်းကျင်ရမည်သာ ဖြစ်သည်။ နေ့မအား ညမအား လှုပ်ရှားနိုင်မှ တော်ရာကျမည်ဖြစ်သည်။ စီမံချက်အမျိုးမျိုးကိုလည်း အောင်မြင်ရန် အကောင်အထည်ဖော်သူများ ဖြစ်သည်။ လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ရည်မှန်းချက်(၃)ရပ်နှင့် လုပ်ငန်းတာဝန်(၅)ရပ် သတ်မှတ်ထားသည်။

ရည်မှန်းချက်(၃)ရပ်မှာ-

(၁) ရပ်ကွက်အေးချမ်းသာယာရေး။

(၂) တရားဥပဒေစိုးမိုးရေး။

(၃) မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ်မှ တားဆီးကာကွယ်ရေး။



www.burmeseclassic.com

www.burmeseclassic.com

တို့ဖြစ်သည်။

လုပ်ငန်းတာဝန် (၅)ရပ်မှာ–

(၁) ပြစ်မှုများ ကြိုတင်ကာကွယ်ရေး

(၂) ဖြစ်ပွားပြီးသော မှုခင်းများကို စုံစမ်းဖော်ထုတ်လျက် တရားဥပဒေနှင့်အညီ တရားစွဲတင်နိုင်ရေးနှင့် ထိုက်တန်သော ပြစ်ဒဏ်များ ရရှိစေရန် ဆောင်ရွက်ရေး။

(၃) စည်းကမ်းသေဝပ် တည်ငြိမ်ရေး။

(၄) လုံခြုံရေး။

(၅) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ်မှ တားဆီးနှိမ်နင်းရေး။

တို့ဖြစ်သည်။

♛ ♛ ♛

စခန်းမှူး ရဲအုပ်လှမြင့်၊ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ကဒါတ်စိန်ရဲစခန်းတွင် စခန်းမှူးတာဝန်ကျသည်။ ကဒါတ်စိန်ရဲစခန်းနယ်မြေဖြစ်သည်။ ကျေးရွာအုပ်စု (၂၆)စုရှိသည်။ ကျေးရွာများပြားသည့်အလျောက် အိမ်ထောင်စုနှင့် လူဦးရေကလည်းများလှသည်သာ ဖြစ်သည်။

အသက်မွေးဝမ်းကျောင်း အနေဖြင့် လယ်ယာ၊ ကိုင်းကျွန်း လုပ်ကိုင်သူများလည်းရှိသည်။ တံငါလုပ်ငန်းဖြင့် စီးပွားရှာကြသူများလည်း ရှိသည်။ ရံဖန်ရံကာ နွားမှောင်ခို ရောင်းဝယ်သူများလည်း ရှိတတ်သည်။ လုပ်ငန်းသဘော သဘာဝအလိုက် သောက်စားတတ်သူ၊ လောင်းကစားတတ်သူများလည်း ရှိတတ်သည်။ အသောက်အစားနှင့် လောင်းကစားဟူသည် ဒုစရိုက်ဖြစ်ပြောက်ရေးအတွက် အခြေခံဖြစ်သည်။ အရက်မူးလာလျှင် ရမ်းကြသည်။ ကြမ်းကြသည်။ ထိုမှတစ်ဆင့် ထိုးကြသည်။ ကြိတ်ကြသည်။ ခုတ်ကြ၊ ထစ်ကြနှင့် လူ့အသက် သေသည်အထိ ဖြစ်လာတတ်ကြသည်။





www.burmeseclassic.com

www.burmeseclassic.com

လောင်းကစားသမားတို့မည်သည်ကလည်း ပထမသော် သူတစ်ပါးထံကငွေကို ရလိုဇောဖြင့် လောင်းကစားကြသည်။ မိမိက အရှုံးဘဝရောက်သွားလို့ မိမိထံက ငွေနှင့်ပစ္စည်းများ ပါသွားသည့်အခါ ဆောက်တည်ရာမရ စိတ်ရိုင်းတွေဝင်လာတတ်ကြသည်။ လုမည်ယက်မည် နောက်ဆုံး သတ်သည်ဖြတ်သည်အထိ ဖြစ်လာတော့သည်။

ဤအခါ ရာဇဝတ်မှုတွေက တိုးပွားလာတော့သည်။

သို့အတွက် ကြိုတင်ကာကွယ်မှုကို စီမံချက်များရေးဆွဲလျက် အလေးထား ဆောင်ရွက်ကြရခြင်း ဖြစ်သည်။

ပွင့်လင်းရာသီ ရောက်လာသည့်အခါ အထူးဂရုစိုက်ကြသည်။ စခန်းမှူး ရဲအုပ်လှမြင့်တို့ ငြိမ်နေ၍မရ။ နယ်မြေလုံခြုံရေးနှင့် မှုခင်းများကြိုတင်ကာကွယ်ရေးအတွက် လှုပ်ရှားကြရသည်။ အထူးသဖြင့် ရည်မှန်းချက်(၃)ရပ်နှင့် လုပ်ငန်းတာဝန် (၅)ရပ်တို့ကို ထိထိမိမိ အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်သည်။

**မိမိက အရှုံးဘဝရောက်သွားလို့ မိမိထံက ငွေနှင့်ပစ္စည်းများ ပါသွားသည့်အခါ ဆောက်တည်ရာမရ စိတ်ရိုင်းတွေ ဝင်လာတတ်ကြသည်။ လုမည် ယက်မည် နောက်ဆုံး သတ်သည် ဖြတ်သည်အထိ ဖြစ်လာတော့သည်**

၂၀-၉-၉၈ နေ့တွင် စခန်းမှူးရဲအုပ်လှမြင့်၊ နယ်ထိန်းအဖွဲ့နှင့်အတူ စားနပ်ရိက္ခာတစ်ပတ်စာ အပြည့်ထည့်လျက် မိမိနယ်မြေအတွင်း လှည့်ပတ်ခဲ့ကြသည်။

မိုးအကုန်၊ ဆောင်းအကူးပေမို့ ရာသီဥတုက သာယာသည်။ မြောက်ပြန်လေကလေးက ဝင်လာပြီဖြစ်သည်။ အေးစိမ့်စိမ့်လေးမို့ သွားရလာရသည်မှာ သက်သောင့်သက်သာ ရှိသည်ဟု ဆိုရပေမည်။

တောင်သူဦးကြီးများကလည်း မိုးသီးနှံစပါး ရိတ်သိမ်းပြီးတော့ ဆောင်းသီးနှံသီးထပ်အဖြစ် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါစသည့်များ စိုက်ကြပြန်သည်။ လယ်၊ ယာမြေ၊ ကွင်းပြင်ကြီးတစ်ခုလုံး စိမ်းလန်းစိုပြည်နေသည်မှာ ကမ္ဗလာကြီး ခင်းထားသည့်နှယ် တူလှသည်။ သာယာကြည်နူးဖွယ် မြင်ကွင်းကို ဖြတ်ကျော်လျက် နယ်မြေ စိုးမိုးရေးအတွက် ခရီးနှင်နေကြသည်မှာ မမောနိုင်၊ မပန်းနိုင်ပါပဲ။



www.burmeseclassic.com


www.burmeseclassic.com



အောင်ကံလှိုင် ကျေးရွာအရောက်တွင် ခရီးတစ်ထောက်နားကြသည်။ နံနက်စာ ထမင်းစားကြသည်။ တစ်အောင့်တနားအနားယူကြရန် စိတ်ကူးရုံရှိသေးသည်။ သတင်းတစ်ခုက ဝင်လာသည်။ အောင်နိုင်ကြီးကျေးရွာ ပင်လယ်ကမ်းစပ်တွင် ရန်ဖြစ်နေကြကြောင်း သိရသဖြင့် ခြေလွန်လက်လွန်တွေ မဖြစ်စေရန် စခန်းမှူး ရဲအုပ်လှမြင့်နှင့်အဖွဲ့ အမြန်သုတ်ခြေတင်ကြရသည်။

အောင်ကံလှိုင်ရွာနှင့် အောင်နိုင်ကြီးရွာမှာ သိပ်ဝေးလှသည်မဟုတ်။ နာရီဝက်ခန့်လောက် ရောက်သွားကြသည်။ အောင်နိုင်ကြီးရွာက အိမ်ခြေသုံးဆယ်ကျော်လောက်ပင် ရှိသည်။ အများစုက ရေလုပ်သားများပင်ဖြစ်သည်။ ကျေးရွာလူကြီးများက သူတို့ရွာတွင် ခိုက်ရန်ဖြစ်ပွားမှု မရှိကြောင်းပြောသည်။

ထိုစဉ် လူငယ်တစ်ယောက်က ပင်လယ်ကမ်းစပ်မှာနေတဲ့ ဦးသံလုံးတို့ တဲဆီက စကားများ ရန်ဖြစ်သံကြားကြောင်း၊ ခဏအကြာ ငြိမ်သွားကြောင်း ဝင်ပြောသည်။ ထိုဒေသ၏ သဘောသဘာဝမှာ မိမိလုပ်ငန်းနှင့် နီးစပ်ရာတွင် ဟိုတစ်အိမ်၊ ဒီတစ်အိမ် တဲအိမ်များဆောက်၍ နေလေ့ရှိကြသည်။ ကိုသံလုံးတို့တဲမှာ ပင်လယ်ကမ်းစပ်အနီးတွင် ရှိသည်။ ရွာနှင့်တစ်မိုင်နီးနီးခန့် ဝေးသည်။





www.burmeseclassic.com

www.burmeseclassic.com



စခန်းမှူး ရဲအုပ်လှမြင့်နှင့်အဖွဲ့သည် အရပ်လူကြီးပါခေါ်ကာ ကိုသံလုံးဆိုသူ တဲသို့ သွားရောက်ကြသည်။ ကိုသံလုံးတဲမှာ ပင်လယ်ကမ်းစပ်အနီးတွင် တစ်လုံးတည်း ထီးထီးကြီးဖြစ်နေသည်။ စခန်းမှူး ရဲအုပ်လှမြင့်နှင့် အဖွဲ့ ရောက်သွားချိန်တွင် ကိုသံလုံးနှင့် ဇနီးမအေးတင်တို့ အဆင်သင့်တွေ့ရသည်။ အခြေအနေက အေးအေးဆေးဆေးပင် ဖြစ်သည်။

"ဒီမှာ ဘာပြဿနာမှ မဖြစ်ပါဘူး စခန်းမှူးကြီးရယ်၊ ကျွန်မတို့တဲကိုလဲ ဘယ်သူမှမလာပါဘူး"

မအေးတင်ဆိုသူက ကောက်ကာငင်ကာ ပျာပျာသလဲ ပြောသည်။ သူ့ကို ဘယ်သူကမှ မမေးရသေးဘဲ ပြောချလိုက်သော မအေးတင်၏ စကားအပေါ် စခန်းမှူး ရဲအုပ်လှမြင့် တွေးရောတစ်ခု ဖြစ်သွားခဲ့ရသည်။ မအေးတင်ကသာ အာသွက်လျှာသွက်ဖြင့် ကလေ့မပျက်သလို ရှိနေသော်လည်း ခင်ပွန်းဖြစ်သူ ကိုသံလုံးကတော့ ကုပ်ကုပ်ကလေး ငြိမ်နေသည်။ စခန်းမှူး ရဲအုပ်လှမြင့်က အကဲစမ်းသလိုမေးလိုက်သည်။

"မအေးတင်ကို ကျွန်တော်တို့က ဘာမျှမမေးရသေးဘဲ စောစောကစကားကို ဘာကြောင့်ပြောရတာလဲ"

မအေးတင်က တစ်ချက်ငိုင်သွားပြီး မျက်နှာတစ်ချက်ပျက်သွားသလို ဖြစ်သွားသည်။ ချက်ချင်းပဲ ကလေ့ဆည်လျက်

"ဒီလိုပါ စခန်းမှူးကြီးရယ်၊ စခန်းမှူးကြီးတို့ တစ်စုံတစ်ခုကြောင့်များ ကျွန်မတို့တဲကို ရောက်လာသလားလို့ပါ"

စခန်းမှူး ရဲအုပ် လှမြင့်က မအေးတင်၏ ပြောပုံဆိုပုံ အမူအရာတွေကို အကဲခတ်နေစဉ်မှာပင် ခပ်လှမ်းလှမ်းတဲတစ်လုံးဆီမှ အမျိုးသမီးတစ်ယောက် ထဘီတိုတိုဝတ်လျက် ခြေလှမ်းကျဲကျဲဖြင့် ရောက်လာသည်။ သူ့ယောကျ်ား ဒီကိုလာတာ ပြန်မလာသေးလို့ လိုက်လာတာဟုဆိုသည်။ မအေးတင်က မလာဘူးဟု သံပြတ်ဖြင့်ဆိုလိုက်သည်။

"ဟဲ့ ... ဘာကြောင့်မလာရမှာလဲ၊ ရှင့်ယောကျ်ားသံလုံးဆီမှာ ကြွေးသွားတောင်းမယ်ဆိုပြီး ကျုပ်ယောကျ်ား ကိုမောင်တင်က ပြောသွားတာပဲ။ ကြာနေလို့ ကျုပ်လိုက်လာတာ။ စောစောက ရှင်တို့တဲဘက်က ဆူညံသံတွေလဲကြားတယ်။ ကျုပ်

**"ရှင့်ယောကျ်ားကို**
**ကျုပ်လိုက်ကြည့်**
**နေတာမဟုတ်ဘူး။**
**ဒီကိုလဲမလာဘူး။**
**သူ့ဟာသူ**
**ဘယ်သွားသေနေသလဲ**
**ကျုပ်**
**ဘယ်သိမလဲ"**



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျား ကိုမောင်တင် ဘယ်ရောက်သွားသလဲပြော''

''ဒီမှာ မစောရင် ရှင့်ယောက်ျားကို ကျုပ်လိုက်ကြည့်နေတာမဟုတ်ဘူး။ ဒီကိုလဲ မလာဘူး။ သူ့ဟာသူ ဘယ်သွားသေနေသလဲ ကျုပ်ဘယ်သိမလဲ''

''ရှင်နော် နိမိတ်မရှိ နိမမရှိ ပါးစပ်ပုပ်ကြီးနဲ့ မပြောနဲ့''

''ပြောတယ် ဟယ်ညည်းက ဘာလုပ်ချင်လို့လဲ''

မအေးတင်က ဒေါနဲ့မောနဲ့ ရန်တွေ့စကားပြောသည်။ လက်ထဲက ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီးကို နှုတ်ခမ်းဖြင့်တေ့လျက် တအားဖွာလိုက်သည်။ မီးခိုးတွေက လှိုင်ထွက်နေသည်။ သူ့ဆေးလိပ်ကြီး ထိပ်ဖျားကမီးတို့သည် မီးသွေးမီးဖိုကို ယပ်ခတ်ပေးလိုက်သလို ရဲခနဲ ရဲခနဲမြင်တွေ့ရသည်။ မစောတင်က လည်း အလျှော့မပေး လက်မောင်းမှအကျီစကို ပင့်တင်လျက် ရန်တွေ့ရန် အားယူလိုက်သည်။



''တော်ကြစမ်းပျာ
သောင်တင်ရေမရတွေ လျှော
ပြောမနေနဲ့''

အမျိုးသမီး နှစ်ယော
ငြိမ်သွားကြသည်။ ထိုစဉ်မှာ
နယ်ထိန်းခေါင်းဆောင် ဒုရဲအု
ကျော်စိုးက စခန်းမှူးရဲအုပ်လှမြ
နားကပ်လျက် ခပ်တိုးတိုးလေ
သတင်းပို့သည်။ တဲအိမ်အော
မြေပြင်ပေါ်တွင် သွေးရောင်လိ
အနီကွက်များ တွေ့ရကြော
ဖြစ်သည်။ မအေးတင်က
ကောက်ကာငင်ကာဖြင့် ကွမ်း
တွေးတွေ့ပါဟု ဝင်ပြောလိုက်
သည်။ စခန်းမှူး ရဲအုပ်လှမြ
သံသယစိတ်ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သက်သေလူကြီးများနှင့်အတူ တဲအိမ်ပေါ်သို့ တက်ကြည့်ကြသည်။ တဲကလေးက မခိုင့်တခိုင်ဆိုပေမဲ့ ခပ်ယိုင်ယိုင်တော့ မဟုတ်ပေ။ မဒမသားကို တိုင်ထူထားသည်။ ဝါးထရံကာထားသည်။ အမိုးက ဓနိဖြစ်သည်။ ပျဉ်လေးများကို ကကျို့ကကျဲခင်းထားသည်။ သင်ဖြူးဗျာအစုတ်ကလေးကလွဲ၍ တခြားခင်းထားခြင်း ဘာမျှမရှိ။ ပျဉ်ပေါက်ကြားမှ မြေပြင်သို့ အထင်းသားမြင်နေရသည်။ ဟုတ်ပေသည်။ မြေပြင်တွင် အနီကွက်ကြီး တွေ့နေရသည်။

စခန်းမှူး ရဲအုပ်လှမြင့် သံသယစိတ်များဖြင့် ပျဉ်ခင်းများကို စေ့စေ့စပ်စပ် ကြည့်သည်။ ပျဉ်တွေက ရေစိုနေသည်ကို တွေ့ရသည်။ အသေအချာကြည့်လိုက်သည့်အခါ မသင်္ကာစရာများ တွေ့ရပြီဖြစ်သည်။ ပျဉ်ခင်းနှင့် အောက်ခံဆင့် သစ်သားများကြားတွင် သွေးစသွေးနလေးများ ဖြစ်သည်။ သွေးခဲတုံးလေးများပင် တွေ့ရသည်။

သေချာသလောက်တော့ ရှိသည်။ သို့သော်လည်း ဆင်ခြေရာတွေ့ပါပြီ၊ ဆင်ကောင်ကြီးကို တွေ့ဖို့ကလိုသေးသည်။ စခန်းမှူး ရဲအုပ်လှမြင့် နည်းပရိယာယ်သုံးရန် စိတ်ကူးလိုက်ကူးလိုက်သည်။

"ဒီမှာ မအေးတင် ခင်ဗျားတို့ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ အမှန်အတိုင်းကို ပြောစမ်းပါ။ ဆင်သေကောင်ကြီးကို ဆိတ်သားရေနဲ့ဖုံးဖို့ ကြိုးစားမနေပါနဲ့။ ကျုပ်အထောက်အထားတွေ ရသင့်သလောက် ရထားပြီးပါပြီ။ ကျုပ်ရှင်းရှင်းပဲ ပြောမယ်။ ခင်ဗျားလိမ်မယ်လို့ စိတ်မကူးနဲ့။ ကျုပ်စိတ်မဆိုးချင်ဘူး။ ကျုပ်နာမည် စခန်းမှူး လှမြင့်ဆိုတာ ကြားဖူးမှာပေါ့။ ကျုပ်က မှန်တာလုပ်ရမယ်ဆိုရင် သိကြားမင်းတောင်မကြောက်ဘူး မှတ်ထား"

စခန်းမှူး ရဲအုပ်လှမြင့်က မျက်နှာထားကို တမင်တင်းပြလိုက်သည်။ အသံကို တမင်မြှင့်လျက် ခပ်မာမာပြောလိုက်သည်။ မအေးတင် တစ်ချက်တွေသွားသည်။ ချက်ချင်း မျက်နှာကို ဣန္ဒြေပြန်ဆယ်လိုက်သည်။ ဘာမှမဖြစ်ကြောင်း၊ မသိကြောင်း ငြင်းမြဲငြင်းနေသည်။ ကိုသံလုံးကတော့ ခေါင်းအောက်စိုက်လျက် ငြိမ်ချက်သား ကောင်းနေသည်။ သံသယဖြစ်ဖွယ် တွေ့နေရသော်လည်း သက်သေအထောက်အထား ခိုင်ခိုင်လုံလုံ ရှိရန်လိုသည်။ စခန်းမှူး ရဲအုပ်လှမြင့် ဦးနှောက်စားနေရသည်။

ထိုစဉ်မှာပင် တဲအိမ်ပေါ်သို့ လူရွယ်လေးတစ်ယောက် အူယားဖားယားဖြင့် ပြေးတက်လာသည်။ ရဲတပ်ဖွဲ့ဝင်များ ရပ်ကွက်လူကြီးများနှင့် မိဘနှစ်ပါးကို တွေ့လိုက်ရသည့်အခါ လူရွယ်လေးအံ့အားသင့်သွားသည်။

"အဖေနဲ့အမေ ဘာဖြစ်ကြတာလဲဟင်"

လူရွယ်လေးက တုန်တုန်ယင်ယင်ဖြင့် မေးသည်။ ရဲအုပ် လှမြင့် ဦးနှောက်ထဲ အလင်းတန်း တစ်ခုဝင်လာသည်။ တခြားမဟုတ် နည်းပရိယာယ်ပြောင်းရန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်သူလဲ"

"ဟော့ ... အောင်မြင့် ဒီကောင်လေးကို လက်ထိတ်ခတ်လိုက်"

နယ်ထိန်းရဲတပ်ကြပ် အောင်မြင့်ကလည်း မြန်သည်။ သူ့ဆရာ အမိန့်ပေးသည့်အသံ ဆုံးသည်နှင့် သူ့ခါးကြားက လက်ထိတ်တစ်စုံသည် ဖိုးထောင်၏ လက်ကောက်ဝတ်နှစ်ဖက်ပေါ်သို့ ရောက်သွားပြီဖြစ်သည်။ ကိုသံလုံးနှင့် မအေးတင်တို့သည်လည်း သားလေးကို ကြည့်ပြီး မျက်လုံးမျက်ဆန်ပြူးသွားကြသည်။ ဖိုးထောင်က မခံချင်စိတ်ဖြင့် မောက်မာစွာဆိုလိုက်သေးသည်။

"ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲဗျ"

"နောက်တော့ သိရမှာပေါ့ကွာ"

စခန်းမှူး ရဲအုပ်လှမြင့်က ဤမျှသာပြောလိုက်သည်။ သားငယ်၏ လက်နှစ်ဖက်တွင် လက်ထိတ်တန်းလန်းကြီး မြင်လိုက်ရသဖြင့် မအေးတင်ရင်ဆို့သွားပေလိမ့်မည်။

"အမယ်လေး အဲဒီလိုတော့ မလုပ်ပါနဲ့ စခန်းမှူးကြီးရယ်၊ ဒီကိစ္စ သားလေးနဲ့ဘာမှ မဆိုင်ပါဘူး"

"ဒါဆိုရင် ဘယ်သူနဲ့ဆိုင်လဲ"

■ ■ ■ ■ ■ ■ ■ ■ ■

## ပင်လယ်ကမ်းစပ်
## ဒိုက်ပုံထဲတွင်
## ဦးခေါင်း၌
## သွေးသံရဲရဲဖြင့်
## ကိုမောင်တင်၏
## အလောင်းကို
## တွေ့ခဲ့ရသည်——

စခန်းမှူး ရဲအုပ်လှမြင့်က အကွက်ကောင်းကို ဖမ်း
ထောက်လိုက်သည်။ မအေးတင်
အငိုက်မိသွားပြီ ဖြစ်သည်။ ငိုင်
ကျသွားတော့သည်။ ပါးပြင်နှစ်
ဖက်ပေါ်တွင်လည်း မျက်ရည်များ
စီးကျနေပြီဖြစ်သည်။ သားကိုချစ်
သော မအေးတင် ရင်မှာ ဆို့နင့်
သွားခဲ့ရသည်။ ဘာစကားမှ မ
ဆိုနိုင်။ အဝေးကနေရာကို တွေ
တွေကြီးငေးစိုက်ကြည့်နေတော့
သည်။

"မှန်တာကိုပြောပါ မ
အေးတင်၊ ခင်ဗျားတို့ လုပ်ရပ်
တွေက ဖုန်းကွယ်လို့မရတော့နိုင်
ပါဘူး"

"သားလေးအဖြစ်ကို
မကြည့်ရက်တော့ပါဘူး ကိုသံလုံး
ရယ် မှန်တာကိုသာ ပြောလိုက်
ပါတော့"

ကိုသံလုံးက ခေါင်း
လေး မော့လာသည်။ ဝမ်းနည်း
ကြေကွဲသံဖြင့် ပြောသည်။

"ကျွန်တော်တို့ အရက်
မူးလာရာမှ မမျှော်လင့်ဘဲ လက်
လွန်သွားပါတယ်။ ကိုမောင်တင်



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကို ပင်လယ်ကမ်းစပ်က ဒိုက်ပုံထဲမှာ ပစ်ထည့်ခဲ့ပါတယ်''

ကိုသံလုံး၏ ပြောစကားအရ ပင်လယ်ကမ်းစပ် ဒိုက်ပုံထဲတွင် ဦးခေါင်း၌သွေးသံရဲရဲဖြင့် ကိုမောင်တင်၏ အလောင်းကိုတွေ့ခဲ့ရသည်။

တော်သေးသည်။မကြာမီမှာ ဒီရေတက်လာတော့ မည်ဖြစ်သည်။ ဒီရေပြန်အကျတွင် ကိုမောင်တင်၏ ရုပ်အလောင်းကြီး ဒီရေနှင့်အတူ ပါသွားပြီး ပျောက်ကွယ်သွားမည် ဖြစ်သည်။ မကောင်းမှုတွင် စိတ်ကူးကောင်းသော ကိုသံလုံးနှင့် မအေးတင်တို့ပင်ဖြစ်သည်ဟု ဆိုရပေမည်။

စခန်းမှူး ရဲအုပ်လှမြင့်၏ အတွေးနှင့်နည်းပရိယာယ်သုံးထိုက်သည်မှာ မှန်သွားပေသည်။ သူတို့မည်သည် သားသမီးနှင့်ဆင်းသက်လာလျှင် မချိအောင်ခံစားကြရသည်မှာ မအေးတင်တစ်ယောက် လက်တွေ့ပြလိုက်ခြင်းပင် မဟုတ်ပါလား။

ရာဇဝတ်ဘေး ပြေးမလွတ်ဆိုသော စကားနှင့်အညီ ကိုသံလုံးနှင့် မအေးတင်တို့၏ အလောင်းဖျောက်ရန် စိတ်ကူးများသည် ပျက်ပြယ်သွားပြီဖြစ်သည်။ စခန်းမှူး ရဲအုပ်လှမြင့်၏ အတွေးနှင့်နည်းပရိယာယ်တို့က လက်ဦးမှုရယူလိုက်ပြီ မဟုတ်ပါလား။

ကိုမောင်တင်၏ ရုပ်အလောင်းကို ဆေးစာ ရေးသား၍ ဆေးရုံပို့ရန်စီစဉ်ရသည်။ ဓာတ်ပုံမှတ်တမ်းကို ရိုက်ယူထားရသည်။ အခင်းဖြစ်နေရာကို မြေပုံကြမ်းရေးဆွဲယူရသည်။ ကိုသံလုံး ထုတ်ပေးသော သွေးဖွန်းနေသည့်ရဲတင်းကြီးကို သက်သေခံပစ္စည်းအဖြစ် သက်သေများရှေ့တွင် သိမ်းဆည်းခဲ့ရသည်။

♛ ♛ ♛

''ကဲ ... မအေးတင်ခင်ဗျားက သွက်သွက်လက်လက်ရှိတယ်။ ခင်ဗျားတို့ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ဖခြွင်းမချန် ပြောစမ်းဗျာ''

မအေးတင်က ခေါင်းလေးငိုက်စိုက်ကျလျက် မျက်ရည်

---

**''ကျွန်မတို့ မှားပါတယ် စခန်းမှူးကြီးရယ်။**

**ကိုမောင်တင်တို့ မစောရင်တို့ဆိုတာ**

**ကျွန်မတို့နဲ့ သွေးမျိုးရင်းချာလို**

**နေလာကြတာပါ။**

**မရှိအတူ၊ ရှိအတူ တစ်ဦးကိုတစ်ဦး**

**ဖေးမကူညီနေကြသူတွေပါ''**



www.burmeseclassic.com

www.burmeseclassic.com



တွေက ပါးပြင်နှစ်ဖက်ပေါ်သို့ သွင်သွင်စီးကျနေသည်။ တစ်ချက်တစ်ချက်တွင် ရှိုက်သံများပင် ပေါ်လာသေးသည်။ ခဏကြာမှ ခေါင်းလေးမော့လာသည်။ လက်မောင်းက အင်္ကျီစလေးဖြင့် မျက်ရည်စများကို သုတ်လိုက်သည်။ ဝမ်းနည်းသံတစ်ဝက်ဖြင့် ကြေကွဲစွာပြောလာသည်။

"ကျွန်မတို့ မှားပါတယ် စခန်းမှူးကြီးရယ်။ ကိုမောင်တင်တို့ မစောရင်တို့ဆိုတာ ကျွန်မတို့နဲ့ ဆွေမျိုးရင်းချာလို နေလာကြတာပါ။ မရှိအတူ၊ ရှိအတူ တစ်ဦးကိုတစ်ဦး ဖေးမကူညီနေကြသူတွေပါ။ ရေလုပ်ငန်းနဲ့ပဲ ဒီပင်လယ်ကမ်းခြေမှာ အတူနေလာကြတာ အတော်လေးကြာပါပြီ။ လွန်ခဲ့တဲ့ တစ်လလောက်က ကျွန်မတို့ ငါးပိုက်ဝယ်တာ ငွေမလုံလောက်လို့ ကိုမောင်တင်တို့ဆီက ငွေငါးထောင်လှည့်ထားခဲ့တယ် ...

ဒီနေ့ အဲ့ဒီငွေကို သူလာတောင်းတာပါ။ ကျွန်မတို့က ငွေမလည်သေးလို့ ခေတ္တဆိုင်းပါဦးလို့ တောင်းပန်တော့ သူကလက်ခံပါတယ်။ "ဒါဆိုလဲ ငွေလည်မှပေး"လို့တောင် သူက ပြောပါသေးတယ်။ သူက မပြန်သေးဘဲ အရက်လက်ကျန် ရှိသေးလား၊ အရက်သောက်ချင်တယ်ကွာလို့ ပြောပါတယ်။ အရက်ကလဲ ရှိတယ်။ အမြည်းအတွက် ဖားကြော်လေးကလဲ အဆင်သင့်ရှိနေတာမို့ ကျွန်မတို့သုံးယောက် အရက်သောက်ကြပါတယ်"

"ခင်ဗျားကလဲ အရက်သောက်တာပဲလား"

"ဟုတ်ကဲ့ အစက တော့ သူတို့သောက်ဖို့ အရက်ဝယ်ဝေးတယ်။ အမြည်းလုပ်ပေးတယ်။ နောက်တော့ ကျွန်မလဲ အရက်သောက်တတ်လာပါတယ်"

"ကောင်းရောဗျာ ကဲ ... ဆက်ပြောပါဦး"

"ကျွန်မတို့ သုံးယောက် သောက်လိုက်ကြတာ အရက်တစ်ပုလင်း ကုန်သွားတယ်။ ကျွန်မကတော့ နည်းနည်းသောက်တာမို့ သိပ်မမူးပါဘူး။ သူတို့နှစ်ယောက်က တော့ အတော်လေး မူးနေကြပ ပြီ။ ဒါပေမဲ့ ကိုမောင်တင်က မ သေးဘူး။ အရက်ရှိသေးရင် ယူ လို့ပြောတာနဲ့ ကျွန်မက လက် ကျန်ရှိသေးတဲ့ တစ်ပိုင်းကို ချ လိုက်ပါတယ်။ ကျွန်မကတော့ သောက်တော့ပါဘူး။ သူတို့နှ ယောက်ပဲ ဆက်သောက်ကြ တယ်။ အရက်လဲကုန်သွားပါပြီ ကိုမောင်တင်က အရက်မူး ရင် သွေးဆိုးတတ်တယ်ရှင့်။ အ ရက်ရှိန်လေးရလာတော့ နော ထပ် အရက်ပေးဦးလို့ တော တယ်။ ကျွန်မက မရှိတော့ ပြောတာ သူကလက်မခံဘူး။ ခွက်တွေကို ကိုင်ပေါက်ပစ်တ အဲဒီမှာ ကိုသံလုံးနဲ့ စကားများ တယ်။ နောက်ဆုံး အကြွေး ပြန်ပေါ်လာတယ်။ သူ့ငွေ ထောင်ကို ချက်ချင်းပေးရမယ် ပြောလာတယ် ....

"ကျွန်မနဲ့ ကိုသံလုံး တောင်းပန်ကြတယ်။ မရဘူး ကိုမောင်တင်က ဒေါသထွက် တယ်။ ကိုသံလုံးရဲ့ မေး



www.burmeseclassic.com

www.burmeseclassic.com



လက်သီးနဲ့ ထိုးလိုက်ပါတယ်။ အဲဒီကနေ သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးကြကြိတ်ကြတယ်။ လုံးကြသတ်ကြ ဖြစ်လာပါတယ်။ တစ်ယောက်က အောက်ရောက်လိုက် တစ်ယောက်ကအပေါ်ရောက်လိုက်နဲ့ ဖြစ်နေကြပါတယ် ....

"ကိုသံလုံးက အပေါ်စီးရသွားတဲ့အချိန်မှာ ကျွန်မက ထရံ မှာထောင်ထားတဲ့ ရဲတင်းကိုပြေးယူပြီး ကိုသံလုံးလက်ထဲ ထည့်ပေးလိုက်ပါတယ်။ 'ကိုသံလုံး ထုလိုက်ထုလိုက်'လို့လဲ ပြောလိုက်မိပါတယ်။ ကိုသံလုံးကလဲ ကိုမောင်တင်ရဲ့ ဦးခေါင်းကို တစ်ချက်တည်း ထုချလိုက်ပါတယ်။ သွေးတွေဖြာထွက်လာပြီး ကိုမောင်တင်အသက်ပျောက်သွားတာပါပဲ ...

"ကျွန်မတို့ လင်မယားလဲ ခြေမကိုင်မိလက်မကိုင်မိနဲ့ ဘာလုပ်ရမှန်းမသိ ဖြစ်သွားပါတယ်။ ကြောက်ကြောက်လန့်လန့်နဲ့ပဲ အလောင်းကြီးကိုမပြီး ပင်လယ်ကမ်းစပ်က ဒိုက်ပုံထဲမှာ ဝှက်ထားလိုက်ပါတယ်။ ကျွန်မတို့စိတ်ကူးက ဒီရေအတက်အကျမှာ ကိုမောင်တင်အလောင်း မျောပါသွားပြီး ပျောက်သွားအောင်ပါ။ အိမ်ပေါ်က သွေးစသွေးနတွေကိုလဲ ရေဆေးချပြီး အိန္ဒြေမပျက် နေလိုက်ကြတာပါ"

မအေးတင် သူ့စကားအဆုံးမှာတော့ မျက်ရည်တွေသာ တွင်တွင်ကျလျက် ခေါင်းစိုက်ကျသွားခဲ့တော့သည်။

"တကယ်တော့ ခင်ဗျားတို့ ဒီလိုဖြစ်ရတာက အရက်ကြောင့်ပဲဗျ။ အထူးသဖြင့် ခင်ဗျားဟာ မြန်မာအမျိုးသမီးတစ်ယောက်ဖြစ်ပါရက်နဲ့ အရက်သောက်တယ်ဆိုတာ ရင်နာစရာသိပ်ကောင်းတယ်ဗျာ။ ကျုပ်တို့ဗုဒ္ဓဘာသာဝင်တွေ အလေးထား လိုက်နာကျင့်သုံးကြတဲ့ ကံငါးပါးထဲမှာ သုရာမေရယကံဆိုတဲ့ သေရည်သေရက်ဟာ အဆိုးဆုံးလို့ ပြောရင်ရတယ်။ သုရာမေရယကံ ကျိုးပေါက်သွားပြီဆိုရင် တခြားကံလေးပါးကို ကျူးလွန်ဖို့ဝန်မလေးတဲ့ သဘောရှိတယ်။ ဘာကြောင့်လဲဆိုတော့ လူတွေက အရက်မူးလာရင် အမှားအမှန်ကို ဝေဖန်နိုင်မှု မရှိတော့ဘူး။ ပြောရဲဆိုရဲ ဖြစ်လာတယ်။ လုပ်ရဲကိုင်ရဲ ဖြစ်လာတယ်။ နောက်ဆုံး လူလူချင်း သတ်ရဲဖြတ်ရဲတဲ့အထိ ဖြစ်လာတတ်ကြတယ် ...

"အခုပဲ ကြည့်လေ ခင်ဗျားတို့တစ်တွေက အရက်မသောက်ခင် အရက်မမူးခင်တုန်းကတော့ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင် ရှိကြတယ်။ တစ်ဦးကတစ်ဦးကို ကူညီကြတယ်။ အတူသွား အတူလာ စားကြသောက်ကြနဲ့ ပျော်ပျော်ပါးပါးနေခဲ့ကြတယ်။ အရက်လေးမူးလာတဲ့အခါ အမှားအမှန်ကို မဝေဖန်နိုင်တော့ဘဲ ခွင့်လွှတ်သည်းခံစိတ်တွေ ပျောက်ကုန်ကြတယ်။ နောက်ဆုံးတော့ လူသတ်တဲ့အထိ ဖြစ်သွားကြတယ်။ ဘယ်လောက်များ ရင်နာစရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသလဲဗျာ''

''ဟုတ်ပါတယ် စခန်းမှူးကြီးရယ်။ ကျွန်မတို့ အမှားကြီးမှားခဲ့ပါတယ်။ နောင်တလဲ ရခဲ့ပါပြီ''

''ခင်ဗျားတို့ နောင်တက နောက်ကျသွားပါပြီ။ ရာဇဝတ်မှုဆိုတာ နောင်တရတာနဲ့ ဖြေလျှော့သွားတာမျိုး မဟုတ်ပါဘူး။ တစ်ခုရှိတာပေါ့ဗျာ။ ခင်ဗျားတို့အတွက် အချိန်တွေအများကြီး ရှိပါသေးတယ်။ မိမိတို့ရဲ့ မိုက်နောင်တကို ပေးဆပ်သွားနိုင်ရင် ကောင်းကျိုးတွေ ဖြစ်လာနိုင်မှာပါ ...

''အခုတော့ဖြင့် ကိုယ်ပြုသမျှကံကို ကိုယ်သာလျှင်ခံကြရပေဦးမယ်။ ကိုသံလုံးက လူတစ်ယောက်ကို အသက်သေစေနိုင်တဲ့ ရဲတင်းနဲ့ထုလိုက်တဲ့အတွက် ကိုမောင်တင်သေဆုံးခဲ့ရတယ်။ ဒါကြောင့် သူသတ်မှုကို ကျူးလွန်ရာရောက်နေပါတယ်။ မအေးတင်ကလဲ ကိုသံလုံးပြစ်မှု ကျူးလွန်နိုင်ရန် ရဲတင်းကို ကိုယ်တိုင်ယူ ပေးခဲ့တယ်။ ဒါကြောင့် လူသတ်မှုကျူးလွန်ဖို့ ပူးပေါင်းကြံစည်အားပေးရာ ရောက်နေပါတယ်။ ဒါကြောင့် တရားဥပဒေအရ အရေးယူရမှာ ဖြစ်ပါတယ်''

စခန်းမှူး ရဲအုပ်လှမြင့်က ကရုဏာဒေါသဖြင့် အရှည်ကြီးရှင်းပြလိုက်သည်။ ကိုသံလုံးနှင့်မအေးတင်တို့ ဇနီးမောင်နှံနှစ်ယောက် ခေါင်းငိုက်စိုက်ချလျက် မျက်ရည်များ စီးကျနေတော့သည်။ တစ်ချက်တစ်ချက် မအေးတင်ထံမှ ရှိုက်သံများပင် ထွက်ပေါ်နေတော့သည်။

နောက်ဆုံးတော့ ပြစ်မှုကျူးလွန်သူတို့၏ သွားရာလမ်းအတိုင်း ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂/၃၄(လူသတ်မှု/ပူးပေါင်းကြံစည်မှု)တို့အရ တိုင်ချက်ဖွင့်အရေးယူခဲ့ရသည်။

ကိုသံလုံးနှင့် မအေးတင်တို့ကလည်း တရားသူကြီးရှေ့မှောက်တွင် ဖြောင့်ချက်ပေးခဲ့ကြသည်။ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော ရဲတင်းကို လည်း သိမ်းဆည်းရရှိခဲ့သည်။ အိမ်ကြမ်းကြားမှ တွေ့ရှိရသော သွေးစ၊ သွေးနများနှင့် အိမ် အောက်မြေပြင်မှ တွေ့ရှိရသော သွေးစ၊ သွေးနများကို အင်းစိန် မှုခင်းတပ်ဖွဲ့ ဓာတုဗေဒဌာနသို့ ပေးပို့ထင်မြင်ချက်တောင်းခံခဲ့ရာ လူသွေးများဖြစ်ကြောင်း မှတ် ချက်ရရှိခဲ့သည်။

အမှုကို သက်သေအ ထောက်အထားများ ခိုင်လုံစွာဖြင့် တရားစွဲတင်ခဲ့သည်။ ကိုသံလုံး နှင့် မအေးတင်တို့ ဇနီးမောင်နှံက တော့ တရားဥပဒေ၏ အဆုံးအ မကို ခံရမည်သာ ဖြစ်ပေတော့ သည်။

*လူသားအားလုံး*

*သုရာမေရယကံနှင့်*

*ကင်းဝေးနိုင်ကြပါစေ*

မောင်မောင် (ဗိုတောက်မြို့)



www.burmeseclassic.com

www.burmeseclassic.com

# ကန့်လန့်ကာအာဗွင်း

ဝင်းသစ္စာ ( သမ္ဗူလ )





www.burmeseclassic.com

www.burmeseclassic.com



## ကန့်လန့်ကာအဖွင့်

**ဝင်းသစ္စာ (သမ္မုလ)**

ပျဉ်ပုံတစ်ရွာလုံးက 'လိပ်ပု' ကို မြင်လျှင် ပြုံးစိစိလုပ်သွားကြ၏။ တချို့လည်း ထိပ်ပုတ်၊ ခေါင်းပုတ် လုပ်သွားတတ်ကြ၏။ လိပ်ပုကတော့ သူတို့ဘာပဲလုပ်လုပ် ခေါင်းငုံ့ပြီး ကိုယ်လုပ်စရာရှိသည်ကိုသာ လုပ်နေတတ်၏။

စင်စစ် လိပ်ပုအသက်က တစ်ဆယ့်ငါးနှစ်ပင် စွန်းစရှိချေပြီ ဖြစ်၏။ အရွယ်က လူငယ်ပိုင်း အရွယ်ကို ဝင်လာသော်လည်း အရပ်က သုံးပေပင် မပြည့်ချင်။ ထို့ကြောင့်လည်း သူ့ကို တစ်ရွာလုံးက 'လိပ်ပု ‥ လိပ်ပု'' နှင့် ခေါ်ခဲ့ကြခြင်းဖြစ်သည်။ အမှန်မတော့ သူ့နာမည်အရင်းက 'မိုးကျော်'ဖြစ်၏။

မိခင်ဖြစ်သူမှာ တစ်နှစ်သားကတည်းက ဆုံးပါးခဲ့ပြီး ဖခင်ကြီးမှာတော့ သူမမွေးခင်ကတည်းက ဆုံးပါးခဲ့၏။ ထိုစဉ်က လိပ်ပု၏ ပြဿနာကို လိပ်ခဲတည်းလဲ ဖြစ်ခဲ့ကြ၏။ ယင်းပြဿနာကတော့ တခြားတော့ မဟုတ်ပါချေ။ လိပ်ပုကို ဘယ်သူမွေးစားမလဲဆိုသည့် အရေးကိစ္စပင် ဖြစ်သည်။

စင်စစ် လိပ်ပု၏ဖခင်ဖြစ်သူ ဦးဖူးကျော်နှင့် မိခင်ဖြစ်သူ ဒေါ်ဝိုင်းရုံတို့မှာ တစ်ရွာတစ်ကျေးမှလာရောက်ကြသည့် ဇနီးမောင်နှံနှစ်ဦး ဖြစ်၏။

ထိုစဉ် ပျဉ်ပုံရွာကလေးတွင် ပဲကောက်၊ နှမ်းဆွတ် အလုပ်ကလည်း ပေါလှ၏။ ရာသီဥတုကလည်းညီ မြေဆီလွှာကလည်း မပြုန်းသေးသည်မို့ အသီးအနှံကလည်း စိုက်တိုင်းအောင်မြင်နေချိန် ဖြစ်သည်။

ရွာလုပ်အားနှင့် မနိုင်တော့ တစ်ရွာတစ်ကျေးက အလုပ်သမားတွေ ခေါ်ခဲ့ရ၏။ ထိုအခါ ဖူးကျော်တို့ လင်မယားလည်း ပျဉ်ပုံရွာသို့ ဦးလေးဖိုးလူး၏ အဆက်အသွယ်နှင့် အလုပ်လုပ်ရန် ရောက်ရှိလာခဲ့ကြခြင်းဖြစ်သည်။ ဦးလေးဖိုးလူမှာ ဦးဖူးကျော်နှင့် ဆွေရိပ်မကင်း မျိုးရိပ်မကင်းမို့ သူတို့အိမ်ဝိုင်း အနောက်ဘက်တွင် တဲထိုးပြီး နှစ်ရှည်လများ နေထိုင်ခဲ့ကြ၏။

ဦးလေးဖိုးလူက ဦးဖူးကျော်ထက် ခြောက်နှစ်ခန့်ငယ်၏။ ကလေးသုံးယောက်၏ ဖခင်လည်း ဖြစ်ပြီး ဇနီးမှာ ဆုံးသွားတာ မကြာသေးချေ။

ဦးဖူးကျော်တို့ လင်မယား ရွာကိုရောက်ခါစက ညားခါစက ဇနီးနှံရယ်မို့ အပျော်ကြီးပျော်နေကြ၏။

ယာခင်းထဲတွင် သီချင်းကလေး တအေးအေးနှင့် ပဲကောက်၊ နှမ်းဆွတ် အလုပ်ကို လုပ်ခဲ့၏။ ပျဉ်ပုံရွာသူ ရွာသားတွေနဲ့လည်း တည့်အောင်ပေါင်းသင်းခဲ့သဖြင့် သူတို့နှစ်ဦးအတွက် အလုပ်မရှားချေ။ တစ်နယ်တစ်ကျေးမှ ရောက်လာကြသော တစ်ရွာသားများအကြားတွင် ဖူးကျော်တို့ လင်မယားကို ပျဉ်ပုံတစ်ရွာလုံးက ခင်တွယ်ကြ၏။

ဖူးကျော်က ဖင်ပေါ့လှသူ တစ်ဦးဖြစ်၏။ ဦးလေးဖိုးလူ၏ ဆယ့်ငါးဧကခန့်ရှိသော မြေကို ကိုယ်တိုင် ဦးစီးဦးဆောင်ပြုလုပ်ခဲ့၏။ ဇနီးသည်ဖြစ်သူ ဒေါ်ဝိုင်းရုံကလည်း တဘက်ကြီး ခေါင်းပေါင်းကာ ယာခင်းထဲတွင် တစ်နေကုန် အလုပ်လုပ်နေတတ်၏။

နွားနှစ်ရှဉ်းနှင့် တစ်နယ်သား ဆယ်ဦးကို ဦးစီးပြီး သူတို့လင်မ ယားနှစ်ဦး သစ္စာရှိရှိ လုပ်ခဲ့ကြ၏။ ယာထွက်အသီးအနှံတွေကိုလည်း ဦးလေး ဦးဖိုးလူထံ အတိအကျ ပြ အပ်ခဲ့၏။

စင်စစ် ဦးလေးဖိုးလူမှာ ဒုက္ခိတတစ်ဦးဖြစ်၏။ တစ်ချိန်က ယာခင်းအများအပြားကို ပိုင်ဆိုင် သလို၊ အဖေဘက်ကအမွေဖြစ်သော ရွာတောင်ပိုင်းက ထန်းတော လည်း ပိုင်ဆိုင်ခဲ့၏။ ထိုစဉ်က ဦးလေးဖိုးလူလည်း သူအမွေရ



www.burmeseclassic.com

www.burmeseclassic.com



သော ထန်းတောကို ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်ခဲ့၏။

ထန်းလှီး--လှီးသည်ကအစ သူကိုယ်တိုင် ထန်းပင်ပေါ်တက်ပြီး လုပ်ကိုင်ခဲ့၏။ ထိုစဉ်က ဇနီးသည် မကျေးဥ ယာခင်းကို တစ်ဖက်ဦးစီးပြီး လုပ်ကိုင်နေ၏။ လင်မယားနှစ်ယောက် တက်ညီလက်ညီ အလုပ်လုပ်ခဲ့သဖြင့် စီးပွားလည်း တအားတိုးခဲ့၏။

တစ်နေ့တွင် သူထန်းပင်ပေါ်တက်ပြီး ထန်းလှီးနေစဉ် ဇနီးသည် မကျေးဥ ပိုးထိကြောင်း သတင်းကြားလိုက်ရသဖြင့် ရုတ်တရက် သတိလွတ်ကာ ထန်းပင်ပေါ်မှ တစ်ရှိန်ထိုး ပြုတ်ကျခဲ့၏။ လူမသေသော်လည်း နံရိုးသုံးချောင်း ကျိုးခဲ့သလို ညာခြေထောက်တစ်ဖက်လည်း ရစရာမရှိအောင် ခံခဲ့ရ၏။ နောက်ဆုံးတွင် ဇနီးသည် မကျေးဥ၏ အသုဘကိုပင် ကောင်းကောင်း မမြင်လိုက်ရဘဲ အိပ်ရာတွင် တစ်နှစ်နီးပါးခန့် လူမမာကြီးလို ကျောက်တတ်တီးအဖွေးသားနှင့် နေခဲ့၏။

သို့နှင့် ဒဏ်ရာတွေ ပျောက်သွားသော်လည်း ခြေတစ်ဖက် နိမ့်သွားသလို၊ ခါးတစ်ခြမ်းလည်း စောင်းရွဲ့သွား၏။ သားသမီးကလည်း သုံးယောက်နှင့်မို့ စားရေးသောက်ရေး၊ ချက်ရေး ပြုတ်ရေးကအစ အခက်အခဲတွေ့လာ၏။ ထိုအခါ ဖူးကျော်တို့ လင်မယားကိုခေါ်ပြီး ယာခင်းတွေ၊ ထန်းတောတွေကို ဦးစီးဖို့ ပြောခဲ့ရ၏။

ထိုအချိန်ကစပြီး ဖူးကျော်တို့ လင်မယားနှစ်ယောက်နှင့် ဦးလေးဖိုးလူတို့ ယာခင်းထဲတွင် သူတို့လက် သူတို့ခြေ ဖြစ်ခဲ့၏။ ဦးလေးဖိုးလူကလည်း ဖူးကျော်လုပ်သမျှကို ယုံကြည်ခဲ့၏။ ဖူးကျော်ကလည်း သစ္စာရှိရှိနှင့် အဆင်းရဲခံ အပင်ပန်းခံပြီး မစိုက်ဘဲ ပစ်ထားသော ယာမြေတွေကို ကိုယ်တိုင် ထွန်ယက်ခဲ့၏။ ကိုယ်တိုင် စိုက်ပျိုးခဲ့၏။

သူတို့လင်မယားနှစ်ဦး၏ ကြိုးစားမှုကြောင့် ဦးလေးဖိုးလူ၏ ပေါင်နှံထားသော ယာခင်းအချို့နှင့် ထန်းတောအချို့ကိုပင် ကြွေးရှင်လက်ထဲမှ ပြန်၍ ရွေးထုတ်နိုင်ခဲ့သည်။

ထို့ကြောင့်လည်း ဦးလေးဖိုးလူမှာ ဖူးကျော်တို့ လင်မယားကို အလုပ်ရှင်ပမာ ဘယ်တော့မှ မဆက်ဆံချေ။ သူ၏ အစ်ကို၊ အစ်မများ သဖွယ် သဘောထားပြီး ဆက်ဆံခဲ့၏။

စင်စစ် ဖူးကျော်နှင့် ဝိုင်းရုံတို့ နှစ်ဦးမှာ အရွယ်လွန်မှ အိမ်ထောင်ပြုခဲ့ကျသည့် ဇနီးမောင်နှံနှစ်ဦးဖြစ်သည်။ ရွာရောက်ပြီး ငါးနှစ်ခန့်အကြာတွင် ဝိုင်းရုံ၌ ကိုယ်ဝန်ရှိလာခဲ့၏။ ထိုစဉ်က ဖူးကျော်မှာ ပျော်လိုက်တဲ့ဖြစ်ခြင်း။ အလုပ်ကို မနားတမ်းလုပ်ကိုင်ခဲ့၏။ ဇနီးသည် ဝိုင်းရုံကိုလည်း ယာခင်းထဲ ပေးမဆင်းတော့။ အိမ်မှာ ထားခဲ့၏။

ဦးလေးဖိုးလူမှာလည်း ဝိုင်းရုံ၏သတင်းကို ကြားရသဖြင့် ဝမ်းသာအားရဖြစ်ရ၏။ ဆေးဖိုးဝါးခ ဝယ်ခြမ်းပေးနိုင်ရန် ငွေကြေးအပြည့်အစုံ ထုတ်ပေးခဲ့၏။ ဝိုင်းရုံကလည်း ဖူးကျော်လို ဖင်ပေါ့လှသူဖြစ်သည်။ အိမ်မှာ နေပေမဲ့ အလကားမနေ။ ဦးလေးဖိုးလူ၏ မိသားစုစားဖို့ သောက်ဖို့အတွက်လည်း အချက်အပြုတ် ကြော်လှော်ပေးခဲ့သလို၊ နွားစာစဉ်းသည်ကအစ ဝိုင်း၍ လုပ်ကိုင်ပေးခဲ့၏။

ဦးလေးဖိုးလူမှာ မပေါ့မပါးမို့ ဟန်တားသော်လည်းမရ။ နောက် ဦးလေးဖိုးလူနှင့် သားသမီးအဝတ်အစားများကိုပင် ဖွပ်လျှော်ပေးခဲ့သူဖြစ်သည်။ တစ်ရွာလုံးကလည်း ဖူးကျော်တို့ လင်မယား တက်တက်ကြွကြွ လုပ်ပုံကိုင်ပုံကို အားကျနေ၏။ ထို့ပြင် ဦးလေးဖိုးလူအပေါ်မှာ သစ္စာရှိရှိနှင့် အလုပ်အကျွေးပြုနေခဲ့သည်ကိုလည်း တလေးတစား ဖြစ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် လိပ်ပုကို ဖွားခါနီး တစ်ဂါအလိုတွင် ဖူးကျော်တို့ ဇနီး မောင်နှံဘဝထဲသို့ ကြမ္မာဆိုးဝင် ရောက်လာလေ၏။

အဖြစ်အပျက်က တခြား မဟုတ်။

ဖူးကျော်မှာ ပျဉ်ပုံရွာတွင် အနေကြာခဲ့ပြီမို့ ရွာသားတစ်ဦးလို ဖြစ်နေပေရာ ရွာအနောက်ဘက်တွင် ကောနေသော ကန်ကြီးဆည်ရာတွင် တစ်တပ်တစ်အား ဝင်၍ ကူညီပေး ခဲ့၏။

ဖူးကျော်သည် နေရာတကာ တွင် ဖင်ပေါ့လှသည်မို့ အလုပ်ကို စောင့်နေသူမဟုတ်။ တွေ့ရာမြင်ရာ ကို လုပ်ကိုင်သွားတတ်သူဖြစ်ပေရာ ကန်ကြီးဆည်ရာတွင် သူသာ အ ရှေ့ဆုံးမှ ဦးဆောင်ခဲ့၏။

နောက်ကျိနေသော ရေပုပ်၊ ရေသိုးထဲသို့ ဆင်းပြီး မှော်တွေ ဒိုက် တွေ ဖယ်ခဲ့၏။ ကန်ထဲတွင် ပေါက် ရောက်နေသော ချုံတွေ၊ စူးလေးတွေ ကိုလည်း ဓားမတစ်ချောင်းနှင့် ခုတ် ထွင်ရှင်းလင်း၏။ ထိုစဉ် ရင်ခေါင်း လောက်ရှိသော ရေနစ်ထဲ ဆင်ပြီး နဘူးချုံများအခုတ်တွင် ချုံပင်ပေါ်မှ လွှားခနဲ ခုန်ဆင်းလာသော မြွေစိမ်း အကိုက်ခံလိုက်ရသဖြင့် ထိုနေရာမှာ ပင် အမြုပ်တစီစီနှင့် သေဆုံးခဲ့ရ၏။

ထိုသတင်းကို ဝိုင်းရုံကြား တော့ တက်မတတ်၊ ချက်မတတ် ဖြစ်နေ၏။ အအိပ်အနေ အစားအ သောက်ကအစ မေ့လျော့သွား၏။ မျက်လုံးကြောင်စီစီနှင့် သတင်းလာ မေးသမျှကို စကားပင် ဟဟမပြော တော့။ ဦးလေးဖိုးလှမှာလည်း ချိုင်း ထောက်တစ်ဖက်နှင့် ဒုက္ခိတဘဝ ရယ်မို့ ဝိုင်းရုံ၏ ဒုက္ခကို ဘာမှမကူ နိုင်။ သို့ပေသည့် ဖူးကျော်၏ အသုဘကို စည်စည်ကားကားနှင့် အဆင်ပြေပြေဖြစ်အောင် စီစဉ် ဆောင်ရွက်ပေးခဲ့၏။

ထိုအချိန်တွင် ဝိုင်းရုံတစ် ယောက်တော့ အိမ်ထဲက အိမ်ပြင် မထွက်။ တစ်နေ့လုံးလည်း စကား တစ်ခွန်းမပြော။ ထမင်းဟင်းကို လည်း ကျွေးမှစားတတ်သည်။ အသွင်အပြင်ကလည်း သည်းခြေ ပျက်သွားသည့် အသွင်ပင်။ သူ့ အဖြစ်ကို ကြည့်ပြီး တစ်ရွာလုံး စိတ်မကောင်းဖြစ်နေကြ၏။

နောက်ဆုံးလွယ်ထားသည့် ကိုယ်ဝန်ပင် ထိခိုက်မည့်အနေအ ထားရှိလာပေရာ ရွာသားများ၏ အကူအညီဖြင့် ရွာနှင့် နှစ်ဆယ့်လေး မိုင်ခန့်ဝေးသော အောင်လံဆေးရုံသို့ တင်လိုက်ရလေသည်။

ဆရာဝန်ကြီးများ၏ စမ်း သပ်ချက်အရ ဝိုင်းရုံ၏ အခြေအနေ မှာ အင်အားပြတ်နေသည်ကို တွေ့





www.burmeseclassic.com

www.burmeseclassic.com



လိုက်ရ၏။ ဗိုက်ထဲမှကလေးမှာလည်း လှုပ်လှုပ်ရှားရှားမဖြစ်တော့သည့်မို့ အမြန်ဆုံး ခွဲစိတ်လိုက်ရ၏။

လိပ်ပုတစ်ယောက် လူလောကထဲသို့ ဖုတ်လိုက်၊ ဖုတ်လိုက်နှင့် ရောက်ရှိလာ၏။ မွေးမွေးချင်း အောက်စီဂျင်စက်ကြီး ဂျွန်းဂျွန်းခုတ်ကာ အသက်လုယူခဲ့ရ၏။ ဝိုင်းရုံမှာ ဘာမှသိသည်မဟုတ်။ မွေးဖွားပြီးတော့လည်း နို့တိုက်ရမှန်းပင်မသိ။ ပျဉ်ပုံရွာသူ အရီးလေးခင်မှို၏ ကျေးဇူးကြောင့် လိပ်ပုတစ်ယောက် နွားနို့နှင့် နှစ်ပါးသွားခဲ့ရ၏။

ဝိုင်းရုံကတော့ ခုတင်ပေါ်တွင် ယက်ကန် ယက်ကန်နှင့် အော်ဟစ်ငိုနေသော လိပ်ပုကို စိမ်းစိမ်းကြီးစိုက်ကြည့်ရင်း သားတခြား၊ အမေတခြား နေခဲ့၏။ မြင်သူအပေါင်းကလည်း ဝိုင်းရုံကို အပြစ်မတင်ရက်ကြချေ။ စိတ်မနှံ့သည့် အရူးအရာများကြောင့် ခွင့်လွှတ်ခဲ့ကြ၏။ နောက်ဆုံး ဆေးရုံကနေ ရွာသို့ပြန်ရောက်တွင် လိပ်ပုမှာ အရီးလေးခင်မှိုလက်တွင်သာ အနေများခဲ့၏။

ဝိုင်းရုံမှာ ဆေးရုံကဆင်းလာကတည်းက အိမ်မှာ ကပ်သည်မရှိ။ အချိန်ရှိသရွေ့ ယာခင်းဘက်တွေ လျှောက်သွားနေတတ်၏။ ပြန်ချင်မှလည်း လာတတ်၏။

ထိုအခါမျိုးဆိုလျှင် တစ်ရွာလုံး ဝိုင်းရုံကို လိုက်ရှာခဲ့၏။ တွေ့တော့ မထုံတတ်သေး။ ကြောင်စီစီ အူချာချာ အကြည့်နှင့် လာခေါ်သူများကိုပင် ရန်တွေ့လွှတ်တတ်၏။

နောက်ဆုံး လိပ်ပုအခါလည်း ရောက်လုလုတွင် ဝိုင်းရုံတစ်ယောက် ရွာမှပျောက်သွားခဲ့၏။

တစ်ရွာလုံး ခေါင်းတောက်အောင် ရှာကြသော်လည်း သတင်းအစအနပင် မရခဲ့ကြချေ။ လိပ်ပုခများမှာလည်း ဟိုလူလက်ရောက်လိုက် ဒီလူလက်ရောက်လိုက်နှင့် နေခဲ့ရ၏။

သတင်းက သတင်းဆိုး။

ဝိုင်းရုံတစ်ယောက် ရှေ့ဦးတည်ရာလျှောက်သွားနေစဉ် လူမသမာတစ်စုနှင့်တိုးကာ အစော်ကားခံခဲ့ရသလို အသတ်လည်း ခံလိုက်ရသည်ဆိုသော သတင်းဆိုးကြီးပင် ဖြစ်သည်။

တစ်ရွာလုံး စုတ်တစ်သတ်သတ်ဖြစ်နေကြ၏။ ဆိုးရွားလှသော ကံကြမ္မာကို မကျေမနပ်ဖြစ်နေကြ၏။ ဦးလေးဖိုးလူမှာလည်း ဒုက္ခိတဘဝမို့ ဝိုင်းရုံအသုဘကို မလိုက်နိုင်။ အိမ်မှာနေရင်း နောက်ကွယ်မှသာ ပိုက်ဆံထုတ်ပေးခဲ့ရ၏။

ထိုအချိန်မှစပြီး လိပ်ပုဘဝ လိမ်ဖယ်လိမ်ဖယ်နှင့် ကြီးပြင်းခဲ့ရ၏။ သူ့ကိုမွေးစားမည့်သူကို ရှာခဲ့ရ၏။ အရီးလေးခင်မှိုမှာ လိပ်ပုနှင့် ဘာမှ မတော်သော်လည်း တတ်စွမ်းသမျှ ပြုစုခဲ့၏။

စင်စစ် အရီးလေးခင်မှိုက ဦးလေးဖိုးလူ အဒေါ်တစ်ဝမ်းကွဲ။ ပြီးတော့ ရွာကအားကိုးအားထားပြုရသည့် လက်သည်ကြီးတစ်ဦး။ လိပ်ပုကိုချီပြီး သူမွေးပေးခဲ့သော ကလေးအမေတွေဆီ နို့လည်း တိုက်ခဲ့၏။

တစ်ခါတစ်ခါ နို့တိုက်မယ့်သူမအားတော့လည်း အရီးလေးခင်မှို မွေးထားသည့် နွားပြာမကြီးရဲ့ နို့နဲ့ ကျေနပ်ခဲ့ရ၏။

ဒီလိုနှင့် နို့မဝတဝကြီးပြင်းလာခဲ့ရသော လိပ်ပုတစ်ယောက် ပျဉ်ပုံရွာရဲ့ မွေးစားသားဖြစ်ခဲ့ရ၏။

ဟိုလူ့လက်ထဲတစ်ည၊ ဒီလူ့လက်ထဲတစ်ညနှင့် မွေးစားအဖေအမေတွေ တစ်ပုံတစ်ပင်ဖြစ်ခဲ့ရ၏။

တဖြည်းဖြည်းနှင့် အချိန်တွေ ကုန်လွန်လာခဲ့သလို၊ လိပ်ပုဘဝကနဲ့သမားပါးစပ်လို ပိန်ကစ်ခါ ဖောင်းတစ်လှည့်ကြီးပြင်းခဲ့ရ၏။ ဝဝလင်လင် စားခဲ့ရသည့်အခါလည်း ရှိသလို ငတ်တစ်လှည့် ပြတ်တစ်လှည့် ကြုံခဲ့ရသည်လည်း ရှိသည်။

ဦးလေးဖိုးလူက သူ့အိမ်တွင် လာရောက်နေထိုင်ရန် ပြောခဲ့သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့ကြောင့် တစ်ဝန်တစ်ပိုး ဖြစ်မှာစိုး၍ အရီးလေးခင်မှီ၏ တဲကလေးမှာပဲ ကုပ်ကုပ်နေခဲ့ရ၏။ လိပ်ပုတစ်ယောက် ငယ်ငယ်ရွယ်ရွယ်နှင့် ဘဝကိုနားလည်ခဲ့၏။ ဦးလေးဖိုးလူတို့ ယာခင်းထဲကို ဆယ့်သုံးနှစ်မပြည့်ခင် ဆင်းခဲ့ရ၏။

ပေါင်းထိုး၊ နှမ်းဆွတ်၊ နှမ်းနှတ် အလုပ်တွေကို ကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်နေပြီဖြစ်၏။ အရီးလေးခင်မှီက တားမြစ်သော်လည်း လိပ်ပု အလဟဿမနေတတ်။ လက်နှင့် အလုပ်မပြတ်ချင်သူဖြစ်၏။

ထို့ကြောင့်လည်း ယာခင်းထဲတွင် ချွေးတလုံးလုံးနှင့် တစ်နေကုန် နေတတ်၏။ ဦးလေးဖိုးလူကလည်း အဖြစ်ကို မကြည့်ရက်။ သို့ပေသိ လိပ်ပု၏ အသွေးအသားထဲတွင် အလုပ်လုပ်မှ ထမင်းစားရမည်ဟူသော အစွဲက ထားပြီးသားဖြစ်နေ၏။

တစ်နေ့တွင် မြို့မှ ပန်းပုဆရာတစ်ဦး ရွာသို့အလည်အပတ်ရောက်လာလေ၏။ နာမည်က ဆရာလေးဖေခင်။ အရီးလေးနဲ့လည်း ဆွေမျိုးနီးစပ်တော်၏။ ဆရာလေးဖေခင်က လိပ်ပု၏ ဘဝကို အရီးလေးထံမှ ကြားခဲ့ရ၏။ ထိုအခါ လိပ်ပုကို သူတတ်ထားသည့် ပန်းပုပညာကို သင်ပေးခဲ့ချင်၏။ လိပ်ပုကလည်း ဆရာလေးဖေခင်၏ ပြောစကားကို စိတ်ဝင်တစားဖြစ်နေ၏။ လိပ်ပုလိုက်ချင်သည်မှာ အူယားနေ၏။ သို့ပေသိ သူ့ပုံပန်းသဏ္ဌာန်ကြောင့် တုံ့ဆိုင်းဆိုင်းဖြစ်နေ၏။

စင်စစ် လိပ်ပုအသက် ဆယ့်သုံးနှစ်စွန်းစွန်းရှိလာသော်လည်း အရပ်က သုံးပေပင် မပြည့်။ အရပ်ပုရသည့်အထဲ မျက်နှာပေါက်ကလည်း သူ့ကိုသူပင် မှန်မကြည့်ရဲ။ နှုတ်ခမ်းပြဲပြဲ၊ မျက်လုံးပြူးပြူး၊ နှာခေါင်းရှုံးကလည်း လုံးလုံးမရှိ။ ခေါင်းကလည်း အဆမတန်ကြီးနေ၏။ အသားအရေမည်းတာကလည်း အညာသားမို့ ဖြေသာသေး၏။ သို့ပေသိ သူ့အသွင်အပြင်က အမှောင်ထဲတွင် မြင်ရလျှင် မှင်စာကြီးတစ်ကောင်လို ထင်ကြမှာမလွဲချေ။

သည်အခြေအနေများကြောင့်လည်း လိပ်ပုတစ်ယောက် လူတောတိုးရမှာလည်း မဝံ့မရဲဖြစ်ရ၏။ ဆရာလေးဖေခင်က သဘောမနောလည်းကောင်းလှသလို၊ လူရိပ်လူခြည် အကဲခတ်တတ်သူဖြစ်၏။

ထို့ကြောင့်လည်း သူ့ကို အားပေးစကားပြောပြီး အောင်လံမြို့ပေါ်သို့ ခေါ်လာခဲ့၏။ ဆရာလေးဖေခင်က တစ်ကိုယ်ရေတစ်ယောက်တည်းသမား၊ မြို့စွန်ရှိ မြို့သစ်ရပ်ကွက်ကလေးတွင် အိမ်ကလေးတစ်လုံးနှင့် တစ်ယောက်တည်းနေထိုင်သူဖြစ်၏။ စားတော့လည်း ထမင်းမှာမှာစားပြီး အလုပ်ကို ကြိုးစားပမ်းစား လုပ်တတ်သူဖြစ်သည်။

လိပ်ပုတစ်ယောက် ဆရာလေးဖေခင် အိမ်ရောက်တော့ အံ့အားသင့်နေ၏။ ထုလက်စ ပန်းပုရုပ်တွေကလည်း ဟိုဒီပြန့်ကြဲနေ၏၊ မင်းသမီး၊ မင်းသားရုပ်၊ ဇော်ဂျီရုပ် အစရှိသည့် သစ်သားပန်းပုရုပ်တွေကို အိမ်နှင့် အပြည့်တွေ့ရ၏။

ထို့ပြင် သစ်တိုသစ်စတွေကလည်း ပွစာကြဲနေ၏။ ရောက်ခါစကတော့ ဆရာလေးဖေခင် လိုအပ်တာမှန်သမျှ ဝိုင်းဝန်းကူညီပေးခဲ့၏၊ လုပ်စရာမှန်သမျှကိုလည်း မခိုမကပ်နှင့် ဝိုင်းဝန်းလုပ်ကိုင်ပေး သည်။ သစ်တိုသစ်စကိုလည်း ဖြတ် တန်တာဖြတ်၊ ခြမ်းတန်တာခြမ်းနှ မမောမပန်း လုပ်ကိုင်ပေးခဲ့၏။


ထို့ပြင် ဆရာလေးဖေ ဝတ်သည့် အဝတ်အစားကို လျှော်ဖွပ်ပေး၏။ သူ၏ ကျိုးနွံ သော အပြုအမူကြောင့် ဆရာလေး ဖေခင်တစ်ယောက် သူ့အပေါ် သွေးသားအရင်းအချာလို သ



www.burmeseclassic.com

www.burmeseclassic.com





ထားလာ၏။

သူတို့ထဲတွင် ပညာသင်ရန် ရောက်ရှိနေသော လူငယ်နှစ်ဦးရှိ၏။ အသက်က လိပ်ပုနှင့် မတိမ်းမယိမ်း။ သို့ပေသိ အရပ်အမောင်းက ထွားကျိုင်းလှသူများမို့ လိပ်ပု တစ်ယောက် သူတို့နှစ်ဦးကို ခေါင်းမော့ပြီး စကားပြောခဲ့ရ၏။

မြို့ရောက်ပြီး သုံးလခန့်အကြာတွင် ဆရာလေးဖေခင်ကိုယ်တိုင် လိပ်ပုကို ပန်းပုထုနည်းပညာ သင်ပေးလေ၏။ ဆူး၊ ဆောက်၊ တန်ဆာပလာကိုင်တွယ်နည်းကအစ ကိုယ်ဖိရင်ဖိ သင်ပေးခဲ့၏။

လိပ်ပုကလည်း သူ၏ ပုတိုတို လက်ကလေးများနှင့် ဆူးတွေ၊ ဆောက်တွေကိုင်ကာ သစ်တုံးကလေးများ အကြမ်းထည်ပုံသဏ္ဌာန်တွေ ထုလုပ်ခဲ့၏။ ဆရာလေးဖေခင် ထုလုပ်ပြီးသား ပန်းပုရုပ်ကလေးများ ဘုရားဈေး၊ ပွဲဈေးတို့တွင် တွေ့နိုင်သလို တစ်ခါတစ်ရံ ရန်ကုန်၊ မန္တလေးအစရှိသည့် မြို့ကြီးများမှပင် အမှာစာများ ရောက်ရှိလာသည်လည်း ရှိသည်။

ထိုအခါမျိုးဆိုလျှင် လိပ်ပုတို့အားလုံး ထမင်းစားဖို့ပင် မေ့နေကြ၏။ များသောအားဖြင့် ထုလုပ်ရသည်မှာ ဆင်းတုတော်ရုပ်ပွားများနှင့် ရဟန္တာရုပ်တုတွေသာများ၏။

လိပ်ပုသည် ဆရာလေးဖေခင် သွန်သင်ညွှန်ကြားချက်ကို တသဝေမတိမ်း လိုက်နာရင်း ပန်းပုပညာကို တတ်ကျွမ်းအောင် သင်ကြား၏။ ထို့ကြောင့် ဆင်ရုပ်၊ မြင်းရုပ်ကအစ ဘုရားရုပ်ပွားတော်အထိ လုပ်နိုင်ခဲ့ပြီမို့ ဆရာလေးဖေခင်ပင် မျက်နှာလွှဲထားနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်၏။

လိပ်ပု လက်ရာတွေကိုလည်း ဆရာလေးဖေခင်ကိုယ်တိုင် သဘောကျလက်ခံနေ၏။ နဂါးရုပ်၊ ဆင်ရုပ်၊ ကျားရုပ် အစရှိသည့် သတ္တဝါရုပ်တုများ ထုလုပ်ထားလိုက်သည်မှာလည်း တကယ့်သတ္တဝါကြီးတွေအလား အသက်ဝင်လှသည်။

ဈေးကွက်တွင်လည်း လိပ်ပု၏ လက်ရာဖြစ် ပန်းပုရုပ်တွေ ပိုပြီး တွင်ကျယ်နေသည်။ ထိုအချိန် လိပ်ပုကို နောက်ကွယ်မှာ မကျေမနပ်ဖြစ်နေသူနှစ်ဦးကတော့ သူ့ထက်ပန်းပုပညာကို စောစီးစွာသင်ယူခဲ့ကြသည့် ဇော်ကဲနှင့် စိုးမြင့်တို့ နှစ်ဦးပင် ဖြစ်သည်။

ဆရာလေး ဖေခင်ကလည်း လိပ်ပုကို အလေးပေးလွန်းသည်မို့ မကျေမချမ်းဖြစ်နေကြ၏။ ထို့ကြောင့်လည်း ဆရာလေးဖေခင် ကွယ်ရာတွင် လိပ်ပုကိုမခံချင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့ကြ၏။

လိပ်ပုကို မှင်စာကြီးဟုပင် ရဲရဲတင်းတင်း ခေါ်လာကြ၏။ လိပ်ပုထုလုပ်သော ပန်းပုရုပ်များကိုလည်း အမျိုးမျိုးအဖုံဖုံ အနှောင့်အယှက်ပေးလာကြ၏။

လိပ်ပုမှာ သူတို့နှစ်ဦး၏ အပြုအမူကို မကျေမနပ်ဖြစ်နေသော်လည်း မျက်နှာချင်းဆိုင်ပြီး ရန်မဖြစ်ခဲ့ချေ။

လူစဉ်မမီလှသော အရပ်အမောင်းကြောင့် လိပ်ပုတစ်ယောက် သူတို့နှစ်ဦးရှေ့တွင် ခေါင်းငုံ့ခဲ့ရ၏။ သူ့ကိုယ်သူ အားမလိုအားမရဖြစ်ခဲ့ရ၏။ အားငယ်စိတ်တွေလည်း ရင်ထဲတွင် ထာဝရ ဖိစီးခဲ့ရ၏။

တစ်ချိန်တွင် စိုးမြင့်နှင့် ဇော်ကဲတို့နှစ်ဦး ဆရာလေးဖေခင်ကွယ်ရာ၌ ပန်းပုရုပ်တွေကို ခိုးပြီးရောင်းချရန် ကြံစည်ခဲ့၏။ သူတို့၏ အကြံအစည်ကို လိပ်ပုတစ်ယောက် သိရှိသွားသဖြင့် ဟန့်တားခဲ့ရာမှစပြီး နှစ်ယောက်စလုံးက သူ့ကို ဝိုင်းဝန်းထိုးကြိတ်ခဲ့၏။

သူတို့နှစ်ဦးကြားတွင် ဘောလုံးတစ်လုံးပမာ လိမ့်ခံခဲ့ရ၏။ တစ်ကိုယ်လုံး ဖူးရောင်ကာ ပါးစပ်မှ သွေးပင်ထွက်ခဲ့၏။

လိပ်ပုမှာ အင်အားချင်း မယှဉ်သာသည်မို့ တအင်းအင်းတအားအားအော်ရင်း ခံမြဲခံနေခဲ့ရ၏။ နောက်ဆုံး ကြိတ်မနိုင် ခဲမရဖြစ်လာသည်မို့ ထုလက်စ ပန်းပုရုပ်ကြားရှိ တူကြီးနှင့် စိုးမြင့်မျက်နှာကို ပစ်ပေါက်ခဲ့၏။

ဒေါက်ခနဲ မြည်သံနှင့်အတူ စိုးမြင့် နဖူးတည့်တည့်မှ သွေးတွေဖြာခနဲ ကျလာ၏။ ထိုအခြင်းအရာကိုမြင်တော့ ဇော်ကဲက ဒေါသတကြီးနှင့် လဲကျနေသော သူ့ကိုယ်ပေါ် တစ်ရှိန်ထိုးခုန်အုပ်လာ၏။

အခြေအနေက ဆင်နှင့်ဆိတ်ပမာနှယ်မို့ လိပ်ပုတစ်ယောက် မလှုပ်သာ မလွန့်သာ ဖြစ်နေ၏။ နောက်ဆုံး သူနှင့်မလှမ်းမကမ်းတွင်ရှိသော ဆောက်ကြီးတစ်လက်ကို စမ်းမိကာ ဖျတ်ခနဲ ဆွဲယူပြီး ဇော်ကဲ၏ ကိုယ်ကို ဆောင့်ထိုးပစ်လိုက်၏။

အားခနဲ အော်သံနှင့်အတူ ဇော်ကဲတစ်ယောက် သူ့ကိုယ်ပေါ်မှ လိမ့်ဆင်းသွား၏။ လိပ်ပုသည် မြေကြီးပေါ်မှာ လူးလဲထလိုက်ပြီး နှစ်ယောက်စလုံးကို ကြည့်လိုက်ရာ သွေးရဲရဲ သံရဲရဲမြင်ကွင်းကို မြင်လိုက်ရသဖြင့် ထိတ်လန့်သွား၏။

အိမ်တွင် ဆရာလေးဖေခင် မရှိသည်မို့ လိပ်ပု တုန်တုန်ယင်ယင်ဖြစ်နေ၏။ အမှုအခင်းဖြစ်ကာ ထောင်ကျမည်ကို စိုးရိမ်လာသဖြင့် လိပ်ပုတစ်ယောက် လက်ထဲမှ ဆောက်ကြီးကို ပစ်ချရင်း မြို့ပေါ်မှ ကြုံရာကားဖြင့် ရွာသို့ပြန်လာခဲ့လေတော့၏။

ရွာရောက်တော့ ဘယ်သူ့အိမ်မှာ အိပ်ရမှန်းမသိဖြစ်နေ၏။ ထို့ကြောင့် ဦးလေးဖိုးလူ၏ ယာခင်းတဲရှိ တဲကလေးတွင် တစ်ညအိပ်စက်ခဲ့ရ၏။ မျက်စိထဲတွင် စိုးမြင့်နှင့် ဇော်ကဲတို့၏သွေးရဲရဲ သံရဲရဲမြင်ကွင်းကို ပြန်လည်မြင်ယောင်ရင်း အိပ်မပျော်နိုင်အောင် မြင်နေခဲ့ရ၏။

နောက်တစ်နေ့ မိုးလင်းသည်နှင့် ရွာအပြင်ဘက်မှ ပတ်ကာ အရီးလေးခင်မှီတဲပေါ် တိတ်တဆိတ် တက်ခဲ့၏။ သူတဲပေါ်ရောက်ချိန်တွင် အရီးလေးခင်မှီမှာ ထမင်းဟင်းချက်နေသည်နှင့် ကြုံလိုက်ရ၏။

သူ့ကိုမြင်တော့ တအံ့တဩဖြစ်နေ၏။ လိပ်ပုသည် ထိတ်ထိတ်ပျာပျာနှင့် အရီးလေးခင်မှီကို အမှန်အတိုင်း ရှင်းပြလိုက်၏။ သူ့စကားကိုကြားရတော့ အရီးလေးခင်မှီမှာ အံ့အားသင့်နေ၏။ မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်နေ၏။ နောက်ဆုံး အိမ်ထဲက အိမ်ပြင်မထွက်ဘဲ ပုန်းအောင်းနေခဲ့ရ၏။ အရီးလေးခင်မှီမှာ လိပ်ပုကိုသာ သားအရင်းပမာ

www.burmeseclassic.com



တွယ်တာခဲ့ရသူမို့ ရွာထဲကမသိအောင် ဖုံးဖိခဲ့၏။

တစ်ပတ်ခန့်အကြာတွင် ရွာသို့ ဆရာလေးဖေခင်လိုက်လာ၏။ ဆရာလေးကိုမြင်သည်နှင့် လိပ်ပုမှာ နေစရာမရှိအောင် ဖြစ်နေ၏။ သို့ပေသိ ဆရာလေးဖေခင်က သူ့ကိုဖေးမသောအပြုံးနှင့် ပြုံးကာ လေသံအေးနှင့်ပြောလေ၏။

“မောင်မိုးကျော်”

“ဗျာ .. ဆရာလေး”

“ပြီးခဲ့တဲ့ကိစ္စကို မေ့လိုက်ပါတော့ကွာ။ မင်းနဲ့ဇော်ကဲတို့ကိစ္စကိုလဲ ဆရာလေးပြေလည်အောင် ရှင်းခဲ့ပြီးပါပြီ”

“ဗျာ ... တကယ်လား ဆရာလေး”

“ဟုတ်တယ် .. မောင်မိုးကျော်၊ တကယ်တော့ လွန်တာ ဟိုကောင်နှစ်ကောင်ပဲ။ မင်းကို ငါ ကြွယ်ရာမှာ အနိုင်ကျင့်နေတာလဲ ငါသိတယ် မိုးကျော်။ ငါလဲ သူတို့ကို အမျိုးမျိုး ဟန့်တားခဲ့သားပဲ။ ဒါပေမဲ့ နှစ်ယောက်စလုံးက မင်းကို ကျေမနပ်ဖြစ်နေကြတာကွ။ ဘာကြောင့်လဲဆိုတော့ မင်းရဲ့ပန်းပုတက်ရာက သူတို့နှစ်ယောက်ကို ကျော်နဲ့ ငါ့လက်ရာကိုတောင် ကျော်လွှားနိုင်တဲ့ အခြေအနေမှာရှိတယ် မောင်မိုးကျော်”

“ဗျာဆရာ၊ ဟာ .. မဖြစ်နိုင်ပါဘူး ဆရာလေးရယ်”

“အို .. မင်းတယ်ပြီး အားလျော့စကားပြောတာကိုး။ ဒီမှာ မောင်မိုးကျော်”

“ဗျာ .. ဆရာ”

“လူဆိုတာ ကိုယ့်တန်ဖိုးကို ကိုယ်သိအောင် ကြိုးစားရတယ်ကွ။ တန်ဖိုးသိတဲ့အခါမှာလဲ ပိုပြီးမြင့်လာအောင် စွမ်းဆောင်ရတယ်ကွ။ အားနည်းချက်တွေ ချို့ယွင်းချက်တွေကတော့ လူတိုင်းမှာ ရှိစမြဲပေါ့ကွာ။ ဒီအချက်တွေကိုပဲ အကျယ်ချဲ့တွေးနေရင် လူညွန့်တုံးတယ် မောင်မိုးကျော်။ အရေးကြီးတာက ကိုယ်စွမ်းကိုယ်စ ရှိဖို့ပဲကွ။ လူတွေမှာ သူတို့မသိနိုင်တဲ့ အစွမ်းအစတွေ ရှိတယ်ကွ။ တကယ်တမ်းကျတော့ အဲဒီ အစွမ်းအစတွေကို လူအတော်များများ ထုတ်နုတ်ပြီး အသုံးမပြုခဲ့ကြဘူးလေ။ အခုလဲ မင်းဟာ အရပ်ပုတာရယ်၊ ရုပ်ဆိုးတာရယ်ဆိုတဲ့ အားနည်းချက်ကို ကြည့်ပြီး လူတောထဲ မဝင်ရဲ ဝင်ရဲ ဖြစ်နေတယ် မဟုတ်လား။ ဒါကို ဆရာကိုယ်တိုင်သိလို့ မင်းကို မြို့ခေါ်ပြီး ပန်းပုပညာသင်ပေးခဲ့တာ။ အလကား မဟုတ်ဘူး မိုးကျော်။ မင်းက မင်းခန္ဓာကိုယ်အပေါ် အကျည်းတန်မှုကို ကြည့်ပြီး အမြဲတမ်း အားငယ်နေတတ်တာကိုး။ ဒါကိုဟိုနှစ်ကောင်က အဲဒီအားနည်းချက်ပေါ်နင်းပြီး ပြောလာတော့ မင်းမခံမရပ်နိုင်ဖြစ်ပြီး လက်တုံ့ပြန်ခဲ့တယ်ဆိုတာလဲ ငါနားလည်ပါတယ်ကွာ။ ဒါပေမဲ့ အဲဒီအမှုကို ဆရာရှင်းခဲ့ပြီးပါပြီ။ တကယ်တော့ မင်းဟာ ခန္ဓာကိုယ် အကျည်းတန်ပေမဲ့ စိတ်ထားဖြူစင်တဲ့ လူငယ်တစ်ဦးပါ။ မင်းဘာမှ အားငယ်စရာမလိုဘူး မိုးကျော်။ မင်းမှာ မင်းမသိနိုင်တဲ့ အစွမ်းအစတွေရှိတယ်။ မိုးကျော် အဲဒါတွေကို မင်းရအောင်ဖော်ထုတ်ရလိမ့်မယ်။ ကြားလား မောင်မိုးကျော်”

“ဟုတ်ကဲ့ .. ဟုတ်ကဲ့ပါ ဆရာ”

“အေး .. အခုလဲ ဒီကိုလာတာ တခြားမဟုတ်ဘူး မောင်မိုးကျော်။ မင်းလက်ရာကိုမြင်ပြီး သူဌေးတစ်ယောက်က အရမ်းကို သဘောကျနေတာကွ။ ဒါကြောင့် မင်းနဲ့တွေ့ချင်တယ်ဆိုပြီး ငါ့ကိုခေါ်ခိုင်းလိုက်လို့ကွ”

“ဟင် .. ဟုတ်လား”

“ဟုတ်တယ် မောင်မိုးကျော်၊ ငါတို့ ထုဆစ်နေတဲ့ ပန်းပုပညာနဲ့ပတ်သက်ပြီး ငါပြောချင်တာပါ။ တကယ်တော့ ကိုယ်ထုချင်တဲ့အရုပ်ကလေးရလာဖို့ ဘယ်လောက်ကောင်းတဲ့ အသားတုံးကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် မလိုအပ်ရင် ဖယ်ရှားရမှာပဲကွ။ ငါပြောတာ ဟုတ်တယ်မဟုတ်လား မောင်မိုးကျော်"

"ဟုတ်ပါတယ် ဆရာ"

"အေး .. ဒီလိုပဲကွ။ မင်းဘဝမှာ ရုပ်ဆိုးတာ အကျည်းတန်တွေကိုကြည့်ပြီး အားငယ်နေလို့ အချိန်ကုန်တာပဲရှိမယ်ကွ။ ဒါတွေဟာ မင်းဘဝလမ်းကြောင်းအတွက် လိုအပ်တဲ့ အကြောင်းအရာတွေ မဟုတ်ဘူးကွ။ အရေးကြီးတာက အစွမ်းအစရှိတဲ့ လူငယ်တစ်ဦးဖြစ်လာဖို့ပဲကွ။ ဒီတော့ မင်းမလိုအပ်တဲ့ အရာတွေကို မင်းခေါင်းထဲက ဖယ်ထုတ်လိုက်စမ်းပါကွာ။ အားငယ်တာတို့၊ စိတ်ပျက်တာတို့ဆိုတာတို့ ယောကျ်ားသားတွေအတွက် မလိုအပ်တဲ့ အရာတွေပဲ။ ကြားလား မောင်မိုးကျော်"

"ဟုတ်ကဲ့ ဆရာလေး"

"ကဲ .. ဒါဆိုမင်း ငါနဲ့ မြို့ပြန်လိုက်ခဲ့ပေတော့။ မင်းထုတဲ့ ကိန္နရီ ကိန္နရာ ရုပ်ကလေးကို သဘောကျနေတဲ့ သူဌေးဆီငါခေါ်သွားမယ် မောင်မိုးကျော်။ အေး .. မင်းကံကောင်းရင်တော့ မင်းလက်ရာတွေဟာ နိုင်ငံခြားတောင်ရောက်နိုင်တယ်ကွ"

"ဟင် .. တကယ်လား ဆရာ"

"တကယ်ပြောတာ မောင်မိုးကျော်၊ ဆရာက မင်းကို နည်းစနစ်သင်ပေးနိုင်တာပါ။ အရေးကြီးတာက မင်းရင်ထဲမှာ ကိန်းဝပ်နေတဲ့ အနုပညာပဲ။ ဆရာ့ရဲ့ စည်းစနစ်နဲ့ မင်းရင်ထဲက အနုပညာ ပေါင်းစပ်လိုက်တော့ မင်းရဲ့ ပန်းပုရုပ်ကလေးတွေဟာ ဆရာတောင် အံ့ဩယူခဲ့ရတယ်ကွ။ အဲဒါတွေထားတော့ကွာ။ တို့မြို့ပြန်ကြရအောင် မောင်မိုးကျော်ရေ"

"ဟုတ်ကဲ့ပါ ဆရာလေး"

လိပ်ပု ဝမ်းသာအားရဖြစ်နေ၏။ ဆရာလေးဖေခင်စကားကြောင့် ရင်ထဲတွင် မရှင်းမလင်းဖြစ်နေသော မေးခွန်းများစွာကို ရှင်းရှင်းလင်းလင်း သိလာ၏။

သူ့အတွေးထဲတွင် မလိုလားအပ်သော အတွေးများကို ဖယ်ထုတ်နိုင်ခဲ့ပြီဟု ထင်၏။ ထို့ကြောင့်လည်း ဆရာလေးဖေခင်နှင့်အတူ မြို့ပေါ်သို့ပြန်၍ လိုက်ခဲ့၏။ ဆရာလေး၏ ခွန်အားရှိလှသော စကားတွေကြောင့်လည်း သူ့တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းနေ၏။ မြို့ရောက်သည်နှင့် ဆရာလေးဖေခင်နှင့်အတူ မြို့ထဲဘက်သို့ မြင်းလှည်းတစ်စီးနှင့် ထွက်ခဲ့ကြရာ ငါးထပ်တိုက်ကြီး တစ်လုံးရှေ့အရောက်တွင် ရပ်လိုက်ကြ၏။

လိပ်ပုမှာ မြင့်မားလှသော အဆောက်အအုံကြီးကိုကြည့်ရင်း တအံ့တဩဖြစ်နေ၏။ အသွင်အပြင်ကလည်း သစ်လွင်လှပပြီး ခမ်းနား





www.burmeseclassic.com

www.burmeseclassic.com



ထည်ဝါလှ၏။

ဆရာလေးဖေခင်သည် သူ၏ မဝံ့မရဲဖြစ်နေသည့်ဟန်ကို ကြည့်ပြီး အားပေးစကားဆိုလိုက်၏။ ထို့ကြောင့် သူ့ပခုံးကိုဖက်ကာ တိုက်ကြီး၏ အပေါ်ဆုံးထပ်သို့ ဓာတ်လှေကားကြီးဖြင့် တက်ခဲ့ကြ၏။

အပေါ်သို့ရောက်သည်နှင့် ပေါလစ်ရောင် ပြောင်လက်နေသော အခန်းတစ်ရှေ့တွင် ရပ်လိုက်ပြီး ဘဲလ်တီးလိုက်၏။ တစ်အောင့်မျှအကြာတွင် တံခါးဖွင့်လာပြီး ကုလားအဘိုးကြီးတစ်ဦး ထွက်လာ၏။ ဝတ်စားပုံကလည်း သပ်ရပ်ခန့်ညားလှ၏။

"ဟော ... ဆရာလေးဖေခင်ကိုး။ ကြွပါခင်ဗျား ကြွပါ"

"ဟုတ်ကဲ့၊ ခင်ဗျားတို့သူဌေး ဦးသီရိရှိလား"

"ရှိပါတယ်ဆရာလေး၊ အထဲကိုကြွပါ"

"ဟုတ်ကဲ့"

လိပ်ပုမှာ အရမ်းမဝင်ရဲသေး။ ကြမ်းပြင်ပေါ်တွင် ကြက်သွေးရင့်ရောင် ကတ္တီပါကော်ဇောကြီးဖြင့် ခင်းထား၏။ ဧည့်ခန်းအလယ်တွင် ပေါလစ်ရောင် တဖျပ်ဖျပ်လက်နေသော ကျွန်းဆက်တီခုံကြီးများ ခင်းထား၏။ အခြေအနေက ထိရက်ကိုင်ရက်စရာမရှိ။ ဧည့်ခန်းပတ်လည်တွင် အဖိုးတန်ပရိဘောဂများ ခင်းကျင်းထားသဖြင့် လိပ်ပုမှာ မဝံ့မရဲဖြစ်နေ၏။

ဆရာလေးဖေခင်က သူ့လက်ကို ဆွဲကာ ခုံပေါ်တွင် ထိုင်ခိုင်းလိုက်၏။ အိစက်ညက်ညောလှသော ခုံကြီးပေါ်တွင် ငြိမ့်ခနဲ ဝင်ထိုင်လိုက်၏။

ထိုစဉ် ဧည့်ခန်းအတွင်းဘက်မှ လက်တွန်းလှည်းတစ်စီး ထွက်လာ၏။ လှည်းပေါ်တွင် ထိုင်လာသော လူတစ်ဦးကို မြင်လိုက်ရသည့်အခါ မိုးကျော် အံ့အားသင့်နေ၏။

မြင်လိုက်ရသော ဘီးတပ်လှည်းကလေးပေါ်မှ လူမှာ သူ့လို လူပုလေးတစ်ဦးဖြစ်ပြီး ရုပ်သွင်ကလည်း သူ့ထက်ပင် အကျည်းတန်လွန်းလှ၏။ လူပုလေးသည် အနောက်တိုင်းဝတ်စုံကို သပ်ရပ်စွာ ဝတ်ဆင်ထား၏။

တံခါးဝတွင် မြင်လိုက်ရသော မစ္စတာဝိုင်လာက လှည်းကလေးကို သူ့တို့အနီးသို့ တွန်းလာ၏။

"ဟော .. ဆရာလေး ဖေခင်တို့ပါလား"

"ဟုတ်ပါတယ် သူဌေးမင်း"

"ဟာ .. သူဌေးမင်းလို့ မခေါ်စမ်းပါနဲ့ဗျာ"

"ဟုတ်ကဲ့ ဦးသီရိ"

"ကဲ ဆိုစမ်းပါဦး။ ဘာကိစ္စလဲဗျ"

"ဩော် .. ဒီလိုပါဦးသီရိ။ ဟို .. ဦးသီရိခေါ်ခိုင်းလိုက်တဲ့ကိစ္စလေ။ အဲဒါလာပြောတာပါ"

"ဩော် .. ဘယ်သူလဲ သူလား"

"ဟုတ်ပါတယ် ဦးသီရိ"

"အေးဗျာ ..ဒါဆိုအတော်ပဲပေါ့ဗျာ။ ကျွန်တော်လဲ ပြောစရာရှိနေလို့ဗျ"

"ဟုတ်လား"

လိပ်ပုမှာ သူတို့နှစ်ဦး ပြောနေသည်ကို အံ့အားသင့်နေ၏။ ပို၍ အံ့အားသင့်ရသည်မှာ သူဌေးမင်း ဦးသီရိဆိုသော လူပုကလေးကိုပင် ဖြစ်သည်။ ခြေထောက်နှစ်ဖက်လုံးကလည်း အကြောသေဝေဒနာကြောင့် မလှုပ်မရှားနိုင်ဖြစ်ကာ လှည်းပေါ်တွင် တစ်ချိန်လုံး ထိုင်နေရ၏။

သို့ပေသိ ဦးသီရိအသွင်မှာ သူ့အသွင်နှင့် သူ့ဝေဒနာကို မေ့ထားပုံရ၏။ ပြောဆိုနေသည်မှာလည်း တကယ့်လူကြီးလူကောင်း အသွင်။ မျက်လုံးအသွင်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ချက်ခိုင်မာသူတစ်ဦး၏ အကြည့်များ ယှက်သန်းနေသည်။

ဦးသီရိသည် ပြုံးစစကြည့်ရင်း အားပါးတရပြောလိုက်၏။

"ကဲ .. မောင်မိုးကျော်၊ အစ်ကိုကတော့ မင်းလက်ရာကို အတော့်ကို သဘောကျတယ်ကွာ။ ပြီးတော့ မင်းလက်ရာကို အစ်ကို့မိတ်ဆွေ နိုင်ငံခြားသားတစ်ဦးဆီပြကြည့်တော့ ပိုပြီးတော့ နှစ်သက်နေတယ်ကွ။ ဒါကြောင့် သူက မင်းလက်ရာဖြစ် မြန်မာ့ရိုးရာ အရုပ်တွေကို ရှိသမျှ အကုန်ဝယ်ချင်လို့တဲ့ကွာ။ ပြီးတော့ မင်းအရုပ်တွေကို တစ်ကမ္ဘာလုံး ဖြန့်ဖြူးရောင်းချပေးဖို့လဲ ကိုယ်စားလှယ်ယူမှာတဲ့ကွ"

"ဟင် .. ဟုတ်လား"

"ဝမ်းသာစရာပဲ မောင်မိုးကျော်ရေ၊ ဆရာကတော့ မင်းအဖြစ်ကို ဂုဏ်ယူပါတယ်ကွာ။ ကဲ .. မင်းပြောတဲ့အတိုင်းပဲမဟုတ်လား။ သူဌေးမင်း ဦးသီရိက မင်းလက်ရာမှန်သမျှ အကုန်ဝယ်မှာကွ။ ဒီတော့ မင်းဘာ အားငယ်စရာ လိုတော့လဲကွာ။ မ ်းလုပ်စရာရှိတဲ့ အလုပ်လုပ်ဖို့ပဲ လိုခတော့တယ်ဟေ့"

းဆရာလေး ဖေခင်က ဦးသီရိ၏ စကားကြောင့် ဝမ်းသာအားရဖြစ်နေ၏။ ထို့ကြောင့် လိပ်ပုကိုပခုံးပုဝ ်ရင်း ရွှင်လန်းဝမ်းမြောက်စွာနှင့် ပြောလေ၏။

ထိုစဉ် ဆရာလေးဖေခင်၏ နောက်ဆုံးစကားကြောင့် ဦးသီရိ မျက်မှောင်ကုတ်ပြီး မေးလိုက်၏။

"နေပါဦး ဒီသူငယ်က ဘာတွေစိတ်အားငယ်နေရတာလဲဗျ"

"ဪ .. ဒီ .. ဒီလိုပါ ဦးသီရိ"

ဆရာလေးဖေခင်က လိပ်ပု၏ ဘဝကို အစအဆုံးပြောပြခဲ့၏။ သူ့စကားကြားရသောအခါ ဦးသီရိမှာ ဟက်ဟက်ပက်ပက် အော်ရယ်ရင်း ပြော၏။

"ဪ ... ငါကဘာများလဲလို့ကွာ။ ဒီမှာ မောင်မိုးကျော် အစ်ကိုပြောပြမယ် နားထောင်။ အစ်ကိုလဲ မင်းလို လူပုလေးတစ်ဦးပါပဲကွာ။ အဲဒီအထဲ ရုပ်ကလဲဆိုးသေးရဲ့။ ပြီးတော့ ပုဆိုးတာဟာ အစ်ကို့ခြေထောက်တွေဟာ ငါးနှစ်သားကတည်းက အကြောသေရောဂါကြောင့် လမ်းကိုလျှောက်လို့မရတော့ဘူးကွ။ ဒါပေမဲ့ အစ်ကိုတစ်ခုကံကောင်းတာက အစ်ကို့မိဘနှစ်ပါးက တော်တော်လေး ချမ်းသာတယ်ကွ။ ဒီတော့ အစ်ကိုက တစ်ဦးတည်းသောသားဆိုတော့ အလိုလိုက်ခဲ့တာပေါ့ကွာ။ ဒီအခါမှာ အစ်ကိုဟာ ကိုယ့်ကိုယ်ကို အရှုံးမပေးဘဲ ဟောဒီအရောင်းအဝယ်လုပ်ငန်းကို တစိုက်မတ်မတ် လုပ်ခဲ့တာကွ။ တကယ်တော့ ဒီအလုပ်လုပ်ချင်လာအောင် သင်ကြားပေးခဲ့တာလဲ ဖေဖေပဲကွ"

"ဟင် .. ဟုတ်လားဒါဆို"

"အေး .. အစ်ကို့အဖေက ပန်းပုဆရာကြီး ဦးမြဆိုင်ပေါ့ကွ။ မကွေးမြို့မှာတော့ နာမည်ကြီးပေါ့။ ဒီတော့ အစ်ကိုကိုယ်တိုင်လဲ ပန်းပုပညာကို နားလည်အောင် လေ့လာခဲ့သလို၊ တတ်ကျွမ်းအောင်လဲ ထုဆစ်ခဲ့တယ်လေ။ ခုဇော့ အဲဒီပန်းပုရုပ်တွေကို အစ်ကိုကိုယ်တိုင် ကမ္ဘာအနှံ့ဖြန့်ပြီး အရောင်းအဝယ်လုပ်နေခဲ့တာ။ အခုဆို အစ်ကို့နာမည်ကို မသိသူရှားသလောက်ပါပဲ။ ပြီးတော့ အစ်ကို့ အသက်ဘယ်လောက်ရှိပြီလဲလို့ မင်းထင်သလဲ"

"မပြောတတ်ဘူး ခင်ဗျ"

"အေး .. အခုဆို လေးဆယ်ထဲတောင် ရောက်ပြီကွ။ ဒီတော့ လောကမှာ အရေးကြီးဆုံးက ကိုယ့်ဘဝကို ကျွမ်းကျွမ်းကျင်ကျင် နားလည်အောင်လုပ်ဖို့ပဲ။ မလိုလား အပ်တဲ့ ခံစားမှုတွေကို မထားဖို့ပဲကွ။ ငါလဲ မင်းလိုပါပဲ သူငယ်ချင်းတွေကြားမှာ ခဏခဏ မျက်နှာငယ်ခဲ့ရတယ်လေ။ ပေမဓိ ထော မမိဓိ့ မျက်နှာငယ်ခဲ့ရတယ်။ ခု



www.burmeseclassic.com

www.burmeseclassic.com





ငါ့ရဲ့ကြိုးစားမှုကြောင့် လုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်နေပြီကွ။ တစ်ချိန်က ငါ့ကိုနှိမ်ခဲ့ကြတဲ့ ခေါင်းပုတ် ထိပ်ပုတ်လုပ်ခဲ့သူမှန်သမျှ အခုတော့ ငါ့ကို မော်ကြည့်နေရပြီ မောင်မိုးကျော်။ အရေးကြီးတာက ခန္ဓာကိုယ်ထဲက ကိန်းအောင်းနေတဲ့ ကောင်းမြတ်တဲ့ အရည်အသွေးတွေကို ဖော်ထုတ်နိုင်ဖို့ပဲကွ။ လူ့လောကထဲကို တန်ဖိုးရှိရှိ လာတတ်ဖို့လိုတယ် မောင်မိုးကျော်ရေ·· ကြားလား"

"ဟုတ် ·· ဟုတ်ကဲ့"

"ကဲ ·· ကဲ ·· ဒါဆို ဒီကနေ့ပဲ စာချုပ်ချုပ်ပြီး မင်းလုပ်ငန်းစပေတော့။ အစ်ကိုကတော့ မင်းလိုချင်သမျှငွေကြေးအားလုံးကို စိုက်ထုတ်ပေးပါ့မယ်ကွာ။ ပြီးတော့ အမြတ်အစွန်းကိုလဲ ထိုက်ထိုက်တန်တန်ပေးပါ့မယ်"

"ဟုတ် ·· ဟုတ်ကဲ့ ·· ဝမ်းသာပါတယ် အစ်ကိုကြီး"

"ကဲ ·· ဒါဆို စာချုပ်ချုပ်လိုက်ကြရအောင်ဟေ့"

လိပ်ပုမှာ သူ့ကိုသူပင် မယုံနိုင်အောင် ဖြစ်နေ၏။ ဆရာလေးဖေခင်မှာလည်း လိပ်ပု၏ အောင်မြင်မှုမှာ မုဒိတာပွားနေသည်။

နောက်ဆုံး စာချုပ်စာတမ်းများ ချုပ်ဆိုပြီးသည်နှင့် ငွေကြေးထုတ်ပေးလိုက်ရာ လိပ်ပုသည် ဆရာလေး ဖေခင်ကိုလည်း ဦးစွာ သူရရှိသည့်ငွေကြေးနှင့် ဥဇ္ဈာပူဇော်ခအဖြစ် ကန်တော့လိုက်၏။

ထို့ကြောင့် အလုပ်ကို ရွာမှာပဲ လုပ်ကိုင်ဖို့ ဆုံးဖြတ်လိုက်ပြီး ကောင်းပေ့၊ ညွန့်ပေ့ဆိုသော သစ်တုံး သစ်ခြမ်းများဝယ်ကာ ကားတစ်စီးဖြင့် ရွာသို့ ပြန်ခဲ့လေတော့၏။

ထိုအချိန်ကစပြီး လိပ်ပုကို တစ်ရွာလုံးက စကြ နောက်ကြသော်လည်း လိပ်ပုမမှုတော့ချေ။ သူ့အလုပ်ကိုသာ သူရှန်းကန်ခဲ့ရာ ယခုတော့ ကိုယ်ပိုင်အိမ်နှင့်ပင် ဖြစ်နေချေပြီ။

တစ်ရွာလုံးကလည်း ရပ်ရေးရွာရေးကိစ္စ၊ လူမှုရေးတန်းရေးကိစ္စ ရှိလျှင် လိပ်ပုကို အကူအညီတောင်းလာကြသည်အထိ ဖြစ်လာပေရာ လိပ်ပုတစ်ယောက် သူဌေးမင်းလူပုကလေး ဦးသီရိနှင့် ဆရာလေးဦးဖေခင်တို့၏ စကားတို့ကို အမြဲတမ်း အမှတ်ရနေမိလေ၏။


ထိုစကားကတော့ ဘခြားမဟုတ်ပါလေ။ **"လူ့ဘဝတွင် မလိုလားအပ်သော ခံစားချက်များကို ပုံကြီးချဲ့နေရုံနှင့် တန်ဖိုးကြီးတဲ့ လူ ဖြစ်မလာနိုင်ဘူး"**ဆိုတာပဲ ဖြစ်လေသည်။

**ဝင်းသစ္စာ (သမ္မုလ)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## “ရွာဦးထိပ်ကသေနတ်သံ”

### (ဝတ္ထုရှည် စ/ဆုံး)

### မောင်မောင်မြင့်(ဥဿာမြို့သစ်)

(၁)

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ တပ်ဖွဲ့ဝင် သတ်မှတ်ပေးထားသော မှုခင်းဇယားများအရ အမှုကြီး(၁၀)မျိုး၊ အခြားအမှု(၇)မျိုး၊ ကြိုတင်ကာကွယ်မှု(၉)မျိုးရှိပါသည်။ ဤကဲ့သို့သော မှုခင်းများတွင် အခြားအခြားအမှု(၇)မျိုးနှင့် ကြိုတင်ကာကွယ်မှု(၉)မျိုးတို့အား ကိုယ်တိုင်လည်း စစ်ဆေးတရားစွဲတင်ဖူးသလို၊ အချို့သောအမှုများကို ကိုယ်တိုင်တရားလိုပြုလုပ်၍ စစ်ဆေးတရားစွဲတင်ခဲ့ဖူးပါသည်။ အမှုကြီး(၁၀)မျိုးတွင် ပါဝင်သည့် လူသတ်မှု၊ ဓားပြမှု၊ အသက်မှု၊ လူပြန်ပေးမှု၊ မုဒိမ်းမှု၊ ဖောက်ထွင်းမှု၊ တိရစ္ဆာန်ခိုးမှု၊ နိုင်ငံတော်ပုန်ကန်မှု၊ လက်နက်(ယာယီ)အက်ဥပဒေမှု၊ မတရားသင်းအက်ဥပဒေပုဒ်မ ၁၇(၁)၊ ၁၇(၂)တို့တွင် လူပြန်ပေးမှုတစ်ခုကိုသာ စစ်ဆေးတရားစွဲဆိုခြင်း မပြုခဲ့ဖူးသော်လည်း ကျန်အမှုကြီး(၉)မျိုးအား တချို့သောအမှုများကို ကိုယ်တိုင်စစ်ဆေး တရားစွဲတင်ခဲ့ဖူးသလို ကိုယ်တိုင်လည်းတရားလိုလုပ်၍ စစ်ဆေးတရားစွဲတင်ခဲ့ဖူးပါသည်။

ယင်းအမှု(၉)မျိုးထဲမှ ကျွန်တော်၏ရဲလုပ်သက်(၃၆)နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့သည့်တစ်လျှောက် ရောဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ငပုတောရဲစခန်းမှူး တာဝန်ထမ်းဆောင်စဉ်အချိန်က ငပုတောရဲစခန်းအပိုင် တောင်ကလေးရဲကင်း အနီး “ရေလည်ရွာ”တွင်ဖြစ်ပွားခဲ့သည့် တစ်ခုတည်းသော“ဓားပြမှု”အား လမ်းပန်းဆက်သွယ်ရေး အခက်အခဲ အမျိုးမျိုးကြားမှ အခြားမြို့နယ်မှ ဒုစရိုက်သမားများက ရွာခံနှင့်ပေါင်းပြီး ကျူးလွန်ခဲ့သည်ကို သင်ခန်းစာယူနိုင်ရန် ရေးသားတင်ပြလိုက်ရသည့် ဖြစ်ရပ်မှန် မှုခင်းဖြစ်ပါသည်။

(၂)

တစ်နေ့နံနက် (၇)နာရီခန့် အချိန်တွင် ကျွန်တော်ငပုတောရဲစခန်းတွင် တာဝန်ဝတ္တရားများ ဆောင်ရွက်နေအချိန် တောင်ကလေးရဲကင်းမှူးရဲ တပ်ကြပ်ကြီး မော်သိန်းနှင့်အတူ ရေလည်ရွာဥက္ကဋ္ဌ ဦးချစ်ဦး၊ အဖွဲ့ဝင်ဦးလှဦးနှင့်လူတစ်ယောက်တို့ ရဲစခန်းသို့ ရောက်လာကြပြီး ရဲကင်းမှူးက

“ဆရာ ရေလည်ရွာမှာ မနေ့ညက ဓားပြတိုက်မှု ဖြစ်သွားတယ်၊ ရဲကင်းမှာ ယာယီတိုင်ချက်ဖွင့်ရင် အမှုကြန့်ကြာမှာစိုးလို့ ကျေးရွာကောင်စီဥက္ကဋ္ဌ အဖွဲ့နဲ့အတူ တရားလို ကိုဘညွန့်ကိုပါ တစ်ပါတည်းအမှုဖွင့်နိုင်ဖို့ ခေါ်လာပါတယ် ဆရာ”လို့ပြောလိုက်ရာ ကျွန်တော်လည်း “ဓားပြတိုက်မှု” ဆိုသည့်အသံ ကြားလိုက်ရကတည်းက ခေါင်းကြီးရင်ပူသွားမိပြီး “ဟုတ်ရဲ့လား ရဲကင်းမှူးကြီးရယ်၊ ခိုးမှုများဖြစ်နေမလား”ဟု ဈေးဆစ်မိသည်။ “ကြီးသည့်အမှုငယ်စေချင်သည်၊ ငယ်သည့်အမှုပပျောက်စေချင်သည်”ဆိုသလို “အမှုများလည်း မဖြစ်စေချင်၊ ဖြစ်သည့်အမှုတိုင်းလည်း ပေါ်ပေါက်စေချင်သည့် စိတ်ဓာတ်”သည် ရဲတပ်ဖွဲ့ဝင်တိုင်းတွင် ရှိနေကြသည့် ဖြူစင်ရိုးသားသော စိတ်ဓာတ်များပင်ဖြစ်ပါသည်။

“အိမ်ပေါ်တက်လာတာက နှစ်ယောက်၊ အိမ်ခေါင်းရင်းမှာ တစ်ယောက်၊ အိမ်ရှေ့ဘက်မှာ တစ်ယောက်နဲ့ အိမ်နောက်ဖေးက တစ်ယောက်၊ အားလုံးငါးယောက်ဖြစ်နေတော့‘ဓားပြမှု’ဖြစ်ပါတယ် ဆရာ၊ ရွာထိပ်နတ်စင်



www.burmeseclassic.com

www.burmeseclassic.com



နားကလည်း သေနတ်သံတစ်ချက် ကြားရပြီးမှ ဦးဘညွန့်အိမ်ကို ဓားပြတိုက်တာတို့လည်း ဦးဘညွန့်ပြောပြလို့ သိရပါတယ် ဆရာ''လို့ ရဲကင်းမှူး တပ်ကြပ်ကြီး မောင်သိန်းက ဆိုလာပြန်သဖြင့် ဓားပြမှုကျူးလွန်ရာမှာ သေနတ်သံပါလာပြန်ပြီဆိုတော့ စျေးဆစ်၍မရတော့ပါ။

''ငါးဦး၊ ငါးဦးထက်ပိုသောသူတို့က လုယက်မှုကို ပူးပေါင်းကျူးလွန်လျှင်ဖြစ်စေ၊ ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ ထိုကဲ့သို့ကျူးလွန်သူတို့နှင့်တကွ ကိုယ်တိုင်ရှိလျက် ကူညီသောသူတို့ အားလုံးပေါင်းဦးရေသည် ငါးဦးသော်လည်းကောင်း၊ ငါးဦးထက်ပိုလျှင်သော်လည်းကောင်း အသီးသီးသည် 'ဓားပြမှုကျူး လွန်သည်မည်၏'' ဟုဓားပြမှုအဓိပ္ပာယ် ဖွင့်ဆိုချက်ရှိနေသဖြင့် ရဲကင်းမှူး၏ ဖော်ပြချက်အရ 'ဓားပြမှု' ဖြစ်နေသည်မှာ သေချာနေပါသည်။

''ဦးဘညွန့် အသက်(၃၅) နှစ်(စျေးရောင်း)၊ ရေလည်ရွာနေသူက ရဲစခန်းသို့ လာရောက်တိုင်ကြားသည်မှာ မနေ့က ည(၉)နာရီခန့် အိမ်တွင်ဖွင့်လှစ်ရောင်းချနေသည့် အလုကုန်ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းဆိုင်တို့အားပိတ်ပြီး ည(၁၀)နာရီခန့်အချိန် ဇနီးဖြစ်သူ မခင်နု၊ အသက်(၈)နှစ်အရွယ်ရှိ သားမောင်မောင်ညွန့်၊ အသက်(၆)နှစ်အရွယ်ရှိ သမီးဖြစ်သူ မဖြူဖြူနုတို့နှင့်အတူ ဘက်ထရီမီးပိတ်၍ အိပ်ခန်းတွင်အတူ အိပ်နေကြပါသည်။ ည(၁)နာရီခန့်အချိန် ရွာထိပ်ကျွန်တော့်အိမ်ရှေ့အနီးနတ်စင်မှ သေနတ်သံတစ်ချက်ကြားရ၍ ကျွန်တော်နှင့်ဇနီးတို့ အိပ်ရာမှနိုးပြီး ဘာဖြစ်တာလဲဟု အိမ်ရှေ့တံခါးအား ဖွင့်ကြည့်လိုက်စဉ် ကျွန်တော့်အိမ်ပေါ်သို့ လူနှစ်ယောက်လ[illegible] နှိပ်ဓာတ်မီးနှင့် ထိုးတက်လာပြီး တ[illegible] ယောက်က ကျွန်တော့်မျက်နှာအား[illegible] လက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ ''မအေ[illegible] နဲ့ အော်ရင်ပစ်သတ်လိုက်မယ်'' ပြေ[illegible] ပြီး ခြောက်လုံးပြူးသေနတ်ကိုပြ[illegible] ဖြင့် ကျွန်တော်လည်းကြောက်၍ ဘာ[illegible] မပြောရဲဘဲ ငြိမ်နေရာမှ၊ ကျန်တ[illegible] ယောက်က ''စျေးရောင်းရတဲ့ပိုက်ဆံ[illegible] ရှိတဲ့ငွေတွေ အကုန်ထုတ်ပေး၊ မပေ[illegible] ရင် သတ်ပစ်မယ်''ဟုပြောရာ ကျွ[illegible] တော့် ဇနီးက စျေးရောင်းရသည့်[illegible] သေတ္တာထဲထည့်ထားသော ငွေရေ[illegible]





www.burmeseclassic.com

www.burmeseclassic.com



## (၃)

အမှုဖွင့်ပြီးသည်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ကျော်မြင့်ချို (ယခု ဒုရဲမှူးကြီး အငြိမ်းစား)အား အမှုအခြေအနေတင်ပြရာ မြို့နယ်ရဲတပ်ဖွဲ့မှူးကလည်း ကိုယ်တိုင်လိုက်မည်ပြောပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဂျေဘုတ်အား ချက်ချင်းပြင်ဆင်စေ၍ ကျွန်တော်နှင့်အဖွဲ့ ကနယ်ထိန်း ဒုတပ်ကြပ်တင်ဝင်း၊ တပ်သားတင်အေး၊ တင်မြင့်၊ အဆိုင်တို့အဖွဲ့ကိုပါ ချက်ချင်းစုစီးခေါ်ယူပြီး တရားလိုအဖွဲ့ကိုပါ တပါတည်းခေါ်ယူကာ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အတူ နံနက်(၈)နာရီကျော်ခန့်အချိန် ဂျေဘုတ်နှင့် ငပုတောမြို့မှ တောင်ကလေးရွာသို့ (၇)မိုင်ခရီးကိုရေဆန်စီး၍ ထွက်လာကြရာ နံနက်(၁၀)နာရီခန့်အချိန် တောင်ကလေးရွာသို့ရောက်ရှိပြီး ဆိပ်ကမ်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးအဖွဲ့က စောင့်နေလျက် ကျွန်တော်က တောင်ကလေးရဲတင်းသို့ ရဲကင်းမှူးနှင့်အတူ သွားရောက်၍သတင်းထူးခြားမှု ရှိမရှိစုံစမ်းရာ ထူးခြားမှုမရှိသဖြင့် ရဲကင်းမှူးတပ်ကြပ်ကြီး မောင်သိန်းအား ရဲတင်းတွင် အခြေအနေ ကြီးကြပ်စောင့်ထိန်းရန်

နှစ်သောင်းခန့်ကို ထုတ်ပေးလိုက်ရ တစ်ယောက်က ကျွန်တော့်ဇနီးတွင်ဆွဲထားသော ရွှေအလေးချိန်(၁)ကျပ်သားရှိ အမ်စီရွှေဆွဲကြိုးတစ်ကုန်း၊ ရွှေကျောက်အလေးချိန် တစ်မတ်သားခန့်ရှိကျောက်နီလက်စွပ်တစ်ကွင်း၊ တစ်မူးသားခန့်ရှိ ကျောက်ဖြူတစ်လုံးတပ် နားကပ်တစ်ရန်တို့အား ဖြုတ်ခိုင်းသဖြင့် ဖြုတ်ပေးလိုက်ရပြီး၊ ကျွန်တော့်လက်တွင်ပတ်ထားသော ရိုးမားနာရီပေါင်းကိုပါ ချွတ်ခိုင်းသဖြင့် ချွတ်ပေးလိုက်ရသည်။ စုစုပေါင်းငွေနှင့်ရွှေထည်ပစ္စည်းများ အပါအဝင် ခြောက်သောင်းဖိုးခန့်ရှိပါသည်။ (ယခင်အချိန်က ရွှေဈေးနှုန်းများအတိုင်း ဖေါ်ပြရခြင်းဖြစ်ပါသည်)။ ကျွန်တော့်အိမ် စားပြတိုက်သူများမှာ အိမ်ပေါ်နှစ်ယောက်တက်ပြီး အိမ်ရှေ့တွင်တစ်ယောက်၊ ခေါင်းရင်းဘက်တစ်ယောက်၊ အိမ်နောက်ဖေးဘက်တစ်ယောက် ထွက်သွားသည်ကို မြင်လိုက်ရသဖြင့် စုစုပေါင်း(၅)ယောက်ဖြစ်သော်လည်း လူများကိုမသိပါ။ ကျွန်တော့်ထံမှ ယူသွားသော ဇနီးထံမှယူသွားသော ဆွဲကြိုး၊ လက်စွပ်၊ နားကပ်တို့ကိုလည်း မြင်လျှင်မှတ်မိသည့်အပြင် ရွှေထည်ပစ္စည်းများအား ငပုတောမြို့ "စံချိန်မှီ" ရွှေဆိုင်မှ ဝယ်ယူထားသော ရွှေဝယ်ဖြတ်ပိုင်းများလည်း ရှိနေပါသည်။ ကျွန်တော့်ဇနီးကလည်း ပစ္စည်းများအားလုံးကို ကောင်းစွာမှတ်မိပါသည်။ ကျွန်တော်လည်း စားပြများထွက်သွားပြီး ကျေးရွာကောင်စီဥက္ကဋ္ဌထံ သွားရောက်အကြောင်းကြားပြီး ဥက္ကဋ္ဌက တောင်ကလေးရဲကင်းမှာ သွားရောက်တိုင်ကြားမယ်ပြော၍ ကျွန်တော်နှင့်အတူအဖွဲ့ဝင်ဦးလှဦးပါခေါ်၍ တောင်ကလေးရဲကင်းသို့ လှေနှင့်သွားကြရာ နံနက်(၄)နာရီရောက်ရှိကြပြီး ရဲကင်းမှူးဆရာမောင်သိန်းထံ အမှုအကျိုးအကြောင်း ပြောပြတိုင်ကြားကြပါသည်။ ဆရာမောင်သိန်းက စားပြမှုကြီးဖြစ်နေသဖြင့် ငပုတောရဲစခန်းသို့ ချက်ချင်းသွားပြီး တိုင်ကြားရမည်ပြော၍ ချက်ချင်းထွက်ခွာလာကြပြီး ငပုတောရဲစခန်းတွင် လာရောက်အမှုဖွင့်တိုင်ကြားရကြောင်း ပြောဆိုအမှုဖွင့်သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ -၃၉၅ အရ အမှုဖွင့်ခဲ့ပါသည်။

☆☆☆



www.burmeseclassic.com

www.burmeseclassic.com



**“ လမ်းအတိုင်း ဆက်လျှောက်ခဲ့ရာ ရွာအရှေ့ဘက်ထိပ်အထိ ဝဲယာတွင်အိမ်ခြေ စုစုပေါင်း(၆၀)ခန့်ရှိပြီး ရွာအရှေ့ဘက်ထိပ် ကိုက်(၅၀)ခန့်အကွာတွင် . . . ”**

မှာကြားထားခဲ့ပြီး ရဲကင်းမှနယ်ထိန်း ဒုတပ်ကြပ်စောမောင်၊ တပ်သား ဘိုရှိန်တို့ပါခေါ်ကာ ဆိပ်ကမ်းရှိဂျေဘုတ် သို့ပြန်လာကြရာ နံနက်(၁၀း၄၅)အ ချိန်ပြန်လည်ရောက်ရှိကြပြီး သတင်းထူးမရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးအား သတင်းပို့၍ (၁၁း၁၅)နာရီအချိန် တောင်ကလေးဆိပ်ကမ်းမှ ဆက်ထွက်ကြရာ (၁၂)နာရီခန့်အချိန် ရေလည်ရွာဆိပ်ကမ်းသို့ ရောက်ရှိလာကြသည်။

ရေလည်ရွာဆိပ်ကမ်းသို့ ရောက်ရှိရာ မြို့နယ်ရဲတပ်ဖွဲ့မှူးက ဆိပ်ကမ်းသို့တက်ရောက်ကာ အခြေအနေစုံစမ်းစောင့်ဆိုင်းနေခဲ့ပြီး ကျွန်တော်နှင့်အဖွဲ့က ဥက္ကဋ္ဌအဖွဲ့နှင့် တရားလိုပါခေါ်၍ရေလည်ရွာသို့ တက်ရောက်သွားကြရာ ရေလည်ရွာသည် အနောက်ဘက်ထိပ်တွင် စက်လှေချိုင့်ရှိပြီး ဆိပ်ကမ်းမှ ရွာအရှေ့ဘက်ထိပ်အထိ ရွာလယ်လမ်းတစ်ခုသာ မိုင်ဝက်ခန့်ရှည်လျားစွာရှိနေပြီး လမ်းဘေးဝဲယာတွင် အိမ်များရှိနေပါသည်။ ဆိပ်ကမ်းတက်

လိုက်သည်နှင့် ဝဲဘက်ထိပ်တွင် ကွမ်း ယာဆိုင်နှင့် ယာဘက်ထိပ်တွင် မုန့်မျိုး စုံရောင်းသော ဆိုင်လေးတို့အား တွေ့ ပါသည်။ လမ်းအတိုင်းဆက်လျှောက် ခဲ့ရာ ရွာအရှေ့ဘက်ထိပ်အထိ ဝဲယာ တွင်အိမ်ခြေ စုစုပေါင်း(၆၀)ခန့်ရှိပြီး ရွာအရှေ့ဘက်ထိပ် ကိုက်(၅၀)ခန့်အ ကွာတွင် နတ်စင်တစ်စင်ကို တွေ့ရ သည်။ နတ်စင်မြင်လိုက်သည်နှင့် အင်း စိန်မှုခင်းတပ်ဖွဲ့တွင် မှုခင်းသိပ္ပံသင် တန်း (စုံထောက်သင်တန်း) တ ရောက်ခဲ့ရစဉ်အချိန်က ဆရာများပို့ချ သည့် “ပြစ်မှုကျူးလွန်ရာ၌ လူဆိုး လုပ်လေ့လုပ်ထရှိသည့် အပြုအမူ ကို လေ့လာသိရှိထားခြင်းမှာ ဝတ်မှု စုံထောက်ရာ၌များစွာ အ အညီ ဖြစ်နိုင်ပေသည်။ အထူးသ မြို့ရွာများတွင် ဝင်ရောက်တိုက်ခို သည့် ဓားပြမှုများတွင် လူဆိုးများသ တိုက်ခိုက်မည့် ကျေးရွာအနီး ‘န စင်’၊ ‘သစ်ပင်ကြီး’၊ ‘ကျောက် ကြီး’အစရှိသည့် နတ်နေသည် ဆသောနေရာများတွင် ကွမ်း၊ လက်ဖက်၊ အုန်း၊ ငှက်ပျော သည့် ဝတ္ထုပစ္စည်းများတင်၍ န

www.burmeseclassic.com



ပူဇော်တတ်လေ့ရှိရာ အမှုစုံထောက်အရာရှိများသည် ဤကဲ့သို့ နတ်တင်သည့်နေရာကိုရှာဖွေ၍ အမှုသဲလွန်စများကို ကြည့်ရှုရ မည်''ဆိုသည့်အချက်အား သတိရကြားယောင်လာ သဖြင့် သေနတ်သံကြားသောနတ်စင်သို့ ပထမဦးစွာ သွားရောက်စစ်ဆေး၍ သက်သေများပါခေါ်၍ သွားရောက်ခဲ့ပါသည်။

နတ်စင်သည် အမြင့်(၃)ပေခန့်ရှိသော တိုင်(၄)ချောင်းနှင့် တည်ဆောက်ထားပြီး အပေါ်တွင် (၂)ပေပတ်လည်ပျဉ်များနှင့် သုံးဘက်ကာထားပြီး ရှေ့မျက်နှာဖွင့်ထားကာ ပျဉ်ခင်းထားသည်။ အပေါ်မှာ သွပ်မိုးထားသည်ကို တွေ့ရပါသည်။ နတ်စင်ထဲတွင်ငှက်ပျောရွက် တစ်ရွက်ခင်းလျက် ကွမ်းယာသုံးယာ၊ လက်ဖက်စုံတစ်ပွဲတို့အား တင်ထားသည်ကိုလည်း တွေ့ရပါသည်။ ကွမ်းယာနှင့် လက်ဖက်စုံတင်ထားသည့် ငှက်ပျောရွက်မှာ နတ်စင်ဘေးတွင် စိုက်ထားသောငှက်ပျောပင်မှ ခူးယူထားသည်ကိုလည်း စစ်ဆေးတွေ့ရှိရပါသည်။ ကွမ်းယာနှင့်လက်ဖက်မှာ လတ်လတ်ဆတ်ဆတ် ရှိနေသော်လည်း လက်ဖက်ပေါ်တွင် ပုရွက်ဆိတ်များတက်နေသည်ကို တွေ့ရပါသည်။ ကွမ်းယာနှင့်လက်ဖက် ဘယ်ကဝယ်သည်ကို သဲလွန်စရှာရန် သတိထားလိုက်မိပါသည်။ ကွမ်းယာနှင့်လက်ဖက်ကိုလည်း သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခဲ့ပါသည်။

နတ်စင်ပတ်ဝန်းကျင်အား ဆက်လက်စစ်ဆေးကြည့်ရှုရာ နတ်စင်၏ရှေ့တည့်တည့် (၁)ကိုက်ခန့်အကွာ မျက်ပင်တို့အကြားတွင် ပစ်ပြီးသား စတင်းကျည်ခွံတစ်ခုကို တွေ့ရသဖြင့် ဆက်လက်ရှာဖွေရာ မျက်ပင်များကြား၌ပင် ''လမင်းတံဆိပ်''ပါ ဆေးပေါ့လိပ်တိုတစ်တိုကို တွေ့ရသဖြင့် ဥက္ကဋ္ဌက''လမင်းတံဆိပ်''ပါဆေးလိပ်သည် လပွတ္တာဘက်မှ ထွက်သောဆေးပေါ့လိပ်ဟု ပြောပြသိရှိရပါသည်။ နတ်စင်ပတ်ဝန်းကျင်တွင် ဆက်လက်ရှာဖွေရာ အခြားသဲလွန်စများ မတွေ့ရတော့သဖြင့် ''ပစ်ပြီးသားစတင်း ကျည်ခွံနှင့် ဆေးပေါ့လိပ်တိုကိုလည်း သက်သေများရှေ့တွင် သက်သေခံပစ္စည်းများအဖြစ် သိမ်းဆည်းခဲ့ပါသည်။ သိမ်းဆည်းခဲ့သော သက်သေခံပစ္စည်းများအရ အမှုပေါ်တော့မည်ဟုလည်း စဉ်းစားမိ၍ ကျွန်တော်ဝမ်းသာနေမိသည်။

☆☆☆

## (၄)

ရွာထိပ်နတ်စင်နှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းမိသောနေရာအား မြေပုံကြမ်းရေးဆွဲဆောင်ရွက်ပြီး ဓားပြတိုက်ခံရသည့် ဦးဘညွန့်နေအိမ်သို့ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ အခင်းဖြစ်နေအိမ်သည် ရွာ၏အရှေ့ဘက်ထိပ်တွင် နတ်စင်နှင့်ကိုက်(၅၀)ခန့်အကွာတွင် ရှိနေပါသည်။ အိမ်ခန်းပွင့် ၈ ပေခန့်၊ ၄ ပင် ၃ ပင်ခန့်ရှိကာ ပျဉ်ခင်းထား ပြီး ထရံကာထားကာ သွပ်မိုးအိမ်ဖြစ် ၍ အိမ်ရှေ့တံခါးမ ၃ ခုရှိလျက်၊ မြောက်ဘက်ခြေရင်းခန်းတွင် ဈေးဆိုင်ဖွင့်လှစ်ရောင်းချနေခြင်း ဖြစ်ပါသည်။

အိမ်အတွင်း၌ အိပ်ခန်း ၂ ခန်းရှိပြီး ဘယ်ဘက်အိပ်ခန်းဘေးတွင် မီးဖိုထွက်သည့်အပေါက်ရှိလျက် မီးဖိုခန်းမှဆက်ထွက်လျှင် အိမ်သာဘက်ရောက်ပါသည်။ အိမ်ခြံမှာ ထရံကာထားခြင်းမရှိပါ။ ခေါင်းရင်းဘက်ပေ ၁၀၀ ခန့်အကွာတွင် ဦးလူကလေးအိမ်



www.burmeseclassic.com

www.burmeseclassic.com



တို့ရှိကြပြီး အိမ်နောက်ဖေးတွင် လယ်ကွင်းများရှိ၍ အိမ်ရှေ့ကိုက် ၅၀ ခန့်အကွာတွင် ရွာဦးထိပ်နတ်စင် ရှိပါသည်။

ရေလည်ရွာသည် ရွာလယ်လမ်းတစ်ခုသာရှိနေပြီး အိမ်တစ်အိမ်နှင့်တစ်အိမ် ဝေးကွာနေပြီး အိမ်ခြေ ၆၀ ခန့်သာရှိနေသဖြင့် ည ၁ နာရီကျော်ကျော်အချိန်ခန့် ဖြစ်ပွားခဲ့သည့်မှုခင်းဖြစ်ရပ်အား ချက်ချင်းမသိရှိနိုင်ပါ။ နတ်စင်မှ စတင်းကျည်ဆန်နှင့် ပစ်လိုက်သောသေနတ်သံ တစ်ချက်မှာလည်း အိပ်ရာမှနိုးနေသော အိမ်များလောက်သာကြားနိုင်မည်ဖြစ်ပြီး အိပ်ကောင်း၍ အိပ်မောကျနေသောအချိန်တွင် လူများကြားနိုင်မည်မဟုတ်ပါ။

အခင်းဖြစ်ရပ်အား စစ်ဆေးဆောင်ရွက်ပြီး ဦးဘညွန့်၏ ဇနီးမခင်လှ အသက် ၃၂ နှစ် (ဘ)ဦးချစ်ဆွေ ရေလည်ရွာနေသူအား စစ်ဆေးရာတွင်လည်း တရားလိုဦးဘညွန့် ထွက်ဆိုသည့်အတိုင်း ထွက်ဆိုသည့်အပြင် ငပုတော၊ "စံချိန်မှီ"ရွှေဆိုင်တွင် ဆွဲကြိုး၊ နားကပ်၊ လက်စွပ် စသည့် ရွှေထည် ပစ္စည်းများ ပြုလုပ်ထားသည့်ဘောင်ချာအား ပြသသဖြင့် မခင်လှထံမှ ရွှေထည်ပစ္စည်းများ ပြုလုပ်ထားသည့်ဘောင်ချာအား သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခဲ့ပါသည်။

☆☆☆

(၅)

အခင်းဖြစ်ရပ်အား စစ်ဆေးခြင်း၊ မြေပုံကြမ်းရေးဆွဲခြင်း၊ သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းပြီးဆုံး၍ ရရှိထားသောသက်သေခံပစ္စည်း သဲလွန်စများအရ "ကွမ်းယာ၊ လက်ဖက်၊ ဘယ်ကရသနည်း"ဆိုသည့် သဲလွန်စ... ရှာရန် ရေလည်ရွာ ကမ်းနားစက်... ဆိပ်သို့ပြန်သွား၍ မြို့နယ်ရဲတပ်ဖွဲ့မှ... အား အခြေအနေအားလုံး သတင်း... လိုက်ပြီး "ဆရာ အမှုပေါ်တော့မ... ဆရာ မနက်ဖြန် မနက် အရေးကြီး... ဆောင်ရွက်ရမယ့် ကိစ္စတစ်ခုရှိနေတော့... ပြန်ချင်ပြန်ပါ၊ ကျွန်တော်အမှုပေါ်ပြီး... တရားခံများပါ ဖမ်းမိပြီးမှ ပြန်လာ... မယ့်"ဟု သတင်းပို့လိုက်ရာ မြို့နယ်... တပ်ဖွဲ့မှူးကလည်း "ကဲ ဒီလိုဆို... ကျွန်တော်စိတ်ချမယ်၊ ပြန်တော့မယ်"...

"ဆရာ အမှုပေါ်တော့မယ်၊
ဆရာ မနက်ဖြန် မနက် အရေးကြီး
ဆောင်ရွက်ရမယ့် ကိစ္စတစ်ခုရှိနေတော့
ပြန်ချင်ပြန်ပါ၊ ကျွန်တော် အမှုပေါ်ပြီး
တရားခံများပါဖမ်းမိပြီးမှ ပြန်လာပါ့မယ့်"



www.burmeseclassic.com

www.burmeseclassic.com



ပြော၍၊ ညနေ ၄ နာရီကျော်ကျော်ခန့် အချိန်တွင် ဂျော့ဘုတ်ဖြင့်ပြန်ထွက်ရာ ကျွန်တော်လည်း မြို့နယ်ရဲတပ်ဖွဲ့မှူးအား အလေးပြု နှုတ်ဆက်လိုက်ပါသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ဂျော့ဘုတ်ဖြင့်ပြန်ထွက်သွားသည်နှင့် ကျွန်တော်လည်းအမှုဖော်ရန် လုပ်ငန်းစရပါတော့သည်။ ကမ်းနားရှိ မုန့်မျိုးစုံရောင်းသောဆိုင်သို့ဝင်ရောက်၍ မုန့်နှင့်လက်ဖက်ရည်မှာသောက်ကြရင်း အခြေအနေသုံးလာရာ မုန့်ဆိုင်တွင် လက်ဖက်ရည်ရောင်းသည်ကို တွေ့ရပါသည်။ မုန့်ဆိုင်ပိုင်ရှင်ကိုပါ စားသောက်ရင်း ရင်းနှီးအောင်ပြောဆို ပေါင်းသင်းရသည်။ မုန့်ဆိုင်ပိုင်ရှင်အား ကျွန်တော်က

"နာမည်ဘယ်လိုခေါ်လဲ၊ ရောင်းအဝယ်ကောင်းရဲ့လား၊ မိသားစုစားဝတ်နေရေး အဆင်ပြေရဲ့လား" မေးလိုက်ရာ "ကျွန်တော့်နာမည် ကိုစံပါ။ မိသားစု ၅ ယောက်ရှိပါတယ်။ ကလေးနှစ်ယောက်က ကျောင်းနေပါတယ်။ ကျွန်တော့်ဇနီးနဲ့ ကျွန်တော်က ရောင်းပါတယ်။ လယ် ၅ ဧကကို သူရင်းငှားလုပ်ပါတယ်။ မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေပါတယ်။ တစ်ခါတစ်ရံ ညဘက်စက်လှေ အဝင်အထွက်များရင် ပိုရောင်းကောင်းပါတယ်" ဟုပြောရာ ကျွန်တော်က "အခုလို ရိုးရိုးသားသား ကြိုးကြိုးစားစား အပင်ပန်းခံပြီး လုပ်ကိုင်နေတာ တွေ့ရတော့ ဝမ်းသာဂုဏ်ယူတယ်ဗျာ" ဟုပြော၍ လက်ဖက်ရည်မုန့်ဖိုးများရှင်း ပြီး ကျွန်တော်နှင့် နယ်ထိန်းဒုတပ်ကြပ် စောမောင်၊ ရယကအဖွဲ့ဝင် ဦးလှဦးတို့ အား ခေါ်ထားလိုက်ပြီး ကျန်လူများ အားလုံး ဥက္ကဋ္ဌနှင့်အတူ ဥက္ကဋ္ဌအိမ်တွင် စောင့်နေရန် မှာကြားလွှတ်လိုက်ပါသည်။

ဆိပ်ကမ်းတွင်ကျန်ခဲ့သော ကျွန်တော်နှင့် ဒုတပ်ကြပ်စောမောင်၊ ရယကအဖွဲ့ဝင် ဦးလှဦးတို့ ဆိပ်ကမ်းရှိ ကွမ်းယာဆိုင်အားဝင်၍ ဦးလှဦးက "မောင်ညဏ်ငါ့ကို ငါစားနေကျ ကွမ်းယာ ၅ ယာပေးပါကွာ" ဟုပြောပြီး ပိုက်ဆံထုတ်ပေးလိုက်သည်ကို တွေ့ရသဖြင့် ကွမ်းယာရောင်းသူ၏ နာမည်မှာ "မောင်ညဏ်" ဆိုသည်ကို သိလိုက်ရပါသည်။ ကျွန်တော်က "ကိုညဏ် ကွမ်းယာရောင်းကောင်းလား" မေးလိုက်ရာ "ကွမ်းယာရောင်းကောင်းပါတယ်၊ ဆိပ်ကမ်းကို နေ့ညစက်လှေများများဆိုက်လေ ရောင်းကောင်းလေပါပဲ၊ တစ်ခါတစ်ခါ ည ၁၁ နာရီ ၁၂ နာရီ အထိရောင်းရတယ်" ပြောရာ ကျွန်တော်က "ခင်ဗျားတစ်ယောက်တည်း ရောင်းနိုင်ပါ့မလား" မေးလိုက်ရာ "ကျွန်တော်နဲ့ကျွန်တော့်ဇနီး နှစ်ယောက် ရောင်းပါတယ်။ သားသမီးမရှိတော့ ကွမ်းယာ၊ ဆေးလိပ်ရောင်းတာရယ်၊ လယ် ၃ ဧကလုပ်တာရယ် စားလောက်ပါတယ်" ပြောသဖြင့် ကျွန်တော်က "ခင်ဗျားဆိုင်မှာ လမင်းဆေးပေါ့လိပ်ရောင်းလား" မေးလိုက်ရာ "လမင်းဆေးပေါ့လိပ်က ကျွန်တော်တို့ဘက်မှာ မသုံးဘူး၊ လပွတ္တာဘက်မှာသုံးတယ်" ပြောလိုက်သဖြင့် ဆေးပေါ့လိပ်ဘဲလွန်စတစ်ခုထပ်ရလိုက်ပါသည်။

ဦးလှဦးကလည်း ကွမ်းယာဝယ်ပြီးသွားသဖြင့် ကျွန်တော်တို့ ဥက္ကဋ္ဌအိမ်သို့ လိုက်သွားခဲ့ကြရာ ညနေ ၅ နာရီကျော်ကျော်ခန့် ရောက်သွားကြပါသည်။ ဥက္ကဋ္ဌအိမ်ရောက်ပြီး ဥက္ကဋ္ဌအား အကျိုးအကြောင်းပြောပြ၍ မုန့်ဆိုင်မှ 'ကိုစံ' နှင့် ကွမ်းယာဆိုင်မှ 'ကို



www.burmeseclassic.com

www.burmeseclassic.com



ညထာ်"တို့အား ဥက္ကဋ္ဌအိမ်လာရောက်ပေးရန် ရယကအဖွဲ့တစ်ဦးက ဦးလှဦးအား ခေါ်ခိုင်းလိုက်ပါသည်။ မကြာခင်မှာပင် ဦးလှဦးနှင့်အတူ ဦးစံနှင့်ဦးညထာ်တို့ ရောက်လာကြပါသည်။

ကျွန်တော်က "ဦးစံနှင့်ဦးညထာ်တို့အား" ဆိုင်အလုပ်များနေတဲ့ကြားမှ ခေါ်ခိုင်းလိုက်ရတဲ့အတွက် အားနာကြောင်းနှင့် အမှုအတွက် အခက်အခဲရှိနေတဲ့အတွက် မေးစရာလေးရှိနေတာကို ဆိပ်ကမ်းမှာမေးပါက လူအများရှိနေလို့ မကောင်းလို့ ဥက္ကဋ္ဌအိမ်ခေါ်ပြီး အကူအညီတောင်းရခြင်းဖြစ်ကြောင်း တောင်းပန်စကားအလျှင် ပြောလိုက်ရပါသည်။

ဦးစံနှင့်ဦးညထာ်တို့မှာ ဦးစံကအစ်ကိုဖြစ်ပြီး ဦးညထာ်က ညီဖြစ်ကြောင်း ဦးစံကပြောပြသိရပါသည်။ ဦးစံအား ကျွန်တော်က "မနေ့ကညပိုင်း (အခင်းဖြစ်ည)က ဦးစံဆိုင်မှာ လက်ဖက်စိုလာဝယ်တဲ့လူကို မှတ်မိလား" ဟုမေးလိုက်ရာ ဦးစံက ခဏစဉ်းစားပြီး "မနေ့ကည ၁၀ နာရီကျော်ကျော်လောက်က ကျွန်တော့်ဆိုင်နဲ့ ၄/၅ အိမ်ကျော်က ကိုဂျပန်သားမောင်ကုလား လက်ဖက်စို ၂၀ ဖိုးလာဝယ်တယ်" ပြောရာ ကျွန်တော်က "မောင်ကုလားက လက်ဖက်စိုလာဝယ်နေကျ လား" မေးရာ၊ ဦးစံက "လာဝယ် ကျမဟုတ်ဘူး၊ မှတ်မှတ်ရရ ဒီတစ် လာဝယ်တာပါ။ အဲဒီညက စက် တစ်စီး ည ၁၀ နာရီကျော် လောက်ရောက်လာပြီး စက်လှေ လူသုံးယောက်ဆင်းသွားပြီး ကို အိမ်ဝင်သွားသည်ကို တွေ့ရပြီး မ ခင် မောင်ကုလားလက်ဖက်စိုလာ တာပါ"ဟုပြောပြသိရှိရသဖြင့် တင်ကြောင်းပြောလိုက်ပြီး ဦးည အား "ဦးညထာ်ဆိုင်ကိုရော မ ညပိုင်းမှာ မောင်ကုလား ကွမ်းယာ ဝယ်တာရှိလား"ဟု ကျွန်တော်က လိုက်ရာ"မနေ့ည ၁၀ နာရီကျော် လောက်စက်လှေတစ်စီး ဆိပ်က လာကပ်ပြီး လူ ၃ ယောက်စက် မှ ဆင်းသွားကာ ကိုဂျပန်အိမ်ဝ သည်ကို တွေ့လိုက်ရပြီး မ မောင်ကုလားသည် တစ်ကိုဦးစံ ၍ လက်ဖက်စိုဝယ်ပြီး ကျွန် ဝင်၍ ကွမ်းယာချိုအာမွှေး သုံး ဝယ်သွားတယ်"ဟု ပြောပြသ နှင့်ဦးညထာ်တို့အား "လူ ၃





www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆိပ်ကမ်းလာကပ်သောစက်လှေ ဘယ်အချိန်လောက် ပြန်ထွက်သွား သည်ကို သိလိုက်ပါသလား" မေးရာ ဦး စံနှင့်ဦးညာဏ်ညီအစ်ကို နှစ်ယောက်စ လုံးမှ ၎င်းတို့ဆိုင် ည ၁၂နာရီပိတ်သည် အထိ ပြန်သည်ကိုမတွေ့ရကြောင်း နောက်နေ့မနက် ၅နာရီကျော်ခန့်အိပ် ယာမှထကြည့်စဉ် စက်လှေအားမတွေ့ ရတော့ကြောင်း၊ ပြောပြသိရှိရသဖြင့် ဦး စံနှင့်ဦးညာဏ်တို့အား အထူးကျေးဇူး တင်ကြောင်း ထပ်ပြော၍ ပြန်လွှတ်ပေး လိုက်ပါသည်။

☆☆☆

(၆)

ကိုဂျပန်၏ မိသားစုအ ကြောင်း ဥက္ကဋ္ဌထံစုံစမ်းရာ ကမ်းနားမှ ၅အိမ်ကျော်ခန့်တွင် ကိုဂျပန်နှင့် ဇနီး ဖြစ်သူမတလုပ်မ၊ သားဖြစ်သူ မောင်ကု လားတို့ မိသားစုသုံးယောက် နေထိုင် ကြောင်း၊ ကိုဂျပန်နှင့်ကုလားမှာ လယ် သူရင်းငှားလုပ်ကြကြောင်း၊ မတလုပ်မ မှာ ကောက်စိုက်အငှားလိုက်ကြောင်း သိရသဖြင့် ဒုတပ်ကြပ် စောမောင်နှင့် တပ်သား ဘိုရှိန်တို့အား ကိုဂျပန်သား အဖအား ဥက္ကဋ္ဌအိမ်သို့ ခေါ်ခိုင်းလိုက် ရာ ၆နာရီအချိန် ရောက်လာကြသဖြင့် သားအဖနှစ်ယောက်အား တစ် ယောက်တစ်ကွဲစီ ထားလိုက်ပြီး ကိုဂျ ပန်အသက် ၃၅နှစ်၊ ရေလည်ရွာနေသူ အားစစ်ဆေးရာ ၎င်းသည် သူရင်းငှား ၍ မိသားစုအသက်မွေးဝမ်းကျောင်း နေထိုင်ကြောင်း၊ အခြားဘာမှမလုပ် ကြောင်းပြောသဖြင့် ကျွန်တော်က "ကဲ ကိုဂျပန် ခင်ဗျား လှည့်ပတ်ပြီး ဘာမှမ ပြောနဲ့ ခင်ဗျားတို့သားအဖ တခြားနယ် ကလူတွေနဲ့ ဘာတွေလုပ်ကြတယ်ဆို တာ သိပြီးနေပြီ၊ ခင်ဗျားက ကိုယ့်နယ် သားဆိုတော့ အမှန်အတိုင်းပြောရင် ဥပဒေဘောင်အတွင်းက သက်သာ အောင် ကူညီပေးမယ်။ အမှန်အတိုင်း မပြောရင်တော့ မလွယ်ဘူးမှတ် ပါ" လို့ပြောနေစဉ် ကြိုတင်ညှိနှိုင်း ထားသည့်အတိုင်း ဒုတပ်ကြပ် စော မောင်ရောက်လာပြီး "ဆရာ ကုလား က အမှန်အတိုင်းပြောနေပြီ သူ့အဖေ ကိုတော့ ဘာမှမလုပ်ပါနဲ့လို့ ပြောနေ တယ်" ဟုလာပြောရာ ကိုဂျပန်မှာ ငိုင် ကျသွားပြီး အမှန်အတိုင်းပြောပါ့မယ် ပြောကာ "ကျွန်တော်လွန်ခဲ့တဲ့ နှစ်က လပွတ္တာမြို့ ဆိပ်ကမ်းရွာကို ကျွန် တော့်သားနှင့်အတူ ကိုအောင်ဘအိမ် မှာ သူရင်းငှားသွားလုပ်ရင်းနဲ့ ဆိပ်ကမ်း ရွာနေ ကိုသာဒင်၊ ကိုပေါက်ကျော်၊ ကို ခွေးပုတို့နဲ့ ရင်းနှီးခင်မင်ခဲ့ကြပြီး မနေ့ က ည ၁၀နာရီကျော်ခန့်အချိန် သူတို့ သုံးယောက် ကျွန်တော့်အိမ်ရောက်လာ ကြပြီး ကိုသာဒင်က "ကိုဂျပန်ရေ ကျွန်တော်တို့ အရေးတကြီးငွေလိုနေ လို့ ခင်ဗျားတို့ရွာက ငွေလွယ်လွယ်ကူ ကူရနိုင်မယ့် အိမ်တစ်အိမ်လောက် ပြ ပေးစမ်းပါဗျာ၊ ကျွန်တော်တို့ သေနတ် လည်းပါတယ်။ သေနတ်ပြပြီး အဲ့ဒီ အိမ်က ရွှေငွေတောင်းယူရအောင် ခင် ဗျားတို့သားအဖကိုလည်း ဝေခွဲပေးပါ့ မယ် ပြောရာ၊ ကျွန်တော်က မလိုက်လို ကြောင်းပြောရာ ကိုသာဒင်က ဘာမှမ ကြောက်ပါနဲ့ သေနတ်ပါပါတယ်ပြော ၍ ကျွန်တော့်ကို ခြောက်လုံးပြူးသေ နတ်ကိုထုတ်ပြရာ ကျွန်တော်လည်း ငြင်းမရသည့်အဆုံး မနေ့ည ၁နာရီ ကျော်ခန့်အချိန် ကျွန်တော်တို့သားအဖ ကိုသာဒင်အဖွဲ့နှင့်အတူ လိုက်သွားပြီး ရွာထိပ်ရှိ ကိုဘညွန့်အိမ်ဈေးဆိုင်အား လိုက်ပြစဉ် အိမ်ကိုအရင်မဝင်သေးဘဲ ရွာဦးထိပ်သို့ လက်နှိပ်ဓာတ်မီးနှင့် ထိုး



www.burmeseclassic.com

www.burmeseclassic.com





ကြည့်ရာ နတ်စင်ကိုတွေ့သွားသဖြင့် နတ်စင်ကိုသွားရောက်ကြပြီး ကျွန်တော့်သားအား ဝယ်ခိုင်းထားသည့် လက်ဖက်၊ ကွမ်းယာတို့နှင့် နတ်စင်ကို ငှက်ပျောပင်မှ ငှက်ပျောရွက်အားဆုတ်ဖြဲယူကာ တင်မြှောက်ပြီးနောက် ကိုသာဒင်က သေနတ်တစ်ချက် ပစ်ဖောက်လိုက်ပါတယ်။ သေနတ်တစ်ချက်ဖောက်ပြီးမှ ကိုဘညွန့်အိမ်ကို သွားရောက်ကြပြီး အိမ်တံခါး ဖွင့်ခိုင်းပါတယ်။

ကိုဘညွန့်က အိမ်တံခါးဖွင့်ပေးစဉ် ကိုသာဒင်က သေနတ်ပြ၍ အိမ်ပေါ်တက်ရာ ကိုပေါက်ကျော်ပါလိုက်တက်သွားပါတယ်၊ ကိုခွေးပုက အိမ်ရှေ့တွင်စောင့်နေပြီး ကျွန်တော်က ခေါင်းရင်းဘက်၊ သားဖြစ်သူကုလားက နောက်ဖေးဘက်မှာ စောင့်နေကြပါတယ်။ နာရီဝက်ခန့်အကြာ ကိုသာဒင်နှင့်ကိုပေါက်ကျော်တို့ အိမ်ပေါ်မှဆင်းလာပြီး ကျွန်တော်တို့အောက်တွင်စောင့်နေသော သုံးယောက်အားခေါ်၍ ကျွန်တော့်အိမ်ကိုပြန်ကြပြီး အိမ်အရောက်တွင် ကိုသာဒင်က ရွှေနဲ့ငွေတွေရလာတယ်ဟု ပြောပါတယ်။ ဘာတွေဘယ်လောက်ရလာသည်ကိုတော့ အတိအကျမပြော၍ မသိရပါ။ ကျွန်တော့်ကို ငွေကျပ်တစ်ရာတန် (၂၀)ရွက်(နှစ်ထောင်)ပေးခဲ့ပြီး ဘယ်သူ့ကိုမှဘာ မျှမပြောနဲ့ပြောပြီး စက်လှေဆိပ်ကို ပြန်သွားကြပါတယ်။ ကျွန်တော်တို့ သားအဖလည်း ဒီပြစ်မှုမျိုး တစ်ကြိမ်တစ်ခါမျှ မကျူးလွန်ဖူးသဖြင့် ကြောက်နေပြီး ဘယ်သူ့ကိုမှ မပြောရဲဘဲ ရရှိထားသည့် ငွေ ၁၀၀/(၂၀)ရွက်ကိုလည်း မသုံးရဲသဖြင့် ကျွန်တော့်အိပ်သည့် ခေါင်းအုံးအစွပ်ထဲထည့်ထားပါတယ်။ ကျွန်တော့်မိန်းမလည်း တောကြီးရွာဘက်ကောက်စိုက်လိုက်နေသဖြင့် လုံးဝမသိ[...]ပါဘူး။ အခုအချိန်အထိ ပြန်မလာ[...]သေးပါဘူး" ဟုပြောသဖြင့် ကျွန်တော်[...]က "ခင်ဗျားရထားတဲ့ ငွေ ၁၀၀/(၂၀)ရွက်ကိုရော အပ်ပေးမှာလား" မေး[...] "ကိုဂျပန်က "အိမ်ရောက်ရင် အ[...]ပေးပါ့မယ်" ဟုပြောရာ "အပ်ပေးရ[...]ကျေးဇူးတင်တာပေါ့ဗျာ" ဟုပြော[...]ကျွန်တော်ကဆက်၍ "ခင်ဗျား ကိုသာဒင်၊ ကိုပေါက်ကျော်နဲ့ ကိုခွေးပုတို့အိ[...]တွေကိုရော ကောင်းကောင်းသိလား" မေးရာ "ကောင်းကောင်းသိပါတယ်[...]ကျွန်တော်သူရင်းငှားလုပ်တဲ့ ကိုအေ[...]



www.burmeseclassic.com

www.burmeseclassic.com



ဘုအိမ်နဲ့ သိပ်မဝေးပါဘူး၊ လိုက်ပြဆိုရင်လိုက်ပြပေးပါ့မယ်"ပြော၍ ကိုဂျပန်အား တစ်နေရာထားခိုင်းလိုက်ပြီး ကုလားအား ခေါ်ခိုင်းလိုက်ပါသည်။

"ကုလား အသက်(၁၈)နှစ် သူရင်းငှားလုပ်၊ ရေလည်ရွာနေသူ" အား စစ်ဆေးရာတွင်လည်း ဖခင်ဖြစ်သူ ကိုဂျပန်၏ ထွက်ဆိုအစစ်ခံချက်အတိုင်း ထွက်ဆိုအစစ်ခံခဲ့ပါသည်။

☆☆☆

(၇)

အမှုအား နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဆက်လက်စစ်ဆေးဆောင်ရွက်ရမည်ဖြစ်သဖြင့် ကျွန်တော်နှင့်အဖွဲ့လည်း ဥက္ကဋ္ဌဦးချစ်ဦး အဖွဲ့ဝင်ဦးလှဦးတို့နှင့်အတူ ကိုဂျပန်သားအဖကိုပါခေါ်ကာ ည ၇နာရီကျော်ခန့်အချိန် ဥက္ကဋ္ဌအိမ်မှ ကိုဂျပန်အိမ်သို့ သွားရောက်ကြပြီး ကိုဂျပန်အိမ်အရောက်တွင် ကိုဂျပန်မှ အိပ်ခန်းထဲမှ ခေါင်းအုံးများထုတ်ယူလာပြီး ခေါင်းအုံးစွပ်အတွင်း ထည့်ထားသော ၁၀၀ိ/တန် (၈)ရွက်အား သက်သေများရှေ့သက်သေခံပစ္စည်းများအဖြစ် အပ်ပေး၍ အချင်းသိမ်းဆည်းပါသည်။

"ကုလား အသက်(၁၈)နှစ် သူရင်းငှားလုပ်၊ ရေလည်ရွာနေသူ" အား စစ်ဆေးရာတွင်လည်း . . .

သက်သေခံပစ္စည်းများအား သိမ်းဆည်းပြီးသည်နှင့် ကျွန်တော်တို့အဖွဲ့အားလုံး ရေလည်ရွာဆိပ်ကမ်းတွင် အသင့်စီစဉ်ထားသော စက်လှေနှင့် တောင်ကလေးရဲကင်းသို့ ဆက်ထွက်လာကြရာ ည(၈)နာရီခန့် အချိန် ရောက်ရှိကြပြီး တောင်ကလေးရဲကင်းမှူး ရဲတပ်ကြပ်ကြီး မောင်သိန်းအား အမှုအခြေအနေပြောပြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးထံ အမှုတိုးတက်မှုအခြေအနေ တင်ပြခိုင်းလိုက်ပါသည်။

အမှုမှတရားခံများ ဖမ်းမိရေး၊ သက်သေခံပစ္စည်းများ အမြန်သိမ်းဆည်းနိုင်ရေးအတွက် အချိန်အကုန်မခံနိုင်ဘဲ အမြန်ဆုံးလုပ်ရှားဆောင်ရွက်ရမည်ဖြစ်သဖြင့် ည ၈နာရီခွဲကျော်ခန့်အချိန် တောင်ကလေးဆိပ်ကမ်းမှ စက်လှေနှင့်ကျွန်တော်တို့အဖွဲ့အားလုံး လပွတ္တာမြို့သို့ ရောက်ရမည်ဖြစ်သော်လည်း လမိုက်ညဖြစ်နေသဖြင့် ချောင်း၊ မြောင်းများများနေသော ရေလမ်းခရီးတွင်စက်လှေမှာ လမ်းများမှားနေသဖြင့် နံနက်(၅)နာရီကျော်အချိန်မှ လပွတ္တာမြို့သို့ ရောက်ရှိပြီး လပွတ္တာဆိပ်ကမ်းတွင် စက်လှေနှင့်အ



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့အားလုံးထားခဲ့ပြီး ကျွန်တော်နှင့်ရဲဒုတပ်ကြပ် တင်ဝင်းတို့နှစ်ဦးက လပွတ္တာရဲစခန်းသို့ တက်သွားခဲ့ပါသည်။

ယင်းအချိန်က လပွတ္တာမြို့ရဲစခန်းမှာ ကျွန်တော်နှင့် ရဲအရာရှိငယ်သင်တန်းအပတ်စဉ် ၁/၆၄ တွင် အဆောင်(၄)၌ အတူတက်ရောက်ခဲ့သူ အခင်ဆုံးသူငယ်ချင်း ရဲအုပ်တင့်ဆွေ (ယခုကွယ်လွန်)ဖြစ်ပါသည်။ လပွတ္တာရဲစခန်းရောက်ရှိရာ စခန်းမှူးနှင့်တွေ့ဆုံပြီး အခြေအနေပြောပြ၍ နယ်မြေကျွမ်းကျင်သည့် နယ်ထိန်းတပ်ဖွဲ့ဝင်နှစ်ဦးအား ထည့်ပေးရန်ပြောသဖြင့် နယ်ထိန်းတပ်ဖွဲ့ဝင် အကြပ်တစ်ယောက်၊ ရဲတပ်သားတစ်ယောက် ထည့်ပေးခဲ့ပါသည်။

ကျွန်တော်လည်း နယ်ထိန်းတပ်ဖွဲ့ဝင် နှစ်ယောက်အားခေါ်လျက် လပွတ္တာဆိပ်ကမ်းရှိစက်လှေသို့ ပြန်ရောက်သွားကြပြီး လပွတ္တာဆိပ်ကမ်းမှ ဆိပ်ကမ်းရွာဆိပ်ကမ်းသို့ ဆက်လက်ထွက်ရာ နံနက် ၆နာရီကျော်ခန့်အချိန် ရောက်ရှိပြီး လပွတ္တာရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်နှစ်ဦးအား ဆိပ်ကမ်းရွာကျေးရွာကောင်စီဝင် နှစ်ဦးကိုခေါ်ခိုင်းတာ ကျွန်တော်တို့အဖွဲ့က စက်လှေပေါ်၌ပင် စောင့်နေပါသည်။

ဆိပ်ကမ်းရွာဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် အဖွဲ့ဝင်ဦးခင်လှိုင်တို့ ရောက်လာကြသဖြင့် လိုအပ်သည့်အမှုအခြေအနေကိုသာပြောပြကာ ဆိပ်ကမ်းရွာ နေကိုသာဒင်၊ ကိုပေါက်ကျော်၊ ကိုခွေးပုတို့(၃)ဦးအား ဖမ်းဆီးနိုင်ရန်အတွက် အဖွဲ့သုံးဖွဲ့ခွဲပြီး ဆိပ်ကမ်းရွာသို့တက်ရောက်ကြရာ ကိုသာဒင်နှင့်ကိုပေါက်ကျော်တို့အိမ်မှာ ကပ်လျက်ရှိပြီး၊ ကိုခွေးပုအိမ်မှာ ကိုပေါက်ကျော်အိမ်မှ ငါးအိမ်ကွာတွင်ရှိ၍ ကိုသာဒင် နှင့်ကိုပေါက်ကျော်အိမ်အားနှစ်ဖွဲ့၊ ကိုခွေးပုအိမ်အား တစ်ဖွဲ့ဝိုင်းပိတ်ရှာဖွေခဲ့ရာ သုံးဦးစလုံးအား အသင့်တွေ့ရှိ ဖမ်းဆီးနိုင်ခဲ့ပါသည်။

ကိုသာဒင်တို့(၃)ဦးအား တစ်ယောက်စီခွဲကာ ကျေးရွာဥက္ကဋ္ဌရုံးခန်းသို့ ခေါ်သွားခိုင်းပြီး၊ ဆိပ်ကမ်းတွင် ကျန်ခဲ့သော အဖွဲ့အားလုံးကိုပါ ခေါ်ခိုင်းလိုက်ရာ ရောက်ရှိလာကြသဖြင့် တစ်နေရာစီခွဲ၍ လက်ထိတ်ခတ်ထားသော ကိုသာဒင်တို့(၃)ယောက်အား ကိုဂျပန်နှင့် ကုလားတို့အား ခေါ်လာပြီး ပြသရာ သုံးယောက်စလုံးပင် မျက်စိ
မျက်နှာများပျက်သွားကြလျက် ငိုင်ကျ
သွားကြပါသည်။

အဖွဲ့အားလုံးအား သင့်
တော်သည့်နေရာတွင် အသီးသီးနေ
ပေးပြီး ပထမဦးစွာ ကိုသာဒင်အား
ဥက္ကဋ္ဌရုံးသို့ခန်းခေါ်ကာ ကိုသာဒင်နှင့်
အသက်(၃၅)နှစ် ဆိပ်ကမ်းရွာနေသူ
အား စစ်ဆေးရာ လွန်ခဲ့သော(၂) ရက်
က ၎င်းနှင့်အတူ ကိုပေါက်ကျော်၊ ကို
ခွေးပုတို့ ကိုပေါက်ကျော်စက်လှေ နှင့်
ငပုတောမြို့နယ် တောင်ကလေး
ကင်းအပိုင် ရေလည်ရွာသို့ ညနေ(၆)
နာရီခန့်အချိန် သွားရောက်ကြရာ ည
(၁၀)နာရီကျော်ခန့် ရောက်ရှိပြီး အ
ဖြစ်သူ ကိုဂျပန်အိမ်သို့သွားရောက်၍
ငွေလိုနေသဖြင့် ရွှေငွေရှိသည့်အိမ်
အိမ်အား ပြပေးရန်ပြောရာ ကိုဂျပန်
ည(၁)နာရီကျော် ခန့်အချိန် ရွာထဲ
အိမ်တစ်အိမ်သို့ လိုက်ပြရာ ရွာထဲ
ရောက်၍ နတ်စင်သို့သွားရောက်၍
ဂျပန်သားတုလားအား ဝယ်ခိုင်း
သော ကွမ်းယာ၊ လက်ဖက်တို့
နတ်စင်တွင်မြှောက် ပြီး ၎င်းကိုယ်

www.burmeseclassic.com



## “ ခင်ဗျား သေချာရဲ့လား၊ သွားရှာလို့မတွေ့ရင် ခင်ဗျားမလွယ်ဘူး မှတ်ပါ ”

ယူဆောင်လာသော လုပ်ခြောက်လုံးပြူးတွင် စတင်းကျည်တစ်တောင့်ထည့်၍ ပစ်ဖေါက်ပြီးမှ ရွာ ထိပ်ရှိဈေးဆိုင်အိမ်အား သွားရောက်ဖွင့်ခိုင်းပြီးသေနတ်ပြ၍ ရွှေ၊ ငွေများတောင်း ယူခဲ့ကြောင်း၊ ၎င်းနှင့် ကိုပေါက်ကျော်က အိမ်ပေါ်တက်ပြီး ကိုခွေးပုက အိမ်ရှေ့တွင်စောင့်ကြောင်း၊ ကိုဂျပန်က အိမ်ခေါင်းရင်းတွင်စောင့်ပြီး အိမ်နောက်ဖေးတွင် ကုလားကစောင့် ကြောင်း ရွှေ၊ ငွေပစ္စည်းများ တောင်းယူရာတွင် ငွေရောရာနှစ်သောင်းကျော်နှင့် ဆွဲကြိုးတစ်ကုန်း၊ နားကပ်တစ်ရန်၊ လက်စွပ်တစ်ကွင်းနှင့် ရိုးမားနာရီတစ် လုံးရရှိခဲ့ကြောင်း၊ ရိုးမားနာရီကို ကို ပေါက်ကျော်အား ပေးလိုက်ကြောင်း ငွေနှစ်သောင်းကျော်ခန့် ရရှိခဲ့ရာမှ ၁၀ဝိ/တန်၂၀ ရှက်အား ကိုဂျပန်သား အဖအား ပေးခဲ့ကြောင်း၊ ကျန်ရွှေထည် ပစ္စည်းများကို ကိုပေါက်ကျော်အား လပွတ္တာမြို့နယ်ရောက်ပြီး “ခါတော်မှီ” ရွှေဆိုင်တွင် သွားရောင်းခိုင်းရာ ၄၀၀၀ဝိ/(လေးသောင်းကျပ်)ရရှိပြီး၊ အားလုံးရရှိသည့်ငွေများကို တစ်ယောက် ၅၀၀ဝိ/(တစ်သောင်းငါးထောင်)စီခွဲဝေယူပြီး ပိုသည့်ငွေများကို စားသောက်၍ကုန်သွားကြောင်း၊ ၎င်းရသည့် ငွေ ၁၅၀၀ဝိ/ကျပ်ကို မသုံးရသေးကြောင်း ပြောဆို၍ သက်သေများရှေ့ အပ်ပေးသဖြင့် သိမ်းဆည်းပါသည်။

ကျွန်တော်ကဆက်၍ “ခင်ဗျားကိုင်တဲ့ ခြောက်လုံးပြူးနဲ့ ကျည်ဆန်တွေ ဘယ်မှာလဲ” မေးရာ “လပွတ္တာ သချိုင်းကုန်းရှိ သစ်ပင်အောက်တွင် ပလတ်စတစ်အိတ်နှင့်ထည့်၍ ဝှက်ထားကြောင်း” ပြောရာ “ခင်ဗျားသေချာရဲ့လား၊ သွားရှာလို့မတွေ့ရင် ခင်ဗျားမလွယ်ဘူး မှတ်ပါ” ပြောလိုက်ရာ “တကယ်ရှိပါတယ်၊ လုပ်ခြောက်လုံးပြူးတစ်လက်ရယ်၊ စတင်းကျည်နှစ်တောင့်ရယ်၊ လက်ပစ်ဗုံးတစ်လုံးရယ် ရှိပါတယ်” ပြောရာ၊ ကျွန်တော်က “ခင်ဗျားဒီပစ္စည်းတွေကို ဘယ်ကရသလဲ” မေးရာ “လွန်ခဲ့သည့် (၅)နှစ်လောက်က ကိုပေါက်ကျော် စက်လှေပေါ်တွင် ကျန်ခဲ့သော လွယ်အိတ်တစ်လုံးအား ကြည့်ရာမှရရှိသော လက်ပစ်ဗုံးတစ်လုံး၊ ခြောက်လုံးပြူးတစ်လက်နှင့် စ



www.burmeseclassic.com

www.burmeseclassic.com



တင်းကျည်(၃)တောင့်ဖြစ်ကြောင်း၊ ကိုပေါက်ကျော်က သိမ်းထားရန်ပြောသဖြင့် သိမ်းထားခြင်းဖြစ်ကြောင်း မည်သူ့ပစ္စည်းမှန်း မသိကြောင်း၊ ကျည်တစ်တောင့်မှာ ရေလည်ရွာနတ်စင်တွင် ပစ်ဖောက်လိုက်သည်။ နှစ်တောင့်သာကျန်ကြောင်း ပြောသဖြင့် ခင်ဗျား"ဘာဆေးလိပ်သောက်လဲ"မေးရာ"လပွတ္တာမှထွက်သည့် လမင်းတံဆိပ် ဆေးပေါ့လိပ်သောက်ကြောင်း အစစ်ခံသဖြင့် သက်သေခံပစ္စည်း ပျောက်ပျက်သွားမည်စိုးသဖြင့် ဆိပ်ကမ်းရွာဥက္ကဋ္ဌ ဦးဝင်းနိုင်၊ အဖွဲ့ဝင် ဦးခင်လှိုင်တို့နှင့်အတူ ကိုသာဒင်ပါ လပွတ္တာမြို့သချိုင်းကုန်းသို့ခေါ်သွားပြီး ကိုသာဒင်ပြပေးသော မယ်ဇလီပင်အောက် တွင်းအတွင်း၌ ပလတ်စတစ်အိတ်ဖြင့် ထည့်ကာဝှက်ထားသော ခြောက်လုံးပြူးတစ်လက်၊ စတင်းကျည်နှစ်တောင့်၊ လက်ပစ်ဗုံးတစ်လုံးတို့အား သက်သေများရှေ့ ကိုသာဒင်က ထုတ်ယူအပ်ပေးသဖြင့် သက်သေခံပစ္စည်းများအဖြစ် သိမ်းဆည်းခဲ့ပါသည်။

လပွတ္တာ သချိုင်းကုန်းမှ သက်သေခံပစ္စည်းများ သိမ်းဆည်း၍ ဆိပ်ကမ်းရွာသို့ ပြန်သွားကြပါသည်။

ကျန်ရှိသော တရားခံများဖြစ်သည့် ကိုပေါက်ကျော် အသက်(၃၅) ဆိပ်ကမ်းရွာနေသူအား စစ်ဆေးရာတွင်လည်း ကိုသာဒင်ထွက်ဆိုသည့်အတိုင်း ထွက်ဆိုအစစ်ခံသည့်အပြင် ၎င်းရရှိသော ခွဲတမ်းငွေ ၁၅၀၀၀ိ/ထဲမှ လပွတ္တာမြို့ရှိ "ခိုင်သန့် ပရိဘောဂ ဆိုင်"မှ မှန်ဗီရိုတစ်လုံးအား ၁၀၀၀ိ/ နှင့် ဝယ်ယူခဲ့ကြောင်း၊ ကျန်ငွေ ၁၄၀၀၀ိ/ ရှိသေးကြောင်း၊ ရိုးမားနာရီ အဟောင်းတစ်လုံးလည်းရထားကြောင်း အစစ်ခံသဖြင့် ကျွန်တော်က "ခင်ဗျားရေလည်ရွာနတ်စင်ကို ထိုးကြည့်သည့် လက်နှိပ်ဓာတ်မီး ဘယ်မှာလဲ"မေးရာ အိမ်မှာရှိကြောင်း အစစ်ခံသဖြင့် ကိုပေါက်ကျော်အိမ်သို့ သက်သေများနှင့် အတူသွားရောက်၍ ကိုပေါက်ကျော် ထံမှ ဓားပြသွားတိုက်ရာတွင် အသုံးပြု သည့် စက်လှေအား ဆိပ်ကမ်းမှလည်းကောင်း၊ ငွေ ၁၄၀၀၀ိ/၊ မှန်ဗီရို၊ သုံးတောင့်ထိုး လက်နှိပ်မီးနှင့် ရိုးမားနာရီအဟောင်းတို့အား အိမ်မှလည်းကောင်း၊ သက်သေများရှေ့ ကိုပေါက်ကျော်ထံမှ သိမ်းဆည်းခဲ့သည်။

ကျန်သည့်တရားခံ ကိုဒွေး... အသက်(၂၈)နှစ်၊ ဆိပ်ကမ်းရွာနေ... အား စစ်ဆေးရာ ကိုသာဒင်နှင့်... ပေါက်တို့အတိုင်း ထွက်ဆိုအစစ်... သည့်အပြင် ၎င်းခွဲတန်းရသော ငွေ... ၁၅၀၀၀ိ/အနက် ၅၀၀၀ိ/မှာ အစား... သောက်များ ဝယ်စား၍ကုန်သွား... ကြောင်း၊ ကျန်ငွေ ၁၀၀၀၀ိ/(ထ... တစ်သောင်း)ကျန်နေကြောင်း၊ သက်... သေများရှေ့ ပြောဆိုပေးအပ်သ... ကျန်ငွေ ၁၀၀၀၀ိ/အား သက်သေ... ပစ္စည်းအဖြစ် သိမ်းဆည်းခဲ့ပါသည်။

ဆက်လက်၍ သက်သေ... များနှင့်အတူ လပွတ္တာမြို့ရှိ "ခါ... မှီရွှေဆိုင်"အား သွားရောက်ခဲ့ရာ... ရှင်မလှလှဝင်း အသက် ၂၅နှစ်(ဘ)... လှ လပွတ္တာမြို့နေသူအား စစ်ဆေး... အသိဖြစ်သူ လပွတ္တာမြို့၊ ဆိပ်ကမ်း... နေ စက်လှေပိုင်ရှင် ကိုပေါက်ကျော်... ရင်းနှီးနေသဖြင့် လွန်ခဲ့သည့်၂ရက်... စက်လှေပြင်ရန်အတွက် ငွေလိုနေ... ဖြင့် ၎င်းဇနီး၏ ရွှေထည်ပစ္စည်းများ... သည့် ဆွဲကြိုး၊ နားတပ်၊ လက်စွပ်... အား လာရောင်း၍ အားလုံးချိန်... ပြီး ၄၀၀၀၀ိ/(ကျပ်လေးသောင်း)...



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ယူထားပြီး ပြန်ရောင်းရန်အတွက် မှန်ဗီရိုအတွင်း ထည့်ထားကြောင်း ပြောဆို၍ သက်သေများရှေ့ ဝယ်ယူထားလိုက်သော ဆွဲကြိုး၊ လက်စွပ်၊ နားတပ်တို့နှင့်အတူ ရွှေထည်ပစ္စည်းများ ဝယ်ယူထားလိုက်သည့် လက်ခံပြေစာအား အပ်ပေးသဖြင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခဲ့ပါသည်။

ဆက်၍ ခါတော်မီရွှေဆိုင်မှ "ခိုင်ခန့်ပရိဘောဂဆိုင်" ဆိုင်သို့သွားရောက်ပြီး ဆိုင်ပိုင်ရှင် ဦးကောင်းသန့် အသက် ၄၀နှစ်ဆိုသူအား တွေ့ရှိစစ်ဆေးရာ လွန်ခဲ့သည့်(၂)ရက်က အသိဖြစ်သူ ဆိပ်ကမ်းရွာနေ ကိုပေါက်ကျော်က လေးဆင့်မှန်ဗီရိုတစ်လုံးအား ၁၀၀၀ဝိ/နှင့် ရောင်းပေးလိုက်ကြောင်း ပြောဆို၍ ဗီရိုရောင်းလိုက်သော လက်ခံပြေစာအား ပြသသဖြင့် ကိုပေါက်ကျော်နာမည်နှင့် ဗီရိုဝယ်ယူသည့် လက်ခံပြေစာအား သက်သေများရှေ့ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခဲ့ပါသည်။

လပွတ္တာမြို့ရှိ တရားခံများအား စစ်ဆေးဖမ်းဆီးခြင်း၊ လိုအပ်သော သက်သေများအား စစ်ဆေးခြင်း၊ သက်သေခံပစ္စည်းများအား သိမ်းဆည်းခြင်းများ ပြီးဆုံးသဖြင့် ညနေ ၃ နာရီခန့်အချိန် လပွတ္တာမြို့ ရဲစခန်းမှူး ရဲအုပ်တင့်ဆွေနှင့် နယ်ထိန်းအဖွဲ့အား လည်းကောင်း သက်သေလူကြီးများအားလည်းကောင်း၊ ကျေးဇူး အထူးတင်ရှိကြောင်း၊ နှုတ်ဆက်စကားပြောပြီး တောင်ကလေးရဲကင်းသို့ ပြန်လာကြရာ ည ၇နာရီကျော်ခန့်အချိန် ပြန်လည်ရောက်ရှိလာပါသည်။

တောင်ကလေးရဲကင်းသို့ ပြန်လည်ရောက်ရှိပြီး ရဲကင်းမှူး ရဲတပ်ကြပ်ကြီး မော်သိန်းအား အမှုနှင့်ပတ်သက်သည့် ထူးခြားချက်များ လိုအပ်ချက်များရှိက ချက်ချင်းသတင်းပို့ရန် မှာကြား၍ အမှုပေါ်ပေါက်ရေးအတွက် အတူတကွ တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေးခဲ့ကြသော တောင်ကလေးရဲကင်းမှ နယ်ထိန်း ဒုတပ်ကြပ်စောမောင်၊ တပ်သား ဘိုရှိန်တို့အားလည်း အထူးကျေးဇူးတင်ရှိကြောင်း နှုတ်ဆက်စကား ပြောကြားပြီး ကျွန်ုပ်တော်နှင့်အဖွဲ့ ည ၈နာရီခန့်အချိန် ငပုတောမြို့သို့ စက်လှေဖြင့်ပြန်လာကြရာ၊ ည ၉ နာရီကျော်ခန့်အချိန် ငပုတောမြို့စခန်းသို့ ပြန်လည်ရောက်ရှိခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးအား အမှုအခြေအနေအားလုံး တင်ပြခဲ့ပါသည်။

☆☆☆





www.burmeseclassic.com

www.burmeseclassic.com



## (၈)

အင်းစိန် မှုခင်းတစ်ဖွဲ့သို့ တိုက်ဆိုင်စစ်ဆေးပေးရန် ပေးပို့ခဲ့သော လုပ်ခြောက်လုံးပြူးနှင့် စတင်းကျည်ခွံတို့၏ ထင်မြင်ချက်မှာလည်း သိမ်းဆည်းသောလုပ်ခြောက်လုံးပြူးနှင့် ပစ်သောကျည်ခွံဖြစ်ကြောင်း ပြန်ကြားချက်ရရှိခဲ့ပါသည်။

အစကောင်းစွာနှင့် အနှောင်းသေချာအောင် အပင်ပန်းခံ စစ်ဆေးဖော်ထုတ်ခဲ့ရသော ဓားပြမှုသည် နောက်ပိုင်းတွင် အခက်အခဲမရှိဘဲ ရက်ပိုင်းအတွင်း အောင်မြင်စွာ ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့ပြီး၊ အမှုလိုအပ်ချက်များအား ပြီးပြည့်စုံစွာဆောင်ရွက်၍ အမှုတွဲမှတ်တမ်းများ ပြည့်စုံစွာနှင့် တရားခံသာဒင်ပါ (၅)ဦးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၅ အရလည်းကောင်း၊ လက်နက် အက်ဥပဒေပုဒ်မ ၁၉(စ)အရလည်းကောင်း၊ မြို့နယ်မှုခင်းမှတ်တမ်းတာဝန်ခံ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဥပဒေ ဝန်ထမ်းတို့အား တရားစွဲတင်နိုင်ရန် တင်ပြခဲ့ရာတွင်လည်း တရားခံသာဒင်ပါ (၅)ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၅ အရလည်းကောင်း၊ လက်နက်အက်ဥပဒေပုဒ်မ ၁၉(စ)အရလည်းကောင်း တရားစွဲတင်ရန် ပြန်လည်ညွှန်ကြားခဲ့ပါသည်။

ညွှန်ကြားချက်များအတိုင်း တရားခံသာဒင်ပါ (၅)ဦးအား အမှုတွဲ စာရွက်စာတမ်းများ သက်သေခံပစ္စည်းများ ပြည့်စုံစွာနှင့် မြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မြို့နယ်တရားရုံးမှလည်း အချိန်နှင့်တပြေးညီ တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် စစ်ဆေးဆောင်ရွက်ပြီး တရားခံသာဒင်ပါ(၅)ဦးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၅အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ်(၁၀)နှစ်၊ လက်နက်ဥပဒေပုဒ်မ ၁၉(စ)အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ်(၃)နှစ်၊ သီးခြားကျခံစေရန် အမိန့်ချမှတ်ခဲ့ပါသည်။

လမ်းပန်းဆက်သွယ်မှု ခ... ခဲသော အချိန်အခါ၌ပင် ဒုစရိုက်... သမားများသည် တစ်နယ်နှင့်တစ်န... ကျော်၍ ပြစ်မှုများကျူးလွန်တက်ကြ... ယခုကဲ့သို့ လမ်းပန်းဆက်သွယ်... ချောမွေ့နေသော အချိန်အခါမျိုး... လည်း ဒုစရိုက်သမားများသည် ပြ... များကို လွယ်လင့်တကူ ကျူးလွန်... ကြမည်ဖြစ်သဖြင့် အထူးသတိထာ... ကြရန် "**ရှာဦးထိပ်ထ သေနတ်...** ပေး၍ ဓားပြတိုက်မှု ကျူးလွန်သ... သော ဖြစ်ရပ်မှန်မှုခင်းအား အ... ထားလျက် ဇာတ်လမ်းဆင်တင်ပြ... ရပါသည်။

***လုပ်သားပြည်သူ...***

***ဒုစရိုက်သမား...***

***ရန်သေးမှ ထင်းဝေးကြ...***

**မောင်မော...**

**(ဥဿာမြို့...**



www.burmeseclassic.com

www.burmeseclassic.com

# HURRICANE
## Restaurant

- ချိုသာသောဈေးနှုန်း
- သန့်ရှင်းသပ်ရပ်သော ဆိုင်အပြင်အဆင်
- ယဉ်ကျေးပျူငှာသော ဝန်ထမ်းများ၏ အကောင်းဆုံးဝန်ဆောင်မှု
- ကျွမ်းကျင်သော စားဖိုမှူးကြီး၏ ကောင်းမွန်လတ်ဆတ်သော အစားအသောက်များ
- နိုင်ငံခြားအရက်မျိုးစုံနှင့် မြန်မာစည်ဘီယာ၊ အေဘီစီစည်ဘီယာ အခြားအချိုရည်မျိုးစုံ


တန်ဖိုးရှိလှတဲ့ ငွေကို အကျိုးရှိရှိကုန်ရကျိုးနပ်အောင်
**HURRICANE Restaurant** သို့ လာခဲ့ပါ။

အပတ်စဉ် သောကြာနေ့တိုင်း
အထူးအစီအစဉ် ဖျော်ဖြေမှုရှိသည်။

အမှတ်(၇၄)၊ လေးထောင့်ကန်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်။
ဖုန်း-၀၉ ၇၃၀၃၄၂၁၉၊ ၀၉ ၄၁၀၇၄၃၅၂၊ ၀၉ ၇၃၁၅၈၅၈၉

www.burmeseclassic.com

www.burmeseclassic.com



# ဖြူစင်သောသဒ္ဒါကုသိုလ်

ဂမ္ဘီရဆရာကြီး ဇာဂရ





www.burmeseclassic.com

www.burmeseclassic.com



**"ဖြူစင်သော သဒ္ဓါကုသိုလ်"**

**ဂမ္ဘီရဆရာကြီးဇာဂရ**

ကျွန်တော့်အဘွား ဒေါ်ဂျမ်းပုံ လုံးဝစာမတတ်ပါ။ တစ်ခါတစ်ရံ လူရှေ့သူရှေ့ စာဖတ်တတ်ဟန်ဆောင်ပြီး သတင်းစာကိုပင် ဇောက်ထိုးဖတ်နေလေ့ရှိပါ၏။ ရေးလူကြီးသူမစကားလို "ကကြီးပုတ်လောက် ရေးပြရင်တောင် ဖျိုင်းပုံ့တာလား"ဟု မေးမည့်ပုံ။

သို့သော် အဘွားဒေါ်ဂျမ်းပုံ မိခင်ဘက်က ဘုရား၊ တရား၊ သံဃာ အလွန်ကြည်ညိုပါ၏။ အလှူအတန်းမြဲ၏။ လှူရေးတန်းရေး လက်မနှေး။ ဘုရားရှိခိုး အမျိုးမျိုးကို အဘွားမဆိုတတ်ပါ။ မိဘများ နှုတ်တိုက်သင်ကြားပေး၍ ဘုရားဂုဏ်တော် (၉)ပါးသာလျှင် အလွတ်ရနေပါ၏။ အနက်ပြန်လည်း ရနေပါ၏။

"အသွင်မတူ အိမ်သူမဖြစ်"အသွင်တူ၍ အိမ်သူဖြစ်လာသော အဘွားနည်းတူ အဘိုးဦးရွှေကွန်းသည်လည်း စာမတတ်ပါ။ အဘိုးဦးရွှေကွန်းက တွံတေးနှင့်ရန်ကုန် (လွှန်းပျံ)ခေါက်တုံ့ကူးတို့သမ္ဗန်ခတ်သည်။ လူတစ်ယောက်(၁)ပြားရသည်။ အဘိုးသည် အသက်(၆၀)ကျော် (၇၀)နီးပါးအထိ ကူးတို့ပို့ဆဲ။ သို့သော် ငယ်စဉ်ကလောက် အဘိုးဝင်ငွေမပြည့်ဝတော့ပါ။

ကျွန်တော့်အဘိုးနှင့်အဘွားသည် အလွန်ဆင်းရဲကြပါ၏။ အဘွားသည် အိမ်တွင်ဆေးလိပ် လိပ်ပါသည်။ 'သနပ်ဖက်'တွင် 'မန်ကျည်းမှည့်ရည်'ဖျန်းနေလှန်းထားသော ဆေးရိုးများထည့်ကာ သတင်းစာစက္ကူရွက်ကြီးများပတ်၍ ဆေးလိပ်အရှည်ကြီးများလိပ်ကာ ရောင်းပါသည်။ ဆေးလိပ်(၁)လိပ် (၂)ပြားရပါ၏။ သူ့ဖောက်သည်နှင့်သူ လက်မလည်အောင် ရောင်းရပါ၏။ ရောင်းသမျှထဲမှာ ဖက်နှင့်ဆေးရိုးပြန်ဝယ်ပြီး အမြတ်ကို ဆန်နှင့်ထန်းလျက်၊ သကြားဝယ်ယူကာ သိမ်းဆည်းထားပါသည်။

အဘွားသည် ဆေးလိပ်လိပ်ရင်း လှူရေးတန်းရေးကိုပဲ အမြဲစိတ်ကူးနေ၏။ လပြည့်လကွယ် အခါကြီးရက်ကြီးတိုင်း အဘိုးနှင့်အဘွားတို့ ရွာဦးကျောင်းအောင်စေတီ ဆရာတော်ကြီးထံတွင် သွားရောက်ကာ ဥပုသ်သီတင်းသီလဆောက်တည်ကြ၏။ အဘိုးဦးရွှေကွန်းသည် အဘွားဒေါ်ဂျမ်းပုံလောက် လှူရေးတန်းရေးကို စိတ်ဝင်စားသူမဟုတ်။ သို့သော် သူ့သမ္ဗန်ကူးတို့ပို့ရာတွင် ဘုန်းကြီး၊ ရဟန်းသံဃာတော်များပါလာလျှင် အခကြေးငွေမယူ လုပ်အားခကို လှူလေ့ရှိသည်။

အဘွားသည် အသန့်အပြန့်အလွန်ကြိုက်သည်။ နံနက်လင်းသည်နှင့် သနပ်ခါးအဖုန်သားဖြစ်နေသော အဘွားကိုတွေ့မြင်လိုက်ရလျှင် ရင်ကိုအေးမြပြီး စိတ်ချမ်းသာသွားကြသည်ဟု ဆို၏။ အဘွား၏ နေ့စဉ်မပျက်သော ဝတ်တစ်ခုရှိသည်။ အရုဏ်မတက်မီ အိပ်ရာမှနိုးထလေ့ရှိ၏။ အိပ်ရာထသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ရေမိုးသန့်စင်ကာ ခြေလက်ဆေးကြောသန့်ရှင်းပြီး သနပ်ခါးအဖွေးသားနှင့် မီးဖိုတွင်းသို့ဝင်ရောက်ကာ ဆွမ်းချက်တော့သည်။ အရုဏ်ဆွမ်းအမီ ဖြစ်လေသည်။

အဘွားသည် စားဖို့ရှိရှိ မရှိရှိ ဆွမ်းချက်လှူဒါန်းဖို့ အမြဲကြိုးစားပါသည်။ အဘွားဆွမ်းချက်ရာတွင် ဆွမ်းသာပါ၏။ ဆွမ်းဟင်းမပါပါ။ ဆွမ်းတစ်အိုးကျက်လျှင်ပင် ဘုရားဆွမ်းကပ်ရန်ပြင်ဆင်၏။ နေ့စဉ်ရက်ဆက်ဝတ်မပျက်ပင်ဖြစ်၏။



ရှေးဦးစွာ ထမင်းစားပွဲခင်းသည်။ သန့်ပြန့်စွာလျှော်ဖွပ်ထားသော စားပွဲခင်းခင်းသည်။ ဆွမ်းပွဲကို ထမင်းစားပန်းကန်အသစ် တစ်ချပ်နှင့် အပြည့်အမောက်ပြင်သည်။ ပြီးလျှင် မုန့်ပန်းကန်အသစ်တစ်ချပ်နှင့် အပြည့်အမောက်ပြင်သည်။ ပြီးလျှင် မုန့်ပန်းကန် အသစ်တစ်ချပ်တွင် ထန်းလျက်(သို့မဟုတ်)သကြားအပြည့်ထည့်ပါသည်။

ပြီးလျှင် ရေသန့်တစ်ဖန်ခွက်၊ လက်သုတ်ပဝါတစ်ထည်၊ လက်ဆေးရေတစ်ဖလား အစုံအလင်ပြင်ဆင်ထားပြီး စေတနာသဒ္ဓါတရားကြီးမားစွာ "ကုသိုလ်စိတ်"ဖြင့် ၊ သက်ရှိထင်ရှား ဘုရားရှင်တော်မြတ်အား ဝမ်းသာကြည်နူး ဆွမ်းကပ်လှူလေ၏။ သက်ရှိထင်ရှား ဘုရားရှင်တော်မြတ် ဆွမ်းဘုဉ်းပေးနေစဉ် ဘုရားရှင်တော်မြတ်အား မှက်၊ ခြင်၊ ယင်မသန်းအောင် ယပ်ခတ်၍ဆွမ်းကပ်လေ့ရှိပါသည်။ အထွေအထူး မရွတ်ဆိုတတ်သော်လည်း ဘုန်းတော်အနန္တ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော အရှင်မြတ်ဘုရား။ တပည့်တော်မတို့ ဆင်းရဲလှပါတယ်ဘုရား။ ရှိသမျှနှင့် ဆွမ်းလှူဒါန်းဒါနပြုသည်ကို ခွင့်လွှတ်သည်းခံအလှူခံတော်မူပါ အရှင်မြတ်ဘုရား"ဟု ရင်တွင်းမှရှိသည့်အတိုင်း လျှောက်ကြားကာ၊ ဆွမ်းကပ်ရင်း သူမရွတ်ဆိုတတ်သော ဘုရားဂုဏ်တော်ကိုးပါးကို မပြတ်ရွတ်ဆိုလျက်ရှိနေပါသည်။ ဆွမ်းကပ်ပိုလျှံသော ထမင်းပူကို နေ့စဉ် ဆွမ်းခံကြသော သံဃာတော်



www.burmeseclassic.com

www.burmeseclassic.com



များအား စားဖို့မချန် နေ့စဉ်နိစ္စ ဆွမ်းလောင်းလေ့ရှိလေသည်။ တစ်ခါတစ်ရံ ထန်းလျက်ခဲ၊ သကြားထုပ်များပင် လောင်းလှူလေ့ရှိသည်။ အဘိုးနှင့်အဘွား စားဖို့အတွက်မှာ ညကကျန်သော ထမင်းကြမ်းကို ငါးပိရည်ဆမ်း၍ တစ်နပ်တစ်အိုး ပြီးကြရသည်။ ဤသည်ကို အဘိုးသည် မကျေနပ်။ ထမင်းပူပူမစားရ၍ မကြာခဏ ရန်လုပ်စကားများရသည်။ သို့သော် အဘွားက မတုန်လှုပ်၊ ပြုမြဲတိုင်းပင် လှူမြဲတိုင်းပင်။

ကျွန်တော်တို့ တွံတေးရွာ(ယခု တွံတေးမြို့)မှ ရွှေဟသ်ာမော်တော်ပိုင်ရှင် သူဌေးသည် နှစ်စဉ်အလှူကြီးအတန်းကြီး ပေးလေ့ရှိ၏။ ရဟန်းခံရှင်ပြုပွဲကို ရွာသို့ပြန်လာကာ ခြိမ့်ခြိမ့်သဲလှူဒါန်းလေ့ရှိပါသည်။ အလှူအတန်းရက်ရောသော သူဌေးကြီးဟု တွင်လေသည်။

(ယခုတွံတေးမြို့)တွံတေးရွာ၌ အောင်စေတီဆရာတော်ကြီးသည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ သာသနာ(၃)ရပ်အကျင့်မြတ်နှင့် ပြည့်စုံသော ဝိပဿနာဝူဆောင် ဆရာတော်ကြီးဖြစ်ပါသည်။ ဆရာတော်ကြီးကား မေတ္တာဘာဝနာလွန်ကဲသော ဆရာတော်ကြီးဖြစ်၍ မိဘမဲ့ကလေးများကို ထိန်းသိမ်းခေါ်ယူကာ ကျွေးမွေးစောင့်ရှောက်ထားလေသည်။ အရွယ်ရောက်လျှင် သာမဏေဘောင်သွတ်သွင်းပြီး သာသနာ့အမွေပေးတော်မူသည်။ စာဝါလိုက်ကြမည့်တပည့် သားများအားလည်း ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုလေ၏။

တစ်နေ့သောအခါ ဆရာတော်ကြီးသည် အစာအိမ်ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရ၏။ အစာအိမ်အတွင်းမှ မခံမရပ်နိုင်အောင် နာကျင်ထိုးအောင့်နေ၍ တစ်ချက်တစ်ချက် သတိလစ်တော့မယောင် ခံစားနေရ၏။ ကြပ်မတ်ကာ ကုသနေသည့်ကြားမှ ရောဂါဝေဒနာမသက်သာ ပြင်းထန်လာပြီး တစ်နေ့တွင် မေ့မြောသွားလေတော့သည်။

ဆရာတော်ကြီးကား ခရီးတစ်ခုကို လှမ်းကြွနေသည်။ ဘယ်ခရီး ဘယ်ရောက်ပေါက်လေသည် မသိ။ အသွင်ထူးအ

**ထမင်းပူပူမစားရ၍ မကြာခဏ**
**ရန်လုပ်စကားများရသည်။**
**သို့သော် အဘွားက မတုန်လှုပ်၊**
**ပြုမြဲတိုင်းပင် လှူမြဲတိုင်းပင်။**



www.burmeseclassic.com

www.burmeseclassic.com



မြင်ထူးများဖြင့် အံ့သြကြီးစွာဖြစ်နေရသည်။

"ဟဲ့ဟဲ့ ... ဒီက ဒါယကာ၊ ဒါယိကာမတွေရဲ့ အဝတ်အစားတွေက တယ်ထူးခြားတာပဲ။ တောက်ပြောင်ဝင်းလက်နဲ့ ဘုန်းကြီး ဘယ်အရပ်ဒေသများ ရောက်နေပါလိပ် ဒကာကြီးတို့"



"မှန်ပါ အရှင်ဘုရား ရောက်နေတာ လူ့ပြည်နဲ့အလှမ်း မကွာလှတဲ့ နတ်ပြည်ရောက်နေတာပါ ဘုရား"

"ဟယ် ... ဟုတ်သားဟဲ့။ အဆောင်ဆောင်အခန်းခန်းတွေကလည်း ကြီးကျယ်ကြလိုက်ကြတာ။ ရွှေရောင်၊ စိန်ရောင်၊ ရတနာရောင်တွေလည်း တောက်ပြောင်ဝင်းလက်နေတာပါပဲလား"

ဆရာတော်ကြီးကား အံ့သြမခန်း ချီးမွမ်းနေမိသည်။ အချို့သော အဆောက်အအုံတွေက ကြီးများကျယ်ပြန့်လှသော ဗိမာန်ကြီးများဖြစ်၍ အချို့က မကျယ်မပြန့် သေးငယ်လှသည်။ အဆောက်အအုံ အကြီးအသေး မညီကြရုံသာမက အရှိန်အဝါ တောက်ပြောင်ဝင်းလက်မှုကလည်း မညီညာလှပေ။

"ဟဲ့ ... ဒကာ ဒကာမတွေ ဒီဆောက်လက်စ အဆောက်အအုံတွေကလည်း မပြီးကြသေးပါလား။ ဘယ်သူတွေအတွက်များ ကြိုတင်ဆောက်နေကြတာလဲကွယ်။ ဒီဘက်က အဆောက်အအုံတွေက ကြီးမားပြီး ရွှေရောင်၊ စိန်ရောင်တွေကလည်း ဝင်းလက်နေတာပဲ။ ဟိုဘက်က အဆောက်အအုံက သေးငယ်ပြီး အရောင်မှိန်နေတာ ဘယ်လိုကွယ့်။ တစ်ဦး
တစ်ဦး မတူကြဘူးလား"

"ဒီဗိမာန် ပိုင်ရှင်တွေ
လူ့ပြည်ကပါ ဘုရား။ မရော
ကြသေးပါဘူး ဘုရား။ အရှ
ဘုရားသိလိုတာမှန်သမျှ အရ
သိကြားမင်းက ရှင်းပြပါလိမ့်မ
ဘုရား"

"ဒီလိုပါဘုရား ဒီဗိ
ကြီးရဲ့ပိုင်ရှင်ဟာ အရှင်ဘုရာ
တွံတေးရွာက ဒေါ်ဂျမ်းပုံအတွ
ပါဘုရား။ ဟိုဘက်ကအဆော
အအုံက တွံတေးရွာကူးတို့ဆ
ကြီး ဦးရွှေကွန်း အတွက်



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ရွှေကွန်းနဲ့ ဂျမ်းပုံက လင်နဲ့မယား မဟုတ်လားကွယ့်။ လင်နဲ့မယားဖြစ်ပါရက်နဲ့ အခြေတူအနေတူ ဘာလို့မဖြစ်နိုင်ကြတာလဲကွယ့်"

"တင်ပါ့ဘုရား တစ်ဦးနဲ့တစ်ဦး သဒ္ဓါ၊ သီလ၊ ဝီရိယ၊ စေတနာအခြေအနေကအစ တည်ဆောက်ပုံချင်း မတူညီကြလို့ပါဘုရား"

"အေး ... ဟုတ်ပေသားပဲ။ ဒါဖြင့် သိကြားမင်းကြီးရဲ့ ကျုပ်အတွက်ကော မတည်ဆောက်ကြသေးဘူးလားကွယ့်"

အောင်စေတီ ဆရာတော်ဘုရားကြီးက တပည့်ဒါယကာတွေ ဒါယိကာမတွေအတွက် ဗိမာန်အဆောက်အအုံတွေ ဆောက်လုပ်နေပြီး မိမိအတွက် အဆောက်အအုံဗိမာန် မတွေ့၍ မိန့်ကြားမေးမြန်းနေ၏။

"အရှင်ဘုရားအတွက် မရှိသေးပါဘူးဘုရား။ မဆောက်ရသေးပါဘူး"

ဆရာတော်ကြီးကား အနည်းငယ် တုန်လှုပ်သွားရသည်။ သူ့လိုတရားရှင်အတွက်ပင် ဗိမာန်အဆောက်အအုံ မဆောက်ရသေးဘဲ မိမိ၏ တပည့်ဒကာတွေအတွက် ဆောက်လုပ်နေသည်မှာ ထူးခြားနေ၏။

"ဒါဖြင့် ဒကာတော် ကျုပ်ကျင့်ကြံအားထုတ်နေတဲ့ တရားတွေဟာ အဟောသိကံများ ဖြစ်ကုန်ပြီလားကွယ့်"

"သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ်နဲ့ ကျင့်ကြံအားထုတ်သမျှ အကျင့်မြတ်တရားတွေအတွက် အဟောသိကံမဖြစ်ပါဘူး ဘုရား။ အရှင်ဘုရားမှာ စာသင်သားတွေအတွက် ကတစ်မျိုး၊ မိဘမဲ့တွေအတွက် ကတစ်သွယ်၊ ကျောင်းတော်ကြီး စည်ပင်သာယာရေးအတွက်ကတစ်ဖုံ၊ အစုံစုံပူပန်မှုတရားတွေ မကင်းနိုင်၊ ဝတ္တုမျှော်ရ ဒကာမျှော်ရနဲ့ စိတ်လက်မဖြောင့် အနှောင်အဖွဲ့တွေ များနေပါတယ် ဘုရား"





www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးမှာ မိမိကိုယ်ကို မိမိ အသိတရားနှင့် သတိထားဆင်ခြင် ပြန်ကြည့်မိသည်။ "ဟုတ်ပေသားပဲ"ဟု ဖွင့်ဟမဆိုသော်လည်း ရင်ထဲ၊ အသိထဲ နက်နက်နဲနဲ ဝင်ကြည့်နေမိ၏။ အမှန်ကို ဝန်ခံရတော့မည်။

"အရှင်ဘုရားသာ ဝိတက်၊ ဝိစာရ ကင်းကင်းနဲ့ ဝိစိကိစ္ဆာအနှောင်အဖွဲ့သာ လွတ်မြောက်မယ်ဆိုရင် သုဒ္ဓငါးဖြာ ဖြုဟ္မာတိုင်အောင် ပေါက်ရောက်ပြီး ဖြုဟ္မာဘုံလွန်မြောက် နိဗ္ဗာန်တိုင်ရောက်နိုင်ပါတယ်ဘုရား"

"အေးကွယ်။ သာဓု ... သာဓု ... သာဓုပါပဲ ဒကာတော်"

သိကြားမင်း၏ သတိပေးလျှောက်ထားချက်နှင့်အတူ ဆရာတော်ကြီး၏ သာဓုသုံးကြိမ်ခေါ်သံဆုံးသည်နှင့် ပြန်လည်သတိဝင်လာလေသည်။

"ဟယ် ... ဆရာတော်ကြီးဘုရား သတိရလာပြီ။ ရေအေးအေးလေး ကပ်ကြပါကွယ်"

"ငါ့နားမှာရှိတဲ့ဒကာတွေ ကူးတို့ဆိပ်ပိုင်းက ဒကာကြီးရွှေကွန်းနဲ့ ဒါယိကာမကြီးဂျမ်းပုံ အမြန်ခေါ်ကြစမ်းဟဲ့"

အောင်စေတီ ဆရာတော်ကြီးသည် သူမြင်တွေ့လာသမျှ တပည့်ဒါယကာ၊ ဒါယိကာမများအား ဦးရွှေကွန်းနှင့်ဒေါ်ဂျမ်းပုံတို့ကို သာဓကထား၍ ဟောကြားပြသရှာသည်။ များမကြာမီ ဆရာတော်ကြီးသည် မိမိကိုယ်တိုင်လည်း လက်အောက်တပည့်သား သံဃာများဖြစ်ကြသော တိုက်အုပ်၊ တိုက်ကြပ်များလက်သို့ ကျောင်းတိုက်ကြီးအား လွှဲပြောင်းအပ်နှံကာ သံသရာဝဋ်အတွင်းမှလွတ်ကင်းရာ ဝိပဿနာ ရှုရကျင့်ကြံရင်း ကောစာရီတောတွင်းဝင်တော့သည်။ အဝိဇ္ဇာစသော ပဋိစ္စသမုပါဒ်တရားတို့သည် အကြောင်းတရားကိုစွဲ၍ အကျိုးတရားဖြစ်ခြင်းမျှသာ ဤတရားမှတစ်ပါး သတ္တဝါပုဂ္ဂိုလ် မည်သည်မရှိ အကြောင်းနှင့်တကွသော ရုပ်နာမ်တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးသို့တင်၍ ဝိပဿနာမဂ်ဉာဏ်ကို ပွားစေသည်။ အစဉ်ပွားစေသဖြင့်လည်း ဆရာတော်ကြီး၏ ဝိပဿနာမဂ်ဉာဏ်လွန်မြောက်သွားပြီဟူသော ကြည်ညိုဖွယ်ရာ သတင်းကောင်းပင်ဖြစ်ပါတော့သည်။

နှလုံးစိတ်ဝမ်း

အေးချမ်းကြပါစေ

ဂမ္ဘီရဆရာကြီး ဖာဂျ



www.burmeseclassic.com


www.burmeseclassic.com



ဦးလေးဗဟိုဆီ ရေးတဲ့စာ

# နိုင်ငံခြားမှာ အနေမတတ်တဲ့အခါ…

ဆူးသစ်



**ဦးလေးရေ-----**

အစ်ကို မြန်မာပြည်ကို ခဏပြန်ပြီး စင်ကာပူပြန်လာတော့ အစ်ကိုတို့ အလုပ်ထဲက မြန်မာအလုပ်သမားလေးတစ်ယောက် သတင်းကြားရပါတယ်။ ညဘက်နိုက်ကလပ်သွားရာက အရိုက်ခံရလို့တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်က ဒီလိုပါ။ အလုပ်ထဲမှာ လကုန်ရက်ဆို မြန်မာအလုပ်သမားလေးတွေ အရက်တော်တော် သောက်ကြပါတယ်။ လစာထွက်တာနဲ့ အပျော်အပါးမက်ကြတာပါပဲ။ တချို့ဆို လစာကုန်တဲ့အထိ သုံးတယ်လို့တောင် ပြောကြတယ်။ ပြီးမှ ပိုက်ပြန်ချေးပြီး သုံးတယ်တဲ့။

အဲဒီလို အရက်သောက်ကြတဲ့ လူတွေထဲမှာ စောစောက အစ်ကိုပြောခဲ့တဲ့ အလုပ်သမားလေး တစ်ယောက်လည်း ပါပါတယ်။ အဆောင်မှာ အရက်သောက်ခွင့်မရှိတော့ သူတို့အားလုံးအပြင်မှာ သောက်ကြတယ်။ အဆောင်နဲ့ ခပ်လှမ်းလှမ်းမှာ သောက်တဲ့သူတွေရှိသလို မြို့ထဲမှာ ဒါမှမဟုတ် CityHall မှာ သွားသောက်ကြတာပါ။

အဲဒီအလုပ်သမားလေးဟာ အဆောင်နားမှာ သောက်ပြီး တခြားလူတွေနဲ့ စကားများသေးတယ်။ ပြီးမှ မြို့ထဲကို ဆက်သွားတယ်တဲ့။ အဲဒီမှာ ကလပ်ကို ရောက်ပြီး အစ်ကိုတို့ကုမ္ပဏီက အလုပ်သမားသုံးယောက်နဲ့ ထပ်တွေ့ ပြီး ထပ်သောက်တယ်။ ပြီးတော့ နိုက်ကလပ်ဆိုတော့ ကကြ တာပေါ့။ အဲဒီနေ့က သောကြာညပါ။

ညဆယ့်နှစ်နာရီကျော်တော့ အလုပ်သမားတွေထဲ က တစ်ယောက်က စနေနေ့ မနက်မှာ အလုပ်ဆင်းရမှာ ပြန်ရအောင်ခေါ်တဲ့အခါ ခုန တော်တော်မူးနေပြီဖြစ်တဲ့ အ လုပ်သမားလေးဟာ မလိုက်ဘဲ နေခဲ့မယ်လို့ ဆိုသတဲ့။ အဲ ကျန်တဲ့သူတွေလည်း သူ့ကိုမစောင့်နိုင်တော့ဘဲ ပြန်ခဲ့ကြ က မနက်ကျမှ ရဲစခန်းက သူဌေးကိုဖုန်းဆက်လို့ အဲ အလုပ်သမားလေး ဒဏ်ရာရတာသိရတော့တယ်။

နောက်မှ သူ့ကိုပြန်မေးရင်း သိရတာက သူ နိုက်ကလပ်မှာမူးပြီး ကရင်းကျန်ခဲ့ရာကနေ ဘယ်လို





www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို နိုက်ကလပ်ရဲ့ အဝေးမှာ ရောက်နေမှန်းမသိတော့ဘူးတဲ့။ သူနဲ့အလုပ်ကလူတွေ လမ်းခွဲခဲ့ချိန်က ဆယ့်နှစ်နာရီလောက်ရှိပြီ ဆိုပေမယ့် သူ့ကိုယ်သူ ပြန်သတိရပြီး သွေးအိုင်ထဲလဲနေတာက မနက်လေးနာရီလောက်ရှိနေပြီတဲ့လေ။

ဒါနဲ့ ကြောက်အားလန့်အားနဲ့ ပြေးပြီး နီးစပ်ရာတိုက်တွေပေါ် လျှောက်တက်လို့ တံခါးခေါက်တာ အိမ်တစ်အိမ်က အဘွားကြီးတစ်ယောက်က ခေါ်ထားပေးပြီး ရဲကို အကြောင်းကြားပေးသတဲ့။ ဒါနဲ့ နောက်ဆုံး ရဲက ကုမ္ပဏီသူဌေးကို အကြောင်းကြားပေးတယ်တဲ့။

ရဲကစစ်တော့ အဲဒီအလုပ်သမားလေးဟာ သူဘယ်လိုလုပ်ပြီး နိုက်ကလပ်နဲ့ ဝေးရာကို ရောက်နေလဲဆိုတာမှတ်မိတော့ဘူးလို့ ပြောသတဲ့။ အစ်ကိုတို့ သုံးသပ်မိသလောက် ကလပ်မှာ မူးပြီးကရာကနေ မိန်းမကိစ္စပါချင်ပါ၊ မပါလည်း အရမ်းမူးနေလို့ တခြားနေရာ ခေါ်သွားပြီး ထိုးကြိတ်သွတ်လိုက်တယ် ထင်ပါတယ်။ သူကလည်း သူမူးပြီး ဘာလုပ်လဲဆိုတာ မပြောချင်လို့ မမှတ်မိဘူးဆိုပြီး ပြောနေတာလို့ ထင်ပါတယ်။

သူ့မျက်ခုံးရိုးမှာ ကွဲသွားသလို နောက်စေ့မှာလည်း တုန်ပါတယ်။ ချုပ်ရာတွေလည်း အများကြီးလို့ မြင်တဲ့သူတွေဆီက သိရတယ်။ ရဲကတော့ သူဘာမျှ ပြန်မပြောနိုင်တော့ ဘာမျှလုပ်လို့မရတော့ဘူး ထင်ပါရဲ့။ ကုမ္ပဏီကတော့ မူးယစ်ရန်ဖြစ်တယ်ဆိုတဲ့ စွပ်စွဲချက်မျိုးနဲ့ ပြန်ပို့လိုက်လို့ ပြန်သွားရပါပြီ။

အဲဒီအလုပ်သမားလေးဟာ စင်ကာပူကို ရောက်တာမှ လေးငါးလလောက်ပဲရှိသေးပြီး အေးဂျင့်ဖိုးတောင် မကျေလောက်သေးပါဘူး။ ဘယ်သူမပြု မိမိမှုပါပဲ။ အရက်သောက်ပြီး အချိန်တန် အိမ်မပြန်တဲ့ဒဏ်တွေ ခံရတာပါပဲ။

**ညီလေးရေ---**

တလောကတင် မြန်မာအိမ်ဖော်လို့ ယူဆရတဲ့ အမျိုးသမီးတစ်ဦး ဘီရှန်းဆိုတဲ့ အရပ်ဘက်က တိုက်အောက်မှာ သေဆုံးနေတာတွေ့လို့ ရဲက စုံစမ်းစစ်ဆေးနေပါပြီတဲ့။

နိုင်ငံခြားမှာ အစ်ကိုတို့မြန်မာတွေ အဆင်ပြေတဲ့သူရှိသလို အသက်တွေပါဆုံးပါး၊ ခန္ဓာကိုယ်တွေ ထိခိုက်သူတွေပါ ရှိနေကြပါတယ်။ တချို့ကိစ္စတွေက ဘယ်သူမပြု မိမိမှုဆိုသလို ကိုယ်ပြုလို့ဖြစ်ရတာဖြစ်ပြီး တချို့ကိစ္စတွေကတော့ ကံမကောင်း အကြောင်းမလှလို့ ဖြစ်ကြရတာပါ။

ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်တိုင်းပြည်သာ တကယ်တိုးတက်လာရင် တစ်နေ့မှာတော့ အစ်ကိုတို့လို အင်ဂျင်နီယာတွေ အပါအဝင် အောက်ခြေအလုပ်သမားတွေ အိမ်ဖော်တွေပါမကျန် ကိုယ့်ရပ်ကိုယ့်ဌာနေ ပြန်လာမှာပါလို့ ပြောရဲပါတယ်။

အခုတော့ ငွေလဲလှယ်နှုန်းထားဆိုတဲ့အောက်မှာ မိသားစုတွေ အဆင်ပြေအောင် တချို့တွေက ဘဝရေး၊ အ



www.burmeseclassic.com

www.burmeseclassic.com





သက်ပါရင်းပြီး နိုင်ငံခြားမှာ အလုပ်လုပ်နေကြရပါတယ်။ ကိုယ့်ပြည်ထဲမှာ လုပ်လည်းရတာပေါ့လို့ ပြောရင် သေချာတာက နိုင်ငံခြားမှာရှာနေတဲ့ငွေလောက် မရနိုင်လို့ မိသားစုလည်း မဖူလုံသလို ကိုယ်တိုင်ရဲ့ နောင်ရေးအတွက်ပါ စုမိဆောင်းမိ ရှိချင်မှ ရှိမှာပါ။

နိုင်ငံခြားမှာ ငွေလာရှာပြီး နိုင်ငံခြားမှာပဲ ငွေပြန်သုံးနေသူတွေ ဆိုတာကတော့ ကိုယ့်ဘဝကိုယ် သိပ်အလေးအနက် မထားတဲ့ လူငယ်လေးတွေပါပဲ။ စင်ကာပူလို လုံခြုံရေးကောင်းတဲ့နိုင်ငံမှာတောင် မနေတတ်ရင် ဒီလိုဖြစ်တတ်တယ်ဆိုတာကို ဒီအလုပ်သမားက သက်သေပြသွားတာပါပဲ။ မလေးရှားမှာဆိုရင်တော့ သူ့အသက်ရှင်ဖို့တောင် အခွင့်အလမ်း တော်တော်နည်းမယ်ထင်ပါတယ်။

**ညီလေးရေ----**

ရှိတာလေးနဲ့ လှအောင်ဝတ်၊ ရတာလေးနဲ့ ...
အောင်စားဆိုတာ တရားသဘောအရ မှန်ပေမယ့် တတ်...
ရှာနေတဲ့ လူငယ်တွေအတွက်ကျတော့ နည်းလမ်းမ...
ဘူး။ ဒါကြောင့်လည်း နိုင်ငံခြားဆိုတိုင်း သည်းခြေ...
ဖြစ်နေတော့တာပေါ့။ ဒါပေမဲ့ နိုင်ငံခြားရောက်ပြီး ဆ...
တုံတရားမရှိတဲ့အခါ အခန့်မသင့်ရင် ဘဝတုံးတတ်သ...
မကောင်းရင်လည်း အသက်ဆုံးတတ်တယ်ဆိုတာ သိ...
လို့ ဒီဆောင်းပါးနဲ့ သတိပေးလိုက်ရပါတယ်ကွာ။

ဆူ...


၂၂း၀...

၂၃-၃-...



www.burmeseclassic.com

www.burmeseclassic.com




အမှတ်(R-1)၊ ဂန္ဓမာလမ်း နှင့် (၆)လမ်းထောင့်၊ မင်္ဂလာဥယျာဉ်မြို့တော်အိမ်ယာစီမံကိန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ။

ဖုန်း - ၂၉၂၉၉၂၊ ၂၉၆၇၄၆၊ ၂၉၉၂၆၇၊ ၂၀၅၇၅၄၊ ၂၀၅၄၀၄၊ ၂၀၅၇၇၉

www.burmeseclassic.com

www.burmeseclassic.com

နှလုံးသားရှုထောင့်
ဖြောင့်ချက်နှလုံးသား



# ဂန္ထဝင်အလွမ်းနဲ့ ကဗျာနွယ်

**သံလွင်မိုး (မုတ္တမ)**

ရှုက်ဝါဖြွေလူး **နွေဦးအခါသမယမှာ** ဥသြငှက်ကလေးတွေရဲ့ သီဆိုနေတဲ့ သံစဉ်အောက်မှာ "ကဗျာနွယ်" ဆိုတဲ့ ကျွန်မရဲ့ လောင်ကျွမ်းတဲ့နှလုံးသားကို နွေဦးငှက်တွေက ပြန်စလို့ လွမ်းရတဲ့ရာသီကို ရောက်ခဲ့ပါပြီမောင်။



www.burmeseclassic.com

www.burmeseclassic.com





တာဝန်တွေကိုယ်စီနဲ့ ထမ်းဆောင်နေတဲ့ မောင်နဲ့ နှယ်ရဲ့ အချစ်ကံခရီးမှာ အနေဝေးနေကြလို့ ပြန်ဆုံဖို့အရေး ရင်မောစွာနဲ့ မျှော်ခဲ့ရပါတယ် မောင်။ မောင်နဲ့ နှယ် ဗွာနတွေခွဲကြရတော့မှာမို့ နောက်ဆုံး တွေ့ခဲ့ရတဲ့ ပုသိမ်မြို့ရဲ့ အနောက်ဘက်ခြမ်းက တောင်ကုန်းပေါ်က လွမ်းစေတီလေးကိုရောက်တိုင်း အမှတ်တရစကားနဲ့ လွမ်းလှပါပြီ မောင်ရယ်။

နှယ်နဲ့ မောင်တို့တစ်တွေ တာဝန်ကိုယ်စီနဲ့ဆိုတော့ ဘယ်လောက်ကြာကြာဝေးနေရမလဲ မသိဘူး နှယ်။ မောင်ကတော့ နှယ့်ထက်အရင်ကျရာဒေသမှာ ထမ်းဆောင်ရမှာဆိုတော့ နှယ်တစ်ယောက်တည်း ဒီမြို့မှာကျန်ခဲ့ရမှာနော်။ နှယ်ရယ် မောင်တို့လို တပ်မတော်သားတွေဟာ ကျရာမှာ တာဝန်ထမ်းဆောင်ရမှာ။ နှယ်က ကျောင်းဆရာမပဲ နားလည်ပေးပါနှယ်လို့ နှယ့်ရဲ့ ရှည်လျားတဲ့ ဆံနွယ်ကြော့ကြော့လေးကို မြတ်မြတ်နိုးနိုးနဲ့ နမ်းရှိုက်ခဲ့တဲ့ မောင့်ရဲ့ ယုယကြင်နာမှုကို လွမ်းနေမိတယ် မောင်။ ဟုတ်ပါတယ် မောင်ပြောခဲ့သလိုပါပဲ မောင် ဘယ်မှာ တာဝန်ကျနေလဲ၊ နှယ်ကော ဘယ်ဒေသမှာ တာဝန်ကျနေလဲဆိုတာ တစ်ယောက်နဲ့ တစ်ယောက် မသိလိုက်ရတဲ့အဖြစ်မို့ ဝေးကွာနေခဲ့တာဟာ ခုဆိုရင် နှယ်ရဲ့ အလွမ်းဗိမာန်ကြီးကနေ အလွမ်းနန်းတော်ကြီးဖြစ်လို့ နေပါပြီ။

နှယ်တို့ ကျောင်းပိတ်ရက်မှာ ပုသိမ်မြို့ကိုရောက်တော့လည်း မောင့်သတင်းကို စုံစမ်းခဲ့ပါတယ် မောင်။ ဘယ်လိုမှ အစရှာမရလောက်အောင် ဖြစ်နေရတဲ့ နှယ့်မှာ ငိုချမိပါတယ် မောင်ရယ်။ မောင်နဲ့ ဝေးနေခဲ့ရပေမဲ့ နှယ့် နှလုံးသားမှာ မောင့်တစ်ယောက်တည်းအတွက် ထာဝရနေရာယူထားပြီးသားပါ မောင်ရယ်။

နွေဦးညြရဲ့ ကျေးငှက်သံတွေကလည်း နှယ်ရဲ့စိတ် နှယ်ရဲ့ နှလုံးသားတွေကို တသသနဲ့ လွမ်းလှပါတယ်။ ကြည့်စမ်းပါဦး မောင်ရယ်။ ဒီတောင်ကုန်းလေးမှာ တည်ထားတဲ့ လွမ်းစေတီလေးဟာ တကယ်ကြည်ညိုလှတယ်နော်။ နွေရဲ့ အလှကို ပေါ်လွင်အောင် ဖော်ကျူးနေတဲ့ ငုဝါဂန်းကလေးတွေနဲ့အတူ စိန်ပန်းနီနီလေးတွေကလည်း ကာရံထားလိုက်တာ။ ရွက်ဟောင်းကြွေပြီး ပြန်ထွက်လာတဲ့ မြစိမ်းရောင် ရွက်သစ်ကလေးတွေတောင် တစ်စတစ်စနဲ့ ရွက်နုလေးတွေ ထွက်လာတဲ့ပုံက တကယ့်သဘာဝပဲနော်။

နှယ့်မှာ ဓာတ်ပုံကင်မရာ ပါလာရင် ဒီမှာ မောင့်ပုံလေးကို ရိုက်လိုက်ချင်တယ် မောင်လို့ နှယ်ပြောတော့ မောင် နှယ့်ကို ပြန်ပြောလိုက်ပါသေးတယ်။ "တကယ်ပါပဲကွာ၊ နှယ်တလေ ကျောင်းဆရာမ ဒေါ်ကဗျာနှယ် မဖြစ်သင့်ဘူး။ ဆရာမတစ်ယောက်ရဲ့ ဖွဲ့နွဲ့မှုတွေကလည်း ကဗျာဆန်လိုက်တာ၊ စာရေးဆရာမပဲ လုပ်လိုက်ပါတော့နှယ်" လို့ ရယ်မော



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်စွာနဲ့ နွယ့်ရဲ့ ဖောင်းအိနေတဲ့ ပါးနှစ်ဖက်ကို မောင်ဆွဲခဲ့တာ။ နွယ် အမြဲတမ်းအမှတ်ရပါတယ်။

မောင် ပြောခဲ့ဖူးပါသေးတယ်။ ကဗျာနွယ်ဆိုတဲ့ အမည်နဲ့လိုက်အောင် ကဗျာဆန်ဆန်စကားတွေနဲ့ မောင့်နှလုံးသားကို ညှို့ယူနိုင်တဲ့ မင်းရဲ့အပြုံး၊ မင်းမျက်လုံးတွေအောက်က ရုန်းထွက်လို့မရအောင် အညှို့ခံလိုက်ရပါတယ်ဒေါ်ကဗျာနွယ်တဲ့လား မောင်။ ခုတော့ နွယ်ရဲ့ညွှတ်ကွင်းက လွတ်ကင်းသွားလို့ ချိုမြိန်တဲ့ ရင်ခုန်သံအသစ်မှာ စံမြန်းခဲ့ပြီလား။ မဟာဆန်တဲ့အလှတွေအောက်မှာ ဗျူဟာအသစ်နဲ့ အချစ်စစ်ကို တွေ့ခဲ့လို့ မော်ဘုရင်မရဲ့လက်အောက်က ရုန်းထွက်လို့ မရလို့ပါ နွယ်လို့ ဖြေရှင်းချက်တွေ ပေးဦးမှာလား မောင်ရယ်။ နွယ်ရဲ့ ရင်ခုန်သံတွေက မောင့်အတွက် ရပ်တန့်သွားမှာမဟုတ်သလို၊ ချစ်မြဲချစ်ဆဲပါပဲ မောင်။ အိပ်မက်တွေမက်ခဲ့ပေမဲ့ မောင့်ကိုလွမ်းတဲ့ စိတ်က ဖြေသိမ့်လို့မရအောင် ငိုမိပါတယ်။

ခုဆိုရင် ဘယ်အချိန် ဘယ်ကာလတွေရှိနေပြီလဲ။ နွယ်သူငယ်ချင်း ဆင့်ဆင့်ဆိုရင် နွယ်နဲ့မောင် ချစ်သူတွေဖြစ်ခဲ့ကြတဲ့ အချိန်ကတည်းကပဲ အိမ်ထောင်ကျသွားခဲ့တာ ခုဆိုရင် ဆင့်ဆင့်ရဲ့ သားတောင်ယူမယ်ဆိုရင် မိန်းမယူလို့တောင်ရနေပြီ။ မောင် မှတ်မိမှာပါလေ။ နွယ်ရဲ့သစ္စာတရားတွေဟာ မောင့်အပေါ် ဘယ်လောက်ထိ နက်ရှိုင်းခဲ့လဲ ချစ်ခဲ့လဲဆိုတာ အချိန်တွေကတစ်ဆင့် နှစ်တွေက ပေးဆပ်ခဲ့တာ ဘယ်အချိန်ရှိနေပြီလဲ မောင်။ နေ့စဉ်နှစ်တိုင်း ကျောင်းသူကျောင်းသားတွေနဲ့ အချိန်ကုန်ခဲ့တဲ့ 'ကဗျာနွယ်' ကတော့ ကျောင်းတွေပိတ်တိုင်း နွယ်သိပ်ချစ်ရတဲ့ မောင်ဆိုတဲ့ တစ်ချိန်တုန်းက တပ်ကြပ်ကြီး စိုးမင်းကို တွေ့လေမလားရယ်နဲ့ ဆုံတွေ့နေကျ လွမ်းစေတီလေးမှာ မျှော်နေခဲ့ပါတယ်။

မျှော်ရှာသူ ပေါ်မလာပြန်တော့လည်း ငိုရှာစွာနဲ့ နောက်ပြန်လှည့်ခဲ့ကာ တာဝန်ကျရာမှာပဲ မျှော်မိမှာပါ မောင်ရယ်။ အချိန်ကာလအကြာမှာ စံပြစရာ ဇနီးတစ်ယောက်ရှိနေ လောက်ရင်တော့ နွယ့်နှလုံးသားကို မေ့ဆေးပေးလို့ မရပေ မဲ့ နာကျင်မှု ဝေဒနာကို ခံနိုင်ရည်ရှိအောင်လို့ ထုံဆေးလေး တော့ ပေးပါမောင်။ မောင့်အတွက်တော့ မေ့ဆေးရှိခဲ့ပေမဲ့ နွယ့်အတွက် ဘယ်လိုမျှ မေ့မရလို့ပါ မောင်။ အချစ်ဦးကို မြေးဦးရတောင် မမေ့ဘူးဆိုတဲ့ ဆိုရိုးစကားရှိပါတယ်။ နွယ့် အတွက်တော့ နွယ်ရဲ့ အချစ်ဦးကို အသည်းနင့်အောင် ချစ်ခဲ့ မိလို့ အပျိုကြီးဘဝနဲ့ပဲ ထာဝရချစ်လျက်ချစ်မြဲနဲ့ နောင်ဘ တိုင် မမေ့နိုင်တာကိုတော့ နွယ့်ကိုယ်နွယ် ယုံကြည်ပါတယ် မောင်ရယ်။

အကြောင်းစုံလေး သိခွင့်ရမယ်ဆိုရင် နွယ်တစ် ယောက် ရှုထောင့်ရသစုံမဂ္ဂဇင်းမှတစ်ဆင့် မျှော်လင့်နေ မယ်။ အစဉ်ထာဝရမို့ ခစားမည့်သူရှိနေခဲ့ရင်လည်း တစ် သတ် အချစ်မျိုးနဲ့ နွယ်တစ်ယောက်တည်းချစ်နေ တော်ပါပြီ။ မောင်နဲ့အတူ ထာဝရဘုရင်ရဲ့ ဇနီးသခင်မဖြ နေပါစေတော့ မောင်။ အချစ်ကံမလှလို့ အပျိုကြီးဘ တာဝန်တွေကို ပြီးဆုံးအောင် ကဗျာနွယ်ထမ်းဆောင်ပါ

အဆက်အသွယ်မရလို့ပါ နွယ်။ နွယ့်ထ လေးတဲ့ တာဝန်ကို မောင်က ကျေပွန်အောင် ထမ်းဆော



www.burmeseclassic.com

www.burmeseclassic.com



ရလို့ နားလည်ပေးပါ နွယ်ဆိုရင်လည်း ဝမ်းသာနေမှာပါ မောင်ရယ်။ စိန်ပန်းနီနီတွေက မောင်နဲ့နွယ့်ကို နိမိတ်ပြခဲ့တာလား။ ဝေးကွာခဲ့တဲ့ အချိန်ကာလကို စဉ်းစားကြည့်ရင် မောင်မေ့လောက်ပါပြီ။ နွယ်ကတော့ ဘယ်လိုမှ မေ့မရနိုင်ခဲ့ပါဘူး။

လွမ်းသမျှကို ကန္တာရသောင်ပြင်လို ပူလောင်လှတဲ့ နွယ်ရဲ့ အသည်းနှလုံးတွေ လောင်ကျွမ်းခဲ့ပါပြီ မောင်။ ဘယ်အချိန် ဘယ်သွားသွား တပ်မတော်သားတွေကိုမြင်တိုင်း 'ဒီတပ်စုမှာ မောင်ပါလာမလားရယ်နဲ့ ကြည့်ခဲ့ရ ရှာခဲ့ရတာလည်း အရူးတစ်ယောက်လိုပါပဲ မောင်ရယ်။ နွယ်ရဲ့ အချစ်ဦးမို့ ရူးသွပ်ခဲ့တယ်လို့ လှောင်ပြောင်ကဲ့ရဲ့ရင်လည်း နွယ်ခံရဲပါတယ်။ စုံစမ်းစစ်ဆေးမှုလေးတွေနဲ့ နွယ်တစ်ယောက် ဘယ်နေရာ ဘယ်ဒေသမှာ တာဝန်ကျနေလဲလို့ကော မေးမြန်းမိပါရဲ့လား။ နွယ့်မှာတော့ မိန်းမသားတန်မဲ့ စုံစမ်းခဲ့တဲ့ ရှက်ရမှန်းတောင် သိခဲ့ပါဘူး မောင်။ အိပ်မက်ဆန်တဲ့ နွယ်ရဲ့ နှလုံးသားရင်ခုန်သံတွေ ဘယ်နေ့ရပ်တန့်သွားမလဲဆိုတာ နွယ်တစ်ယောက် မသိခဲ့ပါဘူး။ ချစ်ကံမကုန်လို့ပြန်ဆုံရမယ်ဆိုရင်တောင် နွယ့်ရဲ့ မဟောင်းနွမ်းတဲ့ နှလုံးသားက လွမ်းချင်းဇာတ်လေးကပြချင်ပါတယ်။ နွယ်တို့ အိမ်နားက အပျိုဟိုင်းကြီးတောင် လေးဆယ်ကျော်အချစ်ချင်းဆုံလို့ ရင်ခုန်သံတွေကို ဖြတ်ကျော်ခဲ့သေးတာပဲ မောင်။ နွယ်ကော မောင့်အတွက် ဖြစ်မလာနိုင်ဘူးလား။

အလွမ်းပေါင်းများစွာအတွက် လွမ်းသမျှကို ထောင်ချီလို့ မိုင်ချီဝေးတဲ့သူအတွက် ဂန္ဓဝင်အလွမ်းများနဲ့ အတူ ကမ္ဘာတည်သရွေ့ချစ်သွားနေမယ့် ကဗျာနွယ်ရဲ့ ရင်ကို နွေဦးရဲ့ လေပြည်တွေက အေးမြခဲ့ပေမဲ့ ပူလောင်တဲ့စိတ်တို့ ကလည်း မျှော်ငေးလို့ပြန်တွေးမိပါရဲ့ မောင်ရယ်။ ကာလတွေ ဘယ်လိုကြာကြာ ဖျောက်ဖျက်လို့မရတဲ့ နွယ့်ချစ်သူရဲ့ ပုံရိပ်ကို နွယ်မမေ့နိုင်ပါဘူး မောင်။ ထိုင်း-မြန်မာနယ်စပ်ဒေသက ဝေါလေ့ရွာကလေးမှာ တာဝန်ထမ်းဆောင်နေတဲ့ ကျောင်းဆရာမလေး ကဗျာနွယ်ရဲ့ နှလုံးသားကို လျစ်လျူရှုထားတော့





www.burmeseclassic.com

www.burmeseclassic.com



မှာလား မောင်။ တစ်ခါလောက်တော့ ပြန်လည်ဆုံတွေ့ချင် ပါတယ်။ ကံတရားက ပေးလာခဲ့မယ်ဆိုရင်တော့ နွယ်ဝမ်းသာပျော်ရွှင်မိမှာပါ မောင်။ မပေါင်းနွမ်းတဲ့ နှလုံးသားက တမ်းတမိတယ်ဆိုတာ ယုံပါတော့လား မောင်ရယ်။ အတိတ်ကံက ပေးလာခဲ့လို့သာ မှတ်ပါတော့မယ်။ မြေနီနီ ပိတောက် လမ်းက စောင့်မျှော်ခဲ့တဲ့ နွယ့်ကို တုံ့ပြန်ဆက်သွယ်ပါလား မောင်။

အနှိုင်းမဲ့စွာနဲ့ အချစ်ဂုဏ္ဍဝင်ရှင်မလေး တဗျာနွယ်။

**မောင့်ရဲ့နွယ်**

**သံလွင်မိုး (မုတ္တမ)**

ကဲ သံလွင်မိုး (မုတ္တမ)ရဲ့ **"ဂုဏ္ဍဝင်အလွမ်းနဲ့ တဗျာနွယ်"** ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက **"တဗျာ နွယ်"** ရဲ့ စွပ်စွဲချက်တွေကို **မောင် (၁) တစ်ကြိမ်ကြိုး စိုးမင်း**က ဘယ်လို ပြန်ပြီးဖြေရှင်းမလဲ။ **"မောင့်"** ရဲ့ ကိုယ်စားကိုယ်ပွား ခံစားပြီး (၁၁-၆-၂၀၁၄)ရက်နေ့ နောက်ဆုံးထားကာ ရေးသားပေးပို့ကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

**မောင်ငြိမ်းသူ (ကြို့ပင်တော)**

**တာဝန်ခံအယ်ဒီတာ**

**ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com



# နှလုံးသားရှုထောင့်၊ ဖြောင့်ချက်နှလုံးသား တာဝန်ခံအယ်ဒီတာရဲ့ သုံးသပ်ချက်



## "ပဏာမရွေးချယ်စိစစ်ချက်"

၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလထုတ်၊ မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်းထဲမှာ ဖော်ပြခဲ့တဲ့ **"နေရဲ (ဗန်းမော်)"**ရဲ့ **"လျှို့ဝှက်အချစ်ရဲ့လျှောက်လဲချက်"**ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက **"မောင်မောင်"**ရဲ့ စွပ်စွဲချက်တွေကို **"ထား"**ရဲ့ ကိုယ်စားကိုယ်ပွားခံစားပြီး ဖြေရှင်းပေးထားသူတွေထဲက ပဏာမရွေးချယ်ထားတဲ့ (၁၀)ဦးရဲ့ စာရင်းကို ဖော်ပြလိုက်ပါတယ်–

(၁) ခင်ခင်သော် "မျိုးသိပ်နိုင်လွန်းသူ"
(၂) စံမှူးဝေ "ရှိပါစေတော့"
(၃) ကြွေ့ကေခိုင် "ဝဋ်ကြွေးရှိကျေပါစေ"
(၄) မေမြတ်နိုးသိမ့် "မျှတတဲ့ ဝေဒနာ"
(၅) ကေရီသက်ထား "မှားမိဝန်တာ"
(၆) ထိတ်ထားဇင် "အချိန်မီ"
(၇) နှင်းစံပယ် "တောင်းဆုဆိုလည်း"
(၈) သီတာဦး "ယိုးမယ်ဖွဲ့ငဲ့ပါနဲ့နော်"
(၉) ဥမ္မာခင် "မကြင်လို့မဟုတ်ပါ"
(၁၀) မိုးစက် (ဥပဒေ) "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်ပါ"

## "ပြန်လည်စိစစ်သုံးသပ်ချက်"

စာမူများပေးပို့ကြပါက ဖြောင့်ချက်နှလုံးသားကဏ္ဍဆိုပါက ဘယ်လထုတ် ဘယ်သူရေးသားထားတဲ့ နှလုံးသားရှုထောင့်ကို ပြန်လည်ရေးသားထားတာပါလို့ စာမူထိပ်မှာ အမြဲတမ်းရေးသားပေးကြပါ။

ခင်ခင်သော် **"မျိုးသိပ်နိုင်လွန်းသူ"**

ကျိုးကြောင်းဖော်ပြချက်သင့်ပေမဲ့ အရေးအသားက ပြေပြစ်မှုအားနည်းနေပါတယ်။

စံမှူးဝေ **"ရှိပါစေတော့"**



www.burmeseclassic.com

www.burmeseclassic.com



တင်စားဖွဲ့နွဲ့ထားတာသင့်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်မှာ အနည်းငယ်လွဲချော်နေပါ
တယ်။

(၃) ကြော့ကေခိုင် **"ဝင့်ကြွေးရှိကျော့ပါစေ"**
ကျိုးကြောင်းဖော်ပြချက် တောင်းပေမဲ့ စကားပြေတွေနဲ့ စကားပြောတွေ ရောနှောနေ
သားထားလို့ ရှုပ်ထွေးနေပါတယ်။

(၄) မေမြတ်နိုးသိမ့် **"မျှတတဲ့ ဝေဒနာ"**
နှစ်ဦးစလုံး ထပ်တူထပ်မျှ ခံစားနေရလို့ အချိန်နဲ့ ကုစားပါလို့ ဖြေရှင်းထားတာ သင့်ပါ
တယ်။

(၅) ကေရီသက်ထား **"မှားမိဝန်ထာ"**
အရေးအသားပြေပြစ်ပေမဲ့ ကျိုးကြောင်းဖော်ပြချက်က ရိုးစင်းလွန်းနေပါတယ်။

(၆) ထိတ်ထားဇင် **"အချိန်မီ"**
အတွေးက လေးစားစရာပါ။ ဒါပေမဲ့ အရေးအသားမှာတော့ ပြေပြစ်ချောမွေ့မှု အား
နည်းနေပါတယ်။

(၇) နှင်းစံပယ် **"တောင်းဆုဆိုလည်း"**
"မျက်တောင်အောက်က မပျောက်စေလို တောင်းဆုဆိုလည်း" ဟူသော မာဃအော
လင်္ကာနဲ့ အစချီလာပြီးမှ နိဂုံးပိုင်းမှာ အားနည်းသွားပါတယ်။

(၈) သီတာဦး **"ထိုးမထိဖွဲ့ငွဲ့ပါနဲ့နော်"**
ခေါင်းစီးလေးကို သဘောကျပါတယ်။ ကျိုးကြောင်းဖော်ပြချက်က ပီပြင်မှုမရှိပါ။

(၉) ဥမ္မာခင် **"မကြွင်လို့မတုတ်ပါ"**
ကျိုးကြောင်းဖော်ပြချက်ကရုပ်ရှင်ဗီဒီယိုဇာတ်လမ်းဆန်နေပါတယ်။ယုတ္တိကင်းနေပါတယ်။

(၁၀) မိုးစက် (ဥပဒေ) **"သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်ပါ"**
ကျိုးကြောင်းဖော်ပြချက်က ပြေပြစ်ချောမွေ့ပြီး သဘာဝယုတ္တိလည်းရှိပါတယ်။

**"အကြိုက်ဆုံးဖြောင့်ချက်နှလုံးသားပိုင်ရှင်"**

ဒီလအတွက် အကြိုက်ဆုံးဖြောင့်ချက်နှလုံးသားပိုင်ရှင်အဖြစ် **"မိုးစက်(ဥပဒေ)"** ကို ရွေးချယ်လိုက်ပါတယ်
ကဲ **"မိုးစက် (ဥပဒေ)ရဲ့ သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်ပါ"** ဆိုတဲ့ ဖြောင့်ချက်နှလုံးသားကို ခံစားကြည့်ကြပါစို့

**မောင်ငြိမ်းသူ (ကြို့ဝင်ဆောင်)**
**တာဝန်ခံအယ်ဒီတာ**
**ရွှေထောင့်မှုခင်းနှင့်ရာဇဝတ်မှု**



www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်ချက်နှလုံးသားကဗျာ

# သူငယ်ချင်း လို့ပဲ ဆက်ရှိခေါ်ပါ

မိုးစက် (ဥပဒေ)

မောင်မောင်ရေ---

ဆန်းကြယ်လှတဲ့ အချစ်ဆိုတဲ့အရာကို ရင်ထဲမှာ မျိုသိပ်ကြိတ်မှိတ်ထားရတာ အင်မတန်မှ ခက်ခဲပင်ပန်းလှပါတယ်တဲ့လား။ ရင်ထဲက သံယောဇဉ်ချစ်ခြင်းမေတ္တာတွေအားလုံး အဆုံးအစမဲ့ပုံအပ်ခဲ့ပါ 'ထား' တဲ့လား မောင်မောင်ရယ်-တင်---။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို မိုးလွန်မှထွန်ချ၊ နေဝင်မှစပါးလှန်း၊ အခါလွန်မှကာမှ ရွာတဲ့မိုးလို အပြောအဆိုတွေ မပြတ်သားခဲ့တော့လည်း နှစ်ဦးသားရဲ့ ရင်ခွင်မှာ အကြင်နာစကားလေးတွေ ခန်းခြောက်ခဲ့ပြီပေါ့။ လမ်းပျောက်ခဲ့တဲ့ 'ထား'တို့နှစ်ဦးရဲ့ ချစ်ခြင်းသံယောဇဉ်တွေကို ပြောပြရရင် ဟေမန်မှာကျတဲ့ နှင်းစက် မျက်ရည်စက်လက်ဖြစ်သွားမှာပေါ့ မောင်မောင်ရယ်။

တကယ်ဆို မျက်လုံးချင်းသာ စကားပြောနေတဲ့ 'ထား'တို့ နှစ်ဦးမှာ ဘယ်သူက တရားဝင်ဖွင့်ပြောလို့ ဘယ်သူက တရားဝင်လက်ခံခဲ့သလဲ။ စဉ်းစားပါဦး မောင်မောင်ရယ်။ 'အသည်းလှာမြေဝယ် အမြစ်ဖြာယှက်သွယ် အချစ်ညာစက်ကာနွယ် မာလာပင်နန်း ချစ်ပန်းပွင့်ဦးစ အရှယ်ကချူလာတော်မူနိုး မျှော်ကိုးကာ ပူဇာပါကြွယ်''ဆိုတဲ့ အဆိုတော်ကြီး ဦးမောင်မောင်ညွန့်ရဲ့ သီချင်းထဲကလို 'ထား' အနေနဲ့ တစ်နေ့တစ်နေ့ ဖွင့်ပြောနိုးနဲ့ စောင့်စားခဲ့ရတဲ့ အချိန်တွေ မနည်းခဲ့ပါဘူး။ သစ္စာတိုင် ပန္နက်အခြေဦးရယ်နဲ့ အနှစ်တရာတိုင် ပျက်သွေဘူးရယ်လို့ ရင်ထဲမှာ ရည်စူးထားပေမဲ့ ကြည်နူးစရာတွေကိုတော့ မပေးခဲ့ပါလား မောင်မောင်ရယ်။

ဒါပေမဲ့ နှလုံးသားချင်း သိနားလည်ခဲ့တဲ့ 'ထား' ကတော့ နင့်ရဲ့အခက်အခဲတွေကို နင့်ရဲ့ တွေဝေမှုတွေကို နားလည်ပေးခဲ့တယ်။ နင့်ရဲ့ မပြတ်သားတဲ့ စိတ်ဓာတ်ကိုရောပေါ့၊ နားလည်ပေးတယ်ဆိုတာကလည်း အခြေအနေအတိုင်းအတာ တစ်ခုအထိပါမောင်မောင်။ နင့်ရဲ့ မပြတ်သားတဲ့ စိတ်တွေ၊ တွေဝေနေတဲ့စိတ်တွေကြောင့် တို့နှစ်ဦးဝေးကွာခဲ့တယ်ဆိုရင် နင် ငြင်းဦးမှာလား ဟင်။ နင်နဲ့အတူ နင့်ရဲ့ အခက်အခဲတွေကို လက်တွဲဖြေရှင်းပေးချင်လွန်းလို့ မိန်းကလေးတန်မဲ့ ရေလာမြောင်းပေးစကားတွေရော မြင်းကမလှုပ် ခုံကလှုပ်ပေမဲ့ နင်ကတော့ တုတ်တုတ်မျှ မလှုပ်ခဲ့ဘူး။ ယောကျ်ားတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းမျိုး နင့်မှာရှိတာပဲ။ နင် ရင်ဆိုင်ပစ်လိုက်စမ်းပါ။ မျိုသိပ်ထားရတဲ့ ခံစားချက်တွေကို ရင်ဖွင့်ပစ်လိုက်စမ်းပါ မောင်မောင်ရယ်ဆိုတဲ့ ငါ့ရဲ့စကားကို နားမဝင် ငါထင် ငါဟုတ် ငါလုပ်ထားမှန်ဆိုတဲ့ နင့်ရဲ့ အတ္တအောက်မှာ ငါ့ရဲ့ စကားလုံးတွေပျောက်ဆုံးခဲ့ပြီပေါ့။ အခုတော့ စစ်မရောက်ခင်မြားကုန်ပြီး သူ့ကြောင့် ပြေးမှ ထိုးကွင်းထတဲ့ နင့်ရဲ့ စွပ်စွဲချက်တွေကို ငါ ဖြေရှင်း





www.burmeseclassic.com

www.burmeseclassic.com



မယ်။

ငယ်ငယ်လေးကတည်းကနေ ကျောင်းပြီးလို့ ခု အခြေအနေမရောက်ခင်အထိ နင့်ရဲ့မေတ္တာကို ငါမျှော်လင့်ခဲ့ပါတယ်။ ဒါဟာငါ့ရဲ့ အပွင့်လင်းဆုံး ဝန်ခံချက်ပါ။ နင့်ရဲ့ နှုတ်ဖျားက ချစ်တယ်ဆိုတဲ့ စကားလေးတစ်ခွန်းကြားရဖို့အတွက် နင့်ရဲ့အနားမှာ ရှိနေပေမဲ့လည်း ကြွေလွင့်တာ သွားရော နမ်းဖို့ပင်ဝေးလို့ ကောက်မယူခဲ့ပေဘူး။ နင်ပြောခဲ့သလိုပဲ မောင်မောင်။ ငါဟာ ဂုဏ်တံတိုင်း ငွေတံတိုင်းတွေနဲ့ ကာရံထားပေမဲ့ ငါ့နှလုံးသားက ဖြူစင်တယ်။ နောက်ပြီး ငါ့ရဲ့ မိဘတွေက နင်နဲ့ခေါ်ပြောဆက်ဆံသွားလာနေတာကိုလည်း အပြစ်မပြောခဲ့ပါဘူး။ အပြစ်လည်းမမြင်ခဲ့ပါဘူး။ သမီးမိန်းကလေး ငါ့ အတွက် လွတ်လပ်တဲ့ ရွေးချယ်ခွင့်ပေးထားပါတယ်။ အဲဒီ လွတ်လပ်ခွင့်ပေးထားတာကလည်း အချိန်အတိုင်းအတာ တစ်ခုထိပေါ့။ ငါ့ရဲ့ မိဘတွေကပြောတယ်။ "သမီးတဲ့ မိန်းကလေးဆိုတာ အချိန်တန်လို့ သီးချိန်တန်သီး ပွင့်ချိန်တန် ပွင့်ရသလို သမီးကညာအခါမလင့်စေနဲ့ဆိုတဲ့ စကားလေးရှိတယ်။ အဲဒီအတွက် သမီးမှာ ရည်ရွယ်ထားတဲ့ ချစ်သူရှိရင် အမေတို့အဖေတို့ကိုပြောပါ။ တကယ်လို့သမီးမှာ ရည်ရွယ်ထားတဲ့ ချစ်သူရည်းစားများ မရှိသေးရင် အမေတို့သဘောကျတဲ့ သူနဲ့ပေးစားရလိမ့်မယ်တဲ့" မောင်မောင်----။



အဲဒီစကားတွေကြားပြီးကတည်းက နင့်ရဲ့မေတ္တာကို နင့်ရဲ့အချစ်တွေကိုငါအစွမ်းကုန်မျှော်လင့်ထားခဲ့ပါတယ်။ တစ်နေ့ပြောနိုး၊ တစ်နေ့ပြောနိုးနဲ့ စောင့်လာခဲ့တဲ့ အချိန်တွေ၊ ရက်တွေ၊ လတွေသာကြာရော မျှော်လင့်ဘဲ့သူသာ လည်တိုင်သာရှည်ရော နင့်ဘက်က ဘာမှဖွင့်ပြောလာခဲ့တာ မရှိခဲ့ပေဘူး။ ဒီအကြောင်းအရာတွေကို နင့်ဆီမှာ ရင်ဖွင့်ချင်လွန်းလို့ နင်နဲ့ဆုံတဲ့အခါတိုင်း ပြောဖို့ဆုံးဖြတ်ခဲ့ပါတယ်။ တကယ်တမ်းဆုံတွေ့တဲ့အချိန်မှာ နင့်မျက်နှာပေါ်မှာ တွေဝေတဲ့ စိတ်တွေပေါ်နေတာရယ် နောက်ပြီး မိန်းကလေးဖြစ်တဲ့ ငါက ငါ့မှာဒီလိုအခက်အခဲတော့ ဖြစ်နေပြီ၊ အဲဒါကြောင့် နင်ငါ့ကိုချစ်တဲ့အကြောင်း ဖွင့်ပြောပါလို့ ငါက ဘယ်လိုပြောလို့ရမလဲ မောင်မောင်။ ဒါကြောင့် "နင့်ရဲ့အခက်အခဲတွေကို နားလည်ပါတယ်။ နင့်ရဲ့ မျိုသိပ်ထားတဲ့ အကြောင်းအရာ



www.burmeseclassic.com

www.burmeseclassic.com



တွေကို ငါ့ကို ရင်ဖွင့်ပြောပြပါ။ နင် ဒီအတိုင်း မှိုသိပ်သွားရင် နင်နဲ့ငါ ဝေးကြရမယ်လို့" ပြောတဲ့စကားတွေဟာ နင့်အတွက် အရိပ်ပြရင် အကောင်မြင်မယ်လို့ ချက်ဆို နားခွက်ထ မီးတောက်မယ်ထိုင်လို့ ငါ ပြောပြခဲ့တာပါ။

ဒါပေမဲ့ ဒီစကားတွေကို နင် နားမလည်တာလား။ နားမလည်ချင်ယောင်ဆောင်နေတာလား။ ဒါမှမဟုတ် ငါ့ရဲ့ ဂုဏ်၊ ငါ့ရဲ့မိဘတွေကြောင့် ချေအီးချေလန်ပြီး မပြောရဲတာလားဆိုတာတော့ နင်ပဲအသိဆုံးဖြစ်မှာပါ။ ဒီလောက်အခွင့်အရေးတွေ ပေးထားတဲ့ကြားက ဖြစ်မလာခဲ့တာ ငါ့ရဲ့ကံပဲလို့ မှတ်ယူလိုက်ပါမယ် မောင်မောင်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ မောင်မောင်။ ၂၀၀၉ခုနှစ်၊ ဇန်နဝါရီလ၊ (၉)ရက်နေ့မှာ နင့်ရဲ့ ညီမ ယောကျ်ားနောက်လိုက်၊ နင့်အမေ့လည်း နှလုံးရောဂါနဲ့ ဆုံးတဲ့နေ့မှာပဲ ငါလည်း ငါ့မိဘတွေ သဘောကျတဲ့သူနဲ့ နားဖောက်စေ့စပ်ပြီးသွားခဲ့ပါပြီ။ နင့်ညီမတွေအတွက် နင့်အမေအတွက် နင် စိတ်ဆင်းရဲရတာ သောကရောက်ရတာ တွေကို နင်ပြောပြမှ ငါသိခဲ့ရတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်မချစ်မနှစ်သက်တဲ့သူရဲ့ ရင်ခွင်မှာ တစ်သက်လုံး နေရမယ်ဆိုတဲ့ အတွေးစိတ်ကြောင့် ငါ့အခန်းထဲမှာပဲ တိတ်တိတ်ကျိတ်ပြီး ငိုရတဲ့ရက်တွေများခဲ့လို့ပါပဲ။ အဲဒီအတွက် နင်နဲ့ ဆုံတွေ့တဲ့အချိန်မှာ ငါ နောက်ပြန်ကျောခိုင်း လှည့်ထွက်သွားတဲ့ ငါ့ရဲ့အပြုအမူတွေအတွက် ငါ တောင်းပန်ပါတယ် မောင်မောင်။ စိမ်းကားသွားတာလားဆိုတော့ မဟုတ်ပါဘူး။ စိတ်နာသွားတာပါ။ စိတ်ပျက်သွားတာလားဆိုတော့ မဟုတ်ပါဘူး။ စိတ်ဆိုးသွားတာပါ မောင်မောင်။ ထားလိုက်ပါတော့ဟာ။ တို့ရဲ့ နားလည်မှုအချိန်တွေက ပြီးဆုံးသွားခဲ့ပြီပဲ။

တကယ်တမ်း နင့်ဆီပြန်လှည့်လာဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး မောင်မောင်။ တချို့ မိန်းကလေးတွေရှိပါတယ်။ မိဘတွေ စေ့စပ်ပေးတဲ့သူနဲ့ စေ့စပ်ပြီးမှ သူချစ်တဲ့သူနဲ့ ခိုးရာလိုက်ပြေးပြီး မိဘမျက်နှာအိုးမဲတင်မက ကတ္တရာပါသုတ်သွားခဲ့တာတွေလေ။ 'ထား'ကတော့ ကိုယ့်အတွက် ကိုယ့်အခက်အခဲကြောင့် ဒီလိုပြုလုပ်မှာ မဟုတ်ဘူး။ အချိန်ကာလတစ်ခုအထိ စောင့်စားခဲ့ပြီးမှ မဖြစ်ခဲ့တာတွေဟာ ကံကြမ္မာကြောင့်လို့ပဲ သတ်မှတ်လိုက်ပါတော့မယ်။ ကံကြမ္မာကိုပဲ ယိုးမယ်ဖွဲ့လို့ အပြစ်တင်ပါတော့မယ် မောင်မောင်ရယ်။ နင်က ငါ့ကိုချစ်တယ်လို့ ဖွင့်မပြောခဲ့သလို ငါကလည်း နင့်ကိုချစ်ပါတယ်လို့ မပြောရသေးတဲ့သူတွေပါ။ အဲဒီတော့ တို့နှစ်ယောက် သူငယ်ချင်းတွေပေါ့နော်။ ခုလို ဖြူစင်တဲ့သူငယ်ချင်း သံယောဇဉ်တွေကို မရောင်မပြောင်းတော့ဘဲ သူငယ်ချင်းလို့ပဲ ဆက်၍ ခေါ်ပြောသွားမယ်ဆိုရင် တို့ နှစ်ယောက်အတွက် အကောင်းဆုံးဖြေဆေးတစ်ခု ဖြစ်နေတော့မှာပါ။

***တစ်ချိန်က'ထား'***

**မိုးစက်(ဥဝဒေ)**



www.burmeseclassic.com

www.burmeseclassic.com



# ဧတာနိရဲ့ ကချေသည်

ကျော်ဇောဟိန်း(ဒေါ်ပုံ)



www.burmeseclassic.com

www.burmeseclassic.com



## “စေတန်ရဲ့တချေသည်”

**ထျော်ဇောထိန်း**

နေတိုး၊ သက်မွန်မြင့်၊ စည်သူအောင်၊ ရန်အောင်၊ ဇင် ဝိုင်း၊ စိုးမိုးကြည်၊ သန်းသန်းစိုး၊ ဦးဝင်းမြိုင်၊ ဟဲဗီးဖြိုး၊ ယွန်းယွန်း၊ ဆုထက်ကုဋေ၊ ဆုဝတီ၊ မိုးကောင်းယံ၊ ရဲမာန်၊ ဆုလဲ့ရတီ၊ ညီဂျေ၊ လှလှစိုး၊ ဒေါ်ထားအဖွဲ့ အက်စတာအဖွဲ့ ကလေးသရုပ်ဆောင် ရဲထွန်းမြတ်အဖွဲ့တို့ နဲ့ ဒါရိုက်တာ ဝိုင်းက ပုညခင်ရဲ့ ဝတ္ထုကို ဇာတ်ညွှန်းခွဲပြီး ထားဝယ်ရုပ်ရှင် ထုတ်လုပ်ရေးအတွက် ဦးသန်းစိုး ထားဝယ်စီစဉ်ပေးမှုနဲ့ “စေတန်ရဲ့ကချေသည်”လို့ အမည်ပေးပြီး ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထားပါတယ်။ ကင်မရာ မင်းကိုတိုးနဲ့ ရန်ကုန်၊ သန်လျင်ရိုက်ကွင်းများမှာ ရိုက်ကူးထားပြီး ဇာတ်ကား ကိုကျော်ခိုင်စိုးက တည်းဖြတ်ထားပါတယ်။ မိရာမိုရ်က ဇာတ်ကားအတွက်နောက်ခံ သံစဉ်များ ဖန်တီး ဖြည့်ဆီး ထားပြီး ဇာတ်ဝင်တေးများကို မြင့်မိုရ်အောင်၊ စန္ဒရား တင်ဝင်းလှိုင်၊ မင်းသူရတို့ရေးစပ်ပေးထားကြပါတယ်။ နေနေ၊ မိရမိုရ်၊ မင်းသူရတို့က သီဆိုပေးထားကြပါတယ်။

ကလေးဘဝကတည်းက ယောမင်းရဲ့အနိုင်ကျင့်မှု





ကို ခံခဲ့တဲ့ ကြွေရုပ်။ လှပပေမဲ့ ဆင်းရဲလှတယ်။ ကြွေရုပ်မိခင် ဒေါ် သန်းသန်း ကားတိုက်ခံရလို့ ဆုံးပါးသွားရှာတော့တယ်။ လောကကြီးအလယ်မှာ အားကိုးရာမဲ့နေတဲ့ကြွေရုပ် ယော မင်းကြီး အိမ်ကို ရောက်ခဲ့ရတယ်။

နှစ်ပေါင်းများစွာကြာပြီး ယောမင်းနဲ့ကြွေရုပ် လူပျိုအပျိုများဖြစ်လာကြတယ်။ ယောမင်းရဲ့အနိုင်ကျင့်တဲ့ စရိုက်၊ အရာရာကို ငွေနဲ့ဖြေရှင်းလို့ရတယ်ဆိုတဲ့ အသ တရားတို့က မပြောင်းလဲဘဲ ပိုပြီးဆိုးလာတယ်။ ရည်း ပေါင်း သောင်းခြောက်ထောင်ရဲ့ ပြဿနာကို ဖြေရှင်း ယောမင်းရဲ့ ဝေယျာဝစ္စများကို လုပ်ပေးရန်နဲ့ ကြွေရုပ်ဆို ယောမင်းအတွက် လူဖြစ်လာရတဲ့ သူတစ်ဦးပမာဖြစ်နေ တယ်။ ဒေါ်လုံက “ယောမင်းက သနားစရာပါ”ဟု ဆို ယောမင်းဘဝကို ပြန်ပြောပြတော့တယ်။

ကျိုကျိုတက်ချမ်းသာတဲ့ သူဌေးကြီး ဦးသီဟ အိမ်မှာ ဒေါ်မေသီက အစေခံတစ်ဦးမျှသာဖြစ်တယ်။ ဒေါ် သီက လှတယ်၊ တောင့်တယ်။ တစ်နေ့မမျှော်လင့်ဘဲ ဦးသီ အရက်မူးပြီး ဒေါ်မေသီနဲ့မှားယွင်းမိတော့တယ်။ ဦးသီ ရဲ့ကိုယ်ဝန် ဒေါ်မေသီလွယ်ထားရချိန်မှာ ဦးသီဟရဲ့ဇနီးဖြ



www.burmeseclassic.com

www.burmeseclassic.com





ဒေါ်ရှင်းသန့်ကို အသိပေးမယ်ဆိုလို့ ဦးသီဟက ဒေါ်မေသီ တောင်းသမျှ ရွှေ၊ ငွေ၊ စိန်၊ ခြံတို့ကို ပေးလိုက်တယ်။ ကလေးမှာသူ့ရဲ့သွေးသားဖြစ်လို့ လူလားမြောက်ရန် ပြုစုပျိုးထောင်ပေးဖို့ မှာကြားပြီး ကလေးကို သူ့ရဲ့အဖေအဖြစ် အသိပေးနိုင်ပေမဲ့ သူ့ထံ လုံးဝလာရောက် မဆက်သွယ်ဖို့ သူ့ရဲ့မိသားစုအား မနှောင့်ယှက်ဖို့ သေချာ မှာကြားလိုက်တယ်။ ဒေါ်မေသီကလည်း ပညာနည်းပါးသူဖြစ်တဲ့ အလျောက် ကလေးကိုမွေးဖွားပြီး သူလည်း နေချင်သလို နေတယ်။ သုံးချင်သလိုသုံးတယ်။ ဆုံးမမယ့်မိဘမရှိဘဲ မွေးဖွားလာတဲ့ ယောမင်းမှမဆိုးရင် ဘယ်သူဆိုးမှာလဲ။

ယောမင်းတစ်ယောက် သူ့အမေ နောက်အိမ်ထောင်ပြု ပြီး နိုင်ငံခြားကိုအပြီးထွက်သွားမယ်လို့ သိရချိန်မှာ အမေ့ကိုတားတယ်။ ရင်ဖွင့်တယ် မရ။ ဒေါ်မေသီက "ငါ့ဘဝသစ်ကို ငါထူထောင်ဖို့" လို့ ပြောတယ်။ ယောမင်း ကြွေရုပ်ကိုခေါ်ပြီး အမေ့ကို တားဖို့ အဖေဖြစ်သူ ဦးသီဟဆီ သူရောက်သွားချိန်မှာ ခြံကြီးထဲ ဦးသီဟက ညှော်ခံပွဲ ကျင်းပနေချိန် ဖြစ်တယ်။ ယောမင်းကို သူ့ရဲ့ သားအဖြစ် လူသိမခံလိုတဲ့ ဦးသီဟက တပည့်များကိုခေါ်ကာ ထိုးကြိတ်ပြီး ခြံပြင်ကိုဆွဲထုတ်ဖို့ အမိန့်ပေးလိုက်တယ်။ ယောမင်းရင်ကွဲရတယ်။


ကြွေရုပ်တစ်ယောက် ယောမင်းရဲ့ သံယောဇဉ်နှောင်ကြိုးရဲ့ စက်ကွင်းကကင်းလွတ်နိုင်ပါ့မလား ဆိုတာကိုတော့ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများမှာ ရုံတင်ပြသတဲ့အခါ ဆက်လက်ကြည့်ရှုခံစားရတော့မှာဖြစ်ပါတယ်။

**ကျော်စောထိန်း (ဒေါ်ပုံ)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## "ငါးကြော်မကြိုက်တဲ့ ကြောင်မိုက်"

### ခိုင်စင်သန့်

ကိုသီကိုဟက ဇာတ်ညွှန်းရေးဖွဲ့ထားပြီး ဒါရိုက်တာ သီဟကျော်စိုးက မာန်ထက်ချီ ဗီဒီယိုထုတ်လုပ်ရေးအတွက် မစန်းစန်းဝင်း(မော်လမြိုင်)စီစဉ်ပေးမှုဖြင့် "ငါးကြော်မကြိုက်တဲ့ ကြောင်မိုက်"ဟု အမည်ပေးပြီး ပုံဖော်ရိုက်ကူးထားပါသည်။

ဇာတ်ကားကို ထွင့်အာကာဦးက မာန်ထက်ချီ ဗီဒီယိုစက်ဖြင့် တည်းဖြတ်ပေးပြီး နောက်ခံသံစဉ်များကို သာသာဦးက ဖန်တီးမှုများဖြင့် ဖြည့်ဆည်းပေးထားပါသည်။

ကျရာဇာတ်ရုပ်ဝင်အောင် ဟိန်းဝေယံ၊ မေကဗျာ၊ ရွှေစင်၊ ကျော်ထူး၊ ဂွမ်းပုံလေးတို့ နှင့် ဇာတ်ပို့ဇာတ်ရန်များ ပါဝင် ထားကြသည်။

ရုပ်ရှင်ဒါရိုက်တာ "ထက်မြတ်အောင်"သည် နယ် မြို့တစ်မြို့သို့ ရုပ်ရှင်ရိုက်ကူးရင်း ရုပ်ရှင်မင်းသမီး ရူးမလေး ဆယ်ကျော်သက်အရွယ် "ချစ်စမ်းခင်"နှင့် တွေ့ဆုံခဲ့ရသည်။ ချစ်စမ်းခင်သည် ဒါရိုက်တာ ထက်မြတ်အောင်တို့ ရုပ်ရှင်ရိုက်ကူး၍ ရန်ကုန်မြို့သို့ ပြန်ကြရန်စီစဉ်ကြသည့်အခါ တစ်ပါတည်းလိုက်ခဲ့တော့မည်ဟု ပူဆာသည်။

ချစ်စမ်းခင် ရန်ကုန်သို့ လိုက်ပါလျှင် ဒါရိုက်တာ အိမ်မှာ တည်းခိုနေစေပါက ဒါရိုက်တာ ထက်မြတ်အောင် အဖို့ ဇနီးသည် ခင်ထားရီနှင့် အလျင်ဦးဆုံးရင်ဆိုင်ဖြေရှင်းရမည်မှာ မလွဲပါ။ ခင်ထားရီက လင်တော်မောင် ဒါရိုက်တာထက်မြတ်အောင်ကို ချစ်လို့ သာငွေထုတ်ပေးပြီး ရုပ်ရှင်



ကုမ္ပဏီထောင်ကာ ဒါရိုက်တာ လုပ်စေခြင်းသာဖြစ်သည်။ အမှန်တော့မနှစ်သက်ပါ။ သူလွှတ်စွာမှ ချစ်ရသော ဒါရိုက်တာ ထက်မြတ်အောင် မင်းသမီးတွေနှင့် နီးစပ်သွားမှာမလိုလား။

ထို့ကြောင့် မန်နေဂျာ ကိုသစ်သား အိမ်မှာနေစေသည်။ ကိုသစ်သားကလည်း သူ့ဇနီးသည်ကလျှာနနထွင့် အမြင် ကြည်စေရန် ချစ်စမ်းခင်ကို ဆရာထက်မြတ်အောင်၏ ညီမလေးဖြစ်ကြောင်း၊ ဆရာ့အိမ်မှာနေလျှင် ဆရာ့ဇနီး ခင်ထားရီနှင့် မသင့်မမြတ် ဖြစ်မှာစိုးကြောင်း ပြောထားမှုကြောင့် အဆင်ပြေသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com





ချစ်စမ်းခင်သည် ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသားနှင့် နေတတ်သူဖြစ်သဖြင့် ကလျာနုနုထွင့်နှင့် ချစ်စမ်းခင် မပြောမလည် စကားတွေ ဆိုမိကြရာမှ ချစ်စမ်းခင်သည် မန်နေဂျာ ကိုသစ်သားတို့အိမ်မှာ မနေတော့ဟုဆိုကာ ဆင်းသွားသည်။

ခင်ထားရီသည် အိမ်တွင်လူနည်းစုနေရသူဖြစ်၍ ယောကျ်ား ဒါရိုက်တာ ထက်မြတ်အောင်က ဇာတ်ကားရိုက်ချည်းသာ သွားသည်ကများသောကြောင့် သားလေးတစ်ယောက်နှင့် အိမ်တွင်နေနေသဖြင့် အတူ နေရအောင်ဆိုပြီး တစ်ဖက်ခန်းကို အိမ်ငှားတင်ခဲ့ရာမှ ချစ်စမ်းခင်က လာရောက်ငှားသည်။

ချစ်သူနှစ်ယောက်၊ ခင်ထားရီနှင့် ညှိနှိုင်းထားလိုက်သည်ကိုတော့ ဒါရိုက်တာထက်မြတ်အောင် သိမည်မဟုတ်။

မသိ၍လည်း ဒါရိုက်တာထက်မြတ်အောင်သည် ကန်တော်ကြီးတစ်နေရာတွင် သူရနှင့် ဇနီးသည် ခင်ထားရီတို့ကို တွေ့လိုက်ရကြောင်း လူတစ်ယောက် မှဖုန်းဆက်ပြောကြား၍ ဒါရိုက်တာထက်မြတ်အောင် ဒေါသပုန်ထပြီး ကန်တော်ကြီးစောင်းသို့ လိုက်သွားတော့သည်။ တပည့် မန်နေဂျာ ကိုသစ်သားမှာလည်း စိတ်ပူ၍ ဒါရိုက်တာ ထက်မြတ်အောင်နောက်သို့ အမြန်လိုက် သွားတော့သည်။

ဒါရိုက်တာထက်မြတ်အောင်တစ်ယောက် ဟိုဒီလိုက်ရှာမှ သူ့ဇနီးသည် ခင်ထားရီနှင့် သူရတို့ ပျော်ရွှင်စွာ စကားပြောနေသည်ကို မြင်လိုက်ရပြီး ဒါရိုက်တာ ထက်မြတ်အောင်တစ်ယောက် သူရဆီသို့အသွား ချစ်စမ်းခင် လည်း အရောက် တွေ့ချိန်မှာတော့ သူတို့၏ ဇာတ်လမ်း မည်သို့ နိဂုံးအဆုံးသတ်မည်ဆိုတာ အခွေပြန်ကြည့်သည့်အခါ ဆက်လက် ကြည့်ရှုခံစားရတော့မှာဖြစ်ပါသည်။

**ခိုင်စင်သန့်**



www.burmeseclassic.com

www.burmeseclassic.com



## "စာအုပ်စင်ရှုထောင့်"

**ထိုက်ဖြိုးထူး**





### "မြတ်ဘုရားသာသနာ"

**"ဆရာဦးတြိုင်မြင့် (ဆူးလေ)"**၏ ဤစာအုပ်တွင် ဘုရားရှင်၏ ဉာဏ်တော်(၁၀)ပါး၊ ဘုရားရှင်တို့၏ မတူကွဲပြားခြင်း (၈)ပါး၊ ဘုရားရှင်၏ ဗုဒ္ဓကိစ္စ (၅)ပါး၊ ဘုရားရှင်၏ ဝင့်ကော် (၁၂)ပါး တို့အပြင် ဒါနသီလ အကျိုးပေးပုံများ ပါရှိသည်။ မှတ်သားစရာ စုံလင်သည်။ စိတ်ကူးချိုချိုစာပေမှ တစ်အုပ်လျှင် ၂၃၀၀/-နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

### "ပြည်သူ့အစိုးရဆိုသည်မှာနှင့်အခြားနိုင်ငံရေးဆောင်းပါးများ"

**"ဆရာတောင်းသန့်"**၏ ဤစာအုပ်တွင် ဆရာဦးစီး ထုတ်ဝေနေသော The Politics နိုင်ငံရေးဂျာနယ်၌ ဆရာ ကိုယ် တိုင်ရေးသားခဲ့သော Cover Storyများထဲမှ လက်ရွေးစင် ဆောင်းပါးများကို စုစည်းဖော်ပြထားသည်။ နိုင်ငံရေး ဆောင်း ပါးများဆိုသော်လည်း အရေးသွက်အချက်အလက်များ ကောင်း မွန်သောကြောင့် လူကြီးလူငယ်မရွေး ဖတ်ရှုနားလည်ပြီး နှလုံးသား ခံစားချက်များနှင့် ထင်ဟပ်ကိုက်ညီနေလေရာ ဝယ်ယူသိမ်းဆည်း ထားသင့်သည်။ စာကြည့်တိုက်တိုင်းတွင် ထားရှိသင့်သည်။ ကောင်း သန့်စာပေ ဖုန်း-၃၈၃၄၂မှ တစ်အုပ်လျှင် ၂၅၀၀/-နှုန်းဖြင့် တစ် ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။






www.burmeseclassic.com

www.burmeseclassic.com



**"ဖြစ်မှဖြစ်တတ်ဝလေ ဟာသဝတ္ထုတိုများ"**



**"ဆရာဘုတလင်ချစ်လေး"**ကွယ်လွန်ခြင်း နှစ် (၂၀)ပြည့် အမှတ်တရအဖြစ် သားများဖြစ်ကြသော "ဆရာ ဝင်းဝေနောင်နှင့် ဦးရဲဝေ (မြန်မာစာ)တို့ ညီအစ်ကိုနှစ်ယောက်က ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ **"ဆရာသောကြာ (ဦးအောင်ထလေး)"**က အမှာစာရေးပေးထားသည်။ ဟာသဝတ္ထုတို (၁၆)ပုဒ်ပါရှိရာ ဟာသမြောက်လှပါပေသည်။ စံပယ်ပွင့်စာပေ၊ အမှတ် (၇၄)၊ စံပယ်ခြံ (၃)လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်မှ တစ်အုပ်လျှင် ၂၀၀၀/-နှုန်းဖြင့် ဖြန့်ချိလျက်ရှိသည်။

**"ဝန်းရထု သုတရသစာစုများ"**



မြန်မာနိုင်ငံ စာရေးဆရာအသင်း စာရေးနည်းအခြေခံလမ်းညွှန်သင်တန်း အမှတ် (၄/၂၀၁၃)မှ သင်တန်းဆင်းများ၏ ကဗျာ (၁၈)ပုဒ်၊ ဆောင်းပါး (၆)ပုဒ်၊ ဝတ္ထုတို (၁၈)ပုဒ်မကို စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။ ကလောင်သစ်များဆိုသော်လည်း အတွေးသစ်များပါရှိရာ ဆွဲဆောင်မှုရှိသည်။ ရန်အောင်စာပေမှ တစ်အုပ်လျှင် ၂၅၀၀/-နှုန်းဖြင့် ဖြန့်ချိလျက်ရှိသည်။




www.burmeseclassic.com

www.burmeseclassic.com



## "လောကစံဇာတ်ခုံဝေါမှ ဘဘတွေဆုံကြုံခဲ့ရသမျှ ဘဝအတွေ့နှင့် ဘဝအတွေးများ"



**"သတ်ကြီးထန်တော့ခံစာဝေ ဝညာရှင် ဆရာ (ဦး)ဘုန်းအောင်ကျော်"** ၏ ဤစာအုပ်တွင် ဆရာ ဖြတ်သန်းကျော်လွှားခဲ့ရသော ဘဝဖြစ်စဉ်များကို ဓာတ်ပုံများနှင့်တကွ ဖော်ပြထားသည်။ ဆရာ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းဆိုလျှင်များပေ။ ဂျာနယ်များတွင် "ဆရာဘုန်း၊ ဆရာဘုန်း (ဥပဒေ) မောင်ကိုကြီး (လွတ်လပ်ရေးမော်ကွန်းဝင်-တ)နှင့် ဘုန်းအောင်ကျော်ဟူ၍ ရေးသားခဲ့သည်များကို (၈၄)နှစ်ပြည့် မွေးနေ့အမှတ်တရအဖြစ် ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ ဘုန်းစာပေမှ တစ်အုပ်လျှင် ၁၅၀၀ိ/-နှုန်းဖြင့် ဖြန့်ချိလျက်ရှိရာ ဖုန်းနံပါတ် – ၅၀၀၈၇၀/၀၉၅၀၅၅၇၂၈သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

**ထိုကြီးထူး**



www.burmeseclassic.com

www.burmeseclassic.com



# တစ်လတာသင့်ကံကြမ္မာ

တက္ကသိုလ်စိုးမိုးနိုင်

## တနင်္ဂနွေ



စီးပွားဥစ္စာ ဒီရေအလားတိုးတက်မည့် ကာလ။ စူးရှထက်မြက် သွက်လက်ဖျတ်လတ်နေပေလိမ့်မည်။ စည်းကမ်းကျင့်ဝတ်လိုက်နာနေပေလိမ့်မည်။ မိမိ၏ မျိုးရိုးအစဉ်အလာ ဂုဏ်သိက္ခာများကို အလေးထားနေမည်။ ကျန်းမာချမ်းသာပျော်ရွှင်လန်းဆန်းစေရန် ရာသီအလိုက် ပေါ်သည့် အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ စားသုံးသင့်၏။

အားနည်းချို့ယွင်းချက်များ ရှိနေသောချစ်သူကို နားလည်မှုအပြည့်နှင့် ခွင့်လွှတ်ချစ်ခင်နေမိမည်။ ချစ်သူအတွက် အရာရာကို မတောင့်တ၊ မကြောင့်ကြရအောင် ဖြည့်ဆည်းပေးနေလိမ့်မည်။

**ထီထိုးရမည့်နေ့** – တနင်္လာ၊ သောကြာ။

**အထိုးပေးဂဏန်း** – (၄ ၈ ၂) (၇ ၈ ၁)

**ယတြာ–** သက်ကြီးဝါကြီး တစ်ဦးကို ဆေးဝါးလှူဒါန်းပါ။

## တနင်္လာ



ပန်းလိုမွှေး၍ ရေလိုအေးမြတတ်သော ကာလ ဟန်ဆောင်မှု၊ ကြွားဝါမှုမရှိ ဘဝကို ပကတိရိုးရိုးရှင်းရှင်း ကြီး ဖြတ်သန်းနေလိမ့်မည်။ စိတ်ကူးအတွေးဆန်းကြ လွှန်းနေမည်။ သင်နှင့် သင့်မိသားစုအတွက် မည်သည့် အချိန်ကမှ အခွင့်အရေးမပေးခဲ့ဖူးသော ကံကောင်း မှုတစ်ခုကို ကြုံရလိမ့်မည်။ ကျန်းမာရေးအနေဖြင့် မိမိ ရောဂါဟောင်း၊ ဝေဒနာဟောင်းကို အထူးဂရုစိုက် လိုအပ်၏။

ချစ်သူလေးကြောင့် အချစ်ကဗျာများ သီ တတ်လာလိမ့်မည်။ ချစ်သူလေးကြောင့် အရာရာသ လှပလွန်းနေလိမ့်မည်။

**ထီထိုးရမည့်နေ့** – တနင်္ဂနွေ၊ သောကြာ။

**အထိုးပေးဂဏန်း** – (၂ ၈ ၄) (၅ ၈ ၈)

**ယတြာ–** စေတနာရှိသူကို တရားစာအုပ် ပေးလှူ



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါ



တိမ်ကင်းစင်သော မိုးကောင်းကင်ပြာပြာကြီး ယ် လမင်းကြီးထိန်ထိန်သာလျက် ရှိနေသည်ကို ကြည် နဖွယ် မြင်တွေ့ခွင့်ရမည့် ကာလ။ ကြည်နူးစရာ၊ ပြုံးပျော် ရာ၊ ရင်ခုန်စရာ၊ ပီတိဖြစ်စရာ၊ ဝမ်းမြောက်ဖွယ်ရာ၊ ဂုဏ် ယူဖွယ်ရာများနှင့် တွေ့ကြုံရပေလိမ့်မည်။ အသိဉာဏ် လိမ္မာနှင့် ပြည့်စုံနေပေလိမ့်မည်။ စိတ်ဓာတ်ကို တက် တက်ကြွကြွ နေထိုင်တတ်ခြင်းကြောင့် ကျန်းမာ၊ လန်းဖြ းသာရပေလိမ့်မည်။

ပန်းသတင်း လေညင်းဆောင်သကဲ့သို့ သင်တို့ ချစ်သတင်းက လူတကာကြားမှာ ရေပန်းစားနေလိမ့် ည်။

**ထိုးရမည့်နေ့** – တနင်္လာ၊ ကြာသပတေး။

**ကျိုးပေးဂဏန်း** – (၂ ၈ ၇) (၅ ၈ ၂)

**တြော** – မင်္ဂသုတ်ရွတ်ဖတ် ပူဇော်ပါ။

## ဗုဒ္ဓဟူး



လူတကာကြားမှာ စူပါစတားဖြစ်နေမည့် ကာ တိတ်ဟန်အပြည့်ရှိနေမည်။ ဖက်ရှင်အမြင်နှင့် ပြည့် အဝတ်အစားဖက်ရှင်အကျိုးကျန နေပေလိမ့်မည်။ စကားကို အချက်ကျကျ ပြောဆိုနေတတ်သည်။ အပြု အမူ သိမ်မွေ့နေလိမ့်မည်။ အင်္ဂါနံ့ပစ္စည်း (အထူးသဖြင့် ဆန်၊ စက်ပစ္စည်း)ကိစ္စတို့တွင် အနည်းငယ် အငြင်းအခုံ ဖြစ်ရသော်လည်း အကျိုးရှိမည်။ ကျန်းမာနေပါလိမ့်မည်။

အောင့်အည်းမျိုသိပ်ထားသော အချစ်စိတ်များ ယိုဖိတ်လာရလိမ့်မည်။ အသည်းနှလုံးကို လုပ်ခါကစား သွားမည့်ချစ်သူအပြုံးကို ကြည့်မဝဖြစ်နေမည်။

**ထီထိုးရမည့်နေ့** – ဗုဒ္ဓဟူး၊ သောကြာ။

**အကျိုးပေးဂဏန်း** – (၂ ၈ ၁) (၇ ၈ ၅)

**ထတြော** – နွမ်းပါးသူကို ဝတ်စုံနှင့် ငွေ လှူဒါန်းပါ။

## ကြာသပတေး



နယ်ပယ်သစ်တစ်ခုကို ခြေဆန့်ခွင့်ရရှိမည့် ကာလ။ အသစ်၊ အသစ်သော ကိစ္စရပ်များကို အထူးတ လည် စိတ်ဝင်စားနေပေလိမ့်မည်။ ပင်ကိုစွမ်းရည်နှင့် သတ္တိရှိနေမည်။ သည်းခံလျက် မေတ္တာတရားဖြင့် နေထိုင် နေမည်။ ပါရမီဓာတ်ခံကောင်းရှိနေမည်။ ဒါန၊ သီလ၊ ဘာဝနာစသော ကုသိုလ်တရားများကို လုပ်ဆောင်ခွင့်ရ မည်။ ဘဝကို အဓိပ္ပာယ်ရှိရှိ ဖြတ်သန်းနေပြီး ကျန်းမာနေ လိမ့်မည်။

မနေတတ်၊ မထိုင်တတ်အောင်ကို အရိပ်တ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြည့်နှင့် ချစ်မြတ်နိုးမည့် ချစ်သူနှင့် ကြုံရလိမ့်မည်။ ချစ်သူက တာနေခါယက္ခကဲ့သို့ ငုံ့ထားမတတ်ချစ်တတ်သူမျိုး ဖြစ်လိမ့်မည်။

**ထီထိုးရမည့်နေ့** – အင်္ဂါ၊ သောကြာ။

**အကျိုးပေးဝထာန်း** – (၅ စ ၂) (၄ စ ၂)

**ယတြာ–** သီလရှင်ကို မြေပဲယို၊ မြေပဲစသည်တို့ လှူဒါန်းပါ။

## သောကြာ



မေးပါများ စကားရမည့် ကာလ။ ဗဟုသုတများ ရှာဖွေလေလေ တွေ့ရှိလေလေ ဖြစ်မည်။ ဗဟုသုတ၏ တန်ဖိုးကြောင့် သင်တန်ခိုးတိုးတက်ပေလိမ့်မည်။ ကံကြမ္မာကို ပျော်ပျော်ရွှင်ရွှင် ရင်ဆိုင်နေပေလိမ့်မည်။ ပြောင်းရွှေ့မှု၊ တီထွင်ဆန်းသစ်မှုများနှင့် အကျိုးရှိနေမည်။ ကျန်းမာရေး ကောင်းမွန်ပြီး အများအကျိုးကို ရှက်သယ်ပိုးခွင့်ရမည်။

မြတ်မြတ်နိုးနိုး တွယ်တွယ်တာတာ ချစ်ရမည့် သူလေးနှင့် ဆုံစည်းခွင့်ရမည်။ ချစ်သူက သင့်အနားကို ချဉ်းကပ်လာသော ဖက်ရှင်က ဆန်းသစ်လှပပြီး စိတ်ကူးယဉ်ဆန်လွန်းနေလိမ့်မည်။

**ထီထိုးရမည့်နေ့** – သောကြာ၊ စနေ။

**အကျိုးပေးဝထာန်း** – (၂ စ ၉) (၆ စ ဝ)

**ယတြာ–** သံဃာတော်များကို ဆွမ်းလောင်းလှူပါ။

## စနေ



ကြံစည်သမျှကို ကိစ္စ ရာထောင်အောင်မြင်[...] ကာလ။ ကံတရားက သင့်ဘက်မှာ ရပ်တည်နေပေ[...] မည်။ အနေအထိုင်၊ အပြောအဆို မှန်ကန်ခြင်းကြော[...] ခင်မင်သူများ၏ အားကိုးမှု၊ ယုံကြည်မှုကို ရရှိပေ[...] မည်။ မိတ်ဆွေသစ်၊ ဝန်းကျင်သစ်တိုးပွားလိမ့်[...] ထမင်းမေ့၊ ဟင်းမေ့ အလုပ်လုပ်ရခြင်းကြောင့် အ[...] အိမ်နှင့်ဆိုင်သော ရောဂါဒေနာမျိုးကို ခံစားရတတ်[...]

တစ်ကိုယ်တော် ဖြတ်သန်းနေသော ဘ[...] အချစ်က တိုးတိတ်ညင်သာစွာ ဝင်ရောက်လာလိမ့်[...] ခြောက်သွေ့နေသော သင့်ဘဝကြီးက အချစ်ကြော[...] ပြည်သွားလိမ့်မည်။

**ထီထိုးရမည့်နေ့** – အင်္ဂါ၊ စနေ။

**အကျိုးပေးဝထာန်း** – (၄ စ ၄) (၇ စ ၄)

**ယတြာ–** မွေးနံ့ထောင့်မှာ ထီးဖြူ၊ ထီးနီနှင့် ရွှေ[...] ဒါန်းပါ။

**ထတ္တသိုထ်[...]**



www.burmeseclassic.com